www.burmeseclassic.com

# လရောင်ကျေးရင့်

## ကြာသုံးပွင့် အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

# ကြာသုံးပွင့်အိပ်မက်

(ပထမပိုင်း)

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၃၈၈၀၄၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၆၄၃၀၆၁၀ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
ကြာသုံးပွင့်အိပ်မက်/ လရောင်ကျူးရင့်၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၀။
၁၀၄– စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ကြာသုံးပွင့်အိပ်မက်




## အခန်း (၁)

"အသွင်ရိုင်း"

ဒေါ်သံက မိုးကြိုးပစ်သံထက်ပြင်းသည်။ ကြွပ်ဆတ်ဆတ် မာကျောကျောနှင့်ဘယ်လို အာမထီကောင်ပဲပြောပြော၊ ဒဏ်ရာတွေပေးနေကျ ဒေါ်သံကြောင့် ကျောထဲမှာ စိမ့်ခနဲတော့ဖြစ်၏။ ပြီးတော့ ဘဘမျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်မိတာ အားကိုးတကြီးပဲဖြစ်သည်။

ဘဘမျက်နှာထက်မှာ အရေးအကြောင်းတွေ ပိုမိုရှုပ်ထွေးသွားခဲ့ပြီး မျက်နှာခပ်လွှဲလွှဲပြုလျက် ...

"သွားလိုက် လူလေး၊ ဆုံးမတာလို့ပဲ ခံယူ"

ဘဘ၏တိုးသဲ့သောအသံအဆုံးမှာ သူ မတ်တတ်ရပ်လိုက်ပြီး ဖြစ်၏။ ထို့နောက် ချွေးတွေစိုနေသည့် ရှပ်အင်္ကျီအနွမ်းကို သွက်လက်စွာချွတ်လိုက်သည်။

သူ့ကျောပြင်မှာ တုတ်ချက်ရာကဲ့သို့ လက်နှစ်လုံးခန့်အကျယ်နှင့် တစ်ထွာသာသာလောက်ရှိသော သပြေသီးမှည့်ရောင်အစင်းရာကြီးတွေ ထင်ရှားစွာပေါ်လာ၏။ ဖြူနုသောအသားရောင်ထက်မှာမို့ ချေးသုတ်ထားသလိုထင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသွင်ရိုင်း … ဟိတ်ကောင်"

"ကျွန်တော် လာပါပြီ"

အသက် ဆယ့်ငါးနှစ်မှာ ရန်ဖြစ်လာခဲ့သည့် သက်တမ်းပေါင်းက ဆယ့်ငါးကြိမ်မကတော့ပါ။ ရန်ဖြစ်လာတိုင်း ပုံမှန်အရိုက်ခံရမြဲဖြစ်ကာ ခေါ်လိုက်ပြီဆို အရိုက်ခံရတော့မှာကို သိရမည်။

တုတ်ကိုင်ထားသူရှေ့သို့ အကျီချွတ်ပြီးသား ကိုယ်ဗလာနှင့်လာရမည်။ ဒါက တရားသေ သတ်မှတ်ချက်တစ်ခု။

သူ ခြံထဲသို့ ခြေတစ်လှမ်းချလိုက်တာနှင့် သူ့နောက်မှာ အယ်လ်ဆေး ခွေးလေးတစ်ကောင် ကပ်လျက်သားပါလာခြင်းကလည်း မြင်နေကျ နှီးချိကားတစ်ချပ်လိုပင်။

"ဟိတ်ကောင် မြန်မြန်လာခဲ့စမ်း"

"ခွေးသူခိုးလေး၊ ဘာတဲ့ဘောမှာ ပြေးကပ်လိုက်သေးတယ်၊ မင်းကို လာဆွဲမချရဲဘူးမှတ်နေလို့လား။ ဟွန်း … ကုပ်ပိုးကနေ ကိုင်လွှင့်ပစ်လိုက်လို့ 'သွင်'ရတနာကို ဘယ်တော့မှ ပြန်မလာရတော့တဲ့ဖြစ်သွားမယ်"

တစ်ယောက်တစ်ခွန်း ကြိမ်းမောင်းနေကြသည်။ ပထမလူက၊ ကိုကြီးမော်၊ ဒုတိယလူက ကိုလေး။ တစ်ခွန်းမှ ဝင်မပြောသေးဘဲ ကျာပွတ်ကဲ့သို့ အဖျားမှာ သားရေကြိုးတပ်ထားသောကြိမ်တံကို အနိုင်အနဲ့မြဲမြဲပြင်နေသည့် မငယ်ကတော့ ကြိမ်တံကို ဆကြည့်လိုက်၊ လွှဲကြည့်လိုက်။

ပြီးတော့မှ တိုက်ပွဲစင်တော့မည့်သူရဲကောင်းတစ်ဦးလို ခြေနှစ်ဖက်ကို ခပ်ချဲချဲရပ်လိုက်ပြီး ကျာပွတ်ကို အသင့်ကိုင်ထား၏။

ခြံကြီးထဲမှာ အားလုံး လူလေးယောက်နှင့် ခွေးတစ်ကောင်။

ညနေခင်းမှာ လေညင်းခံနေကြတာမဟုတ်ပါ။ မိသားစု ခွေးဝေးစွာ ပြောဆိုစုဝေးနေကြတာလည်းမဟုတ်။





'သွင်ရတနာ'ဆိုသည့် ခြံဝင်းကျယ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်ကလို လှပသာယာခြင်းများ လုံးဝဆိတ်သုဉ်းလျက် ဆေးသုတ် မပြုမပြင်ရှိနေသည့် တိုက်မြင့်ကြီးကလည်း ဇရာရိပ်တွေ ပြနေ၏။

ဟိုတုန်းက လှပခဲ့သော မြက်ခင်းစိမ်းစိမ်းတို့က မြေနီကွက်တွေ ထွက်သည့်နေရာကွက်လျက် သက်ရင့်ပင်ကြီးတွေတချို့ကြောင့် အရိပ်ရ အေးမြနေတာပဲရှိသည်။ စိမ်းစိုလှပခြင်းတော့ မရှိတော့ပေ။

ဇရပ်ပင်ကြီးနှစ်ပင်ကြားအလယ်မှာ လူသုံးယောက်က အဆင်သင့် စောင့်ကြိုနေကြကာ သားရဲတွင်းမှန်းသိလျက်နှင့် ရဲဝံ့စွာလှမ်းထွက်လာသည့် လူငယ်လေးက 'အသွင်ရိုင်း'။

"ဟွန်း …ရုပ်ကိုက သူ့ကိုယ်သူ 'ဆာမူရိုင်း'မှတ်နေလားမသိဘူး"

မော်ငယ်သွင် ခေါ် မငယ်က ခွေးနှင့်လူကို မလိုလားစွာ ဝေ့ကြည့်ပြီး နှုတ်ခမ်းမဲ့၍ ကြိမ်တံကို ရှမ်းခနဲ့အသံပေးရိုက်၏။

"ဟိတ်ကောင် မင်းအပြစ်ကို မင်းသိရဲ့လား"

"ကျွန်တော် ရန်ဖြစ်လာခဲ့တာကို သိပါတယ်"

"ဟိတ်… ငါက အပြစ်လို့ပြောရင် အပြစ်ရှိတာကိုပဲ ဝန်ခံ၊ မင်းကို ဘာဖြစ်လာသလဲလို့ မေးနေတာမဟုတ်ဘူး"

အရိုင်း မျက်နှာ ရဲဝံ့စွာမော့လာသည်။ ခေါင်းငုံ့ လည်စင်းပေးနေသည်း ဒီရိုက်ချက်တွေက သနားငဲ့ညာစွာ လျော့ကျသွားမှာမဟုတ်ပေ။ ထို့ကြောင့် ပြောချင်တာကိုပြောပြီးမှ ဘယ်လောက်ခံရပါစေ…။

"ကျွန်တော့်အပြစ်မဟုတ်ဘူး ကိုကြီး။ သူတို့က ရန်စတာပါ"

"စထိုးခဲ့တာကတော့ မင်းပဲမဟုတ်လား"

"သတ္တိရှိရင် ထိုးမလားမေးလို့ ထိုးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း၊ အမျိုးယုတ်ကောင်"

'အမျိုးယုတ်ကောင်' ဆိုသည့် စကားသံက နားထဲမှာ ပြင်းထန်စွာ ပေါက်ကွဲသွားသည်။ အရိုင်း မျက်လုံးတွေလည်း ပြူးပြက်လက်သွား၏။

"အံမာ ကြည့်ပုံက ..."

"ခွပ်"

"ကိုင်းကွာ ..."

"ဘုန်း"

မျက်နှာ လည်ထွက်သွားကာ ဗိုက်မှာ ပြင်းထန်စွာ နာကျင်သွား၏။

"အသွင်ရိုင်း ... အရိုင်းအစိုင်းကောင် လာစမ်း၊ မင်း ငါတို့ကို အဲဒီလို မျက်လုံးနဲ့ကြည့်ဦးမလား"

"ဝှင်"

"အင့်"

"ချ ...၊ အဲဒီရှပ်ယှက်ခတ်နေတဲ့ဆံပင်ဘုတ်သိုက်ကို ဆွဲလှန်ပြီးချ"

"ရှမ်း"

မျက်နှာကိုထိုးနှက်နေကြသည့်ကြားထဲကနေ ကျောပြင်မှာ ရှမ်းခနဲ မြည်ကာ မီးစနှင့်ထိုးပစ်လိုက်သလို အရိုင်း တွန့်တွန့်လူးသွား၏။

"ဖယ် ... ကိုကြီး ဖယ်နေ"

"ရှမ်း"

"အား"

"ရှမ်း"

အရိုင်း နာကျင်လွန်းသဖြင့် ကော့လန်ကွေးကောက်ကာ မြေပြင်မှာ ပဋ္ဌာမြေလူးဖြစ်နေတော့သည်။

"အမလေး ... အကျီချွတ်ထားတဲ့လူတစ်ယောက်ကို လက်သီးတွေ၊





ခြေထောက်တွေနဲ့ ကြိုက်သလို ကန်ကျောက်နှိပ်စက်ပြီး ကျာပွတ်နဲ့ ဗိုင်း ရိုက်နေသေးတယ်"

"ဟင် ..."

"ဘာလဲ"

အရိုင်း မှုလွဲ၍ မောင်နှမသုံးယောက်စလုံး အသံလာရာသို့ မျက်နှာ တွေလှည့်ကုန်ကြ၏။

ကိုယ့်ခြံကိုယ့်ဝင်းထဲမှာ။ ပြီးတော့ လူမမြင်နိုင်လောက်သည့် နောက် ဖေးခြံထောင့်ကျကျမှာ။ အရိုင်းကို ဆုံးမဖို့ရှိပြီဆို ဒီနေရာဟာ မှန်လုံခန်း ထက် စိတ်ချရသည့်နေရာဖြစ်သည်။

အထူးသဖြင့် အိမ်ထဲမှာရှိသည့် သူဌေးကြီးဦးမိုးအုံ့ မမြင်နိုင်၊ မကြား နိုင်သည့်နေရာ။

ဒီကောင်မလေး ဘယ်ကလဲ၊

သုံးယောက်၏မျက်လုံးထဲကို ဆယ်ကျော်သက်မိန်းမငယ်လေး တစ် ယောက်က အကြောက်အရွံ့ကင်းစွာ လှမ်းဝင်လာ၏။

ရပ်ရှင်တွေထဲမှာ လူဆိုးတွေဝတ်ကြသည့် အစိမ်းပုတ်ရောင်မြွေပွေး ကွက်ဘောင်းဘီရှည်နှင့် တီရှပ်အဖြူလေးပေါ်မှာ ထိုအကျီချိုင်းပြတ်တိုနံ့ နံ့လေးကို ထပ်ဝတ်ထား၏။

ဘောင်းဘီရှည်နှင့် အကျီအပြင် ဦးထုပ်ကပါ ဝမ်းဆက်ဖြစ်လျက် ဦးထုပ်ကို နဖူးတစ်ဝက်ကျကျမှာ နောက်ပြန်ဆောင်းထား၏။

မိန်းကလေးဖြစ်ပြီး ဝတ်စားပြင်ဆင်ထားပုံက တော်တော်မျက်စိ နောက်ဖို့ကောင်းကာ ရိုးရှင်းသောအမြင်နှင့် ပြောရပါလျှင် ဗရုတ်သုတ်ခ မိန်းကလေးမျိုးလား။

"ဟော့ ... မင်းက ဘယ်သူလဲ၊ ဘာဖြစ်လို့ သူများခြံထဲကို ကျူးကျော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာလဲ"

"ပြောချင်လို့ဝင်လာတာ၊ အစက ခြံစပ်က ကိုယ့်သစ်ပင်ပေါ် ကိုယ်တက်နေတာလေ၊ ဒီနားမှာ လူသတ်ကုန်းရှိနေတာမှမသိဘဲ၊ ခုမှမြင်လို့စိတ်ဝင်စားပြီး လာကြည့်တာ"

ပန်းတစ်ဖက်ကနေ စလွယ်သိုင်းလွယ်ထားသည့် ကြိုးသိုင်းအိတ်ရှည်ကို ကစားသလိုပွတ်ဆွဲကိုင်နေရင်း ရှေ့ဆက်တိုးလာတာ ကိုယ့်ခြံကိုယ့်ဝန်းထဲ ဝင်လာသလိုပင်။

"ရပ်နေစမ်း"

မယေါ်က ရှေ့ကနေရပ်၍ ကျာပွတ်ကိုင်သည့်လက်နှင့် သူမရင်ဘတ်ရှေ့ကနေ ကန့်လန့်ဖြတ်တားလိုက်သည်။

သူမက မျက်နှာလေး အနည်းငယ်နောက်ပြန်ရှိသွားပြီး နှုတ်ခမ်းလေးရော နှာခေါင်းလေးပါ တွန့်ရှုံ့မဲ့သည်။

ထို့နောက် မယေါ်ကို မျက်တောင်ကော့လေးတွေနှင့် စူးလက်နေသောမျက်ဝန်းလေးများနှင့် ဂရုမစိုက်စွာကြည့်လိုက်ကာ ...

"သတ္တိကောင်းမှန်းသိပါတယ်၊ မိန်းမတစ်ယောက်ဖြစ်နေပြီးတော့ သွေးသံရဲရဲဖြစ်နေတဲ့ လူတစ်ယောက်ကို ကျာပွတ်နဲ့ထပ်ရိုက်ရတာ နည်းတဲ့သတ္တိမှမဟုတ်တာ"

"အံမာ"

"ဟိတ်... မင်းက ဟိုဘက်ခြံက အန်တီစောနဲ့ ဘာတော်တာလဲ"

"ဘာတော်တော် ကိုကြီး ဘာမှငဲ့ရောမလို့ဘူး၊ ကိုယ့်ခြံထဲကို ကျူးကျော်ဝင်လာတာ အရေခွံနွှာပစ်လို့ရတယ်"

ဒေါသသံက တုန်ခါနေသည်။ ကျာပွတ်ကို ရှမ်းခနဲရွှေ့ပစ်လိုက်ပြီး မယေါ်က ရှေ့တိုး၏။





"အရေခွံနွှာမယ် ဟုတ်လား၊ အဲဒီလို နွှာချင်တိုင်းနွှာလို့ရတာတဲ့လားး"

သူမလေးက မြေပြင်မှာ ဇုတ်တုတ်ထထိုင်နေပြီဖြစ်သည့် အမှိုင်းကို လှမ်းကြည့်ကာ ...

"ဘာမှပြန်မလုပ်ရဲတဲ့လူကို ကြိုးတုပ်ရိုက်ရတာနဲ့များ ကိုယ့်ကိုယ်ကို သတ္တိရှိလှပြီထင်နေပုံရတယ်၊ ဒီမှာ အသက်ကိုစတေးဖယ်ပြီး ရှင်နဲ့တိုက်ဖို့ ဘယ်သူ သတ္တိရှိသလဲ၊ စမ်းမလား"

"ကြည့်စမ်း ... ကြည့်စမ်း"

"ပြောပြီးသားနော်၊ အသက်ကို စတေးဖယ်ထားလို့ ဒီကစတော့ ဖြစ်ဖြစ်၊ နားဖြစ်ဖြစ် မိတဲ့နေရာ တီးပစ်မှာ"

"ကဲဟာ"

"ရှမ်း"

ဒေါသမထိန်းနိုင်ဖြစ်ကာ မယေါ်က ကျာပွတ်နှင့် တအားလွှဲရိုက်သည်။ ဆက် ဆိုသည့် ကောင်မလေးက ထိတ်ထိတ်ပျာပျာ ခုန်ရှောင်လိုက်၏။

"တောက်"

"ပွဲစဖို့ , မစဖို့ သဘောမတူသေးဘူး။ ဒီလောက်ထိ ညစ်ပတ်ရသလား၊ တွေ့မယ်"

တက်ခေါက်သံနှင့်အတူ ပန်းပေါ်ကလွယ်အိတ်ကို ဖြစ်သလို ဖြုတ်ပစ်လိုက်ပြီး အရိုင်း ကိုယ်ပေါ်သို့ စားပွဲပေါ် တင်သလို ပစ်တင်၏။

"ဟိတ် ... လူကြောက် ဒီမှာကြည့်ထား"

နောဂဝ်ထပ်ကျာပွတ်ရိုက်ချက်ကို လှလှပပခုန်ရှောင်၍ စကားပြောသည်းမပျက်။

www.burmeseclassic.com



"သည်းခံလွန်းတော့ ကြောက်တာ၊ ကြောက်ရင် ဖြခြောက်တဲ့ သတ္တဝါတွေ အားရတာပေါ့"

"ဟဲ့ ... နှင့်ပါးစပ်ကိုပိတ်ထားစမ်း"

မငယ်က ကျားပွတ်နှင့် အကြမ်းပရမ်းလိုက်ရိုက်နေ၏။ ဆက် က ခုန်ပေါက်ရှောင်နေရင်း ကျားပွတ်၏ထိပ်ဖျားကို စူးစိုက်ကြည့်ကာ ဖျတ်ခနဲ ဖြေးဆွဲလိုက်၏။

"အား"

ကျားပွတ်သည် နှစ်ယောက်ကြားမှာ ကြိုးတန်းတစ်တန်းလို တင်းခနဲ ဖြစ်သွားကာ မငယ်ထံမှ ညည်းသံထွက်လာ၏။

ထို့နောက် ကျားပွတ်က ဆက် လက်ထဲပါသွားလေသည်။ ကိုကြီးနဲ့ ကိုလေးတို့ မျက်လုံးပြူးသွားကြ၏။

ဆက် ဆိုသည့်ကောင်မလေး ပညာတတ်မှန်းကို သူတို့ စောစောကတည်းက ရိပ်မိဖို့ကောင်း၏။ ခုတော့ ကျားပွတ်တောင်မှ မြဲအောင် မကိုင်တတ်သည့် မငယ် မရှုမလှ ခံလိုက်ရလေပြီ။

"ကဲ ... ရှင့်အလှည့်နော်၊ မျက်နှာစုတ်ပြီသာမှတ်"

"အို ... သမီး... သမီးငယ်လေး ... ဆက် မလုပ်ရဘူး၊ ရပ်လိုက် ... ရပ်"

သေလုမြောပါးတားဆီးသံတစ်သံ ထွက်ပေါ်လာခြင်းသည် မငယ် အတွက် ကံကောင်းသွားခဲ့၏။ မျက်နှာဆီကို လှစ်ခနဲပြေးဝင်လာသည့် ကျားပွတ်ထိပ်ဖျားက လမ်းကြောင်းလွဲသွားလျက် ရင်ဘတ်ဆီမှာ ပွတ်ကပ်မွေ့သွားသည်။

ရွှေရောင် အလှကြယ်သီးတွေနှင့် ရင်စေ့အကျီမှာ ကျားပွတ်ရိုက်ချက်ကြောင့် ကြယ်သီးတွေပွင့်ထွက်ပြီး ဝင်းခနဲ ထင်းခနဲ။





"အား"

အသားနာတာမဟုတ်ဘဲ မငယ် ရင်ဘတ်ကိုကာကွယ်တာ စူးစူးဝါး ဝါးအော်သည်။

"သမီးလေး ပြန်ခဲ့ လာ၊ အို ...ဒုက္ခပါပဲ၊ မမနွေ ရှေ့ကနေ ဝင်ခွင့် တောင်းပြီး လိုက်သွားခေါ်ပါဦး"

ကြည့်လိုက်တော့ ဟိုဘက်ခြံတံတိုင်းပေါ် ကနေ ခေါင်းသုံးလေးလုံး က တန်းစီလျက် ဒီဘက်ကိုကြည့်ပြီး ကျော်ခွ ခုန်ချလာကြတော့မယ် အတိုင်း။

"မင်း တော်တော့်ကိုမိုက်ရိုင်းရမ်းကားပါလားကွ၊ သူများနယ်နိမိတ် ထဲကိုလဲလာသေးတယ်၊ အိမ်ရှင်ကိုလဲ ကိုယ်ထိလက်ရောက် စော်ကား တယ်"

ကိုလေးက ရှေ့တက်လာပြီး ဆက် ကို စူးစူးဝါးဝါးကြည့်၍ ပြော၏။ ဆက် က ကျားပွတ်ကို မငယ်ရှေ့မှာ ပစ်ချပေးလိုက်ပြီး ...

"ဘယ်သူက စပြီး စည်းမစောင့်တာလဲ"

"စောင့်ဖို့မလိုပါဘူး၊ ဒါ ငါတို့ပိုင်နက်"

"သူများခြံထဲမှာဆိုပြီး ဒီက ရှင့်တို့ပြုသမျှ နနေရမှာလား၊ ကိုယ့်ကို ထိရင် ပြန်ခုတ်မှာပဲ၊ ကျူးကျော်ဝင်လာတာက လူကို တိရစ္ဆာန် တစ် ကောင်လို ညှဉ်းပန်းနေလို့ ဘယ်လိုမှ အမြင်မတော်လို့ ဝင်လာတာ၊ တိုင် လိုက်စမ်းပါ၊ ရဲကို ဖုန်းဆက်မှာလား၊ ဒီကလဲ ပေါ့ဟိုက ငါးဖယ်လုံးကြီး ကို ဆွဲပြလိုက်ရုံပဲ"

ဒူးထောက်လျက်ကနေ မတ်မတ်မရပ်နိုင်သေးသည် အရိုင်း လို မေးငေါ့ပြပြီး ဆက် က သေသေချာချာမှဲ့ပစ်၏။

လူတစ်ယောက်လုံးကို ငါးဖယ်လုံးကြီးဟုပြောပုံက ထူးလှမာလေ



www.burmeseclassic.com

www.burmeseclassic.com



မို့ ငါးဖယ်နှင့် နှိုင်းလိုက်ခြင်းဖြစ်သည်။ ဘာမှမသက်ဆိုင်၊ မခြင်ဘူး။ ခေ

ဘူးပါတဲ့နှင့် ဒီပုဂ္ဂိုလ်ကြောင့် သူမမှာ ဒေါသတွေဖြစ်ရ၊ ဖြိုင်ရ ဆိုင်

ကိုယ့်အိမ်ကလည်း သိသွားပြီမို့ ရင်ဆိုင်ရမှာတွေက အများကြ

သူ့ကြောင့် ...

"လူတစ်ယောက်ကို ညှဉ်းပန်းနှိပ်စက်ခွင့်မရှိဘူး။ ကိုယ့်သားမယ

ဖြစ်နေရင်တောင် သွေးထွက်သံယို ရိုက်နက်လို့မရဘူး၊ အဲဒါတွေ

သိတယ်မဟုတ်လား။ သိလို့လဲ ဒီလိုလူကွယ်ရာမှာ ကျကျနနခေါ် နှိပ်စ

နေတာ"

"ဟေ့ ... မင်း ထင်ရာတွေစွတ်ပြောမနေနဲ့ သူက ငါတို့ညီ၊ အပြစ်ရှိ

ဆုံးမနေတာ"

"ဟွန်း ... ညီဖြစ်ဖြစ်၊ သားဖြစ်ဖြစ် ဆုံးမတာ နှိပ်စက်တာ အား

ကို ဆက် ပြောတာ ရှင်းရှင်းလေးရယ်၊ ကျူးကျော်စော်ကားမှုနဲ့ ဆ

ကို ပုဒ်မတပ်လိုက်တော့ ဒီကလည်း တိုင်ပြီးသားပဲ"

"သမီး"

ခြံရှေ့ကနေဝင်လာကြပုံရသည့် ဒေါ်စောသဲအိနှင့် ဒေါ်နွေသ

ကလောမြို့မှာ အပျိုကြီးညီအစ်မဆိုလျှင် မသိတဲ့လူမရှိလော

အောင် ချမ်းသာကြွယ်ဝကြ၏။

ဒါပေမယ့် သူမတို့ထံမှာ ယခုကဲ့သို့ လက်သွက်ရန်စွာလွန်းသော မ

မငယ်လေးတစ်ယောက် ရှိနေတာကိုတော့ ဘယ်သူမှမသိခဲ့တဲ့အဖြ

"လူလေးတို့ ဒီကသမီးကိုရော အန်တီတို့ တောင်းပန်ပါတယ်ကွ

ကျေနပ်အောင်ကို တောင်းပန်ပါတယ်၊ အန်တီတို့တူမလေးက ..."

"မတောင်းပန်နဲ့ အစော၊ ကျေနပ်နိုင်လား။ မကျေနပ်ဘူးလား ဆို

ဆက် က မေးပြီးပြီ၊ မကျေနပ်ရင် အတူတူသွားကြရုံပဲ"





ဘယ်ကိုလဲ၊ အပျိုကြီးညီအစ်မ မျက်လုံးပြူး မျက်ဆန်ပြူးကုန်ကြ၏။ ထိုပြဿနာ ထိုနေရာမှာပဲ ပြီးဆုံးသွားခဲ့သော်လည်း ကိုယ့်ခြံဝင်းထဲ ပြန်ရောက်တဲ့အထိ ...

"ဘုရား၊ ဘုရား" လို့ ဒေါ်စောသိဂီ ရင်ဘတ်ဖိ တ,နေတုန်း။

"မကြုံဖူးတာတွေ ဆက် လေးရယ်၊ အမလေး သူများခြံဝင်းထဲမှာ ညည်းကို သေအောင်ရိုက်သတ်ထားလဲ ကိုယ်က ကျူးထားတော့ ကိုယ်ပဲ ခံရမှာ"

"ဘာလို့ခံရမှာလဲ၊ ဖဋ္ဌိပက္ခဆိုတာ ရှိလာရင် အဲဒါ ရင်ဆိုင်မိလို့ဖြစ်တာ၊ တစ်ယောက်တည်း ဘာမှမရှိတာကို သွားရင်ဆိုင်လို့ရသလား။ ခု ကြည့်ပါလား၊ သူတို့ရှူးသူတို့ပတ်မှာစိုးလို့ အံတကြိတ်ကြိတ်နဲ့ ငြိမ်နေလိုက်ကြတာ"

"ဆက်လေး ခဏငြိမ်ငြိမ်နေစမ်း"

လူကြီးတွေမှာ ဖင်ကျအောင်မထိုင်နိုင်။ သူမက ရေဘူးသွားယူလာလိုက်၊ သောက်ပြီးသွားပြန်ထည့်လိုက်၊ ပြီးတော့ နှုတ်ခမ်းကို လက်စုံနဲ့ ကပ်သုတ်လိုက်၊ လက်ဖဝါးချင်းပွတ်ပြီး ကြိမ်းဝါးနေလိုက်၊ ဘာမှကို အကြောက်အလန့်မရှိတော့ဘူးလား။

"မိုက်လိုက်တာ၊ တော်တော့်ကိုမိုက်တာ သိလား၊ သူ့အပြစ်တွေ ကိုယ့်အပြစ်တွေ ညည်း ဘာမှမပြောနဲ့၊ သူများခြံထဲဝင်တာကိုက ..."

"ဝင်ချင်အောင် သူတို့က လုပ်ပြနေကြတာ"

"ဘာ ... ဘယ်လို"

"အသားဖြူဖြူ ပိန်ခြောက်ခြောက် တရုတ်ဘိန်းစားရုပ်လေးကို တစ်ယောက်တစ်ချက် ဝိုင်းသမနေတာ၊ စာကလေး လည်ပင်းဖြူးချည်ပြီး ရေနွေးအိုးထဲနှစ်တာကမှ အသက်မြန်မြန်ထွက်သွားလို့ရသက်သာဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟဲ့ အဲဒါ သူတို့မွေးချင်းချင်း ဘာဖြစ်နေနေ ကိုယ်နဲ့ ဘာဆိုင်လို့တုန်း"

"မွေးချင်းမဖြစ်နိုင်ပါဘူး အစောရာ၊ လုံးဝမဖြစ်နိုင်တာ အတိအကျ ပေါ်နေတာတယ်။ ဟိုသုံးယောက်က ကျားပေါက်၊ နွားပေါက်ကြီးတွေ၊ ခံနေရတဲ့တစ်ယောက်က ဖြူခြောက်ခြောက်၊ သူတို့သုံးယောက်က စည်းလုံးနေကြပြီး အဲဒီတစ်ယောက်ကို ကာကွယ်လက်ညီ အမဲဖျက်နေကြတာ တိရစ္ဆာန်တစ်ကောင်ထက် အဖြစ်ဆိုးတယ်၊ ဟိုမိန်းမကိုလဲ ကြည့်လေ၊ သူ့မောင်လေးဆိုရင် အဲဒီလိုလုပ်ရက်မလား"

အဖိုးကြီးတွေ စကားလေးတော့ ငိုင်သွား၏။ မျက်နှာတွေ၊ ကျောတွေ ရင်တွေမှာ သွေးသံရဲရဲနှင့် ကောင်လေးတစ်ယောက်ကို သူမတို့လဲ မြင်ခဲ့ရသည်မို့ မျက်လုံးထဲမှာ ပြန်၍မြင်ယောင်သွားကြတာဖြစ်သည်။

'သွင်ရတနာ'စံအိမ်ဆိုသည့် ရှေးသိုတက်နေပြီဖြစ်သော မြို့ဝက နာမည်စာလုံးတွေကို ဖြတ်သန်းသွားတိုင်း ဖတ်မိပေမယ့် လူတွေအားလုံးကို သေချာမသိပေ။

တစ်ခါတစ်ခါ မြို့ထဲကထွက်လာသည့် မာစီးဒီးကားမည်း ခပ်နွမ်းနွမ်း တစ်စီးနှင့် မျက်နှာချင်းဆိုင် ဆုံမိတတ်ကာ မြင်ဖူးသမျှမှာတော့ လူငယ်တွေချည်းပဲဖြစ်၏။

အိမ်ရှင် ဘယ်သူမှန်းမသိ။ လူဦးရေ ဘယ်နှစ်ယောက်ရှိကြတယ်ဆိုတာလည်း မစပ်စုမိခဲ့ပါ။ ကြားဖူးတာကတော့ 'သွင်ရတနာ'အိမ်ကြီးက အထည်ကြီးပျက်ဆိုလား ...။





## အခန်း (၂)

"ခွေးရူး ... ခွေးရူး"

"ဟင် ..."

ဈေးလေးကအပြန်မှာ ကိုယ့်ခွေးလေးကို ကြိုးလေးနဲ့ဆွဲ၍ အေးအေးဆေးဆေး လျှောက်လာတုန်း အော်သံတွေ စီစီညံညံထွက်လာသဖြင့် ဆက် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

ဘယ်မှာလဲခွေး၊ ဟိုဒီလှည့်ပတ်ရှာကာ ဒီတိုင်းထွက်ပြေးရမှာလား၊ ကိုယ့်ခွေးလေးကို ကောက်ပွေ့ပြီး ရင်ဆိုင်ရမလား။

ကြည့်တော့လည်း ခွေးကို ဘယ်မှာမှမတွေ့။

"ဟာ ... ဟိုကောင်မလေး ပြေးလေ၊ ဟိုဘက်မှာ ... ဟိုမှာ လာပြီ"

"အို ..."

ဆက် မြင်လိုက်ပါပြီ။ အနက်ခွဲရောင် နီကျင့်ကျင့်နှင့် ခေါက်တော်တော်ကြင့်သည့်ခွေးကြီးက နားရွက်ကြီးနှစ်ဖက် ကုပ်ကျနေတာ မျက်လုံးတွေကို ဖုံးနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



သွားရည်တမြားမြားကျနေသည့် လျှာတစ်လစ်က ပါးစပ်ကနေ ထည့်တည့်မကျဘဲ ဘေးအံသွားတွေဘက်ကနေ ထွက်ကျနေသည်မို့မြင်လိုက်တာနှင့် ခွေးရူးမှန်းသိသာသည်။

ဘယ်လောက်ပဲ လျှင်ပါတယ်၊ ထက်ပါတယ်ဆိုဆို ဖြုန်းစားကြီး ကိုယ့်ရှေ့ရောက်လာသဖြင့် ဆက် မျက်လုံးတွေပင် ပြာသွား၏။

သူမ ကြိုးလေးနဲ့ဆွဲလာသည်က အိမ်အလှမွေးသည့် ပိုမာရိန်းနီးယား ခွေးစုတ်ဖွားလေးဖြစ်သည်။ ခုချိန်မှာသာ ဒီခွေးကြီးက ကိုက်မည်ဆိုလျှင် ခွေးကိုဖြစ်ဖြစ်၊ လူကိုဖြစ်ဖြစ် တစ်ချက်စာပဲရှိ၏။

ခွေးကြီးက ပါးစပ်ကြီးဖွင့်၍ပြေးလာတာ တဟဲဟဲ အသံထွက်နေသည်။ ဆက် ဘာလုပ်ရမှန်းမသိတော့ဘဲ ကိုယ့်ခွေးလေးကို ကောက်ပွေ့ထားလိုက်သည်။

မတတ်နိုင်တော့ပါ။ ထွက်ပြေးလို့လည်း လွတ်မှာမဟုတ်တော့သည်မို့ အသက်ဝဝရှူပြီး တဟဲဟဲပြေးလာသည့်ခွေးကြီးကို ဒိတိုင်းရပ်စောင့်နေလိုက်မိသည်။

"ခွေးဟ ... ထွက်ရိုက်လိုက်ကြစမ်းပါ"

"ဟိုမိန်းကလေး ပြေး ... ပြေး"

တီခနဲတိတ်ကျသွားပြီးမှ အားလုံး စုပြုအော်ကြပြန်သည်။ ထိုစဉ် ဘေးလမ်းကြားလေးထဲကနေ စက်ဘီးတစ်စီး ဘွားခနဲပေါ် လာ၏။

စက်ဘီးသည် လမ်းအတိုင်းမသွားဘဲ ဆက် ထံသို့ ပြေးလွှားသွားသည့် ခွေးရူးဆီကို တစ်ရှိန်ထိုး တန်းဝင်သွား၏။

"ဒုန်း"

"ဂါး"

"သေပြီဟ... ကောင်းတယ်"





ခွေး၏မျက်နှာကို ရှေ့ဘီးနဲ့ဖြတ်တိုက်ပစ်လိုက်သဖြင့် စက်ဘီးအရှိန်ကြောင့် ခွေးရူး နှစ်ပတ်၊ သုံးပတ်လည်သွားသည်။

ပြီးတော့ ဗုန်းခနဲပစ်လဲ၏။ ဒါပေမယ့် ခွေးရူးကြီးက ခေါင်းထောင်သာကာ ...

အကြောဆွဲနေသလိုလို၊ ပြန်ထဖို့ကြိုးစားနေသလိုလိုနှင့် ကုန်းရုန်းသွားရုန်းနေသေးသည်။ စက်ဘီးကလည်း နောက်တစ်ပတ်ပြန်ပတ်လာပြီး ခွေးနားမှာ ခြေထောက်ရပ်ပစ်လိုက်၏။ လက်ထဲမှာပါလာသည့် အုတ်ခဲကျိုးနှင့် ခေါင်းကိုပဲ သေချာဆ၍ပစ်ထည့်လိုက်သည်။ ခွေးရူးထံမှ 'အု' ခနဲညည်းသံတစ်ချက်ပဲ ထွက်သည်။

ဖုတ်လိုက် ဖုတ်လိုက် အသက်ရှူနေပေမယ့် လုံးဝ ခေါင်းမထောင်လာတော့ပေ။

"ကောင်းတယ်ဟေ့ အားလုံး အန္တရာယ်ကင်းသွားပြီ"

ဈေးနီးဝန်းကျင်မှာရှိနေကြသည့် လူတော်တော်များများ ပြေးထွက်လာကြကာ မသေသေးသည့်ခွေးရူးကို တစ်ယောက်တစ်ချက် ဝိုင်းရိုက်ပြီး ဇိဝိန်ခြွေပေးလိုက်ကြ၏။

"ဟိတ်"

စက်ဘီးကိုခြကန်ထွက်ရင်း လမ်းပေါ်ကိုဦးတည်သွားသည့်တို့လ်ကို ဆတ်က လက်ဆွဲတားခေါ်လိုက်သည်။ သူ ခြေထောက်ရပ်လိုက်တာမြင်တော့ ဈေးလေးပိုက်လျက်သားနှင့် ခပ်သွက်သွက်လျှောက်သွားလိုက်ကာ ...

"နင် ငါ့ကို မသိဘူးလား"

ပျော့ပျော့ပါးပါး နီ၍ရှည်လျားစွာအုပ်ဖြာကျနေသည့် ဆံပင်ဖရိုဖရဲကြားထဲကနေ စူးလက်နေသည့် မျက်လုံးနှစ်လုံးက ဆက် ကို ရက်ရှင်းပဲ ဝင့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရှေ့ကို ဆက်ခနဲပြန်လှည့်ကာ ...

"မသိစရာလား"

ဆက် က ကျေနပ်စွာခေါင်းညိတ်လိုက်ပြီး ရင်ခွင်ထဲက ခွေးလေး

လမ်းပေါ် ပြန်ချလိုက်သည်။

"ငါ့မှာမည်က ရွှေလက်ဆက်၊ နင့်နာမည်ရော ..."

ဒုတိယအကြိမ် မျက်လုံးတစ်စုံ လက်ခနဲရောက်လာပြန်သည်။ ပြီး

တော့ မဆီမဆိုင် ..

"နင်က ညှိုးသည်လား"

"အင်း...၊ ကျောင်းတွေပိတ်လို့ အလည်လာတာ၊ နင့်နာမည် ပြော

လေ"

"မလိုပါဘူး၊ နောက်တစ်ခါ လမ်းမှာတွေ့ရင် လုံးဝ နှုတ်မဆက်

"ဘာ ... ဘာရယ်"

ဆက် ရဲ့ကိုယ် တုန်ခနဲဖြစ်သွားလားမသိ။ သူက စက်ဘီးထွက်မ

ခြေထောက်နှင့်ရွှေ့ပြန်သည်။

"ဒီမှာ ... ဒီမှာ ဟိတ် နေဦး"

"ငါ့ကို ဟိတ်လို့မခေါ်နဲ့"

"အံမာ ...၊ ဟိုသုံးယောက်က 'ဟိတ်ကောင်' 'ဟဲ့ကောင်'နဲ့ မျိုးမစ

ဘာညာ လိုမ့်ဆဲနေတာကျတော့ သစ်တုံးကြီးလိုငြိမ်နေတယ်၊ ဘာ

နင်က ရန်ပွဲကနေထွက်ပြေးလာပြီးတော့ လမ်းပေါ်မှာ စက္ကူလုံးတွေ

'ငါတယ်... ငါ့အကြောင်းပြရိုက်ရ'ဆိုပြီး လိုမ့်ကန်ပစ်တတ်တဲ့လူမျိုး

ဟား ဟား ... ရယ်ရတယ်"

"ဟုတ်တယ်၊ 'သွင်ရတနာ'မိသားစုကလွဲရင် တစ်လောကလုံးကို

ငါ ဂရုမစိုက်ဘူး၊ နောက်ကို စပ်စပ်စုစု ဝင်ပါချင်တာတွေ 'သွင်ရတနာ'မှာ





လှုပ်နဲ့"

"ဒီမှာ ကျေးဇူးကန်း"

ခွေးကြိုးကလေးကိုဆွဲလျက်နှင့် ဆက် က သူ့စက်ဘီးရှေ့ထိ

ရောက်သွားလိုက်ကာ ...

"ဒါကတော့ တစ်ယောက်တစ်လှည့် ကူညီလိုက်ကြလို့ ပြီးပြီထင်

ဖြစ်မှန်းသိလို့ ကူညီတာထင်လို့ အဲဒါကို ခုပဲပြောတော့မလို့"

"ဘာကူညီတာလဲ၊ ဘယ်သူကလဲ"

အရိုင်း က စက်ဘီးလက်ကိုင်ကို ဆက် ကိုပစ်တိုက်တော့မလို့ ဒူး

ခေါက်နားထိ ဆိုးဆိုးဆတ်ဆတ်ဆွဲလှည့်၍ ဝေါက်ဆတ်ဆတ်မေး...

စပ်သွယ်သွယ်မျက်နှာနှင့် နာခေါင်းထိပ်များလောက်ထိ ဖြာဝေနေ

သာ ဆံပင်တွေကြောင့် သူ့မျက်နှာသေးသေးက မျက်လုံးနှစ်လုံးပင်

ပျောက်နေလေသည်။

ဘုကျကျစကားတွေထွက်လာတိုင်း ဆံပင်တွေကို ဆတ်ခနဲခါပစ်

တိ၊ မျက်နှာကိုမော့၍ ဆံပင်တွေကွယ်နေသည့်မျက်လုံးများနှင့် ဖမ်း

စင်းကြည့်လိုက်ကြည့်။

တကယ်ပါ၊ ဟိုညနေကကြားခဲ့ရသည့်အတိုင်း မျက်နှာတစ်ဝက်

ကွယ်ဖုံးနေသည့် ကုပ်ထောက်ဆံပင်နှင့် ပိန်ရှည်ရှည်ဖြူဖျော့ဖျော့ပုံစံ

'ဆာမူရိုင်း'တစ်ယောက်လိုပါပဲ၊ ဆက် က ထိုမျက်နှာကို စေ့စေ့ကြည့်

သုံးသပ်နေဆဲ။

"သူများဒုက္ခ၊ သူများကိစ္စ လုံးဝကို စိတ်မဝင်စားဘူး၊ ခင်စားတတ်

လူကိုလဲ အထင်မကြီးဘူး။ ဒီမှာ ကိုယ့်ကိုယ်ကို သိပ်တော်တာကူညီတတ်

သူ သိပ်ဖြစ်ချင်ရင်လဲ တစ်ဖက်က အကူအညီတကယ်လိုနေတာ

ယ်ရဲ့လားဆိုတာ နည်းနည်းပါးပါးသုံးသပ်၊ အရှုံးပေးထားတာ မနိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

“အံမာ ...”

ဒီက ရင်တုန်ပန်းတုန်ဖြစ်သွားခဲ့တာကို ကျေးဇူးတကယ်တင်သွားမ လို့၊ သူမှန်းလည်းသိလို့ ကောင်းကောင်းမွန်မွန်ပြောကြည့်လိုက်တာ ကြည့်စမ်း ...။

လူကို သူချည်းပဲပြောချသွားလိုက်တာ တနင့်တပိုး။ စက်ဘီးကို ရဟတ်ယာဉ်တစ်စီးလို ဝေ့ခနဲ ဝဲခနဲနင်းချသွားသည့် ကျောပြင်ကြီးကို နောက်ကနေ ပြေးကန်ပစ်လိုက်ချင်၏။

ဆက် ဒေါသတွေဗရပွဖြစ်ကျန်ခဲ့ရင်း နေရာမှလည်း မရွေ့ဖြစ်ဘဲ သူ့စက်ဘီး ကုန်းမြင့်ထက်ကို မဟားတရားနင်းတက်သွားခြင်းအား မြင် ကွင်းထဲက ပျောက်သွားသည်အထိ ငေးနေခဲ့မိ၏။

ဘယ့်နှယ် ဒေါသထွက်သွားလိုက်တာ လေမွှေမွှေသလိုပါလား။ ခုကျတော့ တနုံ့နုံ့ဖြစ်ကျန်ခဲ့တာမျိုးလည်း မဖြစ်။

“အသွင်ရိုင်း”

နာမည်ကို ဆက် သိပြီးသားပါ။ ထိုနာမည်ကို လှမ်းခေါ်သံ ကြား ကတည်းက ‘သွင်ရတနာ’မြကြီးဘက်ကို သူမ စိတ်ဝင်တစား ကုပ်ကြည့် မိခဲ့တာဖြစ်သည်။

ထို့ကြောင့် ပြဿနာ အစအဆုံးကို ကြားလည်းကြားသည်။ မြင် လည်းမြင်သည်။

သူ့နာမည်ကိုမေးလိုက်တာ မသိလို့မဟုတ်ဘဲ၊ ဟွန်း ... ကြီးလိုက် တဲ့မာန ...။





## အခန်း (၃)

“အလကားစိုးရိမ်နေကြတာ မမေ့ ဘာမှမဟုတ်ဘူး၊ တကယ်ပါ ဆိုမှ”

“ကြည့်စမ်း”

ဖုန်းပြောနေတာကြည့်၊ လူကြီးတွေကိုရှေ့ထားပြီး ဒီကပြောတဲ့ စကားတွေကို အလကားစကားတွေတဲ့၊ သစ်တော်သီး အခွံနွှာနေသည့် ဒေါ်စောသီဂီ ဓားကိုင်လျက်နှင့် ဆက် ကိုမော့ကြည့်၏။

ဆက် က မတ်တတ်ကနေဖုန်းပြောရင်း လမ်းလျှောက်နေတာ။ နှင်းဆီပင်တွေကို ဟိုအဖူးကိုင်၊ ဒီအဖူးကိုင်။

“အစောတို့၊ အဖီတို့ စိုးရိမ်ကြီးနေတိုင်းသာ မမေ လိုက်ပူနေရင် မြန်မာပြည် အောက်ဖျားနဲ့အထက်ဖျား လာလို့မရ၊ သွားဖို့မလွယ်နဲ့ မမေ ပဲ စိတ်ညစ်ရမှာ”

“ကြည့်စမ်း မမစော၊ မမစောတူမ ပြောနေတာ”

“ကြားတယ်၊ သင်းကလေးက ကျုပ်တို့ကို အလကားတွေရော၊ အပို တွေရော ရုံနေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား… မေမေ တာ့တာ၊ ဖေဖေ့ကို တာမှသွားမပြောနဲ့နော်၊ ဆက် ဒီမှာ ပျော်တယ်လို့ ဟုတ် ဟုတ် အိုခေ၊ တာ့တာ"

ဖုန်းပြောပြီးတော့ အခေါ် နှစ်ယောက်ဖြစ်နေပုံကိုကြည့်ကာ ဆက်က ခိုးခိုးခစ်ခစ်ရယ်သည်။

"ဘာရယ်တာလဲ ညည်းက၊ ညည်းမယ်တော်ကမေးလို့ အရှိကို အရှိအတိုင်းပဲပြောပြလိုက်တာ၊ ဟိုရက်ကဖြစ်တဲ့ပြဿနာလေ.. တကယ် အတိအကျသာပြောလိုက်ရရင် ညည်းမိဘနှစ်ပါး ဟိုမှာ လည်ပင်း လှည်းနင်းခံရတာထက် ပိုဆိုးနေမှာ သိရဲ့လား"

"ဟုတ်ပါတယ် အစောကသဲ.."

ဘေးမှာ မျက်ခုံးဝင်ထိုင်လိုက်ပြီး လည်ပင်းကို ဖက်နမ်းလိုက်သဖြင့် အပျိုကြီးဒေါ်စောသီဂီ၏ မျက်စောင်းကြီးက အင်အားတစ်ဝက် လျော့ကျသွား၏။

"ဟွန်း … ကျုပ်တို့ကပဲ အလကားပြောရတယ်ရှိသေး"

"ဟုတ်တယ်လေ၊ အစောတို့ပြောတာ မဟုတ်တာတွေလို့ ဆက် ပြောလို့လား။ ဒါပေမယ့် ဆန်ရှင်းနာနာဖွတ်တဲ့"

"ဘာမှမဆိုင်ဘူး"

"ဘာလို့မဆိုင်ရမှာလဲ၊ ဆက် က ဖေဖေနဲ့မေမေက မွေးပေမယ့် အစောတို့လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာ"

"အင်း … ပြောပါဦး"

"ဖေဖေတို့ မေမေတို့ထက် အစောတို့က ပိုရင်းတာ မဟုတ်ဘူးလား"

"ဟွန့်"

ဒေါ်စောသီဂီ ကျေနပ်ပေးရတော့မှာကိုမြင်ကာ မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် ဒေါ်နွေသရဖီ၏နှုတ်ခမ်းက ဒေါသမပါဘဲ မဲ့ရွဲ့နေ၏။





"အဲဒါကြောင့် ဖေဖေလဲ စိတ်မဖြောင့်မဖြစ်ရအောင် မေမေလဲ ကျေနပ်သွားအောင် ဒီလိုပြောပေးလိုက်မှ အဆင်ပြေမှာပေါ့လို့"

"မိန်းမနော် ဟွန်း …"

"အဖီနော်… ဘာမိန်းမလဲ၊ သူတို့ပဲ တစ်သက်လုံး ရုပ်အကျိုးဘောင်းဘီနဲ့ ယောကျ်ားလေးလိုမွေးလာခဲ့ပြီးတော့ …"

တကယ်ပါ၊ သားလို့မခေါ် ခဲ့ကြတာပဲရှိသည်။ ဟိုတုန်းကဆို 'ဆက်' လို့ခေါ် ခဲ့ကြတာမို့ ယောကျ်ားလေးလိုလို၊ မိန်းကလေးလိုလို။

တိုယ်လုံးသိပ်မဖွံ့သည့် ဆက် က အရပ်လေးကျတော့ ရှည်၊ အရွယ်ရောက်လာလို့ မိန်းကလေးလိုဝတ်စားလှပလာတာတောင်မှ ရုပ်အကျီဝတ်ထားလျှင် ယောကျ်ားလေးနဲ့ တူနေသေး၏။

ဒေါ်စောသီဂီတို့မှာ မောင်နှမသုံးယောက်ရှိကြသည်။ ဆက် ရဲ့ အဖေက မောင်အငယ်ဆုံးဖြစ်ကာ အစ်မတွေ ဘယ်လိုမှခွင့်မပြုနိုင်သော မိန်းမတစ်ယောက်ကို တက်ခဲ့ပြီး ခုဆို နှလုံးအထူးကုဆရာဝန်ကြီးပင် ဖြစ်နေပါပြီ။

အိမ်ထောင်ကျတော့လည်း သူနဲ့အတူ တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်တစ်ဦးဖြစ်ကာ ဘယ်မှာ တာဝန်ကျကျ လင်မယား အတူတူမို့ အိမ်ထောင်ရေးမှာလည်း ဘာပြဿနာမှ မရှိခဲ့ပေ။

ထို့ကြောင့် ပိုပြီးအဆင်ပြေချောမွေ့ရအောင် ရွှေလက်ဆက်လေးကို မွေးတော့ အစ်မလုပ်သူတွေက ထာဝန်ယူခဲ့ကြ၏။

ဒီအမေ ဒီအဖေက မွေးပေမယ့် ဆက် က အဒေါ်တွေလက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာဖြစ်သည်။

ဟိုတုန်းကတော့ ကလေးမှာ ခြေလုပ်ငန်းတွေရှိသည်မို့ ကလေးမှာ သာနေလိုက်၊ ရန်ကုန်ပြန်လိုက်၊ နောက်ကျတော့ ဒေါ်စောသီဂီကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖိုဖိုစီးစီးလုပ်ကိုင်လာသဖြင့် ကလေးမှာပဲ နေခဲ့ရတော့သည်။

ဒေါ်နွေသရဖီနဲ့ ဆက်တို့ပါ ပြောင်းလာခဲ့ကြတာ ဘာကြာသေးလို့လဲ။ ဆက် ကတော့ တောင်တက်တောင်ဆင်းတွေမှာ စက်ဘီးလျှောက်စီးကာ တစ်နေ့တစ်နေ့ အိမ်ကပ်တယ် သိပ်မရှိပေ။

သူမအတွက် စောင့်ရှောက်ဖို့ အလုပ်သမားတစ်ယောက်ယောက်ထည့်ပေးရတာလည်း ထည့်လိုက်ရတိုင်း ပြဿနာဖြစ်သည်။

"ဒီလောက်သွားလာမှုနေပြီဥစ္စာ၊ ရပါပြီ၊ ဘာလုပ်ဖို့လဲ၊ ရှုပ်ကရှုပ်နဲ့"

ဆိုပြီး မမရွှေလက်ဆက် က စူပုပ်ပွထနေတတ်၏။

ခုရော ဘာများကောင်းလာလို့လဲ။ အပြင်မှာသွားလာလည်ပတ်တာအားရလို့ အိမ်ကပ်ပြန်တော့ အိမ်မှာ ပြဿနာဖြစ်ရသည်။

တွေးကြည့်လိုက်မည်ဆိုလျှင် ဒါတွေအားလုံးဟာ ရွှေလက်ဆက် ကို ယောကျ်ားလေးလို သွက်လက်ထက်မြက်နေအောင် မွေးမြူခဲ့ခြင်းကြောင့်ပဲဖြစ်၏။

ထို့ပြင် ဖအေဆီကို တစ်ခေါက်သွားလိုက်တိုင်း ပညာတွေတစ်ခါပါလာသည်။

ဖိုက်တိုက်၊ တိုက်ကိုလိုက်တာတွေမှာ အခန်းထဲမှာ တစ်ယောက်တည်းထင်တိုင်းကြဲလွန်းလို့ ဘယ်ပစ္စည်းမှ ကောင်းကောင်းမနေရပေ။

မြို့ထဲမှာ ဆင်းကြည့်ဦးမလား၊ မယ်မင်းကြီးမရဲ့ ဓားချက်တွေနှင့် သစ်ပင်တိုင်းမှာ ဒဏ်ရာဗရပွ။

ကိုယ့်စိတ်အတွေးနှင့်ကိုယ် တွေမရဲ့မျက်နှာကို ချစ်ရလွန်း၍ စိတ်ညစ်ရသောမျက်နှာမဲ့မဲ့နှင့် ဒေါ်စောသီဂီ ကြည့်မိ၏။

"အဲဒီဟာတွေတတ်နေတာကိုက မှားတာ၊ ထစ်ခနဲရှိရင် ခြေကားရားလက်ကားရားနဲ့ သတ်မယ်၊ ဝှတ်မယ်၊ ထိုးမယ်၊ ခုတ်မယ်၊ သူပဲ လူစွမ်း





ကောင်း"

"ဟော ဟော စကားကောင်းပြောနေရာကနေ ... အစောနေ့..."

"သတိရသွားလို့လေ၊ ရှင်လေးကို ယောကျ်ားလေးဖြစ်စေချင်ခဲ့တာတွေ ဖအေလုပ်သူက သိုင်းတွေသင်ပေး၊ ဓားတွေကိုင်နိုင်။ အားလုံးက ဒီလောက်မြှောက်ထိုးပင့်ကော်တွေ လုပ်နေမှတော့ ဒီလိုပုံစံဖြစ်လာတာနည်းသေးတယ်လို့ ..."

"အင်းလေ၊ ဆက် ကလဲ အဲဒါတွေရှိခဲ့တာကို ပြောတာပဲ"

"အံမယ်၊ သူ့ဘက်ကလိုက်ပြောနေတယ်များ အောက်မေ့နေသလားမသိဘူး"

"မဟုတ်ဘူးလား... အဟွန်း"

ဆက် က ရယ်ကျဲကျဲနှင့် ထပြေး၏။

"ဘယ်ကိုလဲ၊ ဒီမှာ သစ်တော်သီး ခွာပြီးပြီလေ"

ဒေါ်နွေသရဖီ က သစ်တော်သီးကိုမြှောက်ပြပြီး ပြန်ထိုင်နိုင်း၏။ ဆက် တို့ ဘယ်လောက်ကဗျာမဆန်သလဲဆိုရင် သစ်တော်သီး၊ ပန်းသီးကို လှီးစိတ်ပေးလို့များ ဘယ်တော့မှမစားပေ။

အလုံးလိုက်စားတတ်လို့ အခွံခွာပေးတာတောင် လက်ပေလို့ မခွာပါနဲ့ လုပ်သေးသည်။ ဘယ်ရမလဲ၊ အခွံတွေနဲ့စားလို့ ဖြစ်မလား"

လူကြီးတွေကလည်း ဒီကလေးတစ်ယောက်ပဲရှိတာမို့ တယုတယလုပ်ကျွေးတာကို ဝါသနာကိုပါကြ၏။

"ပြန်လာမယ်၊ ခဏလေး အဖီ"

ဆက် က သစ်တော်သီးကို တစ်ချက်ပဲလှည့်ကြည့်ပြီး ခြေထွက်သွား၏။ ပြေးသွားရင်း စီးထားသည့်ခြေထောက်က ဖေါင်းရှူးတို့ ငုံ့ချည်သည်။ ပြီးတော့ ဆက်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပုံကိုက ဟွိုးငယ်ငယ်ကတည်းက အန်တီ၊ ဘာညာ ဘယ်တော့မှမခေါ်။ ဒီလိုခေါ်ပါ၊ ဒီလိုပြောပါ မသင်ရဘဲနှင့် အခေါ်နှစ်ယောက်ကို အစော၊ အဝီလို့ ခေါ်သည်။

ငယ်တုန်းကတော့ ချစ်လွန်းလို့ ခေါ်ပုံလေးကိုပဲ နားထောင်ရင်းသဘောတွေကျလို့၊ ခုမှ ဘယ်လိုလုပ်ပြောင်းလဲခေါ်နိုင်းလို့ရမှာလဲ။

မျက်စိတစ်ဆုံး လိုက်ကြည့်နေကြသည့် အခေါ်တွေကို မြင်နောက်ဝင်သွားသပေါင် မျက်ခြည်ပြတ်လိုက်ပြီးမှ ဆက် က တစ်ဖက်က ပြန်ပတ်၍ မြင်ပြင်ထွက်၏။

ဘယ်ရမလဲ၊ ကလေးမြို့က ကိုယ်နဲ့ ဒီလောက်စိမ်းသက်နေတာမဟုတ်ဘဲနဲ့ ကားမောင်းတာလဲမကြိုက်၊ စက်ဘီးစီးပြီဆိုလည်း ဘေးကအစောင့်အရှောက်နှင့် ဘာမှမယူဘဲ လမ်းလျှောက်မယ်၊ ဘာဖြစ်လဲ။

မြဝရောက်သည်နှင့် ဘောင်းဘီရှည်ကိုရော အကျီကိုရော အကျအနပြုပြင်ကာ ဦးထုပ်မလွှင့်အောင် နောက်ပြန်လှည့်ပစ်လိုက်သည်။

ဒီကနေ တစ်မိုင်သာသာလောက်မှာ ကုန်းနိမ့်အကွေ့ ချိုးလေးရှိသည်။ ဟိုဘက်နားမှာကျတော့ ကျွန်းပင်ကြီးတွေ စနစ်တကျရှိနေသည့် ခပ်ပြန့်ပြန့်ကုန်းမို့လေးနှင့် အဲဒီနေရာမှာ လျှောက်ပြေးဖို့ရည်ရွယ်ချက်နှင့် ဒီညနေအတွက်က အစကတည်းက စီစဉ်ပြီးသား။ သို့သော် ...

မြဲထဲကနေအထွက်မှာပဲ မျက်လုံးတို့က ဟိုဘက်မြဝကို တန်းခနဲရောက်သွားခဲ့၏။ အရှိန်း ဆိုသည့် ဆာမူရိုင်းကောင်၊ အစုတ်ပလုတ်။

လူက ပိန်ပိန်နှင့် ရှပ်အကျီမိတ်ကပ်ရောင်ခြောက်ခြောက်ပွပွကြီးကိုဝတ်ထား၏။ ဘောင်းဘီရှည်ပွပွကို ဒူးနားအထိလိပ်တင်ထားပေမယ့် တစ်ဖက်က ပြေကျနေသဖြင့် အတိုအရှည်က မညီ။

ခပ်လှမ်းလှမ်းကကြည့်လျှင် အဖြောင့်ဆံပင်ရှည်ကပ်ကပ်က မုန်း





ထောက်ဆင်းနေလျက်၊ နှာခေါင်းနဲ့မျက်လုံးပဲမြင်ရသဖြင့် တကယ့်ကိုဆာမူရိုင်းတစ်ဝက်၊ စာခြောက်ရုပ်တစ်ပိုင်း။

သူက ခြတ်ခါးလိုက်ဖွင့်ပေးတာဖြစ်ကာ ပင်မင်းအမျိုးသမီးကြီး တစ်ယောက်က ဆွဲခြင်းကြီးက တစ်ဖက်၊ ခေါင်းပေါ်မှာ အထုပ်တစ်ထုပ်။

အံမယ် ဆာမူရိုင်းက အသွားကြီးနဲ့တော့ လေပေးဖြောင့်လို့ပါလား။ ဆက် ကြည့်နေတုန်း မနိုင်မနင်းဖြစ်နေသည့် အမျိုးသမီးကြီး၏ အထုပ်ကြီးကို သူက ပြန်ချပြီး သေချာကျစ်အောင်ပြန်ချည်ပေးနေ၏။

ထိုစဉ် သူ့မျက်နှာ ချာခနဲနောက်လှည့်ကြည့်လိုက်တာ မြင်ရကာအမျိုးသမီးကြီးကို တစ်စုံတစ်ရာပြောပြီး ခြံထဲပြန်ဝင်၊ တံခါးပြန်ပိတ်ပြီးပျောက်ကွယ်သွားခဲ့သည်။

ဆက် က အားလုံးကိုကြည့်နေပြီး လေးလေးနက်နက်တွေး၏။

ထို့နောက် ဆတ်ခနဲခေါင်းညိတ်လိုက်ကာ ... ဟုတ်ပြီ၊ နင် မပြောလည်းဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"အကြီးကောင်ကို ခေါ် လိုက်စမ်း"

"ကိုကြီး ရေအိမ်ဝင်နေတယ် ဘဘ"

ဘာပြောမလို့လဲ၊ ဘာခိုင်းမလို့လဲမမေး။ နားစွင့်ကြည့်လိုက်တော့ ကိုယ့်အနားကိုလျှောက်လာသည့်ခြေသံလည်း မကြားရပါ။

ဦးမိုးအုံ သက်ပြင်းချ၍ တောင်ဝှေးကိုင်ထားသည့်လက်ကို ရှေ့ဆန့်ထုတ်၏။ တစ်ဖက်နဲ့လမ်းကိုစမ်း၍ ဝိုးလ်ချဲကို ကိုယ့်ဘာသာ ဖြည်းဖြည်းချင်းလှိမ့်၏။

"ဘဘ ငါ့ကိုခေါ်သွားတာလား လင်းမော်"

"ဟုတ်တယ် မသွားနဲ့ဗျာ၊ အဲဒါမှ ဟိုကောင့်ကို လိုအပ်လာလိမ့်မယ်၊ မရှိမဖြစ်မှန်းသိမှ ကျောင်းထုတ်ပြီး သူ့အနားမှာထားရကောင်းမှန်းသိမှာ၊ ဒီကောင့်ကို ကျောင်းထားနေတာကိုက လုံးဝ သဘာဝမကျတာ"

အိမ်ထဲကထွက်လာသည့် မင်းဇော်ကို လင်းဇော်က အိမ်ထဲပြန်တွန်းပစ်လိုက်ပြီး မကျေနပ်တာတွေကို ရင်ဖွင့်သည်။





အိမ်မှာ စီးပွားရေးဆိုလို့ ဘာရှိတော့လို့လဲ၊ ကြီးတဲ့လူသုံးယောက်ကျတော့ ပြုတ်ပြုတ်ပြုန်းတော့မယ်၊ ခြံဟောင်းကြီးတွေထဲမှာ အလုပ်သမားလေးမဖြစ်စလောက်နဲ့ ဝိုင်းလုပ် ဝိုင်းကျူ။

ခြံပိုင်ရှင်သူဌေးဆိုပြီး လက်ညှိုးထိုးခိုင်းရတာ ဘာရှိလို့လဲ။

ငွေနဲ့ရှိုးရသည့်နေရာတွေမှာ ငွေမလိုက်နိုင်တော့ ကိုယ်ပဲ ပြေးကိုယ်ပဲလိုက်၊ ညီအစ်ကိုနှစ်ယောက်အပြင် မိန်းကလေးဖြစ်သည့် မော်မော်သွင်တောင်မှ အငြိမ်မနေခဲ့ရ။ ဒီကောင် ဆယ့်လေးငါးနှစ်သားအရွယ်ကြီးကျတော့ ပညာသင်တဲ့အရွယ်မို့ တဲ့။

ပညာသင်ပြီးတော့ ဘာလုပ်မှာလဲ၊ လခစားဝန်ထမ်းလုပ်မှာလား၊ မှတ်ဖြတ်သပ်နေတဲ့ခြံကြီးတွေထဲမှာ ဒီပညာတွေနဲ့ ဘယ်လိုကူညီကာယ်တင်မှာလဲ။ အလကား ...၊ ထူးမလာနိုင်တာကို ဘာလုပ်မှာလဲ၊ အသက်ဘယ်လောက်ပဲငယ်ငယ် ယောကျ်ားလေးမဲ့ ဒီအရွယ်၊ ဒီအချိန်မှာ အဖျတ်လတ်ဆုံးမဟုတ်ဘူးလား။

"ငါတို့ ဘာပြောပြော ဒီကောင့်ကို ဘဘက ကျောင်းထုတ်မှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်"

မင်းမောင်က ခြံထဲမှာခပ်စမ်းစမ်းသွားနေသည့် ဝိုးလ်ချဲနှင့်ဦးမိုးအုံကို လှမ်းကြည့်ရင်း မှတ်ချက်ချသည်။

"ဘာပဲဖြစ်ဖြစ် ဆယ်တန်းလောက်တော့ ..."

"ဆယ်တန်းထိ သူ့ ကျောင်းတက်နိုင်ဖို့က ကျွန်တော်တို့ပဲ ပင်ပန်းထမ်းတင်ရမှာပဲ၊ အိမ်မှာ ထောက်ထောက်ကန်ကန် ဘာများရှိတော့လို့လဲ၊ ဘဘကိုယ်တိုင်က မျက်မမြင်ဒုက္ခိတ"

မင်းမော် က မထောက်ခံပေမယ့် ကန့်ကွက်ခြင်းလည်းမရှိ။ ထိုစဉ်ခြံနောက်ဘက်ကို ပြေးဝင်သွားသည့်အရိပ်ကို လှမ်းမြင်လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်စလုံး မျက်နှာတွေ မဲသွားကြ၏။ အဖေတူ အမေကွဲ ညီလေး တဲ့။

"မင်းတို့တွေရဲ့ အဖေတူအမေကွဲ ညီလေးနော်၊ မင်းတို့ရဲ့သွေးသား စကားပြောတွေ မရိုင်းစိုင်းရဘူး"တဲ့။

ဘဘက ညီအစ်ကို မသင့်မတင့်ဖြစ်ကြတိုင်း ဒီစကားနဲ့ဒေါသဖြေ၏။ သူတို့သုံးယောက်ရင်ထဲမှာတော့ ရန်သူမိန်းမရဲ့သား။

ဒီမိန်းမ မွေးလိုက်တဲ့သားကို ဘယ်လိုရင်ဘတ်နဲ့ ကြိုဆိုရမလဲ။ မလို လားစွာတွေးနေတုန်း မြင်ကွင်းထဲကို နောက်တစ်ခေါက် အရိုင်း ဖြတ်ပြေး သွားတော့ ခွေးလေးတစ်ကောင်နဲ့မို့ ပိုပြီးမျက်စိစပါးမွေးစူးရပြန်သည်။

အယ်လ်ဆေးရှင်းခွေးပေါက်လေးတစ်ကောင်ကို လေး၊ ငါးသိန်း တန် တယ်တဲ့။ ဒီခွေးလေး အိမ်ကိုရောက်လာတော့ သုံးလသားမပြည့်တတ် ပြည့်တတ်လောက်ရှိမည်။

ဘဘဆီကိုအလည်လာသည့် လူကြီးတစ်ယောက်က လက်ဆောင် ပေးသွားတာမို့ ဘဘက သူ့အနားမှာ အမြဲရှိနေတတ်သည့် အရိုင်း လက် ထဲကိုပဲ ထည့်ခဲ့၏။ ထိုစဉ်ကလည်း ခွေးလေးကိုချစ်လွန်းလို့ မော်မော်သွင် ခေါ် မငယ် က တောင်းခဲ့သေးသည်။

"ဘဘက မြေးငယ်ကိုပေးပြီးပြီ"

လို့ ပြောင်ပြောင်ပဲပြောခဲ့၏။ တကယ်ဆို ခွေးချစ်တတ်တာ၊ ပြုစုချင် တာ မိန်းကလေးတွေက ပိုကြတာမဟုတ်ဘူးလား။

မောင်နှမတွေမတည့်တော့ မတည့်လို့တဲ့၊ ဘဘကိုယ်တိုင်က အဲဒီလို ခွဲခြားခဲ့တော့ ဒီကောင်လေးကို ဘယ်လိုလုပ်ချစ်ရမှာလဲ။

ခေါ်တာကိုက သူတို့ညီအစ်ကိုကိုကျတော့ အကြီးကောင်၊ အငယ် ကောင်၊ မော်မော့်ကိုကျတော့ အရိုင်း ခေါ်သလို မငယ် တဲ့။





အားလုံးခေါ်ကြသလို မော်မော် လို့ပဲခေါ်ပါလား။ ချ ... ယ်တာ ... တွေးတွေး မရနိုင်တဲ့အထဲမှာ ခွေးတစ်ကောင်နှင့် ပြေးလွှာ ... ဉ်နိုင်တ ... အရိုင်း ကိုမြင်နေရသဖြင့် ကိုလေး တက်ခေါက်သည်။

"အဲဒီခွေးကို ရိုက်သတ်ပစ်ချင်တာ၊ တကယ်"

အရိုင်း အိမ်ထဲဘက်ကို မျက်လုံးဝေ့လိုက်လျှင် ညီအစ်ကိုနှစ်ယောက် ၏ အပြင်းစားဗိုအားများနှင့် မျက်လုံးတွေကို သတိထားမိသွားခဲ့၏။

"လာ လာ လပ်ကီး"

လပ်ကီးကိုခေါ်ပြီး ဘဘရှိနေသည့်ဘက်ကို ပြန်ပြေးလာခဲ့ရ၏။ ကိုကြီးနဲ့ ကိုလေးတို့ ဘာကိုဒေါသထွက်နေကြပါလိမ့်။ သူတို့တွေ ဒေါသ ဖြစ်တိုင်း ကျောကော့ရသည့်ကိုယ့်အဖြစ်ကြောင့် အရိုင်း ပျော်နေသည့် စိတ်တွေ ချက်ချင်းညှိုးတက်သွား၏။

"မြေးလေး"

"ဗျာ ဘဘ"

သူ ပြေးလွှားနေသံကို နားစွင့်၍ ဦးမိုးအုံ့ က လှမ်းခေါ်သည်။ ဦးမိုးအုံ့ အသံကြားသည်နှင့် လပ်ကီးက သူ့ထက်အရင် ပြေးသွားပြီဖြစ်သည်။

"ဟိုတ်ကောင် အံမာ ဒီကောင်တွေ့လား၊ ဘဘကို မျက်နှာချိုသွေး နေတာ"

ဦးမိုးအုံ့၏ခြေထောက်နားမှာ ခေါင်းတစ်ချက်ဝှေ့လိုက်ပြီးမှ လပ်ကီး က ဆောင့်ကြောင့်လေးထိုင်၏။

"ဘဘ အိမ်ထဲဝင်တော့မှာလားဟင်၊ ဘယ်နားရွှေ့ပေးရမလဲ"

"မဝင်သေးပါဘူး မြေးရယ်၊ ဘဘနားမှာ ခဏလာထိုင်ဦး"

"ဟုတ်"

"အခု မငယ် ဘယ်သွားတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနဲ့ သူငယ်ချင်းအိမ်လို့ ပြောတယ်"

ညီလေး မြေး ဘယ်ကိုလိုက်ပို့ခဲ့တာလဲ"

"ဘူတာနားက စာရေးကြီးတန်းလျားမှာ၊ ဘာဖြစ်လို့လဲ ဘဘ"

ဦးမိုးအုံ့ မျက်နှာကြီး မသာမယာဖြစ်သွား၏။ ဒီအိမ်မှာ စီးပွား

ကျဆင်းခြင်းသာမက လူမှုရေးကဏ္ဍမှာလည်း ချို့ယွင်းချက်တွေရှိ

ကြတာ ကြာပါပြီ။ ထို့ပြင် လူငယ်တွေ အနေအထိုင်မတတ်လို့ ဂုဏ

သိက္ခာကျဆင်းရခြင်းတွေ ဖြစ်ရဦးမည်ဆိုလျှင် ...

"မြေးငယ်"

"ဗျာ ဘဘ"

"မငယ်နဲ့ ရန်ကုန်မှာ ကျောင်းသွားတက်နေတယ်ဆိုတဲ့ လူငယ်

တစ်ယောက် မေတ္တာမျှနေကြတယ်ဆို"

"ဗျာ ..."

တဗျာဗျာဖြစ်နေသည့် အရိုင်း ဘာမှသိမထားဘူးဆိုတာ ဦးမိုး

နားလည်သွား၏။ သူ့မှာ မျက်လုံးက မမြင်၊ ခြေထောက်တွေက မ

စွမ်း၊ သူဌေးကြီးဦးမိုးအုံ့ဆိုတာ နာမည်သာကျန်ခဲ့ပြီး လူကတော့ ဖြ

လေနှင့်တောင် အဆက်အသွယ်မရှိတော့သလောက်ပါ။

အိမ်မှာ လိုင်းဖုန်းတစ်လုံးပဲရှိတော့ကာ ထိုဖုန်းကို အရိုင်းလည်း

မကိုင်ရဲ၊ သူလည်းမကိုင်ပေ။ ဒါက ဘယ်သူမှသတ်မှတ်ချက်ထားခဲ့

မဟုတ်ဘဲ သူ့အလိုလို စည်းခြားသွားခဲ့သော မိသားစုတွင်းက အ

တစ်ခုဆိုလျှင် ပိုမှန်လိမ့်မည်။

'ကြောင်အိုတော့ ကြွက်မလေး' ဆိုတာ သူကဲ့သို့သော လူကြီး

ကို ရည်ညွှန်းခဲ့တာပဲဖြစ်မည်ထင်၏။ ဦးမိုးအုံ့ ကိုယ်အနေအထား

နားလည်နေပြီမို့ လူငယ်တွေလျှပ်ရှားလုပ်ကိုင်နေကြတာကို နှုတ်





စောင်မခြင်းဖြင့်တောင် ဆိုဆုံးမခြင်းမပြုဖြစ်ခဲ့တာ ကြာပါပြီ။

သားသမီး မြေးမြစ်ကို ပြောဆိုမရတာ၊ ဆုံးမရမလွယ်တာတွေ အများကြီးရှိပေမယ့် ကိုယ်က ထူထောင်လုပ်ကိုင်ပြီး ဦးဆောင်နိုင်တုန်းကဆို သူရင်း ပြောရင်း ဒေါသဖြစ်ရင်းနှင့် ဒီပြဿနာက ပြီးပျောက်နိုင်၏။ အခုလို ခုက္ခိတဘဝမျိုးမှာကျတော့ 'ဘဘကလဲဗျာ မသိဘဲနဲ့'လို့ တစ်ခွန်းလေးပြန်ပြောခံလိုက်ရရင်တောင် အံကြိတ် မျက်ရည်ဝဲချင်မိသည်။

ထို့ကြောင့် နေပါစေတော့လို့ ထားလိုက်သည်။ ကိုယ့်အဖြစ်က သူများတွေလို မျက်စိမှိုင်း၊ ခါးကိုင်းလာသည့် ရောထောင်းလာတာသက်သက်မဟုတ်။ မျက်စိက မမြင်၊ ခြေကမသန်၊ အသက်အရွယ်တွေက သချိုင်းကို ခြေစုံလုံးလှမ်းနေပြီဖြစ်၏။ ကျွေးတာစား၊ ထားသလိုနေရတော့မည့်ဘဝမှာ မြေးတွေ မလိမ္မာတာ ကြားနေလည်း မပြောဖြစ်တော့ပေ။

ထမင်းစားရင်း သေဖို့စောင့်နေရသလိုရှိပေမယ့် 'အသွင်ရိုင်း'ဆိုသည့် မြေးငယ်လေးတစ်ယောက်အတွက်တော့ ပူမိ၏။ အရိုင်း ဘဝလေးသည်။ ဘဲအုပ်တွေထဲမှာ ကြက်ပေါက်လေး တစ် ကောင်ပါနေသကဲ့သို့ ...

"ဘဘ"

အတွေးတွေ ဟိုရောက်ဒီရောက်ဖြစ်နေဆဲ။ သူ့လက်ကို အရိုင်း က လာကိုင်လိုက်မှ သတိဝင်၏။ ထိုအခါ မောလျှသော သက်ပြင်းရှည်ကြီး တစ်ချက်ကိုချကာ ...

"တကယ်လို့ မင်းရဲ့မငယ်ကို သူ့ချစ်သူနဲ့တွဲတာသွားတာ တစ်ခုခု တွေ့ရင် ချိုသည့် ခါးသည် ဘာမှဝင်မပြောနဲ့နော်"

"ဟုတ်ကဲ့ပါ"

"သူများထက် များများသိအောင်ကြိုးစား။ ဒါပေမယ့် သိတိုင်းမပြောရဘူး။ အသိတရားဆိုတာ သုံးသပ်ဆင်ခြင်နိုင်စွမ်းနဲ့သူတွေသာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မြေးရဲ့၊ သိတဲ့သူ မပြောဘူး၊ ပြောတဲ့သူ မသိဘူးတဲ့။ အဲဒါ တို့ နားလည် အောင်ကြိုးစားစမ်း၊ မေးပါများ စကားရဆိုပေမယ့် စကားများတိုင်း မကောင်းဘူး၊ မြေးဟာ လူမှန်းသိတတ်တဲ့အရွယ်ကတည်းက မိဘမဲ့ခဲ့ တယ်၊ မိသားစုတစ်စုထဲမှာနေရပြီး အထီးကျန်ဆန်တဲ့ဘဝနဲ့ ရှင်သန်ရတယ် ဒါတွေဟာ ဘယ်သူနဲ့မှမတူအောင် ကံဆိုးခဲ့ရတာဆိုပေမယ့် ဘဝရဲ့ နေ့ညကို မြေး တစ်ခါတည်းဖြို့ခွင်းဖြေရှင်းလာခဲ့တာပဲ၊ မိဘ မိသားစုနဲ့ အကြင် နာမေတ္တာတွေကို လုံးထွေးခံစားလာခဲ့ရတဲ့လူတွေ၊ ကိုယ့် ခြေထောက် ပေါ် ကိုယ် ရပ်တော့မယ့်အရွယ်မှာ မြေးရဲ့ခြေထောက်တွေ မာကျစ် နိုင်မာနေပြီပေါ့။ ဘဝကို ဘယ်တော့မှ မညည်းညူနဲ့ ရင်ဆိုင်ခြင်းလို့ မမြင် နဲ့ ဖြတ်သန်းခြင်းလို့မြင်၊ သွားကိုသွားရမယ့်လမ်းမှာ ဘာတွေရှိနေနေ ဖြတ်သန်းရမှာပဲ၊ ဒါကြောင့် ရင်ဆိုင်ဖို့ကို မတွေးနဲ့ ဖြတ်သန်းဖို့ပဲတွေး"

"ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ် ဘဘ"

"အေး ... ဘဘပြောချင်တာက ဥပမာရိုးရိုးလေးပါ၊ ကိုယ့်ကို ငါးဖယ် တစ်ကောင်လိုထုပြီးရင်းထုနေကြတယ်ဆိုရင်တောင် ငါ့အရိုးအသားတွေ ကြေကုန်ပါပြီလို့မမြင်ဘဲ 'မာလာပြီကွ'လို့ မာန်သွင်းပြီး အံကြိတ်ခံ၊ ဒါတွေ ဟာ ဖြတ်သန်းခြင်းတွေပါ"

မြေးကိုဆုံးမနေရင်း ရင်နာခြင်းက တဖျစ်ဖျစ်မြည်လာသလိုပင်။ ဒဏ်ရာတွေကို သူ မမြင်ခဲ့ရပေမယ့် တယ်ကိုထိထိ အသံပြာအောင်အော် သည်။ တစ်ပတ်လောက် အိပ်ရာထဲက မထနိုင်။ ဒီအဖြစ်တွေကို ဦးမိုးအုံ ကြေကွဲမဆုံးနိုင်ပါ။

"မင်းတို့ ကောင်လေးကို ဒီလောက်တောင်လုပ်လိုက်ရသလား"လို့ တစ်ခွန်းပဲမေးမိသည်၊ ဝိုင်းပြောလိုက်ကြတာ ရေပက်မဝင်။

"ဘဘက ဒီကောင့်ကိုထိရင် ရှေ့ရောက်လာတော့တာပဲ"





"ဒီလောက်ဆုံးမနေတာတောင်မှ ရန်ပွဲတွေချည်းဖြစ်နေတာ ဘယ် ...ပွဲရှိပြီလဲ"

"ကြည့်လိုက်ရင် မိတ်ဆွေသူငယ်ချင်းဆိုတာ မရှိဘူး၊ သူ့ကို ထိုးချင် ...တ်ချင်နေတဲ့သူချည်းပဲ"

"ဒီထက်နည်းနည်းလေးအရွယ်ရောက်လာရင် ကြည့်ဦး၊ ဘယ်ရောင် ...ယ်ကြားမှ လူသတ်လို့သေနေမလဲဆိုတာ"

"ဟင်းရွက်သည်မ့သား၊ မျိုးမစစ်ကောင်"

"ဒါ နောက်ဆုံးပဲ၊ နောက်တစ်ခါ ရန်ဖြစ်လာလို့ ငါတို့ကို သူများ ...က်ညိုးထိုးခံရလို့ကတော့ မင်းကို နောက်ဖေးရေလွှတ်ပိုက်ဟောင်းကြီး ...ဲ နှစ်ရက်လောက်ပစ်ထည့်ထားမယ်၊ မယုံရင် စမ်းကြည့်"

ကိုယ်က မေးလိုက်ကာမှ ကိုယ့်ရှေ့မှာပဲ ကြိမ်းလိုက်မောင်းလိုက် ...ကြတာ၊ ချက်ချင်း နပ်နပ်စဉ်းပစ်တော့မလိုလို။

ဦးမိုးအုံ မြေးလက်လေးကို သနားကြင်နာခြင်းများစွာဖြင့် ပြန်၍ဆုပ် ...င်ထားလိုက်မိသည်။ ပြောရင်ဆိုရင်လည်း ခံပါ၊ ထုရင်နှက်ရင်လဲ ခံပါ ...ပြီး ဒီကလေးကိုပဲ သည်းခံနိုင်းနေရတာ တရားရဲ့လား။

မတရားဘူးဆိုသည့်အဖြေပဲ ထွက်လာပေမယ့် မြေးအတွက် သူ့ ...တ်မှာ ကာကွယ်ဖြည့်ဆည်းပေးနိုင်စွမ်း ဘာမှမရှိတော့ပေ။

ဩော် ... ဒီအခြေအနေတွေဟာ တစ်ကွေ့၊ တစ်နေရာမှာတော့ ...်တစ်ချိုးပြောင်းလဲဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"လပ်ကီး လာ လာ၊ ဟိုဘက်မှာ ချောက်ကြီးကွ"

သူခေါ်လိုက်တာနှင့် လပ်ကီးက ပြေးလာသည်။ အနက်ရောင်လုလု ပြေးနေသော ရှားစေးရောင်နှင့် ရွှေဝါရောင်ကွက်ကျားလေးဖြစ်သည့် လပ်ကီးက လည်ဆံမွေးလေးတွေ သန့်စင်ထောင်ဘားလျက် အကောင်လည်း တော်တော်ထွားနေပြီဖြစ်သည်။

ညနေတိုင်း သူ့ကိုထိန်းကျောင်းရင်း ပြေးလွှားကစားရင်းနှင့် စကားတွေလည်း ပြောဖြစ်ကြသည်။ အိမ်ကိုရောက်လာတာ မကြာသေးပေမယ့် လပ်ကီးက သူ့ကို ငယ်ပေါင်းကြီးဖော်လို ခင်တွယ်နေပြီဖြစ်၏။ ထို့ပြင် ...

သုံးလကျော်ကျော်လေးပဲရှိသေးသော်လည်း အရိုင်း သင်သမျှကို အကုန်မှတ်တတ်သည်။ ပြောနေလျှင် ငြိမ်သက်စွာနားထောင်နေတာ သူ အကုန်သိနေသလိုပင်။

"လာဦး လပ်ကီး"



ကျွန်းပင်ကြီးနားမှာ ဟိုမျှော်ကြည့် ဒီမျှော်ကြည့်လုပ်နေတုန်း သူခေါ်လိုက်မှ ခြေထောက်နားထိ ပြေးလာသည်။

"ဒီ တောစပ်မှာ သစ်ခွ သွားရှာလိုက်ဦးမယ်၊ မင်း ပိုးကောင်တွေ လျှောက်မဖမ်းနဲ့နော်၊ မြွေနဲ့တွေ့ လိမ့်မယ်၊ ဒီနားမှာပဲနေ"

ပြောပြီး သူ ကုန်းနိမ့်လေးအတိုင်းဆင်းလာခဲ့တော့ လပ်ကီး ခြေ သွမ်းပြင်လိုက်သေးသည်။

"ဟိတ်ကောင် ..."

သူ ထပ်အော်လိုက်တော့ တုံ့ခနဲကျန်ရစ်၏။

လပ်ကီးကိုလက်ပြလိုက်ပြီး ကုန်းမြင့်နှစ်ခုကြားမှာ လျှိုကလေးလို ဖြစ်နေသည့်တောတန်းထဲကို ဆင်းလာခဲ့သည်။

ဒီလျှိုကလေးထဲမှာ အပန်းဖြေသဘောနှင့် တစ်ယောက်တည်း လာပြီး ပြေးလွှားဆော့ဖူးသည်။ တစ်ယောက်တည်းပဲ လာ၍ငိုခဲ့ဖူး၏။ ပျော်ချင်လည်း ဒီနေရာ၊ ငိုရတော့လည်း ဒီနေရာပါပဲ။

တောတန်းလေးနဲ့တူပြီး တောလည်းမဟုတ်၊ လူသွားလမ်းလည်း မဟုတ်ဘဲ တောနေသဇ္ဇာဝါပေါက်စလေးတွေလည်း ရှိနေပြန်သည်။

တစ်ခါတလေ ခဲနဲ့ကောက်ပစ်ရုံ တုတ်နဲ့လှဲရိုက်ရုံဖြင့် မြေကြွက်ကြီးတွေ သုံးလေးကောင်ရတတ်သည်။ ယုန်တွေကို ပစ်ခတ်ဖမ်းနိုင်သော်လည်း ဖွေးချွတ်သန့်စင်သည့်ယုန်ကလေးတွေကိုသိမှာ သွေးစွန်းအောင် သူ မလုပ်ရက်ပေ။

လျှိုကလေး၏အောက်ဆုံးထဲထိဆင်းပြီးမှ ဟိုဘက်ထိပ်ကို မော့ကြည့်ကာ သစ်ခွပင်တွေရှိတတ်သည့်နေရာတွေကို ရှာမိသည်။

သစ်ခွဆိုတာလည်း သူ့ဘာသာ နာမည်ပေးထားတာပင်ဖြစ်သည်။ သစ်ခွလို သဏ္ဍာန်တူသော ရိုးတံလေးနှင့်ပွင့်သည့်ပန်းမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွှေးလည်းမမွှေးဘဲ နူးသွားပြီး တော်တော်ကြာအောင် မနွမ်းမခြေ့သဖြင့် သစ်ခွပန်းလို့ပဲ သတ်မှတ်ခဲ့တာဖြစ်သည်။

ဟိုဒီ မော့ကြည့်နေရင်း စကားဝါရောင်မှာ ဗေဒါရောင်ရစ်ရင့်နှင့် အနီစပ်ကျားလေးတွေရောနေသော ပန်းကိုင်းလေးနှစ်ကိုင်းကို သူ လှမ်းမြင်လိုက်၏။ ဒီတိုင်းတက်ခူးလျှင် ပြန်လျှော့ကျနိုင်သည်။ ဆင်းဖို့လည်း ခက်လိမ့်မည်မို့ ဟိုဘက်ကပြန်ကွေ့တက်ကာ အပေါ်ကနေ လှမ်းခူးဖို့ သူ တွေးမိလိုက်၏။

သစ်ခွပန်းတွေကို ပန်ဖို့လည်းမဟုတ်၊ ဘုရားတင်ဖို့ဆိုသည့် လှိုလဝီရိယကြီးမားလွန်းလို့လည်း မဟုတ်ပါ။ ဒီနေရာမှာရှိသမျှ အလှအပ အားလုံးဟာ ကိုယ့်အတွက်ဖြစ်နေသလိုလို ခံစားမိသည်။

ထို့ပြင် ကိုယ့်ခြေရာတွေချည်းပဲဖြစ်နေခဲ့သည့်နေရာလေးမို့ ဒီပန်းလေးတွေကို သတိတရ ခူးယူခြင်းဖြင့် ဂုဏ်တင်စေခဲ့တာမျိုး။

ခူးသွားတိုင်းလည်း လမ်းမှာတွေ့သည့် မိန်းကလေး၊ အမျိုးသမီးတချို့ တောင်းကြသည်။ တစ်ခါတလေ အိမ်ထိတောင်မပါပေ။

ထို့ကြောင့် လူငယ်လေးပီပီ ဘုရားလှူဖို့ ဘာညာရည်ရွယ်ချက်မကြီးဘဲ ပန်း ဘာလို့ခူးသလဲမေးလျှင် လှလို့ခူးသည်၊ ဒါပဲဖြစ်၏။

"အ ... အား ..."

"ဟင် ..."

ပန်းတွေအကြောင်းမှာ ရှာနိဝင်လျက် ကုန်းထိပ်ကိုပတ်တက်လာခဲ့စဉ် နားထဲမှာ ညည်းသံတစ်သံက စူးစူးဝါးဝါးဝင်လာ၏။

"အား"

"ဂျွတ်"

"ဟာ ..."





သစ်ကိုင်းကျိုးသံကြီးနှင့်အတူ သူ့ရှေ့နားက သစ်ပင်အုပ်မှာ သိမ့်ခနဲ ခါသွားသဖြင့် အရိုင်း တအားပြေးသွားမိ၏။

"ဟင် ..."

"အား ... သေပြီ၊ လုပ် ... လုပ်ပါဦး"

မြင်လိုက်ရသည်က ဘယ်လိုမှမယုံနိုင်စရာ။ ဒီနေရာ ဒီလျှိုမှာ သူမှလွဲ၍ တခြားသူ မလာခဲ့ဖူးပါဘဲ မြင်လိုက်ရတော့လည်း မိန်းကလေးတစ်ယောက်ဖြစ်နေ၏။

ထို့ပြင် သူမသည် ရွှေလက်ဆက် ဆိုသည့် မိန်းကလေး ...။

"ဘာကြည့်နေတာလဲ၊ ဒီမှာ သေတော့မယ်"

"ဘာလုပ်လို့ရမှာလဲ၊ လူတစ်ကိုယ်လုံးကြီးကို ဆင်းဆွဲရင် ငါပါပြုတ်ကျမှာပေါ့၊ လက်ကိုလွှတ်ချလိုက်၊ လျှိုထဲမှာ သစ်ရွက်ခြောက်တွေပဲရှိတာ"

သစ်ငုတ်တစ်ခုကနေမှားထွက်နေသည့်နွယ်ကို အသေအလဲဆွဲကာ အောက် က ခြေထောက်၍ အပေါ်ပြန်တက်ဖို့ကြိုးစားနေတာဖြစ်သည်။

သို့သော် ကုန်းမြေတွေက လူတစ်ကိုယ်စာ ဖိကန်တက်ရလောက်အောင် မရတဲ့ ခြေကုတ်ယူတိုင်းပဲ့ကျနေ၏။

"အား"

"ဟိတ် လွှတ်ချလိုက်ပါဆိုမှ"

"လွှတ်လို့ရမလား၊ အောက်မှာ နင် မမြင်ဘူးလား သစ်ပင်မြေမှာ မြွေကြီးခွေနေတာ"

"ဟင် ..."

သူ ငုံ့ကြည့်တာတော့ သစ်ရွက်စိမ်းတွေအပြင် ဘာမှမမြင်ရပေ။ ဒါပေမယ့် စီးကင်းလောက်ရှေ့ပေါက်ကြီးတွေကျလျက် နွယ်တို့ယှပ်ဆွဲသားရင်း အသားလေးတွေတုန်နေသည့် သူမကတော့ ညာခြေမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာကို ယုံလိုက်မိ၏။

"ခဏကိုင်ထားဦး၊ သေချာဆွဲထားဦးနော်"

သူ မြွေတစ်ဖက်လျှော့ချကြည့်ပြီးမှ ပြန်ဆုတ်ရ၏။ နောက်တစ်ဖက် လှမ်းတော့လည်း အဆင်မပြေ၊ ကုန်းမြင့်သိပ်မမြင့်ပေမယ့် ဒီနေရာမှာ နည်းနည်းစောက်နေ၏။ အောက်ကလူကိုဆွဲတင်ဖို့ သူ့မှာ အမိုင်အမာ တွယ်စရာရှိမှဖြစ်မည်။ ဘေးမှာ ရှာဖွေကြည့်တော့ ဘာမှမမြင်။

"ခဏနော် ခဏလေး"

"ခဏ ခဏနဲ့ ဒီမှာ သေတော့မယ်ဟာ"

"ဒီမှာလဲ လုပ်နေတာပဲ"

ပြန်လှည့်အော်ကာ သနားစိတ်ကလည်းဖြစ်နေမိကာ သူ အပေါ်က နေ့ မြေကြီးခဲတွေ သစ်ကိုင်းခြောက်အများကြီးတွေ စုပေ့ကာ အားရှိ ပါးရှိ ပစ်ချလိုက်၏။

"ဟာ ဘာလုပ်တာလဲ၊ မြွေ ဒီကိုတက်လာရင် ဘယ်လိုလုပ်မလဲ၊ နှင် ငါ့ကို သေကြောင်းကြံတာလားဟင်"

"မြွေတက်လာရင် ငါ ရိုက်ချလို့ရတယ်၊ နှင့်ကိုဆွဲလိုက်ပြီး အဆင် မသင့်လို့ပြုတ်ကျမှ မြွေပါးစပ်ထဲ တည့်တည့်ရောက်မှာ၊ ပါးစပ်ပိတ်ပြီး အသာနေစမ်းပါ၊ အမြင်မတော်လို့ လုပ်ပေးနေတာ၊ စေတနာရှိလွန်းလို့ ထောင်ချောက်ပဲ မိန်းကလေးဖြစ်ပြီး ဘယ်နေရာတွေ့တွေ့ စီခနဲဆို သူပဲ"

"တောက်"

မျက်နှာက တင်းနေသည်။ ပါးစပ်က စက်သေနတ်ထက်ဆိုး၏။ မဟာနဲ့လို သည်းခံနေရပေမယ့် ဆက် တက်ခေါက်မိသည်။ အောက်ကို ငုံ့ကြည့်လိုက်တော့ မြွေကတော့ မရှိတော့ပေ။ ဒါပေမယ့် ထွက်ပြေးသွား တာလား၊ သူ ပစ်ချလိုက်တဲ့ အမှိုက်သရိုက်တွေအောက်မှာ ရှိနေသေး





လားဆိုတာ မသေချာ။

"ဟိတ် လက်တစ်ဖက်ကိုလှတ်လိုက်ပြီး ငါ့လက်ကိုဆွဲ"

သူ အပေါ်ကနေ ခြေတစ်ဖက် လက်တစ်ဖက်ကို ဩဇာဝင်နှင့်တူ သော သစ်ပင်ကိုင်းတုတ်တုတ်မှာ ချိတ်တွယ်ထားလိုက်၏။

ကျန်သည့်ခြေထောက်တစ်ဖက်ကို လျှိုထဲကို ခပ်လျော့လျော့ဆင်း လိုက်ပြီး လက်တစ်ဖက်နဲ့ ဆက် ဆီရောက်နှင့် ကမ်းပေးလိုက်၏။

ဆက် ကလည်း သူ့လက်ထဲကို လက်ဖဝါးတစ်ဖက်မိမိရရထည့်ကာ လက်ဖဝါးချင်းဖျစ်ညှစ်ဆုပ်မိပြီးမှ အသက်ဝဝရှူလိုက်၏။

"ရှေ့လက်ဆက် ကျွမ်းကျွမ်းကျင်ကျင်လှုပ်ရှားနော်၊ အောက်မှာ မြွေ ရှိနေသေးရင် ပြုတ်ကျလို့မဖြစ် ... မဖြစ်... ဟာ ..."

"ဖျစ်"

"ကျွ ... ကျွပြီ"

"အား"

"ဟာ"

ချိတ်ထားသည့်သစ်ပင်လေးက ဆက်၏ကိုယ် ကြွတက်ပါလာသည် နှင့်ရှေ့ရုပ်နေသည့်လူရေပေါ် မပေါ် လာသလိုဘွားခနဲကျွတ်ထွက်လေသည်။

အရှိန်း ကိုယ်ကြီး ဒလိမ့်ခေါက်ကွေးကျလာသလို အလန့်တကြား ထပ်ဆုပ်ထားခဲ့သည့် လက်နှစ်ဖက်က ဆုပ်လျက်သားမို့ နှစ်ယောက် စလုံး မကွဲမကွာ လိမ့်ဆင်းကျသွားကြ၏။

"အင့်"

"အ"

မြွေခွေနေသည့်သစ်ပင်ရင်းကို နှစ်ယောက်သား လုံးထွေးကျသွား သည်။ မြွေရှိနေလျှင်တောင် သူ့ကိုပေါက်ဖို့ ခေါင်းထောင်ချိန် ရမည်မထင်။

www.burmeseclassic.com

www.burmeseclassic.com



"အား ... သေပါပြီ"

"လက်ကျိုးပြီထင်တယ်၊ ဖယ်စမ်းပါ"

"အို... ဘာလို့တွန်းနေတာလဲ၊ ဒီမှာ ထလို့မရတဲ့ဟာ"

အဝေးလိုက်လိမ့်ဆင်းကျလာရင်း အောက်မှာပစ်ကပ်မိတော့ အရိုင်းပဲ ကံကုန်ဖြစ်လေသည်။ ကျောက သစ်ပင်နှင့်ဆောင့်မိပြီး ရင်ခွင်ထဲကို ဝင်ကျလာသည့် ဆက် ဓါးကိုင်ယ်က ဒုံးကျည်မှုကြီးနှင့်တူ၏။

ကျောနဲ့ရင်ညှပ်ထိကာ လက်မောင်းကလည်း သူမကျောအောက်မှာ။

"သေပါပြီဗျာ၊ ဒါမှမသေရင် ဘယ်တော့မှသေမှာမဟုတ်တော့ဘူး။ အား ..."

"တော ... တောလေး"

သူ တော်တော်နာသွားပြီကို ဆက် လည်းသိသည်။ ဒါပေမယ့် ထ ထိုင်ပြီးဟာ လက်ထောက်ကြည့်တာ ဘယ်လက်ထောက်လို့မှအဆင်မပြေ။

ဘာရှားမှက လက်ဖျံတွေ၊ တံတောင်တွေ စုတ်ပြဲနေခြင်းပဲဖြစ်လေသည်။ နောက်ဆုံး လက်ပိုက်ထားပြီး လေ့ကျင့်ခန်းလုပ်သလို အံကြိတ် ထ လိုက်တော့မှ အောင်မြင်၏။

အရိုင်းကတော့ တစောင်းအတိုင်း ကွေးကွေးလေးကနေ တော်တော်နဲ့ မထနိုင်ရှာ။ ဒါပေမယ့် နဖူးကနေ နှာခေါင်းတစ်ဝက်ထိ အမြဲတမ်း အုပ်ကွယ်နေတတ်သော သူ့ဆံပင်တွေ လဲတချို့၊ လန်တချို့နှင့်ရှိကာ နဖူးပြေပြေနှင့် ခပ်သွယ်သွယ်နက်မှောင်တန်းဆင်းနေသည့် မျက်ခုံး နှစ်ဖက်ကို ထင်းရှင်းစွာမြင်နေရသည်။

နဖူးပြေပြေကလည်း မကျဉ်းမကျယ်၊ မျက်ခုံးနက်နက်တို့ကလည်း ထူမိတ်တုတ်ခဲနေတာမျိုးမဟုတ်ဘဲ ဒီလိုမျက်နှာမျိုးနှင့်လူက စိတ်ခတ်





ဘာဖြစ်လို့ ဒီလောက်စက်ထန်နေရတာလဲ။

"ဘာကြည့်နေတာလဲ လူကို၊ ဒီမှာ ထလို့မရတော့ဘူး။ နည်းနည်းထူပေး"

အမှတ်တမဲ့ငေးသွားမိသဖြင့် ဆက် မျက်နှာလေးနီသွား၏။ ဒါပေမယ့် ဒေါသဖြစ်ချိန်မရပါ။ သူ့ကိုထူဖို့ သတိတရဖြစ်သွားလျက် ...

"ဘယ်လိုထူရမလဲ၊ ဘယ်ကနာသွားတာလဲ"

ခြေဖြင်၊ လက်ပြင်နှင့် ဘယ်က ဧကိုင်ရမှန်းလည်းမသိ။

"ကျောကနေ ဖြန့်လဲမသွားအောင် နည်းနည်းထိန်းထားပေး"

"နင် ဘာဖြစ်သွားတာလဲဟင်"

"နင်ရော ..."

"ငါက လက်တွေတော့ စုတ်သွားတယ်၊ ကျန်တာ မဖြစ်ဘူးထင်တယ်၊ လမ်းလျှောက်ကြည့်မှသိမှာ"

"ငါ့ခါးနာသွားတာ အသက်ဝဝရှူလို့တောင် မရဘူး"

"အေးနော်၊ နင်က အေးသေးကွေးကွေးလေးဆိုတော့အထိနာမှာပေါ့"

"ဘာပြောတယ်"

သူ လှည့်အော်လိုက်တော့ ဆက် လန့်သွားသဖြင့် ဒေါသလည်းဖြစ်သွားမိသည်။

"ဘာဖြစ်တာလဲ၊ ဒီက အကောင်းပြောတာ"

"ဘာအကောင်းလဲ၊ စကားပြောရင် ကြည့်ပြော"

"ဟွန်း"

သေးသေးကွေးကွေး ပြောတာများ သူက နာနေသေးတယ်။ လူက ကြည့်ပြည်စုတ်၊ စိတ်ထဲကပြောရင်း ဆက် နှုတ်ခမ်းလေးရော နှာခေါင်းရဲ့ တွန့်ရှုံ့မဲ့ရွဲ့နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"အဟ"

"ဘာရယ်တာလဲ"

မတ်တတ်ရပ်မိသည်နှင့် ယိုင်ခနဲဖြစ်သွားကာ နာနာကျင်ကျင်ညည်း တော့ ဆက် က ပါးစပ်ပိတ်ထားရင်း ဟီခနဲရယ်သည်။

ဒဏ်ရာနဲ့ဒေါသ ပူးပေါင်းလျက် အရိုင်း က ရန်လိုနေ၏။

"လူက ပိန်ကပ်ကပ်လေးဆိုတော့ ခါးရိုးကျိုးဖို့က လွယ်လွယ်လေး ရယ်လေ၊ အခု နင် ကျိုးနေပြီမဟုတ်ဘူးလား၊ ပိန်ရင်ပိန်တယ်၊ ကပ်ရင် ကပ်တယ်ပေါ့၊ ဝန်ခံလိုက်"

"အ"

သူမကိုဒေါသဖြစ်ဖို့ လှည့်လိုက်တိုင်း ကျောနောက်က ဖြစ်ခွင့်မပေး ဘဲ ထုနှက်နေကြသည်၊ တမင်တကာ မစ်ချင်အောင်ပြောနေတာမှန်း သိကာ အရိုင်း အံကြိတ်၍ မိတ်ကြိတ်လျှောက်သည်။

သူမကိုယ်လုံးကြီးကို ဆွဲလိုက်ရသေးသည်။ ကျသွားတော့လည်း အောက်ကနေ ငါးပိသိပ်ခံလိုက်ရ၏။ ဒီလောက်ထိခံလိုက်ရတာကို ... ရောလား။ လူသာ အကောင်းတိုင်းရှိနေလို့ကတော့ ဒီနေရာမှာ စိန်ခေါ် ...

"မရတော့ဘူး။ အား ...ဒီမှာ ထိုင်မှဖြစ်မယ်"

"ထိုင်မယ် ဟုတ်လား"

သေချာကြည့်တော့မှ ရနောက်ဖိတာကို ဆက် စိတ်မကောင်း ... သွားခဲ့သည်။ အရိုင်း ၏ နှုတ်ခမ်းများအထက်အောက်တွေမှာ ချွေးစေး ... ဝင်သီးနေရှာ၏။

"ဆောရီးဟာ၊ ငါ နောက်လိုက်တာ လွန်သွားတယ်၊ နင် တော်တော် ... နာနေလားဟင်"





"လမ်းလျှောက်လို့တောင်မရပါဘူးဆိုမှ... အ ..."

ပြောနေရင်း ကျောကော့သွားပြန်သည်။

"ဒါတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ နင် ဘာနဲ့လာတာလဲ"

"ခြေထောက်နဲ့ပေါ့၊ နင်ကရော ဘာလာလုပ်တာလဲ"

"ဒီလိုပဲလာတာ၊ ဒီနားလေးက အရမ်းလှတော့ မနေ့က လာကြည့် မိပြီး ဒီနေ့ တမင်လာခဲ့တာ၊ အဲဒါလေ သစ်မြစ်တွေကြားထဲမှာ သစ်ခွတွေ မြင်တာနဲ့ ခူးလို့ရမလားမသိဘူးဆိုပြီး စိတ်ကူးမိတုန်းပဲရှိသေးတယ် ခြေ ချော်ကျသွားတာပဲ"

ဝတ်ထားတာက အနက်ရောင်ဂျင်းပင်န်၊ တီရှပ်အနက်နှင့် ဆက် ၏ လည်တိုင်နှင့် ပန်းစွန်းလေးတွေပေါ် နေတာ ဖွေးနေနေ၏။

ခါတိုင်းလို ဦးထုပ်နောက်ပြန်ဆောင်းထားတာလည်းမရှိတော့ ဆံပင် ကုမ်ဝဲလေးနှင့် ချစ်စဖွယ်လေးဖြစ်နေသည်။

"ဟင် ... နင့်လည်ပင်းမှာ ဆွဲကြိုးပြတ်နေပြီ"

ဆွဲကြိုးပြတ်တန်းလန်းက အင်္ကျီရှေ့ကြယ်သီးမှာ ငြိနေ၏။ အရိုင်း ပြောလိုက်မှ ဆက် က ပြန်စမ်းပြီး ဖြုတ်ယူလိုက်ကာ ...

"သွားပါပြီဟယ်၊ ငါ့အသည်းပုံလော့ကက်လေး မရှိတော့ဘူး"

"ဟင် ... အဲဒါ ပလက်တီနမ်လားဟင်"

အရိုင်းက မရဲတရဲမေးတော့ ဆက် ခေါင်းညိတ်လိုက်ပြီး ဆွဲကြိုးပြတ် လေးကို ဘောင်းဘီအိတ်ထဲ ဖြစ်သလိုထိုးထည့်၏။

"ဟုတ်တယ်၊ အစစ်မို့လို့မဟုတ်ပါဘူးဟာ၊ အဲဒီဆွဲကြိုး ...လေးမှာ ငါ ငယ်တုန်းကပုံလေး ပါတယ်၊ မေမေ မွေးနေ့လက်ဆောင်ပေး ... တာလေ"

"နင့်မှာ အဖေ အမေတွေ ရှိသေးတယ်ပေါ့"

"ရှိတယ်၊ ဒါပေမယ့် နင့်ဘဝနဲ့ သိပ်တော့မထူးပါဘူးဟာ၊ ... တို့က



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေလေ၊ တာဝန်ကျတဲ့နေရာမှာနေကြတာ၊ ငါ ငယ်ငယ်ကတည်းက အဖေတို့နဲ့ပဲနေရတာ"

"ငါ့ဘဝကို နင်က ဘာလို့သိနေတာလဲ"

လှေ့ုထဲကထွက်လာကြပြီးမှ လမ်းဘေးအစပ်မှာပဲ အတူတွဲထိုင်လိုက်မိကြ၏။ သူက စိုက်ကြည့်နေသဖြင့် ဆက် က နှုတ်ခမ်းလေးမဲ့ကာ ...

"မသိရအောင် နင့်ဘဝက ဘာတွေများ လျှို့ဝှက်ဆန်းကြယ်နေလို့လဲ၊ မသိရင်မေး၊ မစင်ရင်ဆေး တဲ့"

"ဘယ်သူ့ကိုမေးတာလဲ"

"ဖေါ်ကုလားမ"

"ဩော် ..."

အိမ်မှာ အဝတ်လျှော်စရာတွေ လာလာယူသည့် မြန်မာစစ်စစ် ဖြစ်လျက်နှင့် အသားတော်တော်မည်းသော ဖေါ်ကုလားမကိုမြင်ယောင်ကာ အရိုင်း ငြိမ်နေလိုက်၏။

"အဖေတူအမေကွဲ ဆိုပေမယ့် တော်တော်များများမောင်နှမတွေဆို ကြင်နာကြပါတယ်ဟာ၊ မကြင်နာကြရင်တောင်မှ ဒီလောက်မရက်စက်ဘူး။ သူတို့က ဘာတွေလဲ"

အရိုင်း အသံ တော်တော်နှင့်မထွက်ပေ။ ပြီးတော့မှ ...

"ငါကတော့ ငါ့အစ်ကိုအစ်မတွေလို့ပဲ သဘောထားတာပါ"

"နင် ကျောင်းတော့တက်ရတယ်မဟုတ်လား"

"အင်း"

"လာမယ့်နှစ်ရော ..."

ဆက် ကို အရိုင်း က ခပ်စူးစူးပြန်ငဲ့ကြည့်၏။

"နင့်ကို ငါတို့အိမ်ကအကြောင်း ဖေါ်ကုလားမ တော်တော်ပြော





ဆိုက်ပုံရတယ်"

"အင်း ...၊ ငါက ဝင်ရောရတာပါ၊ သူ မနိုင်မနင်းဖြစ်နေတုန်း စက်ဘီး ပွတ်ကပ်ပစ်လိုက်တာလေ။ သူ လဲသွားတော့မှ တောင်းပန်ပြီး ဟိုရော ဒီရောနဲ့ ခင်အောင်လုပ်တာ"

"အဲဒီလောက်ထိ ငါ့အကြောင်းကို စိတ်ဝင်စားတာ အံ့ဩစရာပဲ"

ဆက် က ကြောင်အမ်းရှက်ရွံ့သွားတာမျိုးမဖြစ်ဘဲ ရယ်သည်။

"နင်က စိတ်ဝင်စားစရာသတ္တဝါ ဖြစ်သွားလို့လေ၊ ငါက အဲဒီလိုပဲ၊ ချင်ပြီဆို သိရအောင် နည်းမျိုးစုံနဲ့လုပ်တာ"

"ငါ့ကို နင် တော်တော်မုန်းသွားသင့်တာ"

အရိုင်း မျက်နှာက လူငယ်လေးတစ်ယောက်နှင့်မတူဘဲ ရင့်ကျက်မှုနှင့် တည်ငြိမ်နေ၏။

"ငါ တကယ် နင့်ကိုဒေါသဖြစ်သွားခဲ့တာ၊ ဘာဘက ငါ့ကို စကားနည်းနည်းခဲဖို့ပဲ တတွတ်တွတ်သင်နေခဲ့လို့လားမသိဘူး ငါလဲ စကားများများပြောဘူး၊ စကားများတဲ့လူကိုလဲ ငါ မကြိုက်ဘူး၊ စပ်စုတာဆိုရင် အမုန်းပဲ"

"ငါ့ကိုရော"

"မုန်းတယ်၊ ငါ့ရဲ့ လူရုပ်ပျောက်အောင် ကျဆုံးနေခဲ့တဲ့ ငရဲခန်းတစ်ခုကို အစအဆုံးမြင်သွားလို့၊ မြင်အောင် တမင်တကာ စည်းမဲ့ကမ်းမဲ့ ကျော်စပ်စုလာလို့ ..."

"တော်ရုံပဲပြောနော် အရိုင်း၊ ငါ နင်ပြောသလောက်ကြီးမဟုတ်သေး အစကတည်းက ငြိမ်ငြိမ်ကုပ်ကုပ်လေးထိုင်ပြီး တွေးငေးမနေတတ်တဲ့ ငါ့အကျင့်၊ ခြံချင်းလဲကပ်နေတဲ့ဥစ္စာ ငါ့ခြံထဲမှာ ငါသွားလာရင်း အပေါ်လှမ်းကြည့်မိတာ၊ ခြံကို ကျော်ဝင်တဲ့အထိဖြစ်သွားတာ ငါ လွန်ပါမယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ တကယ်တမ်းဆိုရင် နင့်အဖြစ်ကိုမြင်ရပြီး အရမ်းစိတ်မကောင်းဖြ[illegible]
သွားမိလို့ သိလား"

စွပ်စွဲတဲ့သူနဲ့ ဒေါသဖြစ်သည့်သူ မျက်လုံးချင်း အကြာကြီးဆုံနေမိ[illegible]
ကြ၏။ ကြာတော့ ဆက် မျက်တောင်ဖျားလေးတွေ လှုပ်ခတ်ရွှေလျ[illegible]
လာ၏။ အရိုင်း မျက်ဝန်းတွေပင့်သက်တစ်ရှိုက်နှင့်အတူ မှေးဖျော့ကျသွ[illegible]
ခဲ့ပြီး ...

"ငါ မှားသွားတယ်ထင်တယ်"

ဟု ခပ်တိုးတိုးပြောသည်။ ပြီးတော့ ...

"ဒါပေမယ့် နင့်နာမည်ကို ငါ မှတ်မထားနဲ့ဘဲ ခေါင်းထဲမှာ ပါလာ[illegible]
တယ်"

သူပြောပြီးသည့်အချိန်လေးမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားခဲ့[illegible]
ဒေါသတွေ၊ ကြောက်ရတာတွေ ပြီးပျောက်ကုန်သည့်နောက်မှာ ဆ[illegible]
ကျော်သက်တို့၏ နားလည်မှုလေးတွေက နူးညံ့လွန်းစွာ ရှိုက်ဆက်မိ[illegible]
ကြသည်။

"မိုးချုပ်တော့မယ်ဟ ငါတို့ ပြန်ရအောင်၊ နင် ဟိုဘက်နားထိ ပို[illegible]
တွဲလျှောက်လေ၊ ငါ့မှာ စက်ဘီးပါတယ်"

အရိုင်း ခေါင်းခါလိုက်သည်။

"ဘာဖြစ်လို့လဲ၊ နင့်ဘာသာ လမ်းလျှောက်လို့မှမရဘဲ၊ ဘယ်လိုလု[illegible]
ပြန်မှာလဲ"

"ရပါတယ်၊ ငါ့ခွေးလေးလဲ ပါသေးတယ်၊ စက်ဘီးပေါ် ထိုင်လိုက်ရ[illegible]
ဖို့လဲ မသေချာဘူး၊ နင့်ဘာသာပြန်ပါ၊ ငါ ဖြည်းဖြည်းလျှောက်သွား[illegible]
ရတယ်"

ပြောရင်း အရိုင်း က သူ့ဘာသာ အားပြုထ,ရပ်၏။ ခပ်ယိုင်ယိုင်[illegible]





[illegible]သွားတော့ ဆက် က လက်မောင်းကို တွဲထားလိုက်သည်။ အရိုင်း က
[illegible]လက်ကို ပြုတ်ကျအောင်ရုန်းဖယ်ပစ်လိုက်ပြီး ...

"ရတယ်၊ နင် ပြန်တော့၊ ငါ ကောင်းသွားရင် နင့်ဆွဲသီးလေး ပြန်ရှာ[illegible]ပေးမယ်"

"မရှာပါနဲ့တော့၊ မိုးချုပ်တော့မှာကို နောက်မှရှာလဲရတယ်၊ မတွေ့[illegible]တော့ရင်လဲ ပြဿနာမရှိပါဘူး"

ခေါင်းမာမာနှင့် အရိုင်း နေရာမှာပဲရပ်လျက်ကျန်ရစ်ခဲ့၏။ ဆက် ခမြာ
[illegible]ဖြောင့်ဖြောင့်တန်းတန်း မပြန်နိုင်ရှာပါ။

ဒါပေမယ့် အရိုင်း တစ်ချက်မှ ပြန်မကြည့်တော့တဲ့နေလိုက်၏။ ကိုယ့်
[illegible]ဝန်ကိုယ်မို့ပါ။ ကိုကြီးတို့က ရန်သူရှိတာလဲ မကြိုက်၊ မိတ်ဆွေထား
[illegible]တာလည်း တားဆီးသည်။

"မင်းက ဘာကောင်မို့လို့ ဒီလူတွေနဲ့သွားရှုပ်မိနေတာလဲ၊ အလကား
[illegible]ကုံထံဆိုပြီး ခြေဖျားထောက်နေတဲ့လူတွေ၊ မင်းကြောင့် ငါတို့ကို ချိုးဖဲ့
[illegible]ပြောလာမှာ မခံနိုင်ဘူးနော်၊ နောက် လုံးဝ အခေါ်အပြောမလုပ်ရဘူး"

ဆိုတာမျိုး။ ခုလို မငယ်နဲ့ အကြီးအကျယ်ပွဲကြမ်းခဲ့တဲ့ ဆက် နဲ့ခေါ်
[illegible]ပြောဆက်ဆံနေတာကိုသာတွေ့သွားလျှင် ဖြစ်လာဖွယ်ရှိသည်က မတွေး
[illegible]ရဲရှာပါ။

သို့သော် ရင်ထဲမှာ နွယ်တစ်မျှင် မြက်တစ်ပင်ကတော့ အမြစ်တွယ်
[illegible]



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

"ရှူး"

အသံတစ်သံကြောင့် ဟိုဒီ လှည့်ကြည့်လိုက်မိသည်။

"ရှီ"

နောက်ထပ် အသံထွက်လာမှ မျက်လုံးက ထိုဆီရောက်၏။

ခြံနှစ်ခြံခြားသည့် တံတိုင်းထက်မှာ ထိုးကျနေသော ဟိုဘက်ပိတောက်ပင်ကိုင်းတွေကြားထဲမှာ အရိပ်လေးတစ်ရိပ်။

"ရွှေလက်ဆက်"

"အင်း...၊ နင် ခါးနာသက်သာသွားပြီလား"

မသက်သာသေးပါ။ ဒါပေမယ့် ခြံထဲမှာ မြက်ခုတ်ချေပါ၊ သန့်ရှင်းရေးလုပ်ပါလို့ ချမှတ်လိုက်သည့်အမိန့်ကို သူ့မှာ လွန်ဆန်ခွင့်မရှိ။

ကုန်းကုန်းကွကွ မြန်မြန်ဆန်ဆန်မလုပ်နိုင်ဘဲ ငုတ်တုတ်ကလေးဘဲသွားသွားရင်း မြက်ခုတ်နေရသည့်အဖြစ်ကို ဆက် သတိမထားမိမှန်း





သိလိုက်သဖြင့် ခေါင်းညိတ်လိုက်ပြီး အောင့်သက်သက်ကို ကြိတ်မှိတ်ရပ်လိုက်ရ၏။

"သက်သာပါပြီ၊ ပိတောက်ပင်ပေါ် တက်ပြီး ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ဘူး၊ အပွင့်မပွင့်သေးပေမယ့် ပိတောက်ဝင်က ဒီအချိန်ဆို အေးတယ်ဟ။ ဒီမှာ သိလား၊ ငါ မနေ့က ဟိုနေရာ ရောက်သေးတယ်"

"ဆွဲသီးသွားရှာတာလား၊ ငါ အဲဒီနေ့က ခါးအရမ်းနာလို့ မရှာခဲ့ရဘူး"

"မရှာပါဘူး၊ မြွေကြောက်လို့ ငါတစ်ယောက်တည်းလဲ ထပ်မဝင်ရဲဘူး။ နင့်ကို အိမ်မှာမမြင်တာနဲ့ အဲဒီသွားသလားဆိုပြီး လိုက်တာ"

ပြောပြီးတော့ ဆံပင်လေးသပ်ပြီး ရယ်နေသေးသည်။ ပိတောက်ရွက်စိမ်းစိမ်းတွေထဲမှာ စပို့ရှပ်ဖက်ဖူးရောင်လေးနှင့် ဆက် မျက်နှာလေးက ဝင်းဖန့်ဖန့်လေးနှင့်လှနေ၏။

အရိုင်း က ငေးခနဲဖြစ်သွားပြီးမှ လျှော့ရဲရဲဖြစ်သွားသည့်ဓားကို တင်းခနဲပြန်ဆုပ်၍ လုပ်လက်စမြက်ဖုတ်တွေကြားထဲ ပြန်ထိုင်သည်။

"အရိုင်း ငါ လာကူရမလား"

နောက်ထပ် ထူးဆန်းသည့်စကားတစ်ခွန်း ရောက်လာပြန်၏။ အရိုင်းသူမထံကို မော့ကြည့်မိပြန်သည်။ ကိုယ့်ကို ရှာလိုက်ရ၊ သူမဘာ့သာ လာလိုသာ။

လေး၊ ငါး၊ ခြောက်နှစ်အရွယ် ကစားဖော်တွေမှမဟုတ်ကြဘဲ၊ လာသည့်နှစ်ဆို ကိုးတန်းတက်ကြရတော့မည်။ သူမ၏စိတ်ရင်းဓာတ်ခံကိုက အရမ်းရိုးသားပွင့်လင်းနေတာလား၊ ဘာမှဂရုမစိုက်တတ်တဲ့ စရိုက်မျိုးလား။

သူ ဘာမှမဖြေနိုင်ဘဲ မျက်မှောင်ကြုတ်လျက် ကြည့်နေမိ၏။ ဆက်ကို သူ ခင်မင်လိုစိတ်တွေရှိပါသည်။ သူမ၏အကျင့်စရိုက် ဘယ်လိုရှိနေသည်သော ထိုစရိုက်ကိုပဲ သူ သတိတရဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မငယ် ကတော့ ဆက် ကို သတ်ပစ်ချင်လောက်အော
မုန်းနေခဲ့၏။

“ဟဲ့ကောင် နင့်ကို ဒေါ်ကုလားမ မေးသွားတာ ငါ ကြားတယ်၊
ဘက်ခြံကကောင်မလေးနဲ့ သူငယ်ချင်းတွေလားဆိုတာ၊ အဲဒါ ဘာလ
နင်တို့က အပေးအယူတွေတည့်ပြီး ခင်တာမင်ကာတွေဖြစ်ကုန်ပြီ
ဟုတ်လား။ မရဘူးနော်၊ အနိုင်ကျင့်တယ်ပြောပြော၊ မိုလ်ကျတယ်ဆို
ငါ့ကို ချေးလိုက်ကိုက်ထားတဲ့ အဲဒီဟာမလေးနဲ့ နင် ပတ်သက်ကြည့်...”

ဒီလိုအမုန်းတွေရှိထားခဲ့သည့် မငယ် ကတော့ ခုနေသာ ဆက်
တွေ့သွားလျှင် ချစ်ဖွယ်သောစကားကို ဆိုမှာမဟုတ်ပေ။

“အရိုင်း”

“ဟင်”

“ဘာဖြစ်နေတာလဲ၊ နင် ခါးနာနေသေးတယ်မဟုတ်လား၊ ငါသိ
တယ်၊ အဲဒါကြောင့် ငါ လာကူမယ်လို့ပြောတာ”

“နေ ... ဟာ ... ဆက် ...”

ရွှေလက်ဆက်လို့ခေါ် နေကျဟာ တံတိုင်းပေါ် ကနေ ဖျတ်ခနဲခုန်
လာသည့် သူမကြောင့် အထစ်ထစ်အငေါ့ငေါ့တွေဖြစ်ကုန်၏။

“အဟွန်း ... ဒီအမြင့်လောက်ကတော့ အသာလေးပါ”

သူမက တကယ်ကို ပေါ့ပေါ့ပါးပါးလေးကျလာတာပါ။ လက်ဖ
လေးနှစ်ဖက်ပွတ်ခါပြီး ကြားနေလိုက်သေးသည်။ အရိုင်းမှာတော့ မျ
နိုင် မရယ်နိုင်။

“ရွှေလက်ဆက်”

“ခုနလိုပဲ ခေါ်စမ်းပါဟာ၊ ရှည်လျားလိုက်တာ”

“ရွှေလက်ဆက် ... နင် ဒီကိုမလာသင့်ဘူးဆိုတာ နည်းနည်းမှ မတွေ





မိဘူးလား”

အရိုင်း ခါးနာတာကိုတောင် သတိမရနိုင်။ သူမဘေးကို ထ,လျှောက်
သွားရင်း လှာခလုတ်တိုက်မတတ်ပြောသည်။ ဆက် က အိမ်ကြီးဆီကို
တစ်ချက်ငဲ့ကြည့်၍ ...

“ဘာဖြစ်လို့လဲ၊ ငါရန်ဖြစ်ဖို့လာတာမှမဟုတ်တာ၊ ဒီခြံကြီးတစ်ခြံလုံး
နင့်ကိုရှင်းခိုင်းထားတာမဟုတ်လား၊ မြန်မြန်ဆန်ဆန်ပြီးသွားအောင် ငါက
ကူမှာလေ၊ အလုပ်သမားခ အနည်းဆုံး တစ်ရက်ခ လေးထောင်လောက်
တို့ တစ်ပြားမှမပေးရဘဲ အလုပ်သမားတိုးတာ စိတ်ဆိုးတဲ့သူ ရှိသေးလို့
လား”

“ဟုတ်တယ် ဆိုးမှာပဲ၊ ဒီအလုပ်တွေပြီးဖို့ ဆန္ဒပြင်းပြနေတဲ့လူမဟုတ်
တော့ နင့်ကို ဘာကျေးဇူးမှတင်မှာမဟုတ်ဘူး၊ ငါ လုပ်နေတာကိုပဲမြင်ချင်
တာ၊ ငါတစ်ယောက်တည်းလုပ်မှ ကျေနပ်မှာကို။ နင် ...”

“သိသားပဲ၊ အဲဒီလူတွေနဲ့ နင့်ကို၊ အဲဒါကြောင့် ငါ ကူလုပ်ပေးမယ်
ပြောတာ”

“ဟာ ... ဆက် .. နင် ဘာလုပ်တာလဲ”

ဆက် က ပြောပြောဆိုဆို ဘောင်းဘီစနှစ်ဖက်ဆွဲမလိုက်ပြီး မြက်
တွေကို လိုက်နုတ်၏။

“ဆက်”

“ဘာလဲ၊ နင်က ငါ့ကို မျက်နှာပြောင်တိုက်တဲ့မိန်းမလို့ ထင်လို့လား”

“မဟုတ်ဘူး။ နင် ငါ့ကြောင့် အဲဒီလိုအပြောခံရလိမ့်မယ်၊ သွားပါဟာ
ပြန်ပါ”

ရှေ့မှာ ပြောလို့မရ၊ နောက်ခါးကနာနှင့် ဆက် ဆုပ်ကိုင်ထားသည့်
လက်ထဲက မြက်ပင်တွေကို အရိုင်း က အတင်းလိုက်ဖြေချ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ပတ်သက်တဲ့သံယောဇဉ်ဆိုတာကိုလည်းသိသည်။ ဒါပေမယ့် စိတ်မရှည်တတ်သူမို့ ပြောရခက်တာကို ဒေါသဖြစ်ချင်မိသည်။

"နင် ပြန်တတ်တယ်မဟုတ်လား၊ ပြန်တော့ သွား၊ မငယ် က နင့်ကို မြင်ရင် ကြားမကောင်းအောင်ပြောတော့မှာ၊ ဟိုတစ်ခါ ခံလိုက်ရတဲ့ကိစ္စ နဲ့ သူ ရင်ခံနေတာ"

"ခံပေ့ါ၊ ငါကလဲ အဲဒီလိုမတရားဖိနှိပ်အနိုင်ကျင့်တာတွေကို သိပ်မုန်း တာ၊ ဒါမျိုးတွေ စာတ်လမ်းတွေထဲမှာ ကြည့်ဖူးရင်တောင် အဲဒီစာတ်မျိုး ရိုက်တဲ့ ဒါရိုက်တာ နောက်ကားဆို မကြည့်တော့ဘူး"

ပြောနေရင်း ဆက် က တကကယ်ကိုမနားတမ်းနုတ်ချသွား၏။ လိုက် ဆွဲဖြေချလို့မနိုင်သည့်အဆုံးမှာ အရိုင်း ဒီတိုင်းပဲကြည့်နေလိုက်ရတော့ သည်။

"အသိအမြင်တွေ ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ ဒီလို တစ်ဖက်စောင်းနင်းဗိုလ်ကျတာတွေ လုပ်သင့်သလား၊ ခံတဲ့သူက စံရင် တောင်မှ ကျူးလွန်နေတဲ့လူတွေက စာတ်ထဲက ပုဏ္ဏားယုတ်တွေမှ မဟုတ်ဘဲ"

"မိသားစုတစ်ခုမှာ အတွင်းရေးဆိုတာ ရှိကြတာပဲ"

"ရှိရိုလေ၊ မဟော်သဓာသုခမိန်လေး တရားစီရင်ပေးတော့ရော အဲဒီ လူတွေရဲ့အိမ်တွင်းရေးတွေကို စုံစုံစေ့စေ့မေးမြန်းပြီးမှ စီရင်တာလား"

ဆက် က ဝေါက်ဆတ်ဆတ်လေးပြောကာ မြက်ပင်တွေကို ဆွဲနုတ် လိုက်၊ လွှဲပစ်လိုက်။

"ငါကတော့ မျက်စိအောက်မှာမြင်တာကိုပဲ သုံးသပ်တယ်၊ သူများ အတွင်းရေး သိဖို့လဲမလိုပါဘူး၊ အခု ငါ နင့်ကိုဝင်ကူနေတာ နင့်ကို သနား တာလဲပါတယ်၊ ရန်ဖြစ်ချင်တာလဲတစ်ပိုင်း ..."





"ဘာ ရန်ဖြစ်ချင်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ရန်ဖြစ်မှ ပြောချင်တာပြောလို့ရမှာ၊ နောက်ထပ် ငါ့ မျက်စိထဲမှာ အမြင်မတော်လို့ကတော့ ဝင်ပါမှာပဲ၊ ရန်ဖြစ်ရတော့ ဘာဖြစ် လဲ"

"သမီး ... သမီးရေ ..."

"ဟော ..."

မျက်နှာလေးမော့ကာ ရန်စကားတွေချည်းပြောနေသည့် ဆက် ပျာ ပျာသလဲဖြစ်သွား၏။ မှုန်ကုပ်ကုပ် အရိုင်း မျက်ခုံနှစ်ဖက် ပြေကျသွားကာ ပြုံးစိစိဖြစ်သွား၏။

"ဘာရယ်တာလဲ ကောင်စုတ်၊ ဒီက အနာခံပြီးတော့လဲ ဝင်ကူရ သေးတယ်"

နီရဲတွတ်နေသည့်လက်ဖဝါးလေးနှစ်ဖက်ကို ဖြန့်ပြပြီး ခါလည်းခါ သည်။ တင်ပါးလေးမှာ ပွတ်တိုက်သုတ်ပစ်လိုက်ပြီး မဲ့ရွဲ့ပစ်၏။

သူ့မပုံစံကိုကြည့်ပြီးမှ အရိုင်း က အသံမထွက်ဘဲ သွားတွေပေါ် အောင်ရယ်ကာ ...

"လုပ်မနေနဲ့၊ ကျေးဇူးတင်ဖို့ အစီအစဉ်မရှိဘူး"

"သမီး ...၊ ဒီကောင်မလေး ဘယ်ရောက်သွားလဲ"

"အသွင်ရိုင်း ကောင်စုတ်"

ဆက် က သူ့မ နုတ်ပြီးကျဲဖြန့်ထားသည့် မြက်ဖုတ်တစ်စုကို ကောက် ၍ အရိုင်းဆီ လှမ်းပေါက်သည်။ ပြီးမှ လှစ်ခနဲပြေးထွက်သွား၏။

"ကြည့်စမ်း ... တောက် ..."

လှုပ်ရှားပြေးလွှားသွားသည့်ပုံရိပ်ကို မချင့်မရဲလိုက်ကြည့်နေသည့် မျက်လုံးတစ်စုံသည် တိုက်ကြီး၏အပေါ်ထပ် ပြတင်းပေါက်ကနေ တက်



www.burmeseclassic.com

www.burmeseclassic.com



ခေါက် အံကြိတ်နေလျက် …

မိန်းမမှန်းသိနေလို့သာ မိန်းမပါလားလို့ သတိမှတ်ရသည်။ ဘယ်နေရာမှာမှ မိန်းမပီသနဲ့ညားတာမရှိ။ မျောက်တစ်ကောင်လို ဟိုတွယ် ဒီလွှားလျက် မြင်ကွင်းထဲက ပျောက်ကွယ်သွားတဲ့အထိ လှုပ်ရှားသွားတာများ လှမ်းအော်ပစ်လိုက်ဖို့ပြင်သည့်ပါးစပ်တောင် အံ့အားသင့်ပြီး ဖွင့်ဖို့ မေ့သွားခဲ့ရသည်။

ဆက် ကို မငယ် လှမ်းမြင်လိုက်တော့ လက်ဖဝါးနှစ်ဖက် ဖုတ်ဖုတ်ခါနေလျက်၊ ပြီးတော့ ဘာတွေပြောကြမှန်းမသိဘဲ အရိုင်းကို မြက်ဖုတ်နဲ့ ကောက်ပစ်သွားသည်။

မိန်းကလေးတန်မဲ့ ယောက်ျားလေးရှိတဲ့ဘက်ကို ကူးကူးလာပြီး ဝရောပရိလုပ်နေတဲ့အဖြစ်က သူမကို ကျကျနန အနိုင်ပိုင်းပြောဆိုနိုင်သည့် အဖြစ်တစ်ခု။

ဒါကြောင့် ပြေးဆင်းသွားဖို့ ပက်ပက်စက်စက်ပြောပြီး မောင်းထုတ်မလို့ ရည်ရွယ်ချက်တွေ ဟုန်းခနဲထဖြစ်လာပြီး ဒီမျက်လုံးတွေက ဘာဖြစ်လို့ မှင်တက်မိပြီး ငေးသွားခဲ့မှန်းမသိ။

အချိန်မီပြေးမဖမ်းလိုက်နိုင်သည့် ကိုယ့်ခြေထောက်တွေကို မချင့်မရဲ တစ်ချက်ဆောင့်ကာ ပြတင်းပေါက်ကိုပါ ထုပစ်လိုက်မိ၏။

နေနှင့်ဦးမပျို့ ရွှေလက်ဆက် …..။





## အခန်း (၇)

"ကဲဟာ"

အရိုင်း မျက်လုံးထဲမှာ မီးပွင့်သွား၏။

"ဘာဖြစ်လို့လဲ မငယ်"

နားထဲမှာ ဖြန်းခနဲအသံတစ်ချက်ကြားလိုက်ကာ လပ်ကီးအတွက် လည်ပတ်ချုပ်နေသည့် ဦးမိုးအံ့ လက်တွေရပ်တန့်သွား၏။ ခံလိုက်ရသူထံမှ ညည်းညူသံမထွက်သော်လည်း ဘယ်သူခံလိုက်ရပြီမှန်းကို သိလိုက်သဖြင့် အထဲကနေ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

ဒါပေမယ့် လေးစားသမှုဖြင့် ပြန်လည်ဖြေကြားသံတော့ ထွက်မလာခဲ့ပါ။

"နင့်ကို ငါပြောထားပြီးသား အရိုင်း။ တရားတရာ့၊ မတရားတရား ငါတို့ကို စော်ကားခဲ့တဲ့ အဲဒီဟာမလေးနဲ့ နင် လုံးဝ သင့်မြတ်ပေါင်းသင်းခွင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပဲပြောမနေနဲ့၊ တစ်ခါတည်းမှတ်အောင်လုပ်"

ကိုလေးအသံကိုကြားရပြန်သည်။ ဦးမိုးအုံ့ လက်ထဲက နိုင်လွန်ကြိုး တန်းလန်းနဲ့အပ်ကို သေချာစမ်း၍ ဘေးမှာချထားလိုက်သည်။

ပြီးတော့ ကိုင်တွယ်ထားသမျှ လက်စအားလုံးကို လက်နဲ့စမ်းမိသမျှ ခေါင်းအုံးဘက်ကိုတိုး၍ စောင်နဲ့ပါအုပ်လိုက်သည်။ ပြီးတော့မှ ...

ဝိုးလ်ချဲကိုလိုမ့်ကာ အခန်းအပြင်ဘက်ကိုဦးတည်၍ ...

"လပ်ကီး ဘာဘကို တောင်းဝှေးပေးစမ်း"

နည်းနည်းငြိမ်ပြီး လက်ကမ်းထားလိုက်တော့ သိပ်မစောင့်လိုက်ရပေ၊ လက်မှာ တောင်ဝှေးလာထိသဖြင့် အလိုက်သင့်လေးယူထားလိုက်ကာ...

"အင်း ... လပ်ကီးတောင်မှ ကျွေးမွေးတဲ့သခင်ကို နားလည်ယဉ်ပါး သလောက်လေးတော့ ပြန်ပြီးအလုပ်အကျွေးပြုရှာတယ်၊ ငါ့မြေးတွေ ကတော့ ..."

"ဟိတ်ကောင် မင်းက ဘာဘအားကိုးနဲ့ စကားတစ်လုံးမှပြန်မပြောတာ လဲ၊ မော့လိုက်စမ်း မင့်းမျက်နှာ"

အပြင်က အသံဟိန်းထွက်လာသည်။

ဦးမိုးအုံ့က တောင်ဝှေးနှင့်စမ်းတို့ရင်း အပြင်ဘက်ကို ထွက်လာခဲ့ လျက်...

"ဘာဖြစ်နေကြတာလဲ ကိုလေးတို့၊ နေ့ရှိသရွေ့ ကွယ် ..."

"ဘာဘက ဘာဘမြေးကို ကျွန်တော်တို့က နှိပ်စက်နေတယ်လို့ ထင် နေတာလား"

"ဘာဖြစ်ဖြစ်ပေါ့ကွယ် ငါက မျက်မမြင်ဒုက္ခိတပါ၊ ဘယ်သူ ဘယ်လို နေနေ မမြင်နိုင်၊ မသွားနိုင်တဲ့ဘဝကနေ ဘာမှလဲမစွမ်းနိုင်တော့တဲ့ လူ တစ်ယောက် ..."





"ဒီလိုတော့ မပြောပါနဲ့"

မငယ် က အသံစူးစူးလေးနဲ့ ဝင်ပါလာ၏။

"ဘာဘ အဲဒီလို ကိုယ့်ကိုယ်ကို တစ်ခါပြောရင် သမီးတို့က လူဆိုး လူမိုက်တွေ တစ်ခါဖြစ်တယ်။ ဘာဘသာသာ ဘယ်ဘဝနဲ့ပဲနေနေ လူကြီး ပီပီ ကိုယ့်အလုပ်ကိုယ်လုပ်နေတတ်ရင် သမီးတို့နဲ့လဲ ဘာမှ ပြောဆို အချင်းများနေရမှာမဟုတ်ဘူး။ ခုတော့ ဒီ အရိုင်းအစိုင်းကိုပြောမိတာနဲ့ ဘာဘ အသံထွက်လာတာပဲ"

ဦးမိုးအုံ့ မျက်နှာကြီး တင်းခနဲဖြစ်သွား၏။ တစ်သက်လုံးက မိသားစု ဆွေမျိုးတွေထဲမှာ ကိုယ့်ထက်အသက်ဝါငယ်ရွယ်သူ၊ ဘယ်လိုလူကမှ မျက်လွှာပင့်မကြည့်ရဲခဲ့သူ။

ဦးမိုးအုံ့ ဖျတ်ခနဲဝင်လာသည့် မာနစိတ်ကို ပြန်ဖြေချဖို့ကြိုးစား၍..

"အရိုင်းကိုပြောတိုင်း ငါ ဝင်ပါတယ်လို့မပြောနဲ့ မငယ်၊ ညည်းတို့ တစ်ယောက်တစ်လက် ဝိုင်းဝန်းဆုံးမနေကြတယ်ဆိုတာတောင် ငါ တစ်ခွန်းမှ မတားဆီးခဲ့ဘူး"

"ဒါက မကြားတဲ့၊ မမြင်တဲ့နေရာတွေမှာ ဖြစ်ပျက်သွားရင်သာပါ၊ အခု ကြားလိုက်တာနဲ့ ထွက်လာတာပဲမဟုတ်ဘူးလား။ ဘာဘက ပြောလိုက် ရင် ညည်းတို့မောင်လေး၊ ညည်းတို့သွေးသားဆိုတာချည်းပဲ၊ သူတို့ ညီအစ် ကိုမောင်နှမချင်းပဲဆိုပြီး စိတ်ချလက်ချကြည့်နေခဲ့ဖူးတာ ဘယ်နှစ်ခါ ရှိသလဲ"

"တော်တော့ မငယ်၊ အရိုင်း မပါရင် ညည်းက မြေးအငယ်ဆုံး၊ ဘိုးအေကို ဒီလောက်ထိ ခွန်းတုံ့ပြန်စရာမလိုဘူး"

ဦးမိုးအုံ့ ခပ်မာမာပြောပစ်လိုက်တော့ မငယ်အသံတိတ်သွား၏။ ကျောလောက်ထိဖြန့်ချထားသည့်ဆံပင်တွေကို မလိုအပ်ဘဲ ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင့်သိမ်းဖယ်၊ မယယ်က မျက်စောင်းရွယ်သည်။

လပ်ကီးက ခြေစုံရပ်၊ မတ်တတ်ရပ်ခေါင်းငုံ့နေသည့် အရိုင်း ခြေထောက်နားမှာ ပုံးကပ်ရပ်နေ၏။ ဦးမိုးအုံ က မယယ်ရှိရာကို မှန်းကြည့်သည့်မျက်ဝန်းတွေ လှုပ်ရှားလျက် ...

"ဒါ အခု ဒီနားထိရောက်လာတာ အရိုင်းကို ဆူနေလို့ ရိုက်နေလို့ မဟုတ်ဘူး။ အေး ... ဒါပေမယ့် ဆူတာရိုက်တာမှာ နိုင့်ထက်စီးနင်းပါလာရင် ခံစားရတဲ့ဘက်မှာ အုံ့လွှ လာတတ်တယ်၊ ဆုံးမရင်ဆုံးမတာနဲ့တူပါစေ။

မယယ် ဆတ်ခနဲဖြစ်သွားတော့ ကိုလေးက လက်မောင်းကိုဆောင့်ဆွဲပြီး သတိပေး၏။ မကျေမချမ်းနိုင် မော့ကြည့်သည့် ညီမဖြစ်သူကို မပြောနဲ့ဆိုသည့်အမူအရာနှင့် ခေါင်းခါပြသည်။

"ငါတို့ရဲ့အဘွားတွေ၊ အမေတွေတောင်မှ ငါတို့ရဲ့အဖေ ငါတို့ပါးကို ရိုက်နက်မဆုံးမခဲ့ဘူး၊ ယောကျ်ားတစ်ယောက်ကိုမပြောနဲ့ ခွေးမျိုးအသိုင်းအဝိုင်းချင်းမှာ မိန်းမချင်းတောင်မှ ပါးရိုက်ဆုံးမတာဟာ သိပ်ကို အကျည်းတန်တဲ့လုပ်ရပ်"

"ဘာဖြစ်လဲ ဘဘ၊ အရိုင်းက သမီးထက်အငယ်ပဲ"

"ငယ်ပေမယ့် သူက ယောကျ်ားလေး၊ ညည်းနဲ့ရော ဘယ်လောက်ကွာနေလို့လဲ၊ အခု ပြောချင်တာ အဲဒါတစ်ခုပဲ ကိုလေး၊ ဒီနားမှာ ကိုလေးရှိနေတယ်မဟုတ်လား"

"ရှိပါတယ်"

"အေး ... မင်းတို့အနေနဲ့ အစ်ကိုကြီးတွေမို့ ထိုးကြိတ်ဆုံးမကြတာ ငါ မပြောပါဘူး။ မိန်းကလေးဖြစ်တဲ့ သူ မပါပါစေနဲ့"

"ဒါဆို ဘဘမြေးကို သမီးက ဘာမှမပြောဆိုရတော့ဘူးလား"

"မပြောဆိုနဲ့လို့ တားတော့ရော ညည်းက နေမှာမို့လို့လား။ ချစ်ချစ်





ခင်ခင် လည်ပင်းဖက်ကြီးပြင်းလာကြမယ်ဆိုရင် ညည်းနဲ့အရိုင်းက ကစားဖော်သာသာအရွယ်တွေပဲ၊ ဆုံးမပဲ့ပြင်ကြရလောက်အောင် ကွာတာမဟုတ်ဘူး။ နောက်ကို မတော်တာတွေ လို့ ပြောဆိုချင်ရင် လက်မပါပါနဲ့"

စကားအဆုံးသတ်ပြီး နားစွင့်ကြည့်လိုက်တော့ အသက်ရှူသံပြင်းပြင်းကို ကြားနေရ၏။ မယယ် တမင်တကာ ဒေါသတွေလေမှုတ်ပြနေတာဆို သိသည်။

ဒါပေမယ့် ဦးလိချဲကို နောက်ကြောင်းပြန်လှည့်ကာ ...

"အရိုင်း နေ့လယ်ကျရင် ဘဘဆီ လာခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"လာစမ်း လာစမ်း ဒီကို"

"အာ ... အစောနော် သူများ နာနေပြီ၊ အား ..."

"ဟဲ့ ဟဲ့ အို ... မမ ကလေးကို တအားမဆွဲနဲ့လေ၊ ဘာဖြစ်တာလဲ"

"ဘယ်မှာဆွဲလို့လဲ"

မှတ်ထား။ အစောက နားကိုလာလိမ်တာ ဖွဖွလေး၊ မနာဘဲနဲ့ ပိုပိုသာသာလေးအော်ပြီး ရှုံ့မဲ့ပြလိုက်တာ အဖီ ချက်ချင်းပြေးလာ၏။

ညီအစ်မနှစ်ယောက် ရှင်းလင်းနေကြတာနှင့် ရာသီဥတုက ကိုယ့်ဘက်ပါလာသည်။

"တွေ့လား။ ဟိုမှာ ညည်းဟာလေးရဲ့မျက်နှာ၊ ဒါလား နာကျင်သွားတဲ့ မျက်နှာ"

ကိုယ့်အတွေးနဲ့ကိုယ် သတိလက်လွတ်ပြုံးလိုက်မိတုန်း လှမ်းသွားပေမယ့် ဆက် က ရှေ့ဆက်၏။





"အမလေး ပြုံးမိတာနဲ့ပဲ မနာလို့ပြုံးတာဖြစ်ရောလား။ ဒီက အဖီ ရောက်လာလို့ အစော လက်လွှတ်လိုက်ရတာကို အားရပြီးပြုံးတဲ့ဥစ္စာ..."

နားတစ်ဖက်ကိုအုပ်ပြီး ရှုံ့ရှုံ့မဲ့မဲ့လေးပြန်ဖြစ်တော့ အဖီ စိုးရိမ်မပြေဘဲ အနားရောက်လာ၏။

"မှန်းစမ်း၊ အဲဒါပေါ့၊ မမတို့က စိတ်နောက်ကိုယ်ပါ အမြဲလုပ်တယ်၊ မျက်လုံးတို့ နားတို့ဆိုတာ ထိခိုက်ကောင်းတဲ့နေရာတွေ မဟုတ်ဘူး"

"အဟွန်း ဟုတ်ပါတယ်နော်၊ မှားပါတယ်"

ဟု အစော က ပြောရင်း အနားတိုးလာကာ ဆံပင်အုပ်အုပ်လေးတွေကိုလှန်ကြည့်နေသည့် အဖီ့လက်ကိုဆွဲ၍ ဟိုဘက်နား ပြောင်းကိုင်စေသူက် ...

"မှားနေလို့ နေရာရွှေ့ပေးတာပော့၊ ကျုပ် လိမ်ဆွဲတာ အဲဒီဘက် မဟုတ်ဘူး၊ ဒီဘက် ဒီဘက်"

"ဟင် ..."

"အဲ့ ..."

အဖီ ဟင်ခနဲပြန်ကြည့်၏။ ဆက် နှုတ်ခမ်းလေး ဖျတ်ခနဲကိုက်ပစ်လိုက်ပြီး နားနှစ်ဖက်လုံးကို လက်ဝါးနှစ်ဖက်နှင့် ယောင်ယမ်းအုပ်သည်။ ...

"အဟွန့် ... နာတော့ နှစ်ဖက်စလုံးကို ဖိကပ်ပွတ်ပစ်လိုက်တာကိုး၊ ညည်းနည်းသက်သာသွားတော့ မှားသွားတာပေါ့"

"တွေ့လား၊ ရှုံးနေတာတောင်မှ ဝန်မခံချင်ဘူး"

အခေါ် နှစ်ယောက်၏မျက်နှာမှာ ပြုံးရိပ်ဆင်လျက် နားရွက်ဆွဲခေါ်သည့်ပြဿနာအကြောင်းရင်းက ဟိုရောက်ဒီရောက် ဖြစ်သွား၏။ ဒါပေမယ့် ဒေါ်နွေသရဖီ က အစပြန်ဖော်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတုမ အခု ဘာလုပ်နေတာလဲ သိလား"

ပြုံးနေသည့် ဒေါ်စောသီဂီ မျက်နှာ ချက်ချင်း ပြူးပြူးပျာပျာဖြစ်သွားသည်။ နားထောင်သည့်သူလည်း ပါးစပ်အဟောင်းသားနှင့် ...

"မနက်စောစောစီးစီး ဘယ်ရောက်နေတယ်မှတ်လဲ"

"ဟင်... ဘယ်သွားလို့လဲ"

"ဟိုဘက်ခြံထဲမှာလေ"

"ဘုရား ..."

ဒေါ်ရွှေသရဖီ ရင်ဘတ်ဖိပြန်သည်။ စိုးရိမ်အမှတ်ကနေ ရေဆူမှတ်သို့ ချက်ချင်းတက်၏။

"ကြည့်စမ်း ဆက် ရယ်၊ ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာ သတိရဲ့လားဟင်၊ ပြဿနာဖြစ်ထားတာလည်း မကြာသေးဘူး။ သူများခြံထဲကျူးကျော်သွားရင် သူတို့ ဘာလုပ်လုပ် ကိုယ်ပဲခံရမှာ၊ ကိုယ့်ဘက်က ဘာပြောပြော မှားနေမှာပဲ၊ အဲဒါ သိရဲ့လားဟင်"

"အဲဒီကလဲ ခြံစပ်လေးမှာဦးနော၊ ခြေတစ်လှမ်းပြန်ဆုတ်လိုက်တာနဲ့ ကိုယ့်ဝင်းထဲ ပြန်ရောက်တာ"

"ဘာခြေတစ်လှမ်းလဲ၊ တစ်ထွာ၊ တစ်လက်မ တယ်လောက်ကျူးကျူး အဲဒါ ကျူးကျော်ခြင်းပဲ"

"တော်ပြီ သရဖီ၊ ဖြစ်လာတိုင်း ကျုပ်တို့မှာ မရိုက်ရက်၊ မဆူရက်နဲ့ ဒီလိုပဲ ကိုယ့်ရင်ဘတ်ကိုဖိပြီး ကြက်သီးထရုံ တတ်နိုင်တာ၊ ဒီပုံအတိုင်းဆိုရင် ဒီနှစ်ကို ဒီမှာကျောင်းတက်ခိုင်းဖို့မဖြစ်နိုင်ဘူး၊ ညည်းတို့ တူဝရီး ရန်ကုန်ပဲပြန်ကြတော့"

"ကောင်းတာပဲ"

ဆက် က ဘယ်မှာထားထား ဂရုမစိုက်သည့်မျက်နှာလေးနှင့် ပခုံး





လေးတွေတွန့်၍ပြောသည်။ ဒေါ်ရွှေသရဖီ မကျေမနပ်ကြီး စိုက်ကြည့်၏။

'ဒီမှာပဲပျော်တယ်၊ ဒီမှာပဲနေပါရစေ၊ နောက် ဒီလိုမဖြစ်စေရဘူး၊ ...င်ခြင်ပါ့မယ်' ဘာညာ ကတိတွေ ပေးပါတော့လား။

သင်းကလေးကတော့ ဟုတ်မှာပေါ့။ ရန်ကုန်မှာဆိုလည်း မိဘနှစ်ပါး ...နီးနီးလေး၊ ဒီမှာနေရတော့လည်း အဒေါ်နှစ်ယောက်ဆိုတာက မစိမ်း...တ်ကြသည့်လူတွေ။

ပြီးတော့ တင်းကျပ်ချုပ်ချယ်ကြတာလည်းမဟုတ်။ သူမတို့မှာတော့ ...ခင်နှမလေးသုံးယောက်ပဲကျန်ရစ်သည်။ မောင်ဖြစ်တဲ့သူက တက္ကသိုလ် ...က်ပြီဆိုကတည်းက ခွဲထွက်သွားလိုက်တာ ပညာလည်းစုံ၊ ကြင်ရာ...ည်းစုံ။ ညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အဖော်ပြု... နေလာခဲ့တာတောင်မှ ရွှေလက်ဆက်ဆိုသည့် ရင်သွေးလေးကို ထိန်း...ကျောင်းပြုစုရဖို့တာဝန်ပိုလာတော့ တစ်ယောက်က ကလေးထိန်း၊ တစ်...ယောက်က စီးပွားရေးထဲဝင်။

ကလေးကို မိဘနဲ့လည်း ကြာရှည်ခွဲမထားရက်လို့ပါ။ ဒါပေမယ့် ...လေးကို မခွဲနိုင်သလို ကလေးရယ်၊ ကိုယ့်ညီအစ်မနှစ်ယောက်ရယ် ...သုံးယောက် အတူတူသိုက်သိုက်ဝန်းဝန်းဘဝလေးကိုတော့ လိုချင်တာ...။

ဒီနှစ်တော့ ဆန္ဒပြည့်ပြီရယ်လို့ စိတ်ချမ်းသာခဲ့ရတာ ဘာမှမကြာ...တ်ပါလား။

"ရွှေလက်ဆက်"

"ရှင်"

စကားတွေ အရှည်ကြီး စ,တော့မယ်ဆို ဒေါ်ကတည်းက 'ရွှေလက်...ဆက်'။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုချော့မလို့ မေးမလို့ဆိုလျှင် 'ဆက်လေး'၊ 'သမီးလေး' ဆိုတ
ခေါ်တွေ့။ ဆက် က နှာခေါင်းလေးတစ်ဖက်တွန့်လိုက်ရင်း အဖိုးကို ကြည့်

"အဖိုးကလဲ ဆူဦးမယ်၊ ဆက် က အဲဒီကလူတွေမမြင်အောင် သွာ
တာပါ၊ ပြီးတော့လေ 'အသွင်ရိုင်း'ဆိုတဲ့ကောင်လေးက အရမ်းသနား
ကောင်းတာ၊ သူက ဆက် နဲ့ရွယ်တူပဲ၊ သူ့ကို အဲဒီလူတွေက မကြည့်
ကြဘူးလေ"

"ဟင် ..."

"အဖေတူ အမေကွဲ မောင်နှမတွေလို့ပြောတာပဲ၊ တစ်အိမ်လုံး
လူကြီးဆိုလို့ မျက်လုံးမမြင်၊ ခြေထောက်တွေမသန်တဲ့ အဘိုး တ
ယောက်ပဲရှိတာတဲ့"

"အမလေးလေး ..."

"အစောကလဲ ကလောမှာ အစောပဲအကြာကြီးနေဖြစ်တာ ကို
ခြံချင်းကပ်လျက်ကလူတွေကို ဒီလောက်လေးတောင်မသိဘူးလား"

လူကြီးတွေ မျက်လုံးပြူး အသားတွေနီနေတာကို သတိမထားမိ
သူမကပဲ ပြန်မေးလို့။

"အထည်ကြီးပျက်ဆိုပြီးတော့ သူများတွေလို ဟန်လေးဘာ
တောင် မရှိဘူးတဲ့၊ တိုက်ကြီးထဲမှာ ဘာမှကိုမရှိတော့တာ"

"တော်ပါတော့၊ ကြားရတာ အသက်ရှူတောင်ကျပ်လာပြီ ညည်း
ညည်းလေး အဲဒါတွေကို ဒီလောက်တောင်သိနေတာ ..."

"သူတို့အဝတ်တွေကိုယူယူဖွပ်နေတဲ့ ကုလားမကြီး ပြောတာ"

"ထားလိုက်ပါ၊ ဘယ်လိုသိလာတယ်ဆိုတာ မသိချင်ဘူး၊ ဒါတွေ
သိထားရက်နဲ့ အဲဒီက စာခြောက်ရုပ်လိုလို ဂျူရှည်လေးကို ညည်း
သွားပြီးခေါ်လား ပြောလားနဲ့ ..."





"ဟာ ... အဖိုးကလဲ သူ့အိမ်ကအကြောင်း ဘာဖြစ်ဖြစ်ပေါ့၊ ဆက်
အဲဒီကောင်လေးကို သူတို့ တအားနှိပ်စက်နေကြလို့ စိတ်ဝင်စားပြီး မေး
ည့်တာ၊ အရိုင်း က သနားစရာကောင်းပါတယ်"

"ဘာ... အရိုင်း .. ဟုတ်လား"

"အသွင်ရိုင်း တဲ့"

"နာမည်လား အဲဒါ"

"ဟုတ်"

"ဖြစ်ရလေ နာမည်ရယ်၊ ဘယ်လိုမိဘက ဘယ်လိုမွေးလင့်ချက်
ထားပြီး ပေးခဲ့တာလဲ"

"ဟုတ်ပါရဲ့အေ၊ မြန်မာလူမျိုးဆိုတာ အတိတ်တပေါင် နိမိတ်သောင်
အတိတ်နဲ့ နိမိတ်နဲ့ ပြောဆိုနေထိုင်ကြတာ၊ နာမည်ဆိုတာ လူတစ်
ယောက်ရဲ့ဘဝနဲ့ အမိကသက်ဆိုင်တဲ့အရာ၊ ပညတ်သွားရာခေတ်သက်ပါ
မကြားဖူးကြလို့လား"

"အဲဒါ ဟုတ်ပေမယ့် အားလုံးတော့မမှန်ပါဘူး အစောရာ၊ ကလော
ထဲမှာ ရှမ်းတို့ဟူးရောင်းတဲ့ဆိုင်က အလုပ်သမားကောင်လေးဆိုရင်
ညီက သုခအောင် တဲ့"

"သူ သိလိုက်ပြန်ပြီ"

"ဆက် က အဲဒီဆိုင်မှာ ဝယ်စားနေကျဥစ္စာ"

ပြောနေရင်းမှ ရှင်းပြလိုက်သေးသည်။

"နာမည်က 'သုခအောင်'ဆိုပြီးတော့ လူကိုသွားကြည့်ဝါလား၊ ပန်း
ဆေးရတဲ့ဘဝမှာတောင် အကျီတွေဆိုရင် ..."

"တော်ပါပြီအေ၊ အနည်းနဲ့အများတော့ ရှိကြမှာပေါ့၊ ခုနာမည်က
စမ်း၊ 'အသွင်ရိုင်း' တဲ့။ မွေးလာကတည်းက မိဘက မိုးရိုင်းခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပါမစ် ထည့်ပေးခဲ့တာ"

"အရိုင်း က မရိုင်းပါဘူး"

"ဘာမရိုင်းတာလဲ၊ ကျုပ်တို့ တစ်ခါမှမပြောဖူးပေမယ့် အဲဒီက အငယ်ဆုံးကောင်လေး မိုက်ရိုင်းတာကို မကြားချင်မှအဆုံး၊ တစ်အိမ်လုံး ခပ်ရိုင်းရိုင်းတွေဆိုတာလဲ ပြောနေကြတာပဲ၊ အဲဒါကြောင့် စိတ်မဝင်စား လို့ နားလဲမစွင့်ဘူး၊ မြို့ရှေ့ကဖြတ်လျှောက်မိရင်တောင် မျက်စောင်း လှည့်မထိုးဘူး"

"အယ် ... မထိုးနဲ့ မထိုးနဲ့၊ မငယ် ဆိုတဲ့မိန်းမ သိပ်ရွာတာ"

"ကြည့်စမ်း"

"အစော အဲဒီလို ဗလာချည်းမျက်စောင်းထိုးလို့ကတော့ ..."

"ဟဲ့ ..."

"ဟင် ..."

ဒေါ်စောသိဂီ နှုတ်ခမ်းကြီးဖိကိုက်ရင်း မကြီးမငယ်နှင့် ထခုန်ပေ ချင်လာ၏။

အလိုက်ကမ်းဆိုးမသိတဲ့ မိန်းကလေးပါလား။ မဖြစ်ဘူး၊ ဆုံးဖြတ် ချက်မြန်မြန်ချမှ။





## အခန်း (၉)

"ကရင် ... ကရင်"

နားထဲမှာ စက်ဘီးဘဲလ်သံတစ်သံကြားလိုက်သဖြင့် ခေါင်းမော့ ကြည့်လိုက်တော့ ပြုံးချိုနေသည့် ဆက် မျက်နှာလေးကို မြင်လိုက်ရ၏။

တစ်ကိုယ်လုံးကို ဖြူစွတ်စွတ်လေးဖြစ်ကာ သိုးမွေးဦးထုပ်အဖြူ ရောင်လေးနှင့် ဆက် မျက်နှာလေးက အဖြူရောင်ကွင်းဝိုင်းနှစ်ထပ်နှင့် နားဆွဲလေး လှုပ်ခါနေသဖြင့် ပို၍နုငယ်လှပနေ၏။

ထို့ပြင် ရယ်လေ လှလေဆိုသည့် မျက်နှာမျိုးလေးလို့ ဆိုရမည်လား။

ပါးချိုင့်လည်းမဟုတ်ဘဲနှင့် ပါးပြင်လေးနှစ်ဖက်မှာ ပါးချိုင့်ရာလေး တွေ ထင်နေအောင် ရယ်လိုက်တိုင်း သွားစွယ်လေးတွေပေါ် ကာ ဆက် တော်တော်လှပါသည်။

သို့သော် အရိုင်း ဝေးခနဲဖြစ်သွားပြီးမှ ချက်ချင်း ထ,ရပ်ကာ ဆက် ထံသို့ ပြေးသွား၏။ အလုအယက် နှုတ်ဆက်ချင်လွန်းလို့မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလက်ဆက် ... နင် ဘာလာလုပ်တာလဲ"

ဆက် က ပြုံးနေရာကနေ မကျေမနပ်ဖြစ်သွားလျက် မျက်မှောင်ကြုတ်ကြည့်၏။ ပြီးတော့ သူမကိုင်ထားသည့်စက်ဘီးကို မမြင်ဘူးလားဆိုသည့်သဘောနှင့် လက်ကိုင်ကို ခါပြ၍ ...

"ဒီမှာလေ စက်ဘီးနဲ့ထွက်လာမှတော့ အပြင်ကိုသွားမလို့ပေါ့"

"အေး ... သွားမှာဆိုသွားလေ၊ သွားတော့ သွား"

"ဟင် ..."

"သွားပါဟာ"

"ဟဲ့ နင့်မျက်နှာ ပါးရိုးကြီးတစ်ဖက် ညိုနေပါလား၊ လက်သီးနဲ့ထိုးထားတာလားဟင်"

"ကျွတ်"

"ပြစမ်းပါ၊ ဆံပင်တွေအောက်မှာ ဟယ် ... မျက်ခုံးထောင့်မှာရောပဲ၊ ကြည့်စမ်းပါဦး"

"ရွှေလက်ဆက်"

ဆက် က စက်ဘီးကို ဒေါက်ထောက်ပစ်လိုက်ပြီး သူ့မျက်နှာဆီသို့ လက်နှစ်ဖက်စလုံး လှမ်းလာသေးသည်။

အိမ်ရှေ့ခြံဝတံခါးတည့်တည့်ကြီးမှာ ဆက် ကို မငယ်တို့မြင်သွားလို့မဖြစ်ပေ။

"နင် ခက်တော့တာပဲဟာ"

"အို ..."

အရိုင်း က ဆက် ရဲ့လက်ကလေးကို ခပ်ကြမ်းကြမ်းဖယ်ချပစ်လိုက်ပြီး စက်ဘီးကို သူ့ဘာသာ ဆိုးဆိုးဆတ်ဆတ်ဆွဲ၍ ဒေါက်ဖြုတ်ပစ်လိုက်သည်။





"ဟင် ... လက်မှာလဲ ပေါက်ပြဲလို့"

အရိုင်း ဘာဖြစ်နေတာကို ဆက် က စိတ်မဝင်စားပေ။ ဘယ်နေရာမှာ ဒဏ်ရာကျန်နေသေးလဲ အကြည့်နှင့် အရိုင်း တစ်ကိုယ်လုံးမှာပဲ မျက်လုံးတွေက ဝိုက်စိတ်တိုက်ရှာဖွေလျက် ...

"ဟိုဘက်လက်ဖနောင့်က ပလတ်စတာကပ်ထားတာကရော၊ ကျောတွေ ရင်တွေမှာကော ရှိသေးလား၊ ဒါနဲ့တောင် မြက်ရှင်းရတဲ့အလုပ်ကို တစ်ခြံလုံး တစ်ပတ်လည်အောင်နိုင်းတယ်ဟယ်၊ နင့်အဖြစ်က ဘာနဲ့နှိုင်းရမှန်းတောင် မသိတော့ဘူး"

"ဘာနဲ့မှမနှိုင်းနဲ့၊ သွားတော့"

"အို ... ဘယ်လိုဖြစ်နေတာလဲ"

အရိုင်း က ဆက် လက်ကလေးကိုဆွဲပြီး စက်ဘီးလက်ကိုင်မှာ တင်ပေးသလို ပခုံးလေးကိုပါ တွန်းထွက်နေသဖြင့် ဆက် က ပခုံးတွန့်ခါပစ်ကာ ...

"ငါ့ဟာငါ လမ်းပေါ်မှာနေတာ ဘာဖြစ်လဲ၊ မသွားဘူး၊ အပေါင်းအသင်း လူမှုရေးရှုထောင့်ကနေ ငါ့ခေါ် ပြောနှုတ်ဆက်နေတာ နှုတ်ဆက်နှင့်ရှိတယ်၊ လုံးဝမသွားဘူး"

"မသွားလို့မရဘူး၊ နင့်ကို မှားနေလို့လဲ ငါပြောတာမဟုတ်ဘူး"

အရိုင်း က စကားရပ်လိုက်ပြီး ဆက် မျက်နှာလေးကိုစိုက်ကြည့်၏။ သူဟာ ပျော့ညံ့ခံစားလွယ်သည့်သူ မဟုတ်ပါ။ ဒါပေမယ့် ဆက် ကို အကြောက်အလန့်နည်းပြီး ခေါင်းမာတတ်သည့်မိန်းကလေးတစ်ယောက်ကို ပြောဆိုရလွယ်ကူဖို့အတွက်ကျတော့ စကားလုံးရွေးရတော့မည်မို့ ...

"နင် ငါ့ဒဏ်ရာတွေကို မြင်တယ်မဟုတ်လား ဆက်"

"မြင်တယ်လေ၊ မြင်လို့ စိတ်မကောင်းဖြစ်နေတာပေါ့၊ နင့်မှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အမှားတွေရှိလို့ ဒီလောက် နေ့စဉ်ရက်ဆက် ရိုက်နှက်အပြစ်ပေးနေကြတာလဲ"

"အဲဒါ နင့်ကြောင့်လဲပါတယ်"

"ဘယ်လို ..."

"နင်က ဂရုစိုက်ရမယ့်လူတွေမဟုတ်ပေမယ့် ဒီတစ်အိမ်လုံးကို ငါက ကြောက်ရတဲ့သူ၊ သူတို့ မှားမှား၊ မှန်မှန် မလုပ်နဲ့လို့တားထားရင် ငါ မလုပ်ရဲဘူး"

"ငါ့ကို မခေါ်ရဘူးလို့ တားထားတာလား"

"ဟုတ်တယ်၊ နင့်ကို မငယ် လုံးဝအစာမကျွေးခဲ့တော့ ..."

"သိပြီ"

ဆက် မျက်နှာလေး နီမြန်းသွားကာ တိုက်ကြီးဆီကို ပေစောင်းစောင်းကြည့်၏။ စက်ဘီးကို လမ်းကလေးဘက်ဆွဲလှည့်ပစ်လိုက်ပြီး နှုတ်ခမ်းမဲ့ကာ ...

"ထားလိုက်ပါ။ နင်က လောလောဆယ်ခံနေရတော့ နင့်ကိုလဲ မျှော်ညှိတယ်လို့ ငါ မပြောချင်ပါဘူး။ ဒါပေမယ့် နင်နဲ့ငါ ဘာမှမဆိုင်လို့ သိလားနည်းနည်းလေးသက်ဆိုင်ကြည့် ..."

ပြောချင်လွန်းလို့ မနည်းထိန်းချုပ်နေရသည့် နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်ပြီး ဆံပင်အဖျားလေးတွေ လွင့်ခါသွားအောင် လှည့်ပစ်သည်။ ရင်ထဲမှာ ကိုယ့်ရဲ့မခံချင်သည့်ဒေါသအပြင် အရိုင်း၏ စူးလက်နေသောမျက်လုံးတွေက ကပ်ပါလာခဲ့၏။ 'နင့်ကိုခေါ် ရင် ငါ အရိုက်ခံရလို့ပါ' လို့ပြောပြီး ကြောက်ကြောက်ရွံ့ရွံ့ရှောင်ရှားရလောက်အောင် အရိုင်းသတ္တိမနည်းဘူးဆိုတာ သူမ သိနေသည်။

အရိုင်း ဒီလိုပြောတာဟာ မငယ် ဆိုသည့်မိန်းမ ဒါမှမဟုတ် ဒီအိမ်





ကလူတွေအားလုံး သူမကို ဘယ်လောက်ထိမုန်းတီးအငြိုးကြီးနေပြီဆိုတာကို သတိပေးလိုက်သည့်သဘောသာဖြစ်လိမ့်မည်။

ကွယ်ရာမှာ သူမအကြောင်း ဘယ်လောက်ထိ ပက်ပက်စက်စက် နားမခံသာအောင် ပြောဆိုကြိမ်းဝါးနေသည်လဲ။

"တောက် ... သေတော့မှာပဲ၊ ဟိတ် ..."

နောက်ကစကားသံကြောင့် အတွေးလွန်နေသည့် ဆက် တုန်စနဲ့ဖြစ်သွား၏။ ကြည့်စမ်း။ ကားတစ်စီးလုံးကြီး အနားရောက်နေတဲ့အထိ သူမ လုံးဝမသိခဲ့ပါလား။

ဒေါသက ထောင်းခနဲဖြစ်၏။ ဒါ မသမာမှုတစ်ခုဆိုတာကို သိလိုက်ရ၍ဖြစ်သည်။

ကားက စုပါဆလွန်းအဖြူရောင်လေးဖြစ်ကာ ကားထဲမှာ မိန်းကလေးတွေအများကြီးရှိနေကြတာကိုမြင်ရသည်။ မငယ် ဆိုသော တစ်ယောက်က ရှေ့ခန်းကမောင်းသူဘေးမှာရှိနေကာ ဘေးမှန်ကိုချ၍ ခေါင်းတစ်ဖက်, လက်တစ်ဖက်ထုတ်ပြီး မောက်မာသည့်မျက်နှာနှင့် ...

"ယောကျ်ားလေးရှိတဲ့အိမ်ကို တစ်နေ့အခါက်ဆယ်လောက် နိုးဝှက်လာတွေ့ပြီး တစ်ယောက်တည်း စိတ်ကူးယဉ်အိပ်မက်တွေဖြစ်နေရင် ဒီလို တောင်တက်လမ်းထိပ်မှာ လာမနေနဲ့ အိမ်ပြန်ပြီး စောင့်ထဲဝင်ကွေး"

"တီ ... တီ"

ဘယ်သူကမှ ဘာမှဝင်မပြောပါ။ မောင်းသည့်မိန်းကလေးကတော့ ဆက် ဖယ်ပေးဖို့ သတိရအောင် ဟွန်းတီးလိုက်၏။

ကားကို အသံမထွက်ရအောင် တမင်ဘာကာ တိတ်တိတ်လေးလိုက်လာပြီး လူကို တိုးတိုက်တော့မလိုပြင်ဆင်ပြီးကာမှ ...

"တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ပြောနေဘာ ကန်းနေလား"

"အဟွန့် ... သူများကားပေါ်မှာ ခဏတစ်ဖြုတ်ထိုင်စီးပြီး လမ်းပေါ်က လူကို ဖိပေဟာက်မနေစမ်းပါနဲ့ မရှက်ဘူးလား"

"အံမာ ..."

"ဒီမှာ ယောကျ်ားလေးရှိတဲ့အိမ်ကို ထစ်နေ့ အခါရှစ်ဆယ် သွားသွားကြည့်ပြီး စိတ်ကူးယဉ်တာ တလွဲမတွေးနဲ့နော်။ နေ့စဉ် ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်ခံပြီး ဒဏ်ရာဗရပွနဲ့ဖြစ်နေတာတောင် သွေးသံရဲရဲကနေ အလုပ်တွေ ဝတ္တရားမပျက်လုပ်နေတော့ ထူးဆန်းလို့ပါ။ လူတစ်ယောက်လုံးကြီးမြင်နေရက်နဲ့ လူမှမဟုတ်ရဲ့ လားလို့လေ၊ ဘယ်လိုရက်စက်နိုင်စွမ်းတွေနဲ့များ ဒီလောက် မီးသေအောင်ခိုင်းနေနိုင်တာလဲလို့တွေးပြီး ...၊ အဟွန်း ... ခိုင်းတဲ့လူတွေကပဲ လူစိတ်ပျောက်နေတာလား၊ လုပ်နေတဲ့သူကပဲ ..."

"ဟိတ်... ညည်းပါးစပ်ပိတ်လိုက်စမ်း"

"ဘာဖြစ်လို့ပိတ်ရမှာလဲ၊ နာမည်ကလဲ 'အသွင်ရိုင်း' ဆိုတော့ ကျားလား၊ နွားလားလို့ ခုပဲ သေချာအောင်ကြည့်ခဲ့သေးတယ်၊ ရှင်မြင်လိုက်တယ်မဟုတ်လား၊ ရှင့်ခြံရှေ့မှာလေ ..."

"တောက်"

မငယ်က ကားတံခါးဖွင့်ပြီး ဝုန်းဒိုင်းကြဲဆင်းလာ၏။ ဒါပေမယ့် ဆက်က စက်ဘီးဒေါက်ထောက်၍ တည့်တည့်ရပ်နေလိုက်တော့ လက်တစ်ကမ်း အကွာလောက်မှာ ကိုယ်ရှိန်သပ်ကာ ...

"သူများကို ကျားလား၊ နွားလား သိဖို့မကြိုးစားနဲ့၊ နင့်ကိုယ်နင် ဘာသတ္တဝါဆိုတာ ပြန်ပြီး အမည်တပ်လို့ရအောင်လုပ်ဦး၊ ကိုယ့်ကိုယ်ကို လူချင်းမတူတဲ့ဘဝရောက်နေတာ သိရဲ့လား"





"ဟုတ်လား၊ မတူဘူးလား၊ အင်း... ဟုတ်မှာပေါ့၊ အစကတော့ အတူတူပဲဖြစ်မှာ၊ အဲဒီအသွင်တူမျိုးကွဲနေတဲ့သတ္တဝါတွေရှိတဲ့ခြံနား ရောက်သွားမှ ကိုယ့်ကိုယ်ကို ဘယ်လိုဘဝပြောင်းနေမှန်းတောင်မသိတော့ဘူး"

"ကောင်မ လူပါးဝတာ"

မငယ် ဒေါသခြောင်းခြောင်းထွက်ကာ ရှေ့ ဖျတ်ခနဲတက်၍ တအားလွှဲရိုက်၏။

"ဟွန့် ..."

ဆက် က နှုတ်ခမ်းကိုမဲ့ရွဲ့ပစ်ကာ မငယ် ရိုက်တာကိုရှောင်၍ မေးဖျားကို လက်သီးနဲ့ပင့်ထိုးလိုက်၏။

"အား ..."

"အယ်"

"ဟိုတစ်ယောက် ဘာလုပ်လိုက်တာလဲ"

ခွပ်ခနဲအသံမြည်ကာ မငယ် ပုံကျသွား၏။ ကားပေါ်က မိန်းကလေးတွေပြေးဆင်းလာကြတဲ့အထိ သူမ တုတ်တုတ်မျှမလှုပ်တော့ပေ။

"မော် ... မော် ဟိတ် ..."

"သတိလစ်သွားပြီ၊ ကားပေါ်တွဲတင်ကြရအောင်"

သုံးယောက်က ပျာပျာသလဲဖြစ်နေကြကာ ကားမောင်းသည့်နေရာမှဆင်းလာသည့် ဆံပင် အုန်းမှုတ်ခွက်မှောက်တင်ထားသလိုပုံစံနှင့် သူမက ဆက် တစ်ကိုယ်လုံးကို လန့်လည်းလန့်၊ အထင်မြင်သေးခြင်းလည်း ဖြစ်သော မရဲတရဲအကြည့်တစ်ချက်နှင့် မကြားတကြားပြော၏။

"ရှိုဖို့ကောင်းလိုက်တာ၊ အသာနေကြ၊ မော့်အစ်ကိုတွေနဲ့တွေ့မှ ဘာဖြစ်မှာ"

"ဟဲ့... ဘာ ... ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆက် က ကားတံခါးပိတ်ပစ်လိုက်သည့်အသံကြားကာ တစ်ဝက်တက်နေပြီဖြစ်သည့်မှန်ကို အမိအရ ဖိဆုပ်ကိုင်ထားလိုက်ပြီး...

"ဘဝ ဘယ်လိုပျက်မလဲ အခု သိချင်တယ်၊ ဘယ်လိုလဲ၊ ခင်ဗျားခုလေ"

"ဖယ်စမ်း နင်၊ ငါတို့က နင့်လိုမိန်းမနဲ့ ဖက်မဖြစ်ချင်လို့ သိပ်သွေးကြွ မနေနဲ့"

ပြောပြီး ကားကို စက်နှိုးထွက်သည်။ ဆက် က တဟားဟားရယ် ပစ်လိုက်ပြီး ...

"ဟား ဟား ဟား ... ကြောက်ရင်ကြောက်တယ်ပေါ့၊ ဖက်မဖြစ်ဘူး ပြောနေတဲ့အသံက ဖူးတုန်ပြီး မေးရိုက်သံ ပါနေသလိုပဲ၊ ဟား ဟား"





## အခန်း (၁၀)

"သူတို့ ဘာဖြစ်နေကြတာလဲ မြေး"

ဘဘရေ့မှာ ခူးထောက်ထိုင်လိုက်ပြီး အရိုး ဆံပင်တွေကိုပဲ ဆုပ်ချွဲထိုးဖွလုပ်နေမိ၏။ ဒီမှန်တိုင်း မကြာမီ သူ့ဘက်ကို လှည့်လာနိုင်သည်မို့ ဆော်ရာတွေထပ်နေပြီဖြစ်သည့် အရေပြားတို့က ဖြိုးဖြိုးဖျင်းဖျင်းမြည်လာ သလားတောင်မသိ။

"မြေး"

"ခြော်... ဟို .. မငယ်လေ ဘဘ"

"အင်း ... ဘယ်သူနဲ့ဘာဖြစ်လာလို့လဲ"

"ကျွန်တော်လဲ သေချာမသိဘူး၊ မိန်းကလေးချင်းဖြစ်လာတာထင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ သိလျက်နှင့် ဘဘကိုညာလိုက်မိသည်။ သေချာသိလျှင် ဝိုပြီး စိတ်ဆင်းရဲသွားမှာစိုး၍ပါ။ ဆက်နဲ့မငယ် ဖြစ်လာတာတွေ၊ ကိုကြီးတို့ တက်တခေါက်ခေါက်ဖြစ်နေတာတွေ၊ ပြီးတော့ ကြိမ်းလိုက်မောင်းလိုက် ဝဲတာ မကြားဝံ့မနာသာတွေမှ ခုထိ မပြောနေတုန်း။

မငယ် ပါးရိုက်ကြီးရောင်ကိုင်းနေတာမြင်သည်နှင့် ထိုဒဏ်ရာအတိုင်း သူ ပြန်ပြီးပေးဆပ်ရတော့မှာကို တွက်ပြီးသားပါ။

ဘာဖြစ်လို့လဲဆိုလျှင် ဒီလိုကျူးလွန်ခဲ့သည့်သူက 'ရွှေလက်ဆက်' ဖြစ်နေ၏။

သူတို့ လူစုမိချိန်မှာ ဘဘက လှမ်းခေါ်လိုက်သဖြင့် ခုချိန်ထိ သူ သက်သာရာရနေခြင်းဖြစ်သည်။ ဒီနေ့ရာက ထတာနဲ့ သူ့အတွက် ဝရဲခန်း ကိုဝင်ရဦးမည်က သေချာပြီးသား။ သေချာနေတာတွေကို မမြင်ရပေမယ့် ဘဘ ဒါတွေကိုကြားလိုက်တာနှင့် အခြေအနေ ဘာတွေဖြစ်လာတော့ မည်ကို တွက်မိသွားလိမ့်မည်။

ညာပြောလိုက်ရခြင်းအကြောင်းရင်းက ရှိပြီးသား[illegible]ပေမယ့် ဘဘက မျက်မမြင်တစ်ယောက်ဖြစ်နေသည်မို့ အရိုင်း ရင်ထဲမှာ မကောင်းပါ သို့သော် ...

"ဟိုတက်ခြံကလူတွေနဲ့များလား မြေးရယ်၊ မြေးနဲ့ဝတ်သက်နေသေး လား"

ဘဘက စိုးရိမ်မကင်းစွာထပ်မေး၏။ သူ ခေါင်းထပ်ကုတ်မိပြီး ငြိမ် သက်နေသည့်ဘဘမျက်ဝန်းတွေကို မော့ငေးသည်။

"ဟုတ်တယ်ထင်တယ်၊ ကျွန်တော့်ကိုတော့ ဘာမှခေါ် မမေးသေး ပါဘူး"

အရိုင်း ဟိုလိုလို၊ ဒီလိုလိုဖြေလိုက်မိသည်။





"အင်း ... ငါတို့မြေးအဘိုးမှာလဲ ဘယ်လိုဝဋ်ကြွေးပါလိမ့်"

ဟု တီးတိုးညည်းလိုက်ပြီး သူ့လက်ထဲမှာ ခွေခေါက်ကိုင်ထားသည့် အရေပတ်တစ်ခုကို ဆန့်ကိုင်လိုက်၏။

"မြေး"

"ဗျာ"

"လပ်ကီး ရှိလား"

"မရှိဘူး ဘဘ၊ သူတို့ စိတ်ဆိုးနေကြလို့ အရိုက်ခံမှာစိုးတာနဲ့ ခြံထဲ ထားလိုက်တယ်"

"အေး အေး၊ ရော့ ... ဒီမှာ လပ်ကီးအတွက် ညှည်ပတ်"

"ဟင် ... ဒါ လည်ပတ်လား ဘဘ"

"ဟုတ်တယ်၊ မြေးက လပ်ကီးကိုချစ်နေတော့ ဘဘက မြေး ကို ဆောင်ပေးချင်တာနဲ့ ဒါလေးကို ချုပ်ထားတာ"

"ဒါ ဘဘ ချုပ်တာ ဟုတ်လား"

အရိုင်း တကယ့်မှမြင်မိခဲ့တာပါ။ အမှတ်တမဲ့မြင်ရင်တောင်မှ အပ် ချည်တွေကို ဘဘ ဘာလုပ်မှန်းမသိ။

"အဲဒါ မိကျောင်းရေအစစ် မြေးရဲ့"

"ဩော် ... ဒါကြောင့် ဘာနဲ့မှမတူတာ"

"အဲဒါကို မြေးတို့အဘွားရှိတုန်းက ဘဘအတွက် မျက်မှန်အိတ် ယ်တိုင်ချုပ်ပေးထားတာ၊ သူကိုင်တွယ်ခဲ့တဲ့ အပ်တွေ ချည်တွေပေါ့ အဲဒါကို ဘဘရဲ့ စွမ်းအင်မဲ့နေတဲ့အချိန်မှာ စိတ်လဲတည်ငြိမ်အောင် မြင်ဖြစ်နေပေမယ့် ဒါလေးတော့လုပ်ခဲ့နိုင်တယ်ဆိုတဲ့ ပီတိလေးကို င်လို့၊ တစ်ယောက်တည်း ဖြုတ်ဖျက်ပြင်ပြီး လည်ပတ်လေးလုပ် တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘရယ် ဘွားက အမြတ်တနိုးလုပ်ပေးခဲ့တာကို လပ်ကီးအတွ
နဲ့ ..."

"လပ်ကီးက ခွေးလေးပေမယ့် သူ့သက်တမ်းအရနေရမယ်ဆို
မြေးရဲ့ဘေးမှာ သူ နှစ်တွေအကြာကြီးရှိနေဦးမှာ။ ခုလဲ ဘဘကို သူ တ
နိုင်သလောက် အကျိုးပြုရှာတယ်၊ မြေးကိုလဲ အားလုံးထဲမှာ အခင်တွ
ဆုံး၊ မျက်မှန်အိတ်ဆိုတာလဲ ဒါက မိကျောင်းရေ၊ ဒါကို ဘွားက ချုပ်
ခဲ့တာပါလို့ အိမ်မှာ ဂုဏ်ထူးတွေတပ်ပြီး သားမြေးစဉ်ဆက် ဘယ်သူ
မပျောက်မပျက်ကိုးကွယ်သွားမှာလဲ၊ လူတွေတောင် သေကြသေးတ
မြေးရယ်၊ ပစ္စည်းတစ်ခုရဲ့တန်ဖိုးဆိုတာ မိမိရဲ့နှစ်သက်ခြင်းနဲ့ပဲဆိုင်တာ

ပြောနေရင်း ဘဘ၏သက်ပြင်းချသံကြီး ရှည်လျားစွာထွက်လာ
၏။ သူကတော့ အမြင်မလှတော့ပေမယ့် ဖောင်းကြွကြွမ်းရှနေသော
တုန်းက မျက်မှန်အိတ်ဖြစ်ခဲ့ဖူးသည့် လပ်ကီးအတွက် လည်ပတ်လေး
ပဲ လှည့်ပတ် ပွတ်သပ်ကြည့်နေမိ၏။ အပြားလည်းမဟုတ်၊ လုံးနေ
လည်းမဟုတ်။

ဒါပေမယ့် ပုံကျပြီး သေသပ်၏။ ထိပ်နှစ်ဖက်မှာ ကြေးကွင်းနဲ့
တို့ သေချာထည့်ချုပ်ထားတာမို့ တကယ့် အခိုင်အခံ့။

ကြည့်နေရင်း သဘောကျလာကာ လက်ရှိသောကဝေ့ကိုတော
မေ့သွားသလိုလို။

"မြေး"

"ဗျာ ဘဘ"

"သဘောကျနေတာလား"

"ဟုတ်ကဲ့ ဘဘ၊ လပ်ကီးနဲ့ တော်တော်လိုက်မှာ၊ ဒီကောင် အ
ကြီးလာရင်လဲ ကွင်းကျယ်ပေးလို့ရအောင်လုပ်ထားတော့ အတေ





ဘဘက တော်တယ်နော်"

"အဲဒါ ကြိုးစားအားထုတ်မှုရဲ့ ရလဒ်ပေါ့ မြေးရဲ့၊ တကယ်ဖြစ်ချင်
တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုတဲ့စကား သိပ်မှန်တာ၊ ဘဘက ဒီလို
အပတ်တကုတ်ကြိုးစားပြီး ခွေးလေးအတွက် လက်ဆောင်ပေးတော့
မြေးက ငါ့ကိုတော့ မပေးဘူးလို့ထင်ရင်ထင်မှာ"

"ဟာ ... မထင်ပါဘူး ဘဘကလဲ၊ ကျွန်တော် ဘဘဆီက ဘာမှ
မမျှော်လင့်တဲ့အပြင် ဘဘကို ဒီထက်ပြုစုလုပ်ကိုင်ပေးချင်နေတာပါ၊ ဒါပေ
မယ့် ..."

"သိတယ်၊ ဘဘ သိပါတယ်၊ ဒါပေမယ့် မြေးကိုကျော်ပြီး ခွေးကလေး
ကိုပေးတာဟာ ဘဘရဲ့ခွန်အားနဲ့က ခွေးလေးတစ်ကောင်ကိုပဲ တင့်တယ်
စေနိုင်တော့တယ် မြေးရယ်"

"အဲဒီလိုစကားတွေမပြောပါနဲ့ ဘဘရယ်၊ မိဘဘိုးဘွား အမွေအနှစ်
မရှိလဲ ကိုယ့်ဘဝကို ခိုင့်မာအောင်ရပ်တည်ဖို့ ကျွန်တော့်မှာ ခွန်အားတွေ
ရှိပါတယ်၊ အဲဒီခွန်အားတွေ ဘဘပေးတာပဲမဟုတ်ဘူးလား"

'ဒီအိမ်ကြီးမှာ ဘဘ ရှိနေလို့သာ ငါးဖယ်တစ်ကောင်လို ကျွန်တော်
နေနေတာ'ဆိုသည့်စကားကိုတော့ ရင်ထဲမှာပဲ တိုးတိတ်စွာဆက်ပြော
လိုက်မိသည်။

"ဒါပေမယ့် မသိသူကျော်သွား၊ သိသူဖော်စားဆိုတဲ့စကား ရှိတယ်
မြေးရဲ့၊ ကြိုးစားမှုတိုင်းဟာ အချည်းနှီးမဖြစ်ပေမယ့် ကျောက်တောင်ကို
ခါးနဲ့ခုတ်မလား၊ ပေါက်ဆိန်နဲ့ပေါက်ရမလားဆိုတာလောက်တော့ သိရ
မှာပေါ့၊ လူဖြစ်ဖြစ်၊ ပစ္စည်းဖြစ်ဖြစ် လောကမှာ တန်ဖိုးသတ်မှတ်ချက်တိုင်း
ဟာ အရည်အချင်းတွေကိုကွဲပြားစေတာပဲ။ ဥပမာ... ပစ္စည်းတစ်ခုဆိုရင်
ပေါ့၊ ဒီပစ္စည်းတန်ဖိုးကြီးနေရင် ဘာကြောင့် တန်ဖိုးကြီးတာလဲဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုပါ စိတ်ဝင်စားတတ်ရမယ်”

“ဟုတ်ကဲ့ပါ ဘဘ”

ပစ္စည်းဆိုတော့ လက်ထဲမှာကိုင်ထားသည့် လပ်ကီးအတွက် လည်ပတ်လေးကိုပဲ ငုံ့ကြည့်ပြီး တယုတယပွတ်သပ်နေမိသည်။

ဒါလေးကို ဘွားပေးခဲ့တဲ့ အမြတ်တနိုးပစ္စည်းလေးနဲ့ ရင်းနှီးပြုလုပ်ပေးခဲ့တယ်ဆိုတော့ တန်ဖိုးအားဖြင့် အဆမတန်ကြီးမားသွားပါပြီ။

ဒါဆို ဒီတန်ဖိုး ဘာကြောင့်မြင့်နေသလဲဆိုတာကို စဉ်းစားစမ်း။

“အသွင်ရိုင်း”

“ခင်ဗျာ”

ခေါ်သံက နားစည်နှစ်ဖက်ကို ဒိန်းခနဲဆောင့်တိုက်လိုက်သလိုပင်။ အရိုင်း နေရာမှ မတ်တတ်ရပ်လိုက်ပြီးသားဖြစ်လေသည်။





## အခန်း (၁၁)

“အသွင်”

ခေါ်သံတစ်ခုကိုသိသည်။ ကိုယ့်ကိုခေါ်သလိုထင်လိုက်ပေမယ့် လှည့်မကြည့်ဘဲနေမိ၏။

“အရိုင်း”

နောက်ထပ်ခေါ်သံကြားမှ လှည့်ကြည့်လိုက်တော့ သူမက ကိုယ့်ဘေးရောက်နေပြီဖြစ်သည်။

“ရိုင်းတာ ဝါသနာကြီးပုံရတယ်နော်၊ အသွင်လို့ခေါ်တော့ လှည့်မကြည့်ဘူး”

ဆက် က အနားကပ်လာပြီး လပ်ကီးကို အကြောက်အရွံ့မဲ့စွာ ပွေ့ယူလိုက်၏။

“မကြည့်တာမဟုတ်ပါဘူး။ ဒီလိုခေါ်တာ မကြားဖူးတော့ အံ့သြနေတုန်းမို့လို့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ငါကလဲ အရိုင်းလို့ခေါ်ရတာလေးကိုပဲ ကြိုက်တာ ယောကျ်ားလေးမို့ ယောကျ်ားလိုနေတာ ဘာဖြစ်လဲ၊ ကြမ်းတာဖြစ်ဖြစ် ရိုင်းတာဖြစ်ဖြစ် ယောကျ်ားလေးမှာ အခွင့်အရေးတွေ အများကြီးရှိတာပဲ ဥစ္စာ၊ ငါကတော့ နင့်ကို အရမ်းသဘောကျတာပဲ"

အရိုင်း က လှစ်ခနဲပြုံးလိုက်ပြီး လှည့်ကြည့်၏။ ဘာကြည့်တာလဲ ဆိုသည့် မှုန်ကုပ်ကုပ်မျက်နှာလေးဖြစ်သွားပြီးမှ ဆက် က မချိုမချဉ် လေးပြုံး၍ ...

"နားနဲ့ထောင်နော်၊ နှာခေါင်းနဲ့မထောင်နဲ့"

"အတူတူပဲ၊ မျက်နှာပေါ်မှာ အာရုံကြောတွေက တစ်လိုင်းတည်း ဆက်နေတာ"

နှစ်ယောက်အတူတူ လွတ်လပ်ပွင့်လင်းစွာရယ်မိကြရင်း အရိုင်းက ရှေ့ပြန်လှည့်လိုက်ပေမယ့် ဆက် က သူ့မျက်နှာကိုပဲ ငေးနေလျက် ...

"အရိုင်း"

"ဘာလဲ"

အရိုင်း က ငဲ့ကြည့်ကာ ဆက် ဘာပြောမလို့ခေါ်တာလဲဆိုတာကို စိတ်မဝင်စား။

"လပ်ကီးကို ချလိုက်လေ"

"ဘာလဲ၊ နင့်ကောင် ငါ့ကိုခိုင်းသွားမှာစိုးလို့လား"

"ခိုင်းပြီးသားပါ၊ လပ်ကီးက ငါနဲ့ဘာဘာပြောတာကို တော်တော် နား လည်နေပြီဟ၊ ခိုင်းသမျှ အကုန်မလုပ်တတ်သေးတာပဲရှိတာ၊ တော်ရုံဆို သူ လုပ်နိုင်တယ်၊ နင့်ကိုလဲ သူ သိနေပါပြီ"

"ဟုတ်လား၊ ဒါဆို ပိုချစ်သွားပြီ"

ဆက် က လပ်ကီးခေါင်းလေးကိုပွတ်နေရင်း လည်ပတ်လေးကို ကိုင်





ကြတော့ သေချာကြည့်၏။

"ဘာဘာ လုပ်ပေးထားတာလေ၊ အဲဒါ မိကျောင်းသရေစစ်စစ်"

"အေးနော်၊ အရောင်သိပ်မတောက်ဘဲနဲ့ ကောင်းမှန်းသိသာတယ်"

ဆက် က လပ်ကီးကို မနာအောင် တင်းခနဲတစ်ချက်ဖက်ပစ်ပြီးမှ မြပြင်မှာ သာသာလေးပြန်ချကာ ...

"နင့်ကိုယ်ကြီးက နည်းတာမဟုတ်ဘူး၊ ပြန်ဆင်းဦး၊ နောက်ဆို ငါ့ခြံ ဘက်ကို ကူးလာခဲ့ သိလား၊ ငါ့မှာ ပိုမာလေးတစ်ကောင်ရှိတယ်၊ မကိုက် ဘူးနော်"

မေးဖျားကိုမော့ယူပြီး သေချာမှာနေသေးသည်။ အရိုင်း က စိတ်ရှည် လက်ရှည် ရပ်စောင့်နေ၏။ ဆက် က ထ,ရပ်လိုက်ရင်း ...

"အယ်လ်ဆေးရှင်းတွေက ခုလို အနားမှာခေါ်သွားရင် အရမ်းအားကိုး ရတယ်နော်၊ ဒီကောင် ငယ်သေးလို့ သိလား၊ အကောင်ကြီးကြီးလာရင် အရမ်းထွားပြီးလှမှာပဲ၊ ခုတောင် အမြီးကြီးဆင်းကျနေပုံက ကျားကြီးလိုပဲ၊ အရမ်းကြည့်ကောင်းတယ်"

"ဘာဖြစ်လို့ ပိုမာရိန်းနီးယားလေးကို မွေးတာလဲ၊ နင် အဲ့ဒီလို သွား လာနေတတ်ရင် ဒီကောင်မျိုးက ပိုမကောင်းဘူးလား"

"ကောင်းတာပေါ့၊ ဒါပေမယ့် အဖိုက ခွေးမွေးတာ လုံးဝမကြိုက်ဘူး၊ အဲဒါလေးတောင်မှ မွေးနေ့တုန်းက သူများ လက်ဆောင်ပေးထားတာ"

နှစ်ယောက်သား ဖြောင့်ဖြူးနေသည့်လမ်းကလေးပေါ်မှာ အတူ လျှောက်လာခဲ့မိကြသည်။

"နင် ဒီနေ့တော့ ထူးထူးဆန်းဆန်း ကြည်လင်အေးချမ်းလို့ပါလား အရိုင်း"

ဘာကိုပြောတာမှန်း အရိုင်းက သိသောကြောင့် ပြုံး၍ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တင်ပါးမှာ အရှိုးရာတွေ သပြေသီးမှည့်ရောင်ထက်ရင့်နေပါ[...]

နောက်ပိုင်းမှာ နှိပ်စက်ဒဏ်ခတ်ခြင်းဓါတ်တွေက ပုံစံပြောင်းသွား[...] လူသူမြင်စေသော မျက်နှာနှင့် ခြေလက်တို့မှာမဟုတ်တော့ဘဲ တ[...] လျှာ:ရှည်ပေါ်မှာ ဝမ်းလျှားထိုးမှောက်စေပြီး ဝါးစိမ်းပြား (သို့မဟုတ်[...] သားရေပတ်နှင့် ရိုက်နှက်၍ ...

"အရိုင်း"

"ဟင်"

"ဘာဖြစ်သွားတာလဲ၊ ငါနဲ့ နင့်အစ်မ ဟိုနေ့က ပြဿနာဖြစ်သွာ[...] တာ သိလား"

အရိုင်းက အေးစက်စက်မဲ့ပြုံးနှင့် ဖျတ်ခနဲငဲ့ကြည့်၏။ ပြီးတော့ ပြ[...] ငုံ့သွားကာ တစ်လှမ်းချင်းရွေ့လျားနေသည့် ခြေဦးထိပ်တွေကို အစီပွား[...] မဲ့ငေးနေသည်။

"ငါသိပါတယ်၊ နင် သက်သာမှာမဟုတ်ဘူးဆိုတာ၊ သူတို့က ငါ[...] မကြည့်လင်တိုင်း နင့်ကိုပဲ ဘာဖြစ်လို့ သဲမဲနေကြတာလဲ။ ဖြစ်နိုင်ရင်[...] သတ္တိရှိရင် ဒီကိုလာဆိုပြီး ခေါ်ထုတ်လိုက်ချင်ကယ်၊ တကယ်ပဲ"

ဆက် မျက်နှာကို လှည့်ကြည့်လိုက်သည့် အရိုင်း မျက်လုံးတွေ[...] အရောင်ပြောင်းသွား၏။ နှုတ်ခမ်းသားတွေ ခပ်တင်းတင်းစေ့သွားပြီးမှ[...]

"နင် တော်တော် အမှတ်သညာနည်းတာပဲ ရွှေလက်ဆက်"

"ဘာ"

"ငါ့သဘောကို နင် ခုထိ နားမလည်ဘူးလား"

ဆက် မျက်နှာလေးပျက်သွားလျက် ဆတ်ခနဲမော့ပစ်လိုက်ကာ[...]

"ငါက နင့်ကိုနှိမ်ပြီးပြောချင်တာမှမဟုတ်တာ၊ ငါ့ရင်ထဲမှာဖြစ်တဲ့[...] စေတနာအတိုင်းပဲပြောတာ၊ နင်က ကိုယ့်မွေးချင်း၊ ကိုယ့်မောင်နှမတွေ[...]





မို့လို့ သည်းခံနေတာမှန်းသိလို့ ပိုမခံချင်တာ၊ ငယ်တဲ့လူက ဒီလိုသိနေရက်နဲ့ သူတို့က အကြီးတွေဖြစ်ပြီး ဘာဖြစ်လို့ အနိုင်ကျင့်နှိပ်စက်နေတာလဲ၊ တကယ်ပဲ တစ်ခါမှကို မမြင်ဖူးဘူး"

"တော်တော့ဟာ၊ အဲဒါတွေပြောမနေနဲ့တော့၊ နင် ခုနကပြောသလို လေ ငါ ဒီနေ့ အရမ်းလွတ်လပ်အေးချမ်းတဲ့နေ့ပဲ"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ကိုကြီးနဲ့ကိုလေး ပြဿနာတစ်ခုခုရှိပုံပဲ၊ မငယ်တောင်မှ နင်နဲ့ဖြစ်ခဲ့တဲ့ပြဿနာကို သိပ်ပြီး ပုံကြီးချဲ့မသွားနိုင်ဘူး၊ သုံးယောက်စလုံးတောင်ကြီးကိုသွားကြတယ်"

"ဘာဘ ဆိုတာက နင့်ကိုချစ်တယ်ပေါ့နော်"

အရိုင်း ခေါင်းညိတ်ပြပြီး မချိတရိပြုံး၏။ ခေါင်းမော့ကြည့်လိုက်တော့ တည်မလို၊ ရယ်မလိုနှင့် အုံ့မှိုင်းနေသည့်ကောင်းကင်ပြင်က ကိုယ့်ကိုကြည့်ပြီးတော့ပဲ သက်ပြင်းချနေသလိုလို ...

ခေါင်းငုံ့ကြည့်လိုက်တော့ မညီမညာကောက်ကွေ့သောလမ်းသည် ဒီတိုင်းသွား၊ ဒီတိုင်းလျှောက်လို့ မာကျောကျောအမိန့်ပေးနေသည့်နှယ်..

သူ့ဘဝမှာ နာကျင်ကြေကွဲရလွန်းလို့ အချစ်ကြောင့် ဝမ်းသာကြည်နူးတတ်ဖို့ အမုန်းကြောင့် နာကျင်ခံစားဖို့ ဘာတစ်ခုမှ သီးခြားခွဲထုတ်မရမတော့ပါ။

အချိန်တိုင်း၊ နေ့ရက်တိုင်းဟာ ပွလောင်ပြင်းပြသောအနီရောင်ရင့်သည့် ပန်းချီကားတစ်ချပ်လို ...

"အရိုင်း"

"ဟင်"

"နင့်ကို ငါမေးသမျှ နင် တစ်ခုမှမဖြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ဖြေစရာမရှိလို့ပါ"

"ငါ့ကိုခင်လား"

အရိုင်း မျက်နှာ ဖျတ်ခနဲမော့လာ၏။ ဆက် က တည့်တည့်ကြည့်နေပြီး မျက်လုံးချင်းဆုံတော့ 'ဖြေလေ'ဆိုသည့်သဘောနှင့် မျက်စုံးလေးပင့်၍ မေးဆတ်၏။

အရိုင်း က မျက်လုံးတွေထိ အုပ်ကွယ်ကျနေသည့်ဆံပင်တွေကို ဆတ်ခနဲခါယုတ်ပစ်လိုက်ရင်း ခေါင်းညိတ်သည်။

"ခင်တယ်"

"အိုခေ ...၊ ဒါဆိုရင် ခင်မင်ကြတဲ့သူချင်း ငါသိချင်တာကို ပြောပြ"

"ဘာလဲ"

"နင်နဲ့ သွင်ရတနာ အိမ်ကြီးအကြောင်းလေ၊ စပ်စုတာမဟုတ်ပါဘူး။ နင့်ကိုခင်လို့သိချင်တာ၊ ပြောမပြချင်ရင်လဲ ထားလိုက်နိုင်တယ်"

"နင် ကြားဖူးနေတဲ့အကြောင်းတွေပါပဲ"

အရိုင်း က လပ်ကီးရဲ့လည်ပတ်ကနေ ချိတ်ဆွဲထားသည့်ကြိုးကို ခြေဖျားထောက်ထိုင်ပြီး ဖြုတ်ပေးလိုက်၏။

"ရှေ့ကသွားနှင့်"

ဟု ပြောပြီး ကြိုးကိုကိုင်၍ ပြန်ထရပ်ကာ ...

"ဒါပေမယ့် တစ်ခုတော့ရှိတာပေါ့ဟာ၊ 'သွင်ရတနာ'ကလူတွေ အရမ်းမုန်းကြတဲ့ ငါ့ရဲ့အမေကတော့ အားလုံး သိထားကြသလို စရိုက်မကောင်းတဲ့မိန်းမ မဟုတ်ဘူး၊ အဲဒါကို ပြောပြချင်လို့ ငါ့အကြောင်း ငါသိခဲ့သမျှ နင့်ကိုပြောပြမယ်"

"အင်း"

"မေမေက မန္တလေးသူ၊ မောင်နှမသုံးယောက်မှာ အငယ်ဆုံး မိန်း





ကလေး။ ပြီးတော့ မေမေတို့က အမျိုးမြတ်သူတွေဆိုပြီး ကိုယ့်ကိုယ်ကို မြှပ်ခက်နဲ့ကြီးခဲ့ရသလို မာနကြီးလွန်းလို့ လူမုန်းခံရတဲ့အထိပဲ တဲ့"

"ဪ ..."

မယုံတာမဟုတ်ပေမယ့် ဆက် ရင်ထဲမှာ တအံ့တသြကြီးဖြစ်သွားကာ အရိုင်း ရိပ်မိသွားလျှင်တော့ စိတ်ဆိုးသွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ပြောစကားတွေအရ 'သွင်ရတနာ'သူဌေး ဦးအံ့သွင်၏ ဒုတိယမြောက်ခြေလှမ်းအမှားကြောင့် ဒီအိမ်ကြီးမှာရှုပ်ထွေးမှုတွေ ဖြစ်ခဲ့သည်။

အရိုင်း ဆိုသည့်ကောင်လေး ပေါ်လာခဲ့သည့် စသဖြင့်သော အဖြစ်တွေဟာ အရိုင်း၏မိခင်ကို ဤသို့သော မဟာနွယ်ဖွားတစ်ယောက်ဖြစ်ခဲ့လိမ့်မည်ဟု မထင်မှတ်စရာတွေပဲမဟုတ်ဘူးလား။

အရိုင်း ကလည်း ငြိမ်ကျသွားသည့် ဆက် ကိုငုံ့ကြည့်သည်။ ဒါပေမယ့် ဘာမှမမေးပါ။

"အဲဒါတွေဟာ မေမေ့ဘဝမှာ အိပ်မက်တွေပါပဲ၊ ဖေဖေနဲ့ဆုံစည်းခဲ့ကြပြီး ပေါင်းသင်းခဲ့တဲ့နောက်မှာ မိသားစုအားလုံးရဲ့ သေခန်းပြတ်စွန့်လွှတ်ခြင်းကို ခံခဲ့ရတယ်"

"ဘာဖြစ်လို့လဲဟင်၊ အဲဒီတုန်းက နင့်အမေက ဟို ... ဆင်းရဲလို့လား"

ဒါလေးတောင်မသိဘူးလား ဆိုသည့် မျက်မှောင်ကြုတ်ကြုတ်နှင့် အရိုင်း က ငုံ့ကြည့်သည်။ ပြီးတော့ ဘာမှမမေးဘဲ ရှေ့ကို ပြန်ငေး၍ ...

"ကိုကြီးတို့မောင်နှမတွေထဲမှာ ငါ အငယ်ဆုံးဖြစ်ရတဲ့အကြောင်းကို နင် မတွေးမိဘူးလား"

"ဟင် ..."

ဆက် ဘာပြောရမှန်းမသိဖြစ်သွား၏။ ဟုတ်သည်ပဲ၊ ကိုယ့်ရဲ့အမှတ်



www.burmeseclassic.com

www.burmeseclassic.com



တမဲ့မေးခွန်းကြောင့် အရိုင်း ကို သနားသွားမိသည်။ တကယ်ဆို သူ
ဒီလိုမမေးသင့်ပါ။

"ဖေဖေက မေမေ့ကိုချစ်သွားမိလို့ ညားခဲ့တယ်တဲ့"

"အဲ...အဲဒါတွေကို နင် ဘယ်လိုသိနေတာလဲဟင်"

"မေမေ့ဒိုင်ယာရီ ငါ့မှာရှိတယ်၊ ဖေဖေ့ခံစားချက်တွေကိုတော့ ဘဘ
က ပြန်ပြောပြလို့ သိရတာပါ"

"သြော် ..."

"ဖေဖေက ကိုကြီးတို့မေမေကို တစ်ယောက်နဲ့တစ်ယောက် ချစ်
မကင်းလဲဖြစ်တော့ မလိုချင်လိုငြင်းခဲ့တယ်တဲ့၊ လက်ထပ်ပြီးတော့လဲ
တုန်းကတည်းက မောင်နှမတွေလိုရင်းနှီးခဲ့ကြလို့ မစိမ်းသက်ခဲ့ပေမယ
မချစ်ဘူးတဲ့၊ လင်မယား ရင်းနှီးဖို့, ချွေးထွေးဖို့ဆိုတာ ကိုကြီးတို့မေမေ
ပဲ ကြိုးစားခဲ့ရတာတဲ့"

"အဲဒီတစ်ယောက်ကို နင် မမြင်ဖူးဘူးပေါ့နော်"

အရိုင်း က ခေါင်းခါသည်။ ကိုယ့်မိခင်းအရင်း၏ပုံလေးကိုတော
ခပ်ရေးရေးပဲတွေးလို့ရပါသည်။ 'သွင်ရတနာ'ကို သူ ရောက်တော့ သုံးနှ
သားလောက်ပဲရှိသေးသည်တဲ့။ ထိုအချိန်မှာ သူ့ကိုကြို့ဆိုမည့် ဖေဖေ
ဦးအံ့သွင် ဆိုတာလည်း မရှိတော့ပေ။

အဖြစ်ဆိုးကြသည်မှာ ဖေဖေ မကြင်နာခဲ့၍ နာကြည်းမှုအရင်းခံရှိ
ခဲ့သည့် ဒေါ်မိမိမော်သည် တတိယသမီးဖြစ်သည့် မငယ်ကို လွယ်ထား
သည့်အချိန်ကတည်းက ခင်ပွန်းဖြစ်သူ သိသာစွာ ခြေလှမ်းပျက်လာခဲ့တ
ကို သတိထားမိခဲ့၏။

ဒါပေမယ့် ကိုယ်ဝန်ရင့်မာလာခဲ့သည့်အတွက်ကြောင့် ဒီတိုင်းပဲကြ
နေခဲ့ရသည်။ နေ့နှင့်ဦးဟုသာ ကြိမ်းဝါးနေခဲ့မိပေမယ့် သူမ မွေးဖွားပြီး





ကိုစွန့်ခွာကိုကို ခြေရာခံဖို့ပြင်ဆင်ပြီးဖြစ်သွားခဲ့သည့်အချိန်တွင် ဦးအံ့သွင်
း ပြန်မလာခဲ့တော့ပေ။ မကျေလည်ခဲ့သော ဤမေတ္တာဇာတ်လမ်း၏
ဇာတ်ပေါင်းခန်းက ပေါင်း၍မသိမ်းရဘဲ သေကျေပျက်စီးခြင်းဖြင့်သိမ်းခဲ့၏။

အကြောင်းရင်းမှာ စူဠသုဘဒ္ဒါလို အငြိုးကြီးခဲ့သော ဒေါ်မိမိမော်၏
ကံစက်မှုများက လူသုံးဦးကို သေစေခဲ့တာ ရှေ့ဆင့်နောက်ဆင့်။

ဦးအံ့သွင်က ဒေါ်နုငယ်ထွေးနှင့် သားကလေးတစ်ယောက်ကို ယုယ
ကြင်နာစွာစောင့်ရှောက်နေချိန်မှာ ဒေါ်မိမိမော် ဘီလူးဆိုင်းတီး၍ ရောက်
သွားခဲ့သည်။

ထိုအခါကျမှ ဦးအံ့သွင်မှာ အိမ်ထောင်နှင့် သားသမီးတွေရှိနေမှန်း
သိခဲ့သည့် ဒေါ်နုငယ်ထွေးသည် အစကတည်းက အသည်းနုနု၊ အတွေးန
နင့်မိန်းကလေးဖြစ်ရာ ...

ချစ်သူနောက်လိုက်ပြေး၍ မိဘက အမွေပြတ်စွန့်လွှတ်ခံရသဖြင့်
ဘဲ့သောကခံစားလို့မပြီးသေးဘဲ ကိုယ့်ကို အငယ်အနှောင်းအဖြစ် ပက်
စက်စက်ပြောဆိုသွားခဲ့သည့် ဒေါ်မိမိမော်ကြောင့် ရောဂါသည်လေး
သွားခဲ့၏။

ထို့ပြင် ဦးအံ့သွင် က ဒေါ်မိမိမော်နှင့် ပြဿနာရှင်းမည်ဟုပါသွား
မိဘနှစ်ပါးက သူမအဖြစ်ကိုကြားပြီး နာကြီးကြီး ဒေါသကြီးကြီးဖြင့်
သက်သေဆုံးကုန်ကြတဲ့အထိ မုန်းတီးသွားခဲ့ကြသည်။

အစ်ကိုဖြစ်တဲ့သူတွေက ညီမကို အမွေခွဲခြမ်းမပေးရရေးအတွက်
ဖျောက်သွားခဲ့ကြ၏။ မိဘမောင်ဘွားတို့အရိပ်ကို စွန့်လွှတ်ခဲ့ရခြင်း
ဖြင့် အိမ်ထောင်ရေးမသာယာသည့်ဒဏ်တွေနှိပ်စက်ကာ သေခြင်း
ကိုရင်ဆိုင်ဖို့အထိ သူမ အခြေအနေဆိုးလာခဲ့၏။

ဒီကက်မှာလည်း အငြိုးကြီးကြီးနှင့် နာကြည်းနေသည့် ဒေါ်မိမိမော်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဦးအုံ့သွင်ကို ဘယ်လို ဘာတွေပုံပေးပေး ကွာရှင်းမပေးဘဲနေခဲ့၏။

"ကျွန်တော် ငယ်ထွေးကိုသိပ်ချစ်တယ် ဖေဖေ၊ သူ့ဘဝလေးကို
ကျွန်တော် ဖျက်ဆီးခဲ့သလိုဖြစ်ခဲ့တာ ကိုယ့်ဘက်ကကြည့်တော့ ချစ်လို့
ပေမယ့် သူ့မှာ အခု မိဘအသိုင်းအဝိုင်း ဘာမှ သူ့ဘက်မှာမရှိတော့ဘဲ
တစ်ကောင်ကြွက်ဘဝဖြစ်ခဲ့ရတာ၊ သားလေးနဲ့ငယ်ထွေးကို ကျွန်တော်
ပစ်မထားနိုင်ဘူး ဖေဖေ၊ အဲဒါကို ခွင့်ပြုပေးပါ"

ဒီစကားသံတွေကို အရွယ်ရောက်နေပြီဖြစ်သည့် ကိုကြီးတို့က ကြား
ခဲ့မြင်ခဲ့ကြသည်။ ဘဘကိုယ်တိုင် ခွင့်ပြုခဲ့တာကိုလည်း သိနေခဲ့၏။

"ညည်းတို့ မေတ္တာမညီမျှကြတဲ့ပြဿနာပဲ မိမိ၊ သွင် က ကလေး
ပေါက်စလေးလဲမဟုတ်ဘူး။ သူ မနေချင်တာကို ဘယ်လိုချုပ်နှောင် ထား
ခတ်ထားလို့ရမှာလဲ၊ ဖြစ်သင့်တာ၊ မဖြစ်သင့်တာ အသာထား၊ ငါ့သား ဘ
ကောင်ဖြစ်နေနေ ငါကတော့ မစွန့်ပစ်နိုင်ဘူး။ အခုမပေးထိုက်မှန်း သိပေ
မယ့် တားဆီးမရတာကို ညည်းအမြင်ပဲ၊ အဲဒါကြောင့် မတတ်နိုင်ဘူး"

ဘဘက ဟိုတုန်းကအကြောင်းတွေကို ရုပ်ရှင်ပြန်ကြည့်နေရသလို
မြင်လာအောင်ပြောပြခဲ့၏။

"သူတို့ ဘဘကို မလေးစားကြတာ မချစ်လို့ပါ၊ မုန်းတီးစိတ်တွေ
ရှိရင်လဲ ရှိကြမှာပဲ၊ ဘဘက အဲဒီလိုပြောဆိုခွဲခြားခဲ့တာတွေ ရှိတာကိုး"

တကယ်တော့ ကိုယ့်သားရဲ့ရင်သွေးလေးတွေမို့ မြေးချင်းအတူတူ
ပဲ။ ကွာခြားခဲ့တာဟာ ဒေါ်မိမိမော်၏ ရင့်သီးရိုင်းစိုင်းသော ပြောဆိုတာ
ခြင်းတွေမှ စခဲ့တာဖြစ်သည်။

"မြေးရယ် သူ့ဘက်ကကြည့်တော့လဲ မမှားပါဘူး၊ ခင်ပွန်းသည်က
မကြင်နာဘဲ အိမ်ထောင်သက်တစ်လျှောက်လုံး ဒုက္ခခံလာခဲ့ရတာကို
မြေးရဲ့အဖေကျတော့လဲ 'ကျွန်တော်မှမချစ်တာ မတတ်နိုင်ဘူး' ဆို





စကားနဲ့ အိမ်ထောင်ရေးကိုဖြစ်သလိုခရီးဆက်နေတာ။ မိဘတိုင်းဟာ သားသမီးနဲ့ပတ်သက်ရင် တစ်ကိုယ်ကောင်းဆန်လာကြတာပဲ၊ ဘဘလဲ ကိုယ့်သားစိတ်ဆင်းရဲနေတာကိုပဲ ဖေးမချင်လာတာပေါ့။ ဒီလောက် ဟက်ဂျက်ဂျက်ဖြစ်နေတဲ့အိမ်ထောင်ရေးကို မင်းအဖေ စွန့်ခွာပြီး သူ့ဟာသူ ချမ်းသာရာရှာသွားတာကို ကြည့်နေလိုက်တယ်၊ တားပေမယ့် ရမှမရတာ၊ ဘဘ ဒီထက်ဘာလုပ်နိုင်မှာလဲ၊ အဲဒါကြောင့် မုန်းကုန်ကြတာ၊ မင်းရဲ့မိဘတွေ သေဆုံးကုန်ကြပြီး မင်းရောက်လာတာကို လက်မခံနိုင်ကြတာ"တဲ့။

အဖြစ်တွေကိုပြောပြရင်း သူ့ခြေလှမ်းတွေ နှေးကျလာကြ၏။

"အရိုင်း"

သူ ရှေ့ဆက်မသွားတော့ဘဲ ခြေစုံရပ်ပစ်လိုက်စဉ်မှာ ဆက် က ရှေ့မှာလာရပ်လိုက်ပြီးခေါ်သည်။

"အဲဒီသုံးယောက်က ဘယ်လိုသေဆုံးကုန်ကြတာလဲ၊ တစ်ပြိုင်တည်းလား၊ ဘယ်သူက အရင်လဲ"

"ဖေဖေ မေမေ့ဆီကိုပြန်သွားတော့ မေမေက ငါ့ကို ဖေဖေ့ဆီ လူကြုံနဲ့ပို့နိုင်းလိုက်ပြီတဲ့"

"ဒါဆို ..."

"ငါ ဒီရောက်တော့ ဖေဖေ မရှိတော့ဘူး။ ဒေါ်မိမိမော် ကလဲ ဖေဖေနဲ့ ထက်ကြပ်မကွာလိုက်သွားတာဆိုတော့ သူနဲ့လဲ ငါ မတွေ့ဘူး၊ ဒါပေမယ့်..."

ဟု ပြောပြီး အရိုင်း စကားသံ တိတ်သွားသဖြင့် ဆက် က နားစွင့်ရင်း သူ့မျက်နှာကိုပဲကြည့်နေခဲ့၏။ အရိုင်း က သက်ပြင်းရှည်ကြီးချကာ ဝေးဝေးသစ်ပင်ရိပ်ဆီကို လှည့်လျှောက်သွား၏။

သစ်ပင်အောက်က မြက်ခြောက်တွေပေါ်မှာ မလှည့်တချင်းဘဲထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတာလည်း အတူတူ။

"ဒေါ်မိမိမော် က အိပ်ဆေးတွေ အလွန်အကျွံသောက်ပြီး ဆုံးသွားတယ်၊ ဖေဖေက ဒီကိုပြန်အလာမှာ ကားအက်ဆီးဒင့်ဖြစ်တယ်တဲ့"

"ဟယ် ... ဖြစ်ရလေ အရိုင်းရယ်"

"အားလုံးပါပဲ၊ ဖေဖေနဲ့ ဒေါ်မိမိမော် ဆုံးရတာ မေမေ့ကြောင့်လို့ ပြောကြတယ်၊ ဒါပေမယ့် မေမေလဲဆုံးသွားတာပဲ"

"ဟင် ... ဘယ်သူက အရင်ဆုံးတာလဲ၊ နင့်အဖေပြန်လာမှလား။ ဒေါ်မိမိမော်ထက် အရင်လား ..."

"အဲဒါကို ခုချိန်ထိ ဘယ်သူမှလဲသေချာမသိခဲ့ကြပါဘူး။ ဦးအုံ့သွင် ဒေါ်မိမိမော်ရဲ့အဖြစ်ကိုပဲ ရင်နာစရာအဖြစ်တစ်ခုလို စုတ်သပ်ကျန်ရစ်ခဲ့ပြီး ဒေါ်နုငယ်တွေးဆိုတဲ့ မိန်းမတစ်ယောက်ဟာ မထင်မရှား ပျောက်ကွယ်သွားခဲ့ရတယ်"

ဒါ့အပြင် နာမည်ပျက် အရှက်ရခဲ့သောအဖြစ်ဆိုးများနှင့် ဘဝစာမျက်နှာ မလှမပကျန်ရစ်ခဲ့ရရှာသေးသည်။

အရိုင်း ထည့်မပြောပေမယ့် ဆက် ကတော့ တွေးမိခဲ့ပါသည်။ ပတ်ဝန်းကျင်မှာ ဒီသတင်းတချို့က မှန်ဝါးဝါးတော့စွန်းထင်းကျန်ရစ်နေဆဲ။

"ငါလေ သိချင်စိတ်တွေဖြစ်နေမိလို့ မေးမိတာပါ၊ နင် ငါ့ကို တကယ်ခင်လို့ ပြောပြတယ်ဆိုတာကိုလဲ ယုံပါတယ်၊ ဒါပေမယ့် အခု တောင်းပန်ပါတယ်ဟာ၊ ဒီအကြောင်းတွေကို နင် လုံးဝမေ့ထားချင်မှာပဲဆိုတာ စာနာစိတ်တွေဖြစ်လာတော့ နောက်ကျသွားတယ်"

"ရပါတယ်ဟာ၊ ဖုံးသိခဲ့ရတာတွေကလဲ မပီပြင်တဲ့ပုံရိပ်တွေရယ်၊ ဒိုင်ယာရီထဲကစာတွေရယ်၊ ဘဘ ပြောပြခဲ့တာတွေပဲရှိတာ၊ မိဘတွေကို သတိရတိုင်း တစ်ယောက်တည်းပြန်တွေးမိနေတာလဲ ပင်ပန်းတာပါပဲ၊





အခု သေချာပြောပြလိုက်ရတော့ ရင်ထဲမှာ ပေါ့သွားကယ်"

"တကယ်ဟုတ်လို့လား အရိုင်းရယ်"

အရိုင်း က ဒူးနှစ်ဖက်ပေါ် လက်တင်ပြီးထိုင်နေရင်းကနေ ခပ်ယဲ့ယဲ့အပြုံးနှင့်ငဲ့ကြည့်သည်။

"တကယ်ပြောတာ၊ ဘဘပြောသမျှကို ရင်ထဲမှာသိမ်းထားပြီး ကိုယ့်ဘာကိုယ်တွေး၊ ကိုယ်ထင်သလိုသုံးသပ်၊ ပြီးတော့ ဟုတ်တာတွေရော မဟုတ်တာတွေရော အကုန်ပြန်ပြီးလုံးထွေးမျိုချ ဒီလိုနဲ့ပဲ ရင်ဘတ်ထဲမှာ အဲဒီအနာအဆာတွေ ပြည့်ကျပ်လာခဲ့တာ ဒီနေ့ကျမှ လွတ်လွတ်လပ်လပ် အန်ချခွင့်ရသွားတာ"

ဟုတ်လို့လား အရိုင်းရယ် ဆိုသည့် မျက်ဝန်းလေးတွေက သူ့မျက်နှာပေါ်မှာ စူးစိုက်နေဆဲ။ အရိုင်း က ထိုမျက်ဝန်းလေးတွေကို ပြန်ကြည့်ပြီး ပြုံးလိုက်ကာ ...

"ဘာသိချင်သေးလဲ"

"ဟင့်အင်း၊ ရှိနေသေးရင်လဲ မမေးတော့ဘူး၊ နင်က သနားတာကို ကြိုက်ပေမယ့် ငါကတော့ အဲဒီလိုပဲ ရင်ထဲမှာဖြစ်လာခဲ့တာ၊ နင့်ကို အမဆုံးမြင်တော့ သူတို့ ရိုက်နှက်နေကြတာကို ငါ့ကို ရိုက်နှက်နေသလို ခံစားသတွေဖြစ်သွားတာ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ပြီးတော့ နင့်ကိုထပ်တွေ့ချင်နေတာ၊ စကားတွေပြောချင်နေတာ၊ အဲဒါတွေအားလုံး တကယ်လှိုက်လှိုက်လှဲလှဲကြီး ရင်ထဲမှာဖြစ်လာတာ သိလား။ မငယ်တို့ မိန်းမ ငါ့ကို ပက်ပက်စက်စက်ပုတ်ခတ်ပြောတာတွေကိုလဲ ဂရုမစိုက်ဘူး၊ နင်ကိုယ်တိုင် ငါ့ကို တစ်မျိုးအထင်သေးသွားမလားလို့ တွေးမိပေမယ့် စိုးရိမ်စိတ်မဖြစ်ခဲ့ဘူး၊ ဘယ်လိုပြောရမလဲ၊ ဟိုလေ ... စိတ်ထဲမှာ ငါက ဟိုတုန်းကတည်းက အရမ်းရင်းနှီးတဲ့ ငယ်ပေါင်းကြီးဖော်တွေ



www.burmeseclassic.com

www.burmeseclassic.com



လို ရင်ထဲမှာသေချာနေတာ"

အရိုင်း က ခေါင်းညိတ်နေရင်း ဟိုဘက်လှည့်လိုက်ရှင် ...

"အရိုင်း"

ဆက် က အရိုင်း လက်မောင်းကို လက်သီးနှင့်လှမ်းထိုးဝစ်လိုက်

ခေါ်သည်။ အရိုင်း ပြန်လှည့်ကြည့်တော့မှ ...

"ငါပြောတာ ကြားလား"

"ကြားသားပဲ"

"အဲဒါ မယုံးခန်းအူလေးဟာဝ်၊ အစတော့နဲ့ပြောပြောနေတဲ့ ပ...

ဆက်တွေဆိုတာသေအားမရှိဘူး နင်ရော ငါ့ကို အဲဒီလိုပဲလား"

အရိုင်း မပြောဘဲ ဆက် ကို စိုက်ကြည့်နေ၏။ ပြန်ပြောတော့မှာသဲ...

သူ့ကိုစေးနေသည့် ဆက် ကလည်း မျက်လုံးမလွှဲပေ။

ဒါပေမယ့် တော်တော်ကြာအောင်စိုက်ကြည့်နေတော့ ဆက် မျက်...

လေးတွေတွန့်ခဲ့ရှုံ့သွားကာ ပါးပြင်ဝင်းမန့်မန့်လေးတွေမှာ ပန်းရင့်...

သမ်းတော့၏။

"ဘာကြည့်နေတာလဲ ရှုကို"

"အယ့်ွန်း"

အရိုင်း က မရယ်ချင့်ရယ်ချင်နှင့် မျက်လွှာချ စိလိုက်သည်။ ပြီး...

မှ ပြန်မော့လာပြီး ...

"နင်မေးသလို ရင်ထဲမှာရှိရဲ့ လားဆို့ ကိုယ့်ကိုယ်ကို ပြန်မေး...

နေတာ"

"ဘာတဲ့လဲ"

"အဲဒီလောက်ရင်းနှီးမနေဘူး"

"ဟင် ..."



ဆက် မျက်နှာလေးပျက်သွား၏။ ပြီးတော့ ရက်စိသလိုလို ဝမ်းနည်းသလိုလို ...။ အရိုင်း က ဆက် ကိုပဲကြည့်နေလျက် ...

"ရင်ထဲမှာတော့ ရှိနေတယ်ဟ၊ နင့်မျက်နှာလေးပေါ်လာတိုင်း သိပ်သွားတာပဲလို့ ရင်ထဲမှာပြောဖြစ်နေတယ်၊ အဲဒါ အမှန်ပဲ"

ဆက် ပါးပြင်လေးတွေ အနီရောင်ရင့်ဖို့ သေချာသွား၏။ ဒါပေမယ့် နှယ်မြူးရိပ်လေးဟော့ လွှမ်းသွားသည့်မျက်နှာထက်မှာ ကာလာတွေ အားလုံး မှေးဖျော့သွားခဲ့ပြီး ...

"ဆက်ပြော"

"ငါ့ရင်ထဲမှာ တစ်စုံတစ်ယောက်ကို စွဲလမ်းတမ်းတရလောက်အောင် တွယ်နေခဲ့ရင်တောင်မှ အဲဒါကို ပြန်တူးနှိုးဖွဖို့ အချိန်မှမရှိတာ၊ ဘယ်သူ့အတွက် ရင်ထဲမှာ ဘယ်လောက်ဖြစ်ခဲ့သလဲဆိုတာ တွေးချိန်လဲမရှိဘူး၊ တွေးလဲမတွေးဖြစ်ဘူး၊ ငါ့အကျင့်ကိုက ငါ့အတွက် ငါနဲ့သက်ဆိုင်တာကသွဲ့ပြီး တစ်ယောက်ယောက်ကို ထူးခြားစိတ်ဝင်စားတတ်ခဲ့တာကိုမရှိဘူး"

'ဗိုလိုက်တာ'ဆိုသည့် မျက်စောင်လေးရွယ်ပြီး ဆက် က မဲ့ရွဲ့သွား၏။ အရိုင်း က ဆက် မျက်နှာလေးကိုကြည့်နေပြီး မမြင်သကဲ့သို့ စကားပြောလျက်။

"ဒါပေမယ့် ဘာဘာ ပြီးသွားရင် ငါ့အသိစိတ်ထဲကို ဖျတ်ခနဲဝင်ဝင်လာခဲ့တာ နင်ပဲ၊ ဘာဘာကိုချစ်သလိုမျိုးမဟုတ်ပေမယ့် ငါ့ရဲ့ ဒုတိယမြောက် အခိကလူ ..."

"တွေ့လား ... ပြောပုံက ..."

သူပြောတာကို ဆက် သဘောကျသွားသဖြင့် ဆက် က တက်ပက်တက်ပက်လေးရယ်သည်။ ပြီးတော့ 'ဒုတိယမြောက် အခိကလူ'ဆိုသည့်စကားသံကို နောက်ထပ် ရင်ထဲမှာရှုတ်ကြည့်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းပြောပုံအရဆိုရင် 'ပထမဆုံနဲ့ အဓိကလူ' ဖြစ်ဖို့ ဘာဘာနဲ့ငါ နေ... လုရမလိုဖြစ်နေပြီ"

"မလုပါနဲ့၊ အဲဒီနေရာချင်းတော့ မလဲနိုင်ဘူး"

ဘာလဲ...၊ ဆက် ဘာမှန်းမသိဖြစ်သွားစဉ် အရိုင်း က နေရာမှ ထ... လိုက်ကာ ...

"နှင်း ဘယ်သွားမလို့လဲ၊ ငါ ပြန်တော့မယ်"

"ငါလဲ ပြန်မှာပဲ၊ အစောတို့နဲ့ ကားဂိတ်ကိုလိုက်လာတာ၊ ရန်ကုန်... လူကြုံပေးလိုက်တယ်ဆိုတာ လာကြိုတာလေ"

"သူတို့ရော ..."

"ပြန်သွားကြပြီ၊ ငါက သိုးမွေးဆိုင်က ဆရာမနဲ့ခင်တော့ အဲဒီဆိုင်... လည်စည်းအပ်မလို့ဆိုပြီး ဒီဘက်လှည့်ထွက်ခဲ့တာ"

အရိုင်း က ဖင်ကိုခါချလိုက်၊ လက်ဖဝါးချင်းပွတ်လိုက်နှင့် နေ... မရွေ့ဖြစ်နေသေးဘဲ ...

"အစော ဆိုတာ ဒေါ်စောသီဂီကို ခေါ်တာလား၊ ဘာတော်သ..."

"အဒေါ်တွေလေ၊ ဒေါ်စောသီဂီရော ဒေါ်နွေသရဖီရော ငါက ... ငယ်ကတည်းက အစော၊ အဖိ လို့ပဲခေါ်ခဲ့လို့ ခုထိ ဒီတိုင်းပဲနှုတ်ကျိုး... တာ၊ အဲဒါကြောင့် နှင့်ကို အရိုင်း လို့ခေါ်ရတာကို သဘောကျတယ်... ပြောတာပေါ့၊ ပြီးတော့ နှင့်နာမည်ကိုရော နှင့် ခပ်ရိုင်းရိုင်းပြောတတ်... တတ်တာကိုရော ငါက အဲဒါတွေ စိတ်ဝင်စားတာ၊ အဟွန်း ... ကိုယ်က... မလိမ္မာတော့ မယဉ်ကျေးတဲ့လူကို လက်ဆွဲနှုတ်ဆက်ချင်တာမျိုး ..."

"သြော် ... သြော် ... ဒါနဲ့များ ပဋ္ဌာန်းဆက်တွေ ဘာတွေနဲ့ ခင်ပြ... သေးတယ်၊ ကျေးဇူးတင်ပါတယ် ဒေါ်ရွှေလက်ဆက်"

နှစ်ယောက်အတူတူရယ်မောရင်း လမ်းပေါ်ပြန်လျှောက်မိကြ...





...သည်။ ထိုအချိန်မှာ နှစ်ယောက်စလုံး၏ ဂျစ်ကန်ကန် ဂရုမစိုက်တတ်... ...သို့ အမူအရာတွေ ဘာမှမရှိကြတော့ဘဲ ရင်းနှီးလိုက်လှဲသော အရယ်... ...များနှင့် လောကကြီးက သာယာနေခဲ့သည်။

"နှင်း ဒီနှစ် တောင်ကြီးပြောင်းမှာလားဟင်"

"ဘာလုပ်ဖို့လဲ"

"ကျောင်းတက်ဖို့ပေါ့၊ ငါ့ကို အစောတို့က တောင်ကြီးမှာတက်ခိုင်း... ...လို့ပြောတယ်၊ နှင်း တောင်ကြီးမှာတက်ရင် ငါတို့ အတူတူဖြစ်သွားမှာ"

"နှင့်အဒေါ်တွေက ငါနဲ့ခေါ် ပြောနေတာသိရင် ဒီတိုင်းနေမှာမဟုတ်... ...ဘူးထင်တယ်"

"အစောတို့က ဒီလောက်ထိ သဘောထားမသေးပါဘူး၊ ဒါပေမယ့်... ...လိုစိတ်ဓာတ်ကြမ်းတဲ့စရိုက်မျိုးတွေကိုတော့ မကြိုက်ဘူး"

"ငါကလဲ ယဉ်ကျေးတတ်တာမှမဟုတ်တာ"

"ပြောပြီးပြီပဲ၊ ငါလဲ မလိမ္မာပါဘူးဆိုမှ ..."

"မဟုတ်ဘူး၊ ငါပြောတာက ..."

တိုယ်ပြောချင်တဲ့အဓိပ္ပာယ်ကို ဘယ်လိုရှင်းလင်းအောင်ပြောရမှန်း...

"ဘာပဲဖြစ်ဖြစ် နှင်းနဲ့ငါ ရှေ့ဆက်အဆင်ပြေပြေခင်မင်သွားကြဖို့က... ...သလောက်လွယ်မှာမဟုတ်ဘူး၊ အခု ဒီနေရာကနေ ငါတို့လမ်းဆုံး... ...ိယ်အိမ်ရာထဲပြန်ရောက်သွားတာနဲ့ နှင်းနဲ့ငါ နောက်ထပ် မရင်းနှီးခဲ့... ...သိုနေကြရမယ်"

"ဘာ ..."

"နှင့်အတွက်ပြောတာ၊ ငါတို့မိသားစုအကြောင်း ဝတ်ဝန်းကျင်မှာ... ...ောင်းပြောနေကြတာမရှိဘူး၊ တကယ်လဲ ကောင်းမှုမကောင်းတော့...



www.burmeseclassic.com

www.burmeseclassic.com



တာ”

ဒီလိုကျူတော့လည်း အရိုင်းမျက်နှာက ညှိုးငယ်ရိပေလျော်ခံ ခွန်အာ
မဲ့ရွာ လက်နက်ချလိုက်သူတစ်ယောက်နှင့် တူနေ၏။

“ပြီးတော့ ဘဘ ခွန်အားမဲ့သွားပြီးတဲ့နောက်မှာ ရှိသမျှစီးပွားဥစ္စာ
တွေ ရေထဲမျှောပါကုန်သလို တဖျောဖျောမျှောက်ကွယ်ကုန်တယ်”

“အခု သူတို့က ဘာလုပ်နေကြတာလဲဟင်”

“မသိဘူး။ ခြံလုပ်ငန်းတွေရှိနေသေးသလိုလို၊ အကြွေးတရင်းနဲ့ ရှေ
ဖျက်ပစ်လိုက်ပြီလိုလို၊ ဒါပေမယ့် ခြံလုပ်ငန်းတွေပဲ သူတို့ လုပ်နေကြတယ်
အဲဒါ ဘယ်လိုတွေ နောက်ထပ် ရှေ့ဆက်နေကြသလဲဆိုတာ ဘဘ
ဘာမှလဲမပြောတော့ဘူး။ တိုင်လဲမတိုင်ပင်ကြဘူး။ ထင်သလိုလုပ်နေ
တဲ့အထဲမှာ ရော်ဘာခြံကြီးက အခု နာမည်ပျက်နေပြီ”

“ဘာဖြစ်လို့လဲ”

“မသိဘူး”

အရိုင်း က ခြေထောက်နားကိုပြန်ပြေးလာသည့် လပ်ကီးကို ခြေဖျား
နဲ့လှမ်းတားပြီး မေးဖျားကနေ ပင့်လိုက်၏။ သခင်က ကစားမှန်းသိတော
လပ်ကီးက သူ့ဘောင်းဘီစကို ပြန် ကိုက်ပြီး ဆွဲခါ၏။

“ဟင် နင့်ခြေသလုံးအောက်မှာ ဒဏ်ရာကြီးပါလား”

“ဟုတ်တယ်”

လို့ပြောပြီး အရိုင်း က ဆက်မပြောင်သည့်ပုံနှင့် ခြေထောက်ကို ပြန်
လိုက်သည်။ ဆက် ကလည်း အမိအရလိုက်ကြည့်ဆဲ ...။

“တော်တော်ကြီးတဲ့ပုံပဲ၊ ဘာဖြစ်လို့ ပတ်တီးစည်းထားကာလ
ဘောင်းဘီစနဲ့တိုက်မိပြီး မနာဘူးလား၊ ငါ ခဏကြည့်မယ်လေ”

“မကြည့်ပါနဲ့၊ ဒဏ်ရာကြီးပေမယ့် သက်သာနေပြီ”





“မဟုတ်တာ အရိုင်းရယ်၊ ငါ့ကြောင့် နင့်ကို သူတို့ရိုက်နှက်ထားတာ
ဟုတ်လား”

“နင့်ကြောင့်ပေမယ့် သူတို့ရိုက်တာမဟုတ်ပါဘူး”

“ဟင် ... ဘယ်လို”

အရိုင်း က ခြေဦးထိပ်ကိုငုံ့ကြည့်ရင်း ရယ်ကာ ...

“ဟုတ်တယ်၊ နင်နဲ့ လျှိုထဲကိုလိမ့်ကျတုန်းက ငုတ်နဲ့ခြစ်မိကာ”

“ဟင် ...”

“အဲဒီကတည်းက ဖိနှပ်စီးလို့မရအောင် သွေးထွက်နေလို့ ခဏနား
ယ်ဆိုပြီး ငါ ထိုင်နေလိုက်တာပေါ့”

“အရိုင်းရယ် ဖြ...ဖြ၊ ဒါဆို ငါနဲ့ လုံးဝသက်ဆိုင်တယ်၊ ငါ ကြည့်ရမှ
ဖြစ်မယ်”

“မဖြန်နိုင်ပါဘူး။ ငါဖြချင်မှဖြစ်တာ”

“ဘာလဲ နင်က၊ သေရာပါမယ့်ဒဏ်ရာကြီးဖြစ်ရတယ်ဆိုပြီး ငါ့ကို
တ်နာနေလို့ရအောင်လား”

“ဘာဖြစ်ဖြစ် မမေ့ဖို့မလိုဘူးလား”

ဆက် ငိုင်တွေသွားပြန်သည်။ တစ်ခါတစ်ခါ အရိုင်း ထပြောလိုက်တဲ့
စကားလုံးတွေက ဟိုလိုလို ဒီလိုလို၊ ပြီးတော့လည်း ဘာမှမဟုတ်သော ဖြစ်
နေပြန်၏။

ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘူးဖြစ်စေ မမေ့ချင်ဘူးဆိုတာကိုတော့
အကယ်အဟုတ်ဖြစ်စေချင်၏။

နင် ငါ့ကိုမမေ့ပါနဲ့ .....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"တောက်...၊ ဘယ်လောက်မခံချင်စရာကောင်းသလဲ၊ ခွေးနာရှပ် ကာ..."

"လင်းမော်... ဟိုတ်ကောင် ဒီမှာ ပြဿနာကတစ်ဖက်နဲ့ကွာ၊ အဲဒါ ထားလိုက်စမ်းပါ"

လင်းမော် က တစ်ချက်မှလှည့်မကြည့်ဘဲ လပ်ကီးကိုလည်ပတ်ကြိုး ကနေကိုင်ပြီး တန်းလန်းဆွဲချသွား၏။

မင်းမော် လှမ်းခေါ်တာမရသဖြင့် သူ့နောက်ကိုပဲ ပြေးလိုက်လာခဲ့ရ ကာ...

"လင်းမော် ... ကွာ ... ရှိးတဲ့မှပဲ၊ ဒီခွေး ဘယ်အချိန်ရိုက်သတ်သတ် ရတဲ့ဟာ ..."

"ဘယ်မှာရလို့လဲ၊ ကိုကြီးလဲလုပ်ရဲတာမဟုတ်ဘူး၊ ဟိုအဘိုးကြီးကို ဒုက္ခိတလို့ ကွယ်ရာမှာခေါ်ရဲနေပြီး ရှေ့ရောက်ရင် နားရွက်မခတ်ရဲဘူး"





"ဟာ... ဒါကတော့ ကိုယ့်အဘအရင်းကြီးပဲကွ ..."

"မရင်းဘူးထားလိုက်ဗျာ၊ သူလဲ ကျောသားရင်သားခွဲခြားပြီးနေတာ၊ ကိုယ်လဲ ခွဲရမှာပဲ၊ ဘယ့်နှယ် ကိုယ်ရှာကျွေးတာကိုစားနေပြီး သူ့ကို ..."

"လင်းမော် ..."

မင်းမော် က စုတ်တသပ်သပ်ညည်းညူရင်း လင်းမော် လက်ထဲက သံတုတ်ဟိုကိုဆွဲလုပစ်လိုက်၏။

"ဘာလုပ်တာလဲ ကိုကြီးရ၊ ပေးစမ်းပါ"

"ဂါး"

တုတ်ကို နှစ်ယောက်ဆွဲလုရင်း လပ်ကီးရဲ့ပါးကိုရိုက်သွားသဖြင့် လပ်ကီးအော်သံကြီးထွက်လာသည်။ ထို့ပြင် လည်ပင်းကနေကြိုးချည်ဆွဲ ထားသလိုဖြစ်နေသောကြောင့် ခြေလေးချောင်းစလုံးနှင့် မြေကြီးက ခွာတ်နေတော့ပိုဆိုးသွား၏။

ရှန်းကန်နေရင်းနှင့် လပ်ကီးမျက်လုံးတွေ ပြူးထွက်လာ၏။ တိုက် ကြီးနောက်ဖေးခြံစပ်မှာ သစ်ပင်ရှုပ်နှယ်အကာအကွယ်မရှိသော်လည်း အပြင်ဘက်ကမမြင်နိုင်လောက်သည့် ကွယ်ရပ်တစ်ခုလို လုံခြုံနေသည်။

လင်းမော် က လပ်ကီးကိုယ်ကြီးကို မတ်တတ်ရပ်လိုက်ပြီး ကြာရှည် ခွဲထားနိုင်သဖြင့် မြေကြီးပေါ် ချရင်း သူပါ ဒူးထောက်ထိုင်သည်။

ပြီးတော့ သံတုတ်ကို တဆဆနှင့်အံကြိတ်ကာ ...

"ခွေးသူတောင်းစား"

ခေါ်ပြီး လပ်ကီးရဲ့လည်ပတ်ကို ဖိဆုပ်ခါပစ်လိုက်၏။

"ဒါနဲ့နင်နဲ့တန်လို့လားဟင်၊ ခွေးကခွေးပဲ၊ မစင်စားနေတဲ့သတ္တဝါကို အမ်းကန်ထဲကခွဲကျွေးပြီး စောင့်ခြံပေးသိပ်တာ၊ အဲဒီသတ္တဝါတွေ ရှေ့ နော ဒါမှမဟုတ်ရင် အမျိုးတူ ဘဝတူတွေမို့လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ဖင်း ပြောလေကဲလေပါလား၊ မရှိသေရင်နေ မစော် ကားစမ်းပါနဲ့ အဲဒီခွေးကို သတ်မှာဖြင့်လဲ သတ်ပစ်လိုက်၊ အချိန်ပို အလုပ် ရှုပ်တယ်၊ ဟိုမှာ ပြဿနာတက်နေတဲ့ကိစ္စ ဘယ်လိုရှင်းရမှန်းမသိသေး ဘူး၊ တောက် ...,"

မင်းမော် ဘာတွေပြောနေနေ လင်းမော် ကတော့ လပ်ကီး၏လည် ပတ်ကိုပဲ သဲမဲစိုက်ကြည့်၍ မကျေနပ်တာတွေကို ထုထည်ကြီးမားအောင် စုစည်းနေခဲ့သည်။

ခွေးလည်ပတ်ကိုချွား ကိုယ့်မိန်းမပေးခဲ့တဲ့လက်ဆောင်ကို ဖျက်ဆီး ပြီး မျက်စိလည်းမမြင်ဘဲနှင့် ကြိုးစားပမ်းစားချုပ်ပေးရသတဲ့။

ဒါ ဟိုကောင့်ခွေးမို့လို့ အရေးပေးတာ၊ ဒီကောင်နဲ့ပတ်သက်ရင် ဘာ ဖြစ်ဖြစ် ဘယ်သူ့ကိုမှ ဂရုမစိုက်၊ ဘယ်မျက်နှာကိုမှမကြည့် ...။

ဒီလည်ပတ်ကိုမြင်တိုင်း ခွေးကိုသတ်ပစ်ချင်နေတာ ဒီနေ့မှပဲ ဆန္ဒ ပြည့်တော့မည်။

ဒီနေ့ အိမ်မှာ အရိုင်း လည်းမရှိ၊ ဘုန်းကြီးကျောင်းကို ဘဘ နိုင်း လိုက်တာ ကြားသည်။

ပြီးတော့ ဘဘ သိပ်နေမကောင်းပေ။ ခေါးသောက်ပြီး အိပ်ပြီဆိုရင် အကြာကြီး အသံတိတ်နေတတ်၏။ အားလုံး သေချာနေတာကို ပြန်တွေး ရင်း လင်းမော် က လပ်ကီးကို ပိန္နဲပင်ဖျို့အောက်မှာ သွားချည်လိုက်၏။

လပ်ကီးသည် သူ့ အခြေအနေကိုနားလည်သလိုမျိုး အပင်မှာအချည် မခံဘဲ ရုန်းကန်ပြီးအော်လာ၏။

"အိမ်မှာ ... အော်သေးတယ်၊ ခွေးဝဲစား ခုမှ ဝဲစားသံပေါ်လာတာ၊ နေဦး နင့်ကို တစ်ချက်ကည်း အသေရိုက်မသတ်ဘူး၊ တစ်အိမ်တည်းနေ ပြီး ငါတို့ကိုကျတော့ သခင်လိုမှမှတ်တဲ့ကောင်၊ နင့်ကို သေပွဲပွက်ပွက်ရ





ပြီး မရှိမဆုံ့အသက်ထွက်အောင်လုပ်မယ်၊ လာခဲ့ ..."

ညီဖြစ်သူ အငြိုးကြီးနေသည်ကို စိတ်ပျက်စွာရပ်ကြည့်နေရင်း မင်းမော် ခေါင်းတခါခါဖြစ်နေ၏။ ဒေါသတွေ၊ မကျေနပ်တာတွေ စုပြုံနေ သမျှ ခွေးတစ်ကောင်ကိုသတ်လိုက်ရုံနဲ့ ပြီးသွားမှာတဲ့လား ...။

အဓိပ္ပာယ်မရှိတာတွေမလုပ်နဲ့ဆိုပြီး တားဆီးဖို့ကျတော့ ဒီခွေး ဟို ကောင်လေးကို တရားလွန်ခင်နေတာက မုန်းစရာကောင်းတာ အမှန်ပင်။

ထို့ကြောင့် စိတ်မရှည်လက်မရှည်နှင့်ဘဲ ရပ်စောင့်နေလိုက်သည်။ လင်းမော် က သံတုတ်ကို လပ်ကီးမျက်နှာရှေ့မှာ နှစ်ချက်သုံးချက် ဝှေ့ ယမ်းပြလိုက်ပြီး လက်ကို လွှဲမြှောက်လိုက်လျှင် ...

"ဟဲဒါ ဘာလုပ်တာလဲ၊ လပ်ကီးကို ဘာလုပ်မလို့လဲ"

အသံလေးက စူးစူးဝါးဝါး ဖျာဖျာသလဲ။

လင်းမော် လက်ကြီး လေထဲမှာပဲ ရပ်တန့်သွားခဲ့၏။ မင်းမော် အသံ လာရာဆီ လှမ်းကြည့်လိုက်မိပြီး တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွား၏။

မကျေနပ်ခဲ့သမျှအားလုံးဟာ အမုန်းတွေအဖြစ် အနည်ကျတင်ရစ် ခဲ့မှန်း ဒီမျက်နှာကို ဒီအချိန်မှာတွေ့လိုက်ရတော့ သေချာသွားခဲ့၏။

"အပွန်း ... မင်းပဲကိုး ..."

ဆက် က ယိုင်နဲ့နဲ့ရှို ယွင်းနေသည့် နောက်ဖေးတံတိုင်းပျက်၏ တစ် ဖက်ကနေ အုတ်ပုံကိုကျော်ခွတက်လာ၏။

ပြီးတော့ ရှေ့ဆက်မတိုးဘဲ အုတ်ပုံထိပ်ကနေ မတ်တတ်ရပ်နေကာ ဟိုဘက်က ကိုယ့်ခြံကိုလည်း မသိမသာ လှမ်းအကဲခတ်သည်။

ဒီနေ့ အလုပ်သမားတစ်ယောက်၏နာရေးရှိသည်မို့ အဖေနဲ့သူတို့ သွားပြီးပြန်လာကြတာဖြစ်သည်။ အခေါ် နှစ်ယောက်၏အကျင့်က နာရေး နှင့်ပတ်သက်ပြီးသွားလာရပြီဆို ခေါင်းမှုး ခေါင်းကိုက်ခဲတတ်ကာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သည်နှင့် အနည်းဆုံး နှစ်နာရီလောက်တော့ ခွေကျသွားတတ်သည်ပင်။

အစော က အိမ်မှာမရှိ။

"အဖိ ခဏလှဲနေလိုက်နော်၊ ဆက် နောက်ဖေးလမ်းလေးမှာ စဏ လမ်းလျှောက်ချင်လို့"

ဟု အဖိုကို ဆေးတိုက်ပြီးထွက်လာခဲ့၏။

နောက်ဖေးလမ်းက ကုန်းမြင့်ကုန်းနိမ့်ပုထစ်တွေနှင့် သစ်ပင်ချုံပုတ်တွေပုပုလေးတွေပဲရှိကာ လူနေအိမ်ခြေနှင့်မနီးသည်ကသာယာနေသည်။ ထို့ပြင် ...

တစ်ဝက်နီးပါးလောက် ယိုင်နဲ့ပြိုကျနေသည့် 'သွင်ရတနာ'၏နောက်ပိုင်းကိုလည်း စိတ်ဝင်စားတာလည်းပါ၏။ ခုတော့ အမှတ်တမဲ့မဟုတ်ဘဲ ထမင်တကာလာချောင်းသလိုဖြစ်သွားခဲ့၏။

အမြဲတမ်းမြင်နေကျ အထင်မြင်သေးစွာပြုံးတတ်သည့် မင်းမော်နှုတ်ခမ်းတို့က အဓိပ္ပာယ်ပေါင်းများစွာနှင့်ဖြစ်ကာ ...

"ဟိတ် ... မင်း သတ္တိမနည်းပါဘူး။ အဲဒီမှာရပ်ပြီး ဘာလုပ်နေတာလဲ၊ ဒီဘက်ကိုဆင်းခဲ့လေ"

ဒေါသကို အပြုံးနှင့်ဖုံးဖိ၍ ငယ်သူတို့၏မာနကို ရိုက်ပုတ်နှိုးဆွသည်။ လင်းမော် ကလည်း လပ်ကီးကို အသေရိုက်နှက်ရန်အစီအစဉ်မှ ဆက်ကို ဘယ်လိုအမဲဖျက်ရမလဲဆိုသည့် ကောက်ကျစ်သည့်မျက်လုံးတသက်လက်နှင့် ထရပ်လိုက်လာ၏။

စိတ်သွားတိုင်းကိုယ်ပါကာ ဖျတ်ခနဲခုန်ချသွားလိုက်ဖို့တော့ စိတ်ကဖြစ်လိုက်သေး၏။

ဒါပေမယ့် မသင့်တော်ခြင်းကို ဆက် သတိရလိုက်မိ ကာ နေရာမှ





မရွှေ့ဘဲ ...

"ခုမှ သူခိုးလူမိသွားလို့ သေဖော်ညှိချင်တာလား၊ ကိုယ့်ကို ဘာမှပြန်မလုပ်နိုင်တဲ့သတ္တဝါတွေကို နှိပ်စက်ရတာ တော်တော်ဝါသနာပါပုံရတယ်၊ အဲဒါများ သားသတ်ရုံတစ်ခုခုမှာ ဝင်လုပ်လိုက်ရင် အဆင်မပြေဘဲ ဟာ...၊ သူများက ယုယစွာမွေးမြူထားတဲ့သတ္တဝါကိုမှ ခိုးချောင်ခိုးဝှက်သတ်ရသလား"

"သတ်ဖို့အတွက် ဒီနေရာကိုရွေးတာမဟုတ်ဘူး၊ ခွေးသေသင့်တဲ့နေရာကို ရွေးလိုက်တော့ ဒီနေရာကပဲ သင့်တော်လို့ ..."

"ကိုကြီးက ဘာရှင်းပြနေတာလဲ"

ဒေါသကြီးနေသည့် လင်းမော် က သံတုတ်ကိုကိုင်ထားဆဲဖြစ်ကာ တံတိုင်းပုံပေါ်မှာရပ်နေသည့် ဆက် ကို စိန်ခေါ်ကြည့်နှင့် ကြည့်၏။

"နင်က 'သွင်ရတနာ'ကလူတွေကို ဘာထင်လို့ ဝင်ဝင်ပါနေတာလဲ၊ ဘွားခနဲပေါ်လာ၊ ဘွားခနဲရောက်လာနဲ့ အချိန်မရွေး ပြန်ထွက်သွားလို့ရတယ်ဆိုပြီး လူပါးဝနေတာလား၊ သတ္တိရှိရင် ဆင်းလာခဲ့စမ်း"

"မင်းက သူ မဆင်းရဲဘူးထင်လို့လား၊ ဟိုက ဖျတ်ခနဲခုန်ချလာမှ ကာကွယ်ချိန်မရဘဲဖြစ်သွားဦးမယ်နော်"

ကြောက်သလိုလို၊ ထောင်သလိုလိုနှင့် မင်းမော် စကားက ဘာကို ရည်ရွယ်မှန်းမသိ။ ပြီးတော့ ရှန်းလိုက်၊ ငြိမ်နေလိုက်ဖြစ်နေသည့် လပ်ကီးကို မေးဆတ်ပြ၍ ...

"တစ်ခုတော့ရှိတယ်နော်၊ မင်းက ဒီခွေးကို မသတ်စေချင်ဘူးဆိုရင် အဲဒီကနေ စာခြောက်သလိုခြောက်နေရုံနဲ့တော့ မရနိုင်ဘူး၊ လူစွမ်းကောင်းလုပ်ချင်ရင် စွန့်စားရမှာပဲ၊ ငါတို့ကို ...ဘားဆီးရဲတယ်ဆိုတော့ စွန့်စားဖို့သတ္တိလဲ မင်းမှာရှိနေမှာပါ။ ဘယ်လိုလဲ၊ ဆင်းလာရဲရင် ဒီခွေးကို မင်း ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့ရင်တော့ မင်းရှေ့မှာပဲ ဝက်ချက်သလိုဖျက်ပြမယ်၊ ဘယ်မလဲ ကြည့်နေမလား"

မခံချင်စိတ်ကြောင့် ပြေးသွားလိုက်ချင်စိတ်တွေ တရိပ်ရိပ်တက်နေကြ၏။ ဒါပေမယ့် ကိုယ်က မိန်းကလေးဆိုသည့်အသိက တားမြစ်နေသည်။

ပြီးတော့ သူတို့ ဘာဖြစ်လို့ အတင်းဆွဲချနေတာလဲ၊ ယောကျ်ားကြီး နှစ်ယောက်နှင့် မိန်းမသားတစ်ယောက်အဖို့ လက်ရုံးချင်းယှဉ်လို့ကတော့ ကိုယ်က ကိုယ်ခံပညာ တတ်လားတယ်ဆိုပေမယ့် အပြတ်အသတ်အနိုင်ရဖို့က မသေချာ။

"ဟိတ် ဘယ်လိုလဲ"

"ထားလိုက်စမ်းပါဗျာ၊ ရှင်းရမှာက ဒီကောင့်ကို ..."

"ဒုတ်"

"ဂိန်"

"မလုပ်နဲ့"

သံတုတ်နှင့် လွှဲရိုက်ဝစ်လိုက်သဖြင့် ခေါင်းကိုမဟုတ်သော်လည်း လပ်ကီး ပုံခနဲပစ်လဲသွား၏။

လပ်ကီးကို သနားသည့်စိတ်ဖြင့် ဆက် မျက်လုံးတွေဝင် ပြာသွားသည်။

သူများစည်းဝိုင်းထဲကို နောက်ထပ် ကျူးကျော်မဝင်မိအောင်လည်း ထိန်းနေရသဖြင့် တံတိုင်းထက်မှာ လူက ဖြတ်ကျခဲ့တော့မတတ် ယိမ်းထိုးသွား၏။

"အဲဒီလိုမလုပ်နဲ့ လင်းမော်၊ သတ္တဝါကို ညှဉ်းပမ်းနှိပ်စက်တာ ဝဋ်လိုက်တတ်တယ်၊ သတ်ဖြတ်တာက ငရဲကြီးတာပဲရှိတာ"





မင်းမော် က လှတတ်ကြီးလေသံနှင့်ဝင်ပြောပြီး ဆက် ကို မသိသော စေ့ကြည့်အကဲခတ်ကာ ...

"ဝဋ်မှာအမြဲ ငရဲ အပ တဲ့၊ ဟဲ ဟဲ ... ဝဋ်ကြွေးဖြစ်သွားရင် ချေဖျက်လို့မရဘူး၊ ငရဲကြီးတာက ကုသိုလ်နဲ့ဖျက်ရင် ဖျက်တယ်"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"တစ်ချက်တည်းသာ အသေရိုက်သတ်ပစ်လိုက်တော့"

"စောစောက ပြောပါလား"

ညီအစ်ကိုချင်း သဘောတူညီမှုရသွားပြီး လင်းမော် က ဖြန်ထရပ်နေပြီဖြစ်သည့် လပ်ကီးဘက်ကိုလှည့်သွားသည်။

"မလုပ်ပါနဲ့ ရှင်တို့ အဲဒီလောက်ယုတ်ယုတ်မာမာလုပ်ပစ်ရလောက်အောင် ဒီခွေးလေးတစ်ကောင်က ဘယ်လောက်ဆိုးရွားနေလို့လဲ"

"ဟား ... ခွေးကိုသတ်ဖို့ လုံလောက်တဲ့အကြောင်းပြနေရဦးမှာလား။ အေး ... အကြောင်းပြဖို့မရှိပေမယ့် မင်း သတ္တိရှိရင် လာခဲ့"

"တောက် ..."

ဒီစကားချည်းပဲပြောပြီး ကိုယ့်ဒေါသကို တမင်နှိုးဆွနေမှန်းသိသိနှင့် စိတ်ကို ဘယ်လိုမှထိန်းမရနိုင်ဖြစ်လာကာ ဆက် မိုက်မိုက်ကန်းကန်း ခုန်ချဝစ်လိုက်သည်။

မင်းမော် မျက်နှာကြီးဝင်းထိန်သွား၏။ လင်းမော် လက်ထဲက သံတုတ်သည် မြေပြင်ပေါ် ကို ခြေမိုင်မိုင်ရပ်ရသေးသည့် ဆက်၏ခြေထောက်များဆီ ဝိုးခနဲပြေးဝင်သွားသည်။ ထိုပြင် သေလုမြောပါးရှောင်လိုက်ရသည့် ဆက်၏နောက်ကျောကနေ မင်းမော် က ခြေရာလက်သုံးပြီး ပိတ်ကာထားလိုက်၏။

"အင့် ..."



www.burmeseclassic.com

www.burmeseclassic.com



ကျော့လား၊ ခါးလား မသိလိုက်ဘဲ ဆက် ရင်ဝမှာ တက်အောင့်ကာ အသက်ရှူရပ်မတတ်ဖြစ်သွား၏။ ကိုယ်ခံပညာတတ်ထားသည့်မာ၊ လှုပ်ယပ်ပီပီ စိတ်ဆတ်၍ ဆင်ခြင်ဉာဏ်နည်းသည့်ဆုံးဖြတ်စောမှုက ကောင်းကောင်းကြီး ဒုက္ခပေးတော့သည်။

ခြေတစ်လှမ်းမှားသွားသည်နှင့် ပြန်ဆုတ်မရနိုင်သော ခြေလှမ်းများစွာအတွက် နောင်တတရားက နောက်ကျစွာဝင်၏။





## အခန်း (၁၃)

"လပ်ကီး ... ဟိတ်ကောင်"

အိမ်ထဲဝင်လာသည်နှင့် ခေါ်ကြည့်လိုက်တော့ လပ်ကီး၏အရိပ်ယောင်ကို မတွေ့။

"လပ်ကီး"

ခေါ်ကြည့်ရင်း အသံကျယ်လာကာ ခြေလှမ်းတွေကလည်း ဟိုပြေးသွားဖြစ်လာ၏။ သူ အပြင်ကိုသွားခါနီးမှာကတည်းက အနားမှာမရှိလို့ ...ယောက်တည်းထွက်သွားလိုက်တာဖြစ်သည်။

လမ်းကျမှ လပ်ကီးကိုမတွေ့သည့်အဖြစ်ကို စိတ်တိုင်းမကျဖြစ်ခဲ့...ည်၊ ခါတိုင်းဆို အမြဲတမ်း မနီးမဝေးမှာရှိနေတတ်ပြီး တစ်ခွန်းခေါ်...တာနှင့် ရောက်လာတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လုပ်စရာရှိတာ မြန်မြန်လုပ်ပြီး ပြန်လာခဲ့မိ၏။

စိတ်ထဲမှာ တစ်ခုခုဆိုတာကိုတွေးမိလာရင်း ခြံကြီးထဲကို ပတ်ပြေးခဲ့မိသည်။

"လပ်ကီး"

"ဝုတ် ... ဝုတ်"

"ဟင် ..."

လပ်ကီးက ဗိန္နဲပင်ခြေရင်းမှာ ကြိုးချည်ခံထားရလျက် လှမ်းဟောင်နေပုံက တစ်ခုခုကို အလျင်စလိုပြောချင်နေသည့်ပုံ ...။

"လပ်ကီး ... မင်းကို ဘယ်သူချည်ထားတာလဲ"

"ဂိန်"

သူ လပ်ကီးကိုသိမ်းဖက်လိုက်စဉ် ရှေ့လက်တစ်ဖက်ကိုထိမိသည်နှင့် လပ်ကီးက တအားအော်ပြီးရုန်း၏။ ကြည့်လိုက်တော့ လက်ဆစ်မှာ ရောင်နေတာ မနည်းမနော။

"ခွေးကိုကြည့်ပြီး ကြေကွဲမနေနဲ့၊ နင့်ရဲ့အချစ်တော်မလေး အထဲမှာ ဘဝပျက်နေတာ သွားကြည့်လိုက်ဦး"

"ဟင် ..."

နောက်ကိုလှည့်ကြည့်လိုက်တော့ မငယ်က အနီရဲရဲဝတ်စုံနှင့် ပြုံးပြုံးပုံက ဘီလူးပြုံး ...။

"မငယ်"

အရိုင်း ဖျတ်ခနဲထရပ်လိုက်မိသည်။ မငယ်က လက်ပိုက်ထားသည့် လက်နှင့် တိုက်ကြီးထဲကိုညွှန်ပြကာ ...

"သွားကြည့်လေ၊ ဘာလဲ... အပိုပြောနေတယ်ထင်လို့လား။ ပွဲ ဒီဟာလေးကို နင် တော်တော်အထင်ကြီးနေပုံရတယ်။ ဒီမှာ အရိုင်း -





လူစွမ်းကောင်းဖြစ်ဖြစ်၊ သူရဲကောင်းဖြစ်ဖြစ် သူများလက်နက်နဲ့သေရတာပဲ၊ အဲဒါကို လက်မခံဘူးလား"

အရိုင်း ဘာမှပြန်မမေးတော့ပါ။ လပ်ကီးကို ကြိုးဖြေပေးဖို့လည်း သတိမရတော့ဘဲ တိုက်ကြီး၏နောက်ဖေးထဲကို တစ်ရှိန်ထိုးပြေးဝင်ခဲ့သည်။

သူထင်သည့်အတိုင်းပင် ...၊ နောက်ဖေးသုံးခန်းတွဲစတိုခန်းကြီးထဲက ညယ်သံသဲ့သဲ့ကို ကြားလိုက်ရ၏။ သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။

"ဝင်ခဲ့ ဟိတ်ကောင်၊ မင်းရောက်လာတော့လဲ မင်းအတွက်ပေါ့"

ကိုကြီးအသံပါလား ...။

တံခါးရွက်ကိုတွန်းလိုက်တော့ အသုံးမပြုတာကြာပြီမို့ တံခါးပတ္တာသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

အထဲမှာ မင်းမော် ခေါ် ကိုကြီးနှင့် လင်းမော် ခေါ် ကိုလေး ...။

ပြီးတော့ ဆက် ကို ကုလားထိုင်ဟောင်းတစ်လုံးမှာ ထိုင်လျက်နှင့် ကြိုးတုပ်ထား၏။

"ရွှေလက်ဆက်"

ဆက် ကိုမြင်လိုက်တာနှင့် အသားတွေပါ တုန်သွားသလား ထင်ရသည်။

ရုပ်အကျီ အပေါ်ကြယ်သီးသုံးလုံး ပြုတ်နေလျက် ပုံစံက ဖရိုဖရဲ ဆက် သည်ကြိုးကပ်တုပ်ထားသည့် လက်နှစ်ဖက်ကို ဖိကြိတ်ရုန်းနေ င်း မျက်ရည်တွေက အဆက်မပြတ် ကျနေကာ သူ့ကိုလည်း နောက် သ် မော့မကြည့်တော့ဘဲ မျက်နှာလွှဲပစ်လိုက်သည်။

"ဒါ... ဒါ ဘာလုပ်ကြတာလဲ၊ သူ့ကို ဘာဖြစ်လို့ ဒီလိုလုပ်ကြတာလဲ"

တစ်သက်လုံး မော်မကြည့်ရဲခဲ့သည့် အစ်ကိုတွေကို အရိုင်း ကျယ် လောင်စွာအော်မေးပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းမော် က စိတ်ဆိုးပုံမပြဘဲ သူ ဒေါသထွက်နေတာကိုပဲ ကျေနပ် သွားသလိုလို တဟင်းဟင်းရယ်လျက် ...

"အိမ်ကူးကူးလာပြီး ခိုးစားတတ်တဲ့ကြောင်တွေ ဒီလိုပဲ ထောင် ချောက်မိပြီး ဘာဖြစ်ကုန်ကြသလဲ မင်း နားမလည်ဘူးလား၊ အခု သူ့ကို ငါတို့ ဘာလုပ်မလဲ ကြည့်နေ ..."

"ကိုကြီး"

"ဟိတ်ကောင်"

အရိုင်း ရှေ့ကို ဖျတ်ခနဲတက်သည်။ ကိုလေးက သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။

"မင်း အေးအေးဆေးဆေးကြည့်နေလိုက်၊ မဟုတ်ရင် ..."

"နေဦး"

ကိုလေး ပြောနေတုန်း ကိုကြီးက လက်ကာတားဆီးကာ ...

"ဝေဒနာဆိုတာ ရိုက်နှက်နှိပ်စက်မှ ခံစားရတာမဟုတ်ဘူးကွ ဒီခွေးကောင့်ကို ရိုက်တာထက်ပိုပြီးနာကျင်ခံစားရအောင် နှိပ်စက်ရမယ်"

ဟုပြောကာ ဆက် ကို သမင်လည်ပြန်ငုံ့ကြည့်သည်။ ပြီးတော့ အရိုင်း ဘက်ကိုပြန်လှည့်၍ ...

"အစကတော့ ဒီဟာလေးကို ဘဝပျက်အောင် ဖျက်ဆီးပစ်မလို့ ဒေါသတစ်ခုပဲမိုးမွှန်နေတာ၊ မင်းရောက်လာမှပဲ ဘာလုပ်သင့်တယ်ဆိုတာ အမြင်မှန်ရသွားတယ်"

ရွံရှာစရာကောင်းလောက်သည့် မဲ့ပြုံးနှင့် ညီအစ်ကိုနှစ်ယောက် မျက်လုံးချင်းဆုံသွားပြီး ...

"မင်း ကျေနပ်လိုက်ပါ လင်းမော် ရာ၊ ငါတို့က ကျူးကျော်လာသူကို အပြစ်ပေးခွင့်ရှိတယ်လို့ သတ်မှတ်ပေမယ့် နောက်ထပ် ပြဿနာတက်





သာနိုင်တာတွေရှိသေးတယ်ကွ၊ အဲဒီတော့ မြားတစ်စင်းတည်းနဲ့ ငှက်နှစ်ကောင်ပစ်ပြီးသားဖြစ်အောင် ငါလုပ်တာကို မင်းစောင့်ကြည့်နေစမ်းပါ"

ပြောပြီး မှုန်ကုပ်ကုပ် အံကြိတ်နေသည့် အရိုင်းရှေ့ကို တိုးသွား၏။

"မင်း ငါတို့ရှေ့မှာ သူ့ကို ဖျက်ဆီးရမယ်"

"ကိုကြီး ... ကိုကြီး ဘာပြောလိုက်တယ်"

"နောက်တစ်ခါ ငါ ပြန်မပြောဘူး၊ အေး ... မင်းက 'မာင့်အင့်' ဆိုရင်တော့ ဒီဟာလေး ဒီထက်အများကြီး အဖြစ်ဆိုးသွားလိမ့်မယ်"

"ဟား ဟား... ကောင်းတယ်၊ ကိုကြီး တော်တယ်ဗျာ၊ ဒါမှ တစ်ယောက် က ဘဝပျက်၊ တစ်ယောက်က မှိုင်းမွှန်နဲ့ ထောင်ကျ၊ ဟား ဟား..."

ထိတ်ခနဲမော့လာသည့် ဆက် မျက်နှာ နီရဲရဲလေးနှင့် အရိုင်း မျက်လုံးချင်းဆုံသွား၏။

ဆက် သည် နှုတ်ခမ်းပေါက်လုမတတ် ဖိကိုက်ပစ်လိုက်ပြီး တက် ခေါက်၏။

"ခွေးတိရစ္ဆာန်တွေ၊ လူယုတ်မာတွေ၊ ငါ့ကို ကြိုးတုပ်မထားဘဲ လွှတ်ပေးလိုက်စမ်း"

"အပိုတွေပြောမနေနဲ့ ဟိတ်... နင့်ကိုရင်ဆိုင်ယှဉ်ပြိုင်ပြီးမှ ဖမ်းလာတာ ငါ့ခြံ ငါ့မြေထဲကို ကျူးကျော်လာလို့ ဖမ်းထားတာ၊ နင်က ခုချိန်မှာ ကောင်ပံကျိုးပြီးပြုတ်ကျလာတဲ့ငှက်၊ ပြုတ်ပြုတ် ကြော်ကြော် ငါတို့စီရင်သလောက် နင် ခံရတော့မှာ"

ကိုလေးက ဆက် ကိုလှမ်းပြောပြီး အရိုင်း ဘက်ကိုလှည့်၍ ...

"ဟိတ်ကောင် ဘယ်လိုလဲ"

"ဘာဆိုင်လို့လဲ၊ သူက ကျွန်တော့်သူငယ်ချင်း၊ ကျွန်တော်နဲ့အတူ ပါလာတာ၊ ဒါကိုကျူးကျော်တယ်ပြောလို့ရမလား၊ မလုပ်သင့်တာကို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့ ကိုလေးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ သူဝင်လာတာ ကျွန်တော့်ကြောင့်ဆိုရင် ကျွန်တော့်ကို ကြိုက်သလို ....”

“ရှုပ်”

မျက်လုံးထဲမှာ ရောင်စုံဖြာထွက်သွား၏။

“ဟုတ်”

“အင့်”

ဗိုက်ကို လွဲကန်ခံလိုက်ရကာ အရိုင်း ကုန်းကျသွားပြန်၏။ ကိုလေ က ထိုးနှက်ကန်ကျောက်နေရင်း သူ့ပဲ ဒေါသတွေကြီးလျက် ...

“ခွေးသူတောင်းစား မင်းကို ထိုးခွင့်ရဖို့များ ငါတို့က အလဲအလှ လုပ်နေရမှာလား၊ ကိုင်းကွာ ... ကိုင်းကွာ”

“အင့်”

အရိုင်း ကွေးကောက်ကျသွားကာ ပါးစပ်ထဲကသွေးတွေစီးထွက်လ ၏။ ကိုလေးက အရိုင်း၏ကုပ်ပိုးအင်္ကျီစကိုဆောင့်ဆွဲယူကာ ဆက်ရှိ သည့်ရှေ့ကို တိရစ္ဆာန်တစ်ကောင်လို တွန်းပို့ပစ်လိုက်၏။

“ထစမ်း၊ ခု ထရပ်လိုက်၊ မင်း ရင်ခုန်လို့မရဘူးဆိုရင် ခုချက်ချင်းပြေ

ကိုလေးက မိုက်မိုက်ရိုင်းရိုင်းပြောကာ ဝတ်ထားသည့်ရှပ်အင် ရင်ကွဲကို ဆွဲဖြုတ်ပစ်လိုက်သည်။

ပြီးတော့ ဘောင်းဘီခါးပတ်ကိုပါ ဖြုတ်နေရာ ...

“ကိုလေး အဲဒီလို သူများသားသမီးကို မယုတ်မာပါနဲ့”

“ဘာကွ”

“လင်းမော်”

လင်းမော် က ဆွဲတိုးမလို့ လက်သီးဆုပ်ကြီးနှင့်ရွယ်သည်။ ကို က အနားရောက်လာပြီး လက်သီးကိုဆွဲထားလိုက်ကာ ...





“ဒီကောင့်ကို ထိုးနှက်နေရင် ဒီအချိန်မှာ ဘာအကျိုးရှိမှာလဲကွ၊ သူ ဒဏ်ရာတွေရသွားတော့ ငါတို့ဖြစ်စေချင်သလိုဖြစ်လာတော့မလား”

အသက်ရှူပြင်းပြင်းနှင့် လင်းမော် ငြိမ်ကျသွား၏။ ကိုကြီးက အရိုင်း၏ကုပ်ပိုးစကိုဆုပ်ဆွဲပြီး နောက်ဆုတ်ပစ်လိုက်ကာ ...

“ဟိုခွေးကောင် ဖြေစမ်း။ တစ်ခွန်းပဲဖြေလိုက်၊ ဘယ်လိုလဲ”

အရိုင်း မျက်ဝန်းတွေက မြင်မကောင်းအောင် ရဲတွတ်နေသည့်သွေး တို့နှင့်အပြိုင် တလက်လက်စူးရဲလာ၏။ ဘယ်တုန်းကမှ မကြောက်တတ် ခဲ့သည့်သန္တေစိတ်က ရုန်းကြွခေါင်းထောင်လာခဲ့ပြီး ...

“ကျွန်တော် အဲဒီလို ဘယ်တော့မှမယုတ်မာဘူး ကိုကြီး။ သူ့ကိုလွှတ် ပေးလိုက်ပါ၊ အဲဒီအတွက် ကျွန်တော် ...”

“ဟိတ်ကောင် ...”

နားထင်တစ်ဖက်မှာ ဖောင်းခနဲမီးပွင့်သွား၏။ မင်းမော် က လက်သီး ဆုပ်ကြီးကို တဆဲဆဲရှိဆဲနှင့် ...

“လင်းမော် ဒီခွေးသူတောင်းစား နောက်ထပ် စကားကြီး စကား ကျယ်တွေ ပြောခွင့်ရနေဦးမယ်၊ ကိုယ့်ဘာသာလှုပ်ရှားတော့”

“ရတယ်၊ ကိုကြီး စောစောကတည်းက အဲဒီလိုအမြင်မှန်ရရမှာကို.. ဟဲ ဟဲ”

လင်းမော် က ရှေ့ကို ခပ်ကားကားတိုးလာပြီး ဘောင်းဘီခါးပတ် ဖြုတ်ခြင်း အစီအစဉ်ကို တစ်ကနေ ပြန်စ၏။

နာကျင်မှုများကြားကနေ အရိုင်း မျက်လုံးတွေ စူးစူးရဲရဲဖြစ်သွား၏။ ထိုပြင် နေရာတကာ ဖျတ်ဖျတ်လတ်လတ်ရှိတတ်ကာ ပြောရဲဆိုရဲရှိပါ သည်ဆိုသော ဆက် ၏မျက်နှာလေးမှာလည်း သွေးရောင်မရှိတော့ပေ။

အသက်နှင့်ထပ်တူတန်ဖိုးထားအပ်သော အရှက်တရားအတွက်

www.burmeseclassic.com



သူမ ဘယ်လိုကာကွယ်မလဲ။ တိုင်နဲ့ခေါင်း ဖြေးဆောင့်ပစ်လိုက်ပြီး အသက်နဲ့လဲသွားပါမည်ဆိုတာတောင် အချုပ်အနှောင်ခံထားရသည့်အဖြစ်မှာ ဘယ်လိုမှစွန့်စားခွင့်မရှိပေ။

နောက်ဆုံး မြက်တစ်ပင်၊ နွယ်တစ်ပင်အဖြစ် ဒုက္ခရာများနှင့်ပြိုင်နေသော အရိုင်းထံသို့ မျက်လုံးဝေ့သော်လည်း ...

"မင်းက တော်တော်ချစ်စရာကောင်းပါလားဟင်၊ သေချာကြည့်လေလှလေပဲ"

လင်းမော် က ဖရိုဖရဲပုံစံနှင့် အရှက်မရှိမျက်နှာကြီးကို ငုံ့ချတိုးလာရင်း ကြည့်၏။

"ဒါပေမယ့် အနေမတတ်တာလေးကတော့ ဆိုးတယ်၊ ဟဲ ဟဲ"

"သွား... သွားနော်၊ မထိနဲ့"

"ဟား ဟား ဟား"

"လှယုတ်မာ၊ ခွေးတိရစ္ဆာန်ကောင်ကြီး၊ ကယ်ကြပါဦး၊ အစောရေ... အား ..."

သွေးခဲမတတ်ထိတ်လန့်သွားကာ ဆက် အသံပျောက်အောင်အော်သည်။

ရင်ဘတ်အင်္ကျီစကို အကြမ်းပရမ်းဆွဲဖွင့်ပစ်လိုက်သောအခါ ...

"ကိုလေး ... ခင်ဗျား ..."

အရိုင်း ဝုန်းခနဲခုန်အုပ်လိုက်သည်။ ဘယ်လိုမှမမြင်ရနိုင်သည့်မြင်ကွင်း၊ ပြီးတော့ ပေးဆပ်ရမည့်မိန်းကလေးက ကိုယ့်အတွက်နှင့် ဤသို့...

"ဟိတ်ကောင်... ဟိတ် .. အံမာ ..."

"ဝုန်း ဒုန်း"

အသံဗလံတွေ ဆူညံသွား၏။ လင်းမော် သည် ရှေ့မှာပဲသဲမဲနေကာ





အရိုင်း ဤသို့လှုပ်ရှားလာနိုင်မည်ဟု အနည်းငယ်မျှပင် ထင်မထားသဖြင့် ကိုင်ရိုက်ခံလိုက်ရသလိုဖြစ်သွား၏။

အရိုင်း ၏လက်သီးချက်နှစ်ချက်အောက်မှာ ပုံပျက်ပန်းပျက်ဝပ်ဆင်းသွားသည်။ ထိုအချိန်လေးကို အရိုင်း က အမိအရအသုံးချ၏။

ဆက် ၏လက်နှစ်ဖက်မှာ ကပ်ချည်ထားသည့်ကြိုးတွေကို အမြန်ကတန်းဖြေပေးရင်း ...

"ပြေး မြန်မြန်ထွက်ပြေးတော့"

"ခွပ်"

"အား"

ဆက် ကိုပြောနေဆဲ ခေါင်းမှာ ပူထူသွား၏။ မင်းမှော် ၏အရိပ်ကို မျက်ဝန်းထောင့်မှာမြင်လိုက်ရကာ ဆက် ကိုလှမ်းဆွဲလိုက်ခြင်းကိုပါ တွေ့လိုက်သဖြင့် ခေါင်းကဒဏ်ရာကို မခံစားနိုင်။

"ဘုန်း"

"အား"

အရိုင်း က လက်ထဲမှာဆုပ်ကိုင်မိသည့် သစ်သားချောင်းနှင့် လဲပြိုနေရင်းကနေ လွှဲရိုက်ပစ်လိုက်၏။ ဆက် ၏ပခုံးကိုလှမ်းသော မင်းမော်၏လက်ကနောက်ကိုပြန်လွင့်သွားကာ တစ်ကိုယ်လုံး ဖင်ထိုင်လျက် ကျသွား၏။

"ပြေး ... ပြေးလေ"

သူ့ကိုပြန်ကြည့်ကာ ဆက် ခြေလှမ်းတုံ့သွားခြင်းကို မှုန်ဝါးဝါးမြင်လိုက်သဖြင့် ကရုဏာဒေါသနှင့်အော်ပစ်လိုက်မိ၏။

ထို့နောက် သူ့တစ်ကိုယ်လုံးသည် ချားရဟတ်ကြီးထဲမှာ ဆွဲငင်ခံနေရသလို ချာချာလည်လွှဲယမ်းလျက် တဖြည်းဖြည်းမှောင်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ပြန်ကျူးထပြီး သူ့ကို ကုပ်ဆွဲခေါ်ဦးမလား။ ကိုလေး သတိလစ်နေသည်လား။ ပြန်ထလာပြီလား ...။

ရွှေလက်ဆက် ဆိုသော မိန်းကလေးတစ်ယောက် လွတ်မြောက်ခဲ့ရဲ့လား ...။

နောက်ဆုံးအသိတရားတို့သည် ရွှေလက်ဆက် ၏လက်ကလေးကို သူ ကိုင်ဆွဲ၍ ဝင်းတံခါးကြီးဆီသို့ ပြေးလွှားနေခဲ့သည်။





## အခန်း (၁၄)

"အစောရယ် ကား ... ကား ခဏလေးရပ်ပေးပါ တကယ် ခဏပါ"

"အို ... မဟုတ်တာ မရပ်နိုင်ဘူး။ ဟော့ ဒီရှေ့က မြန်မြန်ကျော်အောင် မောင်းစမ်း"

"အစော တကယ်မရပ်ဘူးလား"

"ဟဲ့ .. ဟဲ့ ... နေဦး"

"သမီး"

အသံတွေ ရှုပ်သွားသလို ကားက 'သွင်ရတနာမြို့ကြီး၏တောင်စွန်းနေရာလောက်မှာ တုံ့ခနဲထိုးရပ်သွားသည်။

"အမိုက်မ ခုထိ မိုက်ရူးရဲလုပ်ချင်တုန်း။ ဒီအကျင့်မျိုးတွေနဲ့ အခုတစ်မြို့တစ်ရွာပြောင်းရတော့မယ့်အဖြစ်မျိုး ရောက်ခဲ့ပြီ"

ကားပေါ် ကခုန်ချတော့မလို တံခါးဖွင့်နေသဖြင့် မပြစ်သာလို့ရပ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ဒေါ်စောသီဂီ ဒေါသမထွက်စဖူး မျက်နှာကြီးနီလာအောင် ထွက်သွားခဲ့၏။

ဆက် က ဘာကိုမှဂရုမစိုက်တော့ဘဲ ရင်ခွင်ထဲမှာပွေ့ပိုက်ထားသည့် ရွှေဝါရောင်ခွေးကလေးကို ဒီတိုင်းပွေ့ထားရင်း အောက်ဆင်းသည်။ ပြီးတော့ လက်တစ်ဖက်ထဲမှာ စာရွက်ခေါက်လေးတစ်ရွက်နှင့် ...

"ရွှေလက်ဆက် ဒါ ဘယ်ကိုလဲ၊ ဘာလုပ်မလို့လဲ"

"ခဏလေးပါ။ ပိုမှာကို လက်ဆောင်ပေးထားခဲ့ချင်လို့ ..."

အလွန်လှပသော ပိုမာရိန်းနီးယားလေးကို ဆက် က တခြားနာမည်မပေးဘဲ ပိုမာလို့ပဲခေါ်ခဲ့သည်။ အထူးတလည် ချစ်မြတ်နိုးခဲ့သည့် ခွေးလေးပါ။

ခုလို ထာဝရခွဲခွာကြဖို့တွေဖြစ်လာတော့ ကိုယ် အမြတ်နိုးဆုံးအရာကို လက်ဆောင်အဖြစ် ပေးထားခဲ့ချင်သည်။

ထိုပြင် အယ်လ်ဖေးရှင်းခွေးလေးကိုဆွဲထားသည့် 'အသွင်ရိုင်း'ဆိုသော လူငယ်လေးတစ်ယောက်နှင့် ပိုမာလေးကိုပွေ့ထားသော သူမ၏ပုံတူကိုရေးထားသည့် ခဲခြစ်ပန်းချီလက်ရာဖြင့် စာရွက်လေးတစ်ရွက်ရယ်...

ဒါဟာ တစ်ညလုံးမအိပ်နိုင်သည့်သံသရာထဲမှာ ဝဲလည်ရင်း ကိုယ်ပိုင်စိတ်ကူးများဖြင့် ခြယ်မှုန်းထားခဲ့သော ခံစားချက်ကောက်ကြောင်းများဖြစ်သည်။

အခက်အခဲများစွာ၊ အန္တရာယ်ဆောင်ချောက် အကွေ့အကောက်များနှင့် ဆုံစည်းခဲ့ကြပေမယ့် အရိုင်း ကိုမှ သူမ ခင်တွယ်ခဲ့မိသည်။

မေ့လိုက်ဖို့သင့်သည့်အခြေအနေတွေကို မသိချင်ယောင်ဆောင်နေချင်၏။





ထို့ကြောင့် ဘယ်သူ ဘာပြောပြော ခြေလှမ်းတို့က မြဲဝသို့ဦးတည်ပြီး ...ားဖြစ်နေခဲ့သည်။

"ရွှေလက်ဆက်... သမီး ပြန်တက်စမ်း"

"ကြည့်စမ်း။ ပြောနေတာကို ..."

ဆက် က အတင်းပြေးသွားတော့ ဒေါ်ရွှေသရဖီ ကားပေါ်က ဆင်း...ိုက်ရတော့သည်။

"သမီး မသွားရဘူး၊ အဲဒီမှာရပ် ..."

ဆက် က မြဲတံခါးဝရောက်လုကာမှ ဖျတ်ခနဲပြန်လှည့်ကာ ...

"ဒါလေးပေးရုံပါပဲလို့ ပြောထားပြီးပြီမဟုတ်လား၊ အဖီတို့ပဲ ဒီကောင်...ေးကိုတော့ ကျေးဇူးတင်ထိုက်ပါတယ်ဆို ..."

"အို... ဒါက ..."

"ဆက် ရဲ့အသက်နဲ့အရှက်ကို သူပေးတာပဲဆို ..."

"ဒါက ဒါပဲ၊ သမီးနဲ့တော့ ..."

"ဆက် ဘာမှမလုပ်ဘူး၊ ဒါပဲပေးမှာ"

"မပေးနဲ့တော့၊ ဒီခြံထဲမှာ သူတစ်ယောက်တည်းရှိတာမဟုတ်ဘူး။ ...လောက်ယုတ်မာရိုင်းစိုင်းနေတဲ့မိသားစုနဲ့ ..."

"ဟင့်အင်း"

ဆက် က ပိုမာလေးကိုပိုက်ကာ ခြံဝထိပြေး၏။ ပိုမာ့ လည်ပတ်မှာ ...တ်လျက်ပါသည့်သံကြိုးစနှင့်ဝိတ်ထားသည့် တံခါးအောက်တန်းမှာ ...ည်လိုက်ကာ စာရွက်ခေါက်လေးကို ထိုကြားထဲကနေ အထဲရောက်ထိုး...ည့်လိုက်၏။

တစ်ဆက်တည်းအချိန်မှာပဲ ဒေါ်ရွှေသရဖီ ဆောင့်ဆွဲလိုက်သဖြင့် ခြေဖျားထောက်လေးထိုင်နေသည့် ဆက် ကိုယ်လေး မြောက်ကြွပါသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ထ ခုထ၊ ညည်းလေးကို ဒီထိအလိုမလိုက်နိုင်ဘူး လာခဲ့"

ဆက် မရှုန်းတော့ပါ။ ဒါပေမယ့် ဆွဲခေါ်သွားတဲ့အတိုင်း ကိုယ်ရွှေ့ကသာပါလာခဲ့ပြီး ရှန်းရှန်းဖယ်ဖယ်လေးကျန်ရစ်ခဲ့သော ဗိုမာနှင့် ဟိုဘက်အစပ်ထဲရောက်သွားပြီဖြစ်သော ပန်းရိုးစာရွက်ခေါက်လေးကို လည်ပင်းကျိုးမတတ် သမင်လည်ပြန်လှည့်ကြည့်နေဆဲ ...

"တက်လေ၊ တက်လို့ဆို"

ဒေါ်စောသိင်္ဂီ က တံခါးဖွင့်ပေးပြီးရင်း မချင့်မရဲပြောသည်။ ဒေါ်မွေ့သရဖီက ဆက် က မရှုန်းသော်လည်း နောက်ကို သံယောဇဉ်မကုန်နိုင်စွာ လှည့်ကြည့်နေဆဲအဖြစ်ကို မလိုလားစွာဖြစ်ရင်း လူကိုရော မျက်နှာလေးကိုပါ ကားထဲ လုံးလုံးရောက်အောင် အတင်းအကျပ် တွန်းထိုးတင်၏။

ဆက် သည်ာ ကားကြီးထဲကို လုံးထွေးပုံကျသွားသည်နှင့် ဟီးခနဲငိုချပစ်လိုက်ကာ ...

"ငါသွားပြီ အရိုင်း သိလား၊ နင့်ကို နှုတ်ဆက်မလို့ပါ၊ နင်က ရှိမှမရှိတာ၊ ငါ သွားပြီ သိလား၊ သွားပြီနော်"

ကလေးပေါက်စလို ငိုပြောပြော၍ ဟီးလိုမ့်နေပြီဖြစ်သည့် ကားပေါ်ကနေ သွင်ရတနာခြံကြီးဆီကို လည်ပင်းလိမ်အောင်ကြည့်၏။

ဖြစ်ရလေ ရွှေလက်ဆက်...၊ ဒေါ်သိင်္ဂီ မျက်လုံးကြီးပြူးကာ ညီမဖြစ်သူကို လှမ်းကြည့်သည်။ တူမဖြစ်သူအတွက် စိတ်မကောင်းလွန်းလို့မဟုတ်၊ ဖေါ်သဖွေ့ အံ့သြတာတွေ ကုန်းရုန်းထလာကြတာ၊ ဘာကမှ တည်ပြီးဆုရမှန်းမှင်မသိတော့၍ ...

ဒီကောင်လေးနဲ့ပတ်သက်ဆက်ဆံနေမှုစိုး၍ လူကြီးတွေကအိမ်လုံးကျွတ်ပြောင်းရွှေ့ခဲ့ရပြီး ဒါကို လူကြီးတွေရှေ့မှာ သင်းကလေးက တမ်း





တမ်းတတာ၊ ပြီးတော့ ဒီအိမ်ကြီးကလူတွေ ကမ်းကုန်အောင်ယုတ်မာလိုက်ကြတာ၊ ဘဝပျက်တော့မလို့ လက်မတင်လေး လွတ်မြောက်ခဲ့တာမဟုတ်ဘူးလား။

အခုလေးတင်ပဲ ခြံရှေ့ကိုပြေးသွားလိုက်တာ ဘာမှမဖြစ်ခဲ့ဘူးတဲ့အတိုင်း ...။

စိတ်ရှိလက်ရှိသာ ထုရိုက်ကိုင်ပေါက်ပစ်ရလျှင် ဒီမိန်းကလေး နာတော့မည်။ လူကြီးတွေ မချင့်မရဲ အံကြိတ်မျိုသိပ်နေကြတာကို ဆက် က ဂရုလည်းမစိုက်၊ သိလည်းမသိ။

သူမ သိနေသည်က ရင်ထဲမှာ ဆောက်တည်ရာမရ ပြေးလွှားထိုးနှက်နေသည့် အံပူလုံးကြီး။ ဒါကို ဘယ်အရပ်မျက်နှာမှာ သွား၍ လွှင့်ပစ်ပျောက်ဖျက်ရမှန်းမသိအောင် မရိုမဆုံခံစားနေရသည့်ဒေဝနာက ဘာနဲ့မတူ။

"ဟဲ့ ... ခြော် ... အရေးထဲကျမှ ဘာဖြစ်တာလဲ ကားက ..."

ဒီနေရာကနေ ကျော်ချင်၊ ဖြတ်ချင်ပါသည်ဆိုမှ ခြံကြီးနှင့် သိပ်မဝေးသေးသောနေရာလေးမှာ ကားက တုံ့ဆွဲပြီးရပ်၏။

ဒီကုန်းလျှောလေးကနေဆင်းသွားပြီဆို နှစ်ခြံတွဲစပ်လျက်ရှိသော တိုက်ကြီးနှစ်လုံးဆီကို ပြန်လှည့်ကြည့်လည်း မြင်ရတော့မှာမဟုတ်ပေ။

ဒီကုန်းထိပ်ဟာ လူချမ်းသာတွေချည်းရှိနေတာမဟုတ်ပေမယ့် ဟိုးအရင်ကတည်းကရှိနေခဲ့သည့် 'သွင်ရတနာ' ခြံကြီးတစ်ခြံကတော့ မသိတဲ့သူမရှိသလောက်ပင်။ ကုန်းကိုတောင် တချို့က 'သွင်ရတနာ' ကုန်းဟုခေါ်ကြတာရှိသည်။

ဒေါ်စောသိင်္ဂီတို့က နောက်မှရောက်ခဲ့ကြတာဖြစ်ကာ ထိုအချိန်မှာ 'သွင်ရတနာ' က အခြေအနေယိုင်နေပြီဖြစ်၏။

www.burmeseclassic.com



နောက်ကို မသက်မသာပြန်ငုံကြည့်မိရင်း 'သွင်ရတနာ' အကြောင်းကလည်း ခေါင်းထဲရောက်လာသေးသည်။ ဒေါ်စောသီဂီ ဒေါသဖြစ်ဖြစ်နှင့် ဒရိုင်ဘာကိုကြည့်ကာ ...

"ဟဲ့ ကိုယ်မောင်းတဲ့ကား ဘာဖြစ်မှန်းမသိဘူးလား"

ဒရိုင်ဘာက ဘွန်းနစ်ကိုဖွင့်နေရင်း ပျာပျာသလဲခေါင်းညိတ်လျက်...

"သိ...သိပါတယ် မမကြီး၊ ဘက်ထရီနည်းနည်းလွတ်နေတာပါ ကျွန်တော် ..."

"တော်စမ်း"

ဒေါ်စောသီဂီ ဒေါသဖြစ်လွန်းသဖြင့် စကားပင်မပြောနိုင်။ ဒေါ်ရွှေသရဖီကလည်း မကျေနပ်။

"ဦးစံတို့ သိပ်ပေါ့တာပဲ၊ ဒီဒေသမှာ ကား ဒီလိုဖြစ်လို့မရဘူးဆိုတာ နားမလည်တဲ့အတိုင်းပဲ၊ အဲဒါ ဘာလုပ်ဖို့လိုသလဲ၊ မြန်မြန်လုပ်၊ ပစ္စည်းလဲဖို့လိုရင်လဲ လဲဖို့လုပ်"

"ဟုတ်ကဲ့ပါ"

အစ်မဖြစ်သူက နောက်ကိုတကြည့်ကြည့်နှင့် ရှိနေသလောက် ဒေါ်ရွှေသရဖီရင်ထဲမှာလည်း ဘယ်လိုမှမအေးနိုင်ပေ။ မတော်လို့ ဟိုကောင်လေးထွက်လာရင် ရွှေလက်ဆက်ဆိုတဲ့မိန်းကလေးကို ဘယ်သူမှ ဆွဲထားလို့ရမှာမဟုတ်ပေ။





## အခန်း (၁၅)

"ဟင် ..."

ဆရာဝန်ကို တင်ခေါ်လာခဲ့သည့် ဆိုင်ကယ်လ်က ခြံဝမှာ တုံ့ခနဲရပ်သွားသည်။

"ဆရာ ခဏလေးနော်"

ဆိုင်ကယ်ပေါ်က အတူဆင်းကြကာ သူ တံခါးဖွင့်လိုက်သည်နှင့် ဆရာဝန်က သူ့ဟာသူ အထဲကိုဝင်သွား၏။

"ပိုမာ"

အရှိန်း ပိုမာ့ကိုမြင်လိုက်သဖြင့် ဆရာဝန် ပင့်လာသည့်အဖြစ်ကိုရော ကိုယ့်အခြေအနေတွေအားလုံးကိုပါ မေ့လျော့သွားခဲ့သည်။

"ပိုမာ .. မင်းကို ... မင်းကို ရွှေလက်ဆက် လာထားသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



ပိုမှာကိုကောက်ဖွေ့လိုက်တော့ စာစ်ခုခုပြန်ပြောနေသလိုမျိုး ပိုမှာ နှုတ်သီးချွန်ချွန်လေးက သူ့မေးဖျားဆီသို့ မထိတထိမော့လျက် ...

တံခါးရွက်တစ်ခြမ်းမှာချည်ထားသည့်ကြိုးကိုဖြုတ်လိုက်မှ ပိုမှာ က တစ်နေရာဆီပြေးသွားပြီး ဟိုနမ်းဒီနမ်းလုပ်နေ၏။ လှမ်းကြည့်လိုက်တော့ စာရွက်ဖြူလေးတစ်ရွက်။

ဘယ်ကဘယ်လိုလွင့်လာတာလဲ၊ ဒါမှမဟုတ် ဆက် ဒီနားထိရောက် လာပြီး ချထားခဲ့လို့ လေလွင့်သွားတာလား ...။

ဘာမှမသိပေမယ့် အရိုင်း က မြဲတစ်နေရာထိရောက်နေပြီဖြစ်သည် စာရွက်လေးကို ပြေးကောက်လိုက်၏။ စာရွက်ပေါ်မှာ ခွေးကလေးတွေ ကိုယ်စီ ကိုင်ဆွဲလျက် သူနဲ့ဆက်ရဲ့သဏ္ဌာန်လေးတွေက မပီပြင်ပေမယ့် သိသာလှ၏။

ပြီးတော့ ထိုပုံကလေးရဲ့အောက်မှာ စာတန်းကလေးတွေ။

အရိုင်း

ငါတို့ကလောကနေ့အပြီးပြောင်းသွားကြပြီ။ ဒါက လူကြီးတွေ ဆန္ဒတွေပါ၊ ဘာပြဿနာပဲရှိရှိ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ငါ နင့်ကို မမုန်းဘူး။ အရမ်းခင်တယ် သိလား။

ငါတို့ ဘယ်တော့မှမမေ့ကြေးနော်

ရွှေလက်ဆက်

"ရွှေလက်ဆက်"

ဒူးထောက်ထိုင်နေရာကနေ ဆက်ခနဲ ထရပ်လိုက်မိသည်။ မျက်ဝန်း တို့သည် သူတို့ထက် အနည်းငယ်အမြင့်ပိုင်းကျကျမှာရှိနေသည့်တိုက်ကြီး ဆီ တန်းရောက်သွား၏။

ဟုတ်သည်၊ မြင်နေရသည့်ပြတင်းတံခါးတွေအားလုံးပိတ်ထားလျက်





တိုက်ကြီး၏ခြောက်သွေ့မှုက သူ့ကို 'ဘာမှမသိတဲ့ကောင်' လို့ လှမ်းအော် ပြောနေသည့်နှယ် ..။

"ဘယ်တုန်းကလဲ၊ ဘယ်ရောက်သွားပြီလဲ၊ ရွှေလက်ဆက်"

တစ်ယောက်တည်းမေး၊ တစ်ယောက်တည်း နားမလည်ရင်း စာရွက် ကိုကိုင်လျက် အပြင်လမ်းကို ပြေးထွက်ခဲ့မိတာ အရှူးတစ်ယောက်လိုပင်။

မထင်ခဲ့ပါ။ ရွှေလက်ဆက် ဆိုသည့် မိန်းကလေးအပေါ်မှာ သူ ဒီ လောက်ထိတွယ်တာနေခဲ့မိမှန်း ကိုယ့်ကိုယ်ကိုလည်း မသိခဲ့ပေ။

သွားကြပြီဆိုသောအသိက ရင်ဘတ်တစ်ခုလုံးကို ဟင်းလင်းပွင့် အောင် ခွဲချပစ်လိုက်သလို နာကျင်သွားသည်။ ပြီးတော့ ဘာမှမရှိတော့ သလို လှိုက်ဟာသွား၏။

ငါသိတယ်၊ ငါ့ကြောင့် နင် ထွက်သွားရတာ၊ ဒီမှာပျော်တယ်၊ ဒီမှာပဲ ကျောင်းတက်မယ်ဆိုတဲ့ရည်ရွယ်ချက်တွေ ငါ့ကြောင့် ပြောင်းလဲကုန်တာ။

ပြေးသည့်အရှိန်ကြောင့် မျက်နှာထက်မှာ အမြဲတမ်းအုပ်ကွယ်ကျနေ တတ်သည့်ဆံပင်တွေက မျက်နှာတစ်ပြင်လုံး ရှင်းပြောင်ပေါ်လွင်နေ သည်အထိ နောက်မှာလွင့်မျောကျန်ရစ်၏။

"ဟင် ... ရွှေလက်ဆက်"

ပြေးလိုက်ခဲ့ပေမယ့် တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိပါ။ ဆက် တို့ အိမ်က ကားမည်းမည်းကြီး၏ခေါင်မိုးကို ကုန်းနိမ့်ပိုင်းလေးမှာမြင်လိုက်ရ သဖြင့် အံ့ဩဝမ်းသာသွားကာ ပြေးနှုန်းပင်ရပ်တန့်လုလုဖြစ်သွားခဲ့၏။ ...

"ရွှေလက်ဆက်"

အရိုင်း နှုတ်ခမ်းဘေးမှာ လက်ခုပ်နှစ်ဖက်ကပ်ပြီး တအားအော်ခေါ် လိုက်၏။ ဒီလောက်ထိ မရင်းနှီးခဲ့တာကို သတိမရ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဒီလောက်တောင် လှိုက်လှဲဝမ်းသာသွားခဲ့တာ ဘာကြော ဆိုတာလည်း မတွေးမိခဲ့ပေ။ အားပါးတရလှမ်းခေါ် လိုက်ပြီးမှ ကုန်းလျှေ ထိပ်ကိုဆက်ပြေးခဲ့မိ၏။

ထိုစဉ်မှာ သူရည်ရွယ်သောပန်းတိုင်ဖြစ်သည့် ကားမည်းကြီးက သ ခနဲထွက်ခွာသွား၏။

"ဟာ ..."

"အရိုင်း ..."

ခေါ် သံသဲ့သဲ့လေးနှင့်အတူ လက်ကလေးတစ်ဖက်မြောက်တ လာသည်။ ပြီးတော့ လက်ခနဲ့ အရောင်တစ်ချက်ဖြစ်သွား၏။

"ရွှေလက်ဆက်"

ရင်ထဲမှာ နင့်သည်းသောခံစားချက်နှင့်အတူ ဒဏ်ရာဟောင်းတွေ ပြည့်နှက်နေခဲ့သောကျောထဲက အောင့်တက်သွားသည်။ ခြေထော တစ်ဖက်က နိမ့်ခနဲဖြစ်သွားသည်နှင့် တစ်ကိုယ်လုံး ဒလိမ့်ခေါက်ရေ ပစ်ဝတ်လဲကျသွားလေသည်။

သူ လူးလဲဖြန့်ထလိုက်ချိန်မှာ ဆက် တို့၏ကားကြီးကို မတွေ့ရတော ပေ။ တကယ်ဆို သူ ဒီလောက်ထိပြေးလွှားသွားနိုင်အောင် ကိုယ် ပကတိအကောင်းအတိုင်း မဖြစ်သေးပါ။ ဆက် ကိုကယ်တင်ရင်း ထို့ နံထားရသည့် ဒဏ်ရာဒဏ်ချက်တွေ သူ့ကိုယ်ခန္ဓာတစ်ခုလုံးမှာ အပ် စရာတောင် နေရာကျန်မည်မထင်။

ဒါပေမယ့် ဆက် ဆိုသည့် သူငယ်ချင်းလေးကြောင့် ဒဏ်ရာတွေ သူ မေ့လျော့ခဲ့သည်။ သူမအတွက်နဲ့ပဲ အခု ထပ်၍ ဗုန်းဗုန်းလဲရပြန်

"လူလေး ဘာဖြစ်သွားသေးလဲ"

ခေါင်းပေါင်းကြီးနှင့် တောင်းတစ်လုံးကို တစ်ဖက်ကဆွဲလာသ





လူကြီးတစ်ယောက် သူ့ကို လာထူပေး၏။

"အ ..."

"ရရဲ့လား၊ ဘယ်မှာထိသွားလဲ"

"ရတယ် အဘ၊ ရပါပြီ"

ကုန်းလျှောနေရာမှာမို့ ပြေးသည့်အရှိန်နှင့်ရောကာ လဲချက်က သက်သာပေ။ သို့သော် တွဲထူပေးသည့် သက်ကြီးရွယ်အိုကို ဉာဏ်တာ သိုစိတ်နှင့် ဘာမှမဖြစ်သလို အံကြိတ်၍ ထရပ်လိုက်မိသည်။

"ရပြီ အဘ၊ ကျွန်တော် ပြေးလာမိလို့ပါ"

"အေး အေး"

လူကြီး ဆက်လက်ထွက်ခွာသွားတော့မှ လက်သီးဆုပ်အံကြိတ်ရင်း ားကြီးပျောက်ကွယ်သွားခဲ့သည့်လမ်းကွေ့ဆီသို့ ငေးကြည့်မိ၏။

မျက်ဝန်းမှာ အစိမ်းရောင်ရင့်ရင့် မျက်ရည်တွေ ဝေ့ခနဲတက်လာခဲ့ ည်။ ချစ်ချင်းကြောင့်လား၊ ခင်မင်တွယ်တာခြင်းလား။

သို့တည်းမဟုတ် ကိုယ့်ဘဝ၊ ကိုယ့်ခံစားချက်ဖြစ်သော နာကြည်းမှု ာွပဲလား။

မျက်ရည်မိုးတို့ စတင်ဖွဲ့တည်ခဲ့သည့် အရပ်မျက်နှာကို သူ မသိပေ ည့် ရင်ထဲမှာ လောင်မြိုက်ခြင်း အတိအကျဖြစ်နေတာကို သိနေသည်။ ခြေလှမ်းတို့သည် ရှေ့ကို ဆက်လက်လှမ်းနေခဲ့ရင်း တဖြည်းဖြည်း ောက်ဖြစ်ရပ်ကြွင်းဘဝကို ရောက်သွားပါစေဟု ဆုတောင်းနေခဲ့၏။ သို့မဟုတ်ပါက တငွေ့ငွေ့ အရည်ပျော်ပျောက်ဆုံးခြင်းသို့ရောက်ပါ

သူဟာ စိတ်ဓာတ်ပျော့ညံ့ခဲ့သူမဟုတ်ပါဘဲ ဘဝတစ်ခုလုံးဟာ ဘာမှ တော့သလို လေလွင့်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ဆို ကိုယ်က ခင်မင်ချင်လွန်းလို့ ရွှေလက်ကမ်း၍ ကြိုးစား
တာ မဟုတ်ပါ။

"ငါ့နာမည်က ရွှေလက်ဆက်၊ နင့်နာမည်ကရော ..."

"နင် ခါးနာသက်သာသွားပြီလား"

"ငါ မနေ့က ဟိုနေရာကိုရောက်သေးတယ်"

"မရှာပါဘူး၊ အိမ်မှာ နင့်ကိုမမြင်တာနဲ့ အဲဒီသွားသလားဆိုပြီး လိုက်
တာ"

"အရိုင်း ငါ လာကူရမလား၊ နင် ခါးနာနေတယ်မဟုတ်လား"

"ဘာဖြစ်လို့လဲ၊ ငါ ရန်ဖြစ်ဖို့လာတာမှမဟုတ်တာ၊ ငါ အဲဒီလို မတရား
ဖိနှိပ်အနိုင်ကျင့်တာတွေကို သိပ်မုန်းတာ"

"နင့်ကို သနားဟာက တစ်ပိုင်း၊ ရန်ဖြစ်ချင်တာလဲပါတယ်"

ဆက် နဲ့ တွေ့ဆုံခင်မင်ခဲ့ကြတဲ့အထဲမှာ သူ့ဘက်က ကြိုဆိုမှုနည်း
ပါ၏။ ဒါပေမယ့် ဆက် မျက်နှာလေးမှာ ဘယ်လိုအလျော်အစားမှမ
တုံ့ပြန်ရယူလိုခြင်းကင်းသည်။

"နင့်မျက်နှာ ပါးရိုးကြီးတစ်ဖက် ညိုနေပါလား၊ လက်သီးနဲ့ထိုးထား
တာလားဟင်"

"လက်တွေမှာလဲ ပေါက်ပြဲလို့ အရိုင်းရယ်"

"ဘာလို့သွားရမှာလဲ၊ မသွားဘူး၊ အပေါင်းအသင်း လူမှုရေးရှုထောင့်
ကနေ ငါ ခေါ် ပြောနှုတ်ဆက်တာ၊ နှုတ်ဆက်ခွင့်ရှိတယ်၊ လုံးဝမသွားဘူး"

မဟုတ်မခံစိတ်လေးနှင့်သူမသည် ရင်ဆိုင်ကြမယ်ဆို သေသေချာ
ကြေ လက်တွဲရင်ဆိုင်ရဲသည့်သတ္တိတွေလည်း ရှိနေခဲ့၏။ ထို့ပြင် ...

"စိတ်ထဲမှာ နင်နဲ့ငါ ဟိုတုန်းကတည်းက အရမ်းရင်းနှီးခဲ့တဲ့ ငယ်
ပေါင်းကြီးဖော်တွေလို ရင်ထဲမှာသေချာနေတာ၊ အစောတို့ပြောခဲ့ကြ





ပဋ္ဌာန်းဆက်တွေဆိုလားမသိဘူး၊ နင်ရော ငါ့ကို အဲဒီလိုပဲလား" တဲ့။

ကိုယ်တိုင်တွေး၊ ကိုယ်တိုင်ဆုံးဖြတ်ကာ မှန်သည့်မှားသည် ဆိုတာ
ကိုလည်း ကိုယ်တိုင်ပဲ စီရင်ချက်ချသည့်သူ ...။

အခု ပြောလှည့်ပါ ရွှေလက်ဆက်ရယ် ...။

'အဲဒါ နင့်ကြောင့်' လို့ ...။

ကြေကွဲခြင်းကို ပထမဆုံးခံစားဖူးလိုက်ခြင်းဖြစ်သော်လည်း သေရာ
ပါဒဏ်ရာဖြစ်သွားခဲ့ပြီထင်သည်။

နောက်ပြန်လှည့်ဖို့ မေ့လျော့စွာလှမ်းနေခဲ့သော ခြေလှမ်းယိုင်နဲ့နဲ့
သည်။ သူ့ရှေ့ နှစ်ကိုက်ကျော်ကျော်အကွာသောက်မှာ တဖျပ်ဖျပ်လက်
နေသော ဆွဲကြိုးလေးကို မြင်လိုက်ရသဖြင့် တုံ့ခနဲရပ်သွား၏။

ထိုအခါကျမှ ကားထဲကနေ လက်ကလေးတစ်ဖက်မြောက်တက်
သွားခဲ့ပြီး ပြုံးပြက်လက်သွားသည့်မြင်ကွင်းက ပြန်ပေါ်လာ၏။

အရိုင်း ရှေ့တိုးသွား၍ကာ ကမန်းကတန်း ကောက်ကြည့်လိုက်တော့
ဆွဲကြိုးပြတ်လေးတစ်ကုံး။

"ဟယ် ... ငါ့ဆွဲကြိုးက လော့ကက်လေး မရှိတော့ဘူး"

လှိုဏ်ထဲမှာ နှစ်ယောက်ကျသွားတုန်းက ဒီဆွဲကြိုးလေးကိုစမ်းကိုင်ပြီး
ဆက် ပြောခဲ့တာကို သတိရလိုက်မိကာ သူပြေးလိုက်လာတာကိုမြင်လို့
ဒါလေး ပစ်ချပေးခဲ့မှန်း နားလည်လိုက်၏။

သူမသည် ကိုယ့်အတွက် အမှတ်တရများစွာကိုပေးရစ်ခဲ့ပြီး ကိုယ်က
တော့ လက်ပြနှုတ်ဆက်ခြင်းကိုသော်မှ မပြုခဲ့နိုင်။

"ဟိတ်ကောင် အမျိုးယုတ် ..."

မနောက်ကနေ ပခုံးတစ်ဖက်ကို ဆောင့်တွန်းလိုက်ခြင်းဖြစ်ကာ
အရိုင်း ရှေ့ကိုဒူးထောက်လဲကျသွား၏။ ပျော့တိပျော့ဖတ်နိုင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

စိတ်နှင့်ကိုယ် တွဲလျက်ရှိမနေခဲ့သောအချိန်မှာ ဒဏ်ရာဟောင်းများက နာကျင်နေဆဲမို့ ...။

"ဒီမှာ ဘာလာဖြစ်နေတာလဲ၊ အထဲမှာ ဘိုးအေတစ်ယောက်လုံး အသက်ထွက်သွားတာကို မင်း သိလိုက်လား"

"ဗျာ ..."

"ခွေးသူခိုးလေး၊ မင်းသေတော့မယ်"ဟု ကြိမ်းဝါးသည့် ကိုကြီးမျက်နှာ သပြေသီးမှည့်လို ...။

"ဘဘ"

အရိုင်း ဝုန်းခနဲပြန်ရပ်လိုက်တော့ ကျားနာတစ်ကောင်လိုမင်း။

"ဘဘ နေပါဦး၊ ကျွန်တော့်ကိုစောင့်ပါ၊ ဒီကောင် ငမိုက်သားကို စောင့်ပါဦး"

ပြေးရပြန်ပါပြီ။ ယောကျ်ားစင်စစ်အမှန်ဖြစ်ပေမယ့် ပြေးလမ်းတစ်လျှောက်မှာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျခဲ့သည်။

ရှိုက်သံတွေ ပျံ့လွင့်ကျန်ရစ်၏။

လက်တစ်ဖက်မှာ ဆွဲကြိုးပြတ်လေးကိုဆုပ်လျက်သားနှင့် တစ်ဖက်မှာ ပန်းချီစာရွက်လေးက ခါးကျိုးတွန့်ကြေလျက် ...

နောက်ထပ် ကျန်ရှိမည့်ဘဝတစ်ကွေ့တွင် ချစ်ခင်တွယ်တာရသူများနှင့် ဆုံးရှုံးဝေးကွာရခြင်းများမှ ကင်းဝေးပါစေ ...။





## အခန်း (၁၆)

"ဖြန်း"

"ဟာ..."

"အို... လက်လက်"

တစ်ယောက်ယောက်က တစ်ယောက်ယောက်ကိုရိုက်လိုက်ပြီဟု သိလိုက်ကြပေမယ့် ဘယ်သူမှ ရှင်းရှင်းလင်းလင်း မမြင်လိုက်ကြပေ။ ပြင်းထန်သည့်ထိခတ်သံနောက်ကို အားလုံး စိတ်ဝင်တစားလှည့်ကြည့်သွားကြ၏။

နေရာသည် လူအစည်ဆုံးအချိန်၊ အစည်ကားဆုံးဖြစ်သော အင်းယားကန်ပေါင်မှာဖြစ်၏။

လမ်းကလေးပေါ်မှာ ထီးကလေးတွေနှင့် ခုံတန်းလေးတွေပေါ်မှာ ရှိနေသမျှလူအားလုံးက သံစုံမြည်သွားသည့်နေရာဆီ အာရုံတွေ စုဝေးလာကြပြီး ...

"ရွှေလက်ဆက် မဟုတ်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



“တော်တော်လှတယ်”

“မင်းကို လှသလားလို့မေးတာမဟုတ်ဘူး”

“မျက်တောင်တွေ ကော့ပျံနေပုံက အတုတပ်ထားသလိုပဲ”

“အတုပဲဖြစ်မှာပေါ့”

“မဟုတ်ဘူး၊ သတင်းအမှန်အတိအကျ ရထားပြီးသား”

“ဟား ...”

သုံးယောက်မှာ တစ်ယောက်က စားပွဲကို ဖျန်းခနဲ ပုတ်ပစ်လိုက်ကာ ...

“ကြည့်ရမှာက ရွှေလက်ဆက်ရဲ့မျက်နှာကို မဟုတ်ဘူး၊ လက်ဝါးကို ပတ္တမြားဖြင့်လား ပါးတစ်ဖက်မှာ တံဆိပ်ရိုက်ပေးလိုက်ပြီ လက်ငါးချောင်းနဲ့”

လူငယ်တို့၏ရယ်သံတွေ လှုပ်လီလှုပ်လဲ့နှင့် လမ်းပေါ် ပြန်ရောက်သွားကြပြန်သည်။ မိန်းကလေးနှစ်ယောက်ရယ်၊ လူငယ်တစ်သိုက်ရယ်။

သိပ်တော့ ဘာက်မညီပါ။ ဒါပေမယ့် တစ်ယောက်သောမိန်းကလေးက စူးရဲလက်တောက်သည့်မျက်ဝန်းတွေဖြင့် ...

“နင်က ဘာကြည့်တာလဲ”

ပါးကိုပွတ်၍ နှုတ်ခမ်းစေ့အံကြိတ်သူက မဲ့ပြုံးနှင့် ရှေ့တိုးလာ၏။

“မကျေနပ်လို့ကြည့်တာပေါ့၊ ပါးရိုက်ခံရတာကို ဘယ်သူကပြုံးနိုင်မှာလဲ၊ မင်းဟာ နာမည်ကြီးသလောက် တော်တော်စွာတဲ့မိန်းမပါလား ရွှေလက်ဆက်”

“ဟွန်း ... နင့်လိုယောက်ျားမျိုးတွေပဲများနေတော့ ငါ နာမည်မျက်ရတာပေါ့၊ လူကို ထိမိသလို၊ တိုက်မိသလိုလုပ်ပြီး နင် ဘာလုပ်လိုက်သလဲ ငါသိတယ်”

သူမသည် တင်ပါးထိ ဝဲဖြာနေ့ ဆင်းနေသည့်ဆံနွယ်ရှည်တွေ လွှန့်ခါ





ခါသွားအောင် မျက်နှာမော့၍ လှလှပပလေးခါပစ်သည်။ ပြီးတော့ လွယ်အိတ်ထဲကိုလက်နှိုက်၍ အားလုံး စိတ်ဝင်တစားဖိုင်းကြည့်နေကြသည့်ရှေ့မှာ လက်ဝါးလေးဖြန့်ပြလိုက်၏။

သူမလက်ထဲမှာ ပီကေတောင့်လေးတစ်တောင့် ပါလာ၏။ ရောင်စုံစက္ကူများနှင့်ရှိတတ်သည့် ပီကေသည် သူမက အပေါ်ယံမှာ ပတ်လိပ်ထားသည့် စာရွက်ဖြူကို ခွာပစ်လိုက်မှ အရောင်မှန်အတိုင်းပြန်ပေါ်လာ၏။

“ဟွန်း”

နှုတ်ခမ်းလွှာတို့ကို အသည်းယားဖွယ် စုတွန့်ပစ်ကာ စာရွက်ခေါက်ကိုထပ်လုံးပြီး စူးစိုက်ကြည့်နေသူ၏ရင်ဘတ်ကို ပစ်ပေါက်၏။

“အဲဒီရာစုနှစ်တွေက ကျန်ခဲ့ပြီ၊ ဒီလိုနည်းနဲ့ စာပေးတဲ့ခေတ် မဟုတ်တော့ဘူး”

သူမမျက်နှာမှာ စိုးရွံ့ထိတ်လန့်ခြင်းမရှိ။ လူတွေဝိုင်းကြည့်နေတာမို့လို့ ခြေလှမ်းလည်းမမှားခဲ့ပေ။ ချာခနဲလှည့်ထွက်အသွားမှာ သူမ၏ဆံနွယ်များတို့ ဝှေ့ခနဲမျောလွင့်သွားခဲ့စဉ် မကျေမချမ်းကျန်ရစ်ခဲ့သူ၏ရင်ဘတ်နှင့် မထိတထိဖြစ်၏။

ထိုအခါ သူမကလည်း မကြောက်သလို မိုးသားမိုးတိမ်များ ညိုမှောင်နေသကဲ့သို့ ဒေါသများနှင့်အတိပြီးနေသည့် လူရွယ်ထံမှလည်း တစ်စုံတစ်ရာမျှ လှုပ်ရှားမှုမရှိခဲ့။

ဖြစ်ကြပြီ၊ ပွဲကြမ်းပြီဟု ရင်တမမနှင့်ကြည့်နေသူတွေ ပြုံးစိစိဖြစ်ကုန်ကြ၏။ ဒါပဲလားဟု မကြားတကြားပြောကာ တချို့က မဲ့သွားကြသည်။

“ရွှေလက်ဆက် မဟုတ်ဘူး ‘အောင်ပွဲဆက်’၊ အဲဒီတစ်ယောက်ရှုံးပွဲကို မရှိသေးတာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ကျယ်ကျယ်ပြောတဲ့သူကပြော …၊

"လက်လက်" ၌

"ဘာလဲ၊ နက်ကာလဲ လက်ယဉ်လိုက်တာ၊ ဟိုကများ တစ်ခုခုတဲ့ပြန်ရင် ဒုက္ခပါပဲ၊ ဒါပဲ ပြောမလို့မဟုတ်လား"

နောက်ကို တစ်ပတ်ပြန်ကြည့်၍ စကားစရင်း အလုအယက်ရှေ့တိုးလာသည့် ခက် ၏မျက်နှာလေး မဲ့သွားသည်။

"ငါက နင့်အတွက်ပြောတာ၊ ကိုယ့်ကိုယ်ကို ဘယ်လောက် လူချစ်လူခင်များနေပြီဆိုတာလဲ သတိရဦး"

စတော်ဘယ်ရီရောင်ရင့်ရင့်နှင့် ရွှေလက်ဆက်သည် ကျင်စပ်နေဆဲရှိသည့်လက်ဖဝါးကို ဖိဆုပ်ပစ်လိုက်ပြီး မျက်နှာလေးမော့၏။

"ချစ်ကြခင်ကြပါစေ၊ ရွှေလက်ဆက် များနေရင် မမှန်ပါဘူးလို့ ပြောမယ့်သူ ရောက်လာလိမ့်မယ်"

"အဲဒီလူက မပြောဘဲနဲ့ နင့်ကို ပညာပေးသွားလိမ့်မယ် သိလား။ ကိုယ်ကမိန်းကလေး၊ ရည်းစားစာပေးတာလောက်ကို …"

"ဟဲ့ … စာပေးတာက လူကို လက်ဖျားချင်းပွတ်ချိတ်ပြီး ဝခုံးချင်းပစ်တိုက်သွားတာ ကဲကောင်းလို့ ဖင်ထိုင်မလဲခဲ့တာ နင် မမြင်ဘူးလား"

"ဟုတ်တယ်လေ၊ ဒါလဲ လမ်းက သိပ်မှမကျယ်တာ၊ လူများလာရင် ရှောင်ရင်းတိမ်းရင်း မတော်တဆပါလို့ သူပြောရင်ရတယ်၊ ပါးရိုက်ပစ်တဲ့အထိ ဆိုတော့ …"

"ရိုက်မယ်၊ ရွှေလက်ဆက် က ဟိုတုန်းကဆို လက်ဝါးကိုတောင် သုံးခဲ့တာမဟုတ်ဘူး၊ ယောကျ်ားမိန်းမ ဖြူဖြူမည်းမည်း လက်သီးပဲ"

"တကယ်ပါဟယ်"

"ဘာလဲ"





"လုံးဝကိုမထင်ရဘူး"

ခက် တကယ်တအံ့တသြပြောခြင်းမို့ လက် က ပြုံးလိုက်၏။ နှစ်တွေ လတွေ ဘယ်လိုပဲပြောင်းပြောင်း မပောင်းနိုင်တာက မွေးကတည်းက ကိုယ်ပိုင်ဆိုင်လာခဲ့သောအကျင့်တစ်ခုပဲဖြစ်သည်။

အဒေါ်ဖြစ်သူတွေက မိန်းကလေးကို ယောကျ်ားလေးလို နေထိုင်ဆိုးတေခွင့်ပေးထားခဲ့သည်။ ဖေဖေကတော့ ကိုယ်ခံပညာတွေ သင်ပေးခဲ့သည်။

ဟုတ်တိပတ်တိ ကျွမ်းကျွမ်းကျင်ကျင်ကြီးတော့ မဟုတ်ခဲ့ပေမယ့် ဟိုးအရင်ကဆို ကိုယ်တတ်ထားတာလေးကို ကျေနပ်လို့မဆုံး၊ လေ့ကျင့်လို့ အားမရနိုင်။

ပြီးတော့ အဒေါ်တွေကလည်း စိတ်တွေညစ်ကုန်ကြကာ တော်တော်ဆိုးတဲ့ကောင်မလေးဆိုသော ဘွဲ့တစ်ခုတိုးခဲ့၏။

ထို့ကြောင့် ရွှေလက်ဆက် မလိမ္မာခဲ့တာကတော့ ဟိုတုန်းကတည်းကပဲဖြစ်လေသည်။

"လက်လက်"

"ဘာလဲ"

သူငယ်ချင်းတွေနှင့် ချိန်းထားကြသည့်နေရာရောက်တော့ ခုံတန်းလေးမှာ အတူတူထိုင်လိုက်ကြရင်း …

"နင့်မှာ ဒီလောက်လှပြီး ချစ်မယ်ကြိုက်မယ့်လူတွေများနေတာတချို့ဆိုရင် သနားဖို့ကောင်းပါတယ်ဟယ်၊ အဲဒါ နည်းနည်းမှသနားစိတ်လေးမဖြစ်ဘူးလား"

"မဖြစ်ဘူး"

"ဟိုလေဟာ … နည်းနည်းတော့ စိတ်ဝင်စားတယ်၊ ဒါပေမဲ့ နင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဟိုတစ်ယောက်က ရှိပြီးသားဖြစ်နေတော့ ဘာကိုမှ ဂရုမစိုက်မိတာ ချိုးရော ..."

"လုံးဝမဖြစ်ဘူးဆိုမှ"

ခက် 'သိသားပဲ'ဆိုသည့် နှုတ်ခမ်းထောင့်လေးတစ်ဖက် မဲ့ကျသွားသည်။ ထိုအကြောင်းပါလာလာတိုင်း နူးနူးညံ့ညံ့ တွေတွေဝေဝေဖြစ်သွားတတ်သော လက် ၏မျက်ဝန်းလေးတွေကလည်း တာဝန်ကျေသည်။

သက်ပြင်းချသံသဲ့သဲ့လေးနှင့်အတူ ခုံတန်းလေးမှာ ခပ်လျော့လျော့မှီချလိုက်ကာ ...

"ငါ့ရဲ့အလှအပတွေဟာ သူတစ်ယောက်အတွက်ကလွဲရင် တခြားယောကျ်ားတွေအတွက် အဆိပ်ပဲဖြစ်ရမယ်၊ အဲဒီအတိုင်းပဲ အမြဲသေချာနေရမယ်၊ ငါ သူ့အပေါ်မှာ မျှော်လင့်စောင့်စားနေခဲ့မိတဲ့ သစ္စာမှန်ခဲ့ရင် သူနဲ့ငါ ပြန်ဆုံရမှာပါ"

နိုင်မာသောယုံကြည်ချက်မှန်သမျှ ပြည့်စုံအောင်မြင်ကြသည်လား

---





## အခန်း (၁၇)

မဖြစ်နိုင်ဘူးဆိုသည့်စကားကို ပါးစပ်က မပြောချင်သည်မို့ နေရာမှ ဆရိပ်ကာ မပွသည့်ဆံပင်တွေကို ထပ်ဖိသပ်ချ၍ မျက်မှောင်ကြုတ်ကြုတ်လေးလုပ်ပစ်လိုက်ခြင်းဖြင့် သရုပ်ဖော်မိသည်။

ထိုင်ရာက ထကာတည်းက သူမလှုပ်ရှားတဲ့အတိုင်း တစိုက်မတ်မတ်လိုက်ကြည့်နေသည့် ဒေါ်စောသီဂီကတော့ သိနေပါပြီ၊ မိဘနှစ်ပါးကတော့ မသိရှာ။

"ဒီစာမေးပွဲပြီးတာနဲ့ ကျောင်းပြီးသွားပြီ၊ ဖေဖေတို့လဲ အလုပ်က အနားယူပြီး ရန်ကုန်မှာပဲ သတ်သတ်မှတ်မှတ်နေကြတော့မို့ အားလုံးစီစဉ်နေပြီ၊ ဖေဖေတို့အားလုံး စိတ်ရော လူတွေရော အေးချမ်းသင့်ပြီမဟုတ်ဘူးလား သမီး"

"အဖေကြီးကလဲ ပြောစရာရှိတာကို ပြောလိုက်ပါ။ သမီးကို မမေမာနဲ့ ရွှေတို့က အနည်းအကျဉ်းတော့ အသိပေးပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဖြစ်သူ ပြောရခက်နေသည်ထင်ကာ ဒေါ်နိုင်လွှာရွှေ က ဝင် ထောက်ပေးလိုက်၏။

"ဟုတ်တယ်လေ၊ ဒါပေမယ့် သမီးက ခေါင်းခါနေတုန်းပဲလို့ မင်း ပြောတာမဟုတ်လား၊ ဒါဟာ သူ နားမလည်သေးတဲ့အချက်ပဲလေ၊ သီး ချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာ အိမ်ထောင်ရေးအတွက် ဘဝက သတ် မှတ်ပေးလိုက်တဲ့ အခါတစ်ပါးပဲ"

ဦးဆက်သူ က ဇနီးဖြစ်သူကိုပြောရင်း မျက်နှာသုံးချိုးတစ်ချိုး လှည့်ထားကာ ကျောပေးလှလှရပ်နေသည့် သမီးကိုလည်းလှမ်းကြည့်

"လူကြီးတွေ ဒီလိုစကားစပြီဆို လူငယ်တွေက နှာခေါင်းရှုံ့ကြတာပဲ တကယ်တော့ သီးကင်းအရွယ်လေးမှာ ကြွေတာလဲမကောင်းဘူး အမှည့်လွန်ပြီး ပုပ်ပြတ်ကျရင်လဲ မကောင်းဘူး၊ အသီးအပွင့်ရဲ့သဘာ ဟာ ခူးယူစားသုံးသူ၊ နမ်းရှိုက်ပန်ဆင်သူ၊ ဒီလိုရှိမှ တင့်တယ်တာမျိုး ခုဆိုရင် 'သမီးတောင်းတဲ့ သားရှင်တွေ ဝိုင်းဝိုင်းလည်နေတုန်း။ သ သဘောကျတဲ့လူကို ခေါင်းခေါက်ရွေးစမ်း၊ ဖေဖေလဲ ဘယ်လော မျက်နှာပွင့်သလဲ၊ ဒါ သမီးရဲ့အဆင်းရူပကာတင့်တယ်လို့ဆိုတာ မှ မယ့် အဲဒီအလှအဝကို တန်ဖိုးအမြင့်ဆုံး သတ်မှတ်ပေးထားတာက အ အခါဆိုတာ မေ့လို့မဖြစ်ဘူး"

"ဟုတ်တယ် သမီး၊ သမီး သဘောကျ ဒီနေ့ထိ မေမေတို့က ကမ်း လှမ်းလာသမျှထဲက ဘယ်သူနဲ့မှ စေ့စပ်ပေးထားခဲ့တာ မရှိဘူး"

တစ်ခုခု စောဒကတက်ဖို့ပြင်ဆင်နေသည့် လက် မျက်ဝန်းလေးတွေ ပြန်၍ရွှေ့ဖယ်သွား၏။

ကလေးမှာဖြစ်ခဲ့သမျှအားလုံးကို အစမပေါ် အောင် အလျှင်အမြ ဖုံးဖိထားရစ်ခဲ့ပြီး ရန်ကုန်ကိုရွှေ့ခဲ့ကြတာ ကြာခဲ့ပြီပဲ။





"ဘာပြဿနာမှ မလုပ်ခဲ့တော့ဘူး မောင်လေးရယ်၊ သူများကို ဒုက္ခ ရောက်အောင်လုပ်လို့ရပေမယ့် ကိုယ်က မိန်းကလေးရှင်၊ တစ်ရက်က နှစ်ရက်ဖြစ်ရင် တစ်သက်လုံး ပန်းကောင်းအညွန့်ကျိုးဖြစ်ရမှာ"

ဖေဖေ့ကို ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်တော့ ဆက် ကိုဒွေ့ဖက် ပြီး မေမေက ငိုသည်။ ဖေဖေကတော့ ဖခင်ပီပီ မေမေ့လောက် လှုပ်လှုပ် ရှားရှားကြီးဖြစ်မသွားခဲ့ပါ။

"မမ ခုလိုထွက်လာခဲ့တာမှန်ပါတယ်၊ ဟိုကောင်လေးကိုလဲ ကျေးဇူး တင်ထိုက်တာပဲ၊ ခုဖြစ်တဲ့အတိုင်းဆိုရင် သူ့ကြောင့် သမီးလေး ဘဝ ပျက်တာ" တဲ့။

ဖေဖေ့ပါးစပ်က ဒီစကားလေးတစ်ခွန်းကို အမိအရဆုပ်ကိုင်ထား လိုက်ပြီး အရိုင်း ရဲ့ပင်ကိုဗီဇစိတ်ရင်းလေး ဘယ်လိုကောင်းမွန်ကြောင်း ဆက် ပြောပြခဲ့သည်။

ဖေဖေနဲ့မေမေ ဒါကို လက်ခံသည်ဖြစ်စေ၊ မခံချင်ဘူးဖြစ်စေ အရိုင်း ။ သူမ ရစ်ပတ်နှောင်တွယ်ခဲ့ကြသည့်သံယောဇဉ်အတိုင်းအတာကို ထားစေချင်မိ၏။

ဒါကြောင့်လဲ တက္ကသိုလ်စ,တက်တဲ့နှစ်မှာပဲ စေ့စပ်ပါရစေ၊ နီးစပ်ပါရ နှင့် ကမ်းလှမ်းလာတဲ့သူတွေရှိတော့ ဆက် က ပြောင်ဖွင့်ပြောပြီးငြင်းခဲ့ ဖြစ်သည်။

"ဘယ်လိုလဲ သမီး၊ ကောင်လေးကတော့ ဒုတိယနှစ်ပြီးသွားပြီတဲ့၊ မယ့် နှစ်ယောက်စလုံး ကျောင်းပြီးမှဆိုတော့ သမီး အသက်အရွယ် သူနဲ့ သိပ်တော့မကွာနိုင်တော့ပါဘူး။ မေမေကတော့ အဲဒီကောင်လေး မဆိုးဘူးထင်တာပဲ၊ သမီးရဲ့ အစောကလဲ ခေါင်းညိတ်တယ်၊ သ ဘာတူရင် စေ့စပ်ထားလိုက်မယ်လေ၊ သူ့မိဘတွေက သမီးကိုမြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုချစ်နေကြတာ"

"မစေ့စပ်နဲ့မေမေ၊ ဆက် ကတော့ ဘယ်သူ့ကိုမှ ချစ်လို့ရမှာမဟုတ်ဘူး၊ ခုချိန်ထိ ဆက် တမ်းတနေတာက အိမ်ထောင်ဖက်တွေ၊ အချစ်တွေ မဟုတ်ဘူး၊ ဆက် အပေါ်မှာ မေးဆပ်ခြင်းများစွာနဲ့ ခင်တွယ်ခဲ့တဲ့ အရိုင်း ဆီက သံယောဇဉ်အပိုင်းအစ တစ်ခုခု ..."

"ဘာတွေတစ်ယူသန်နေတာလဲ၊ ဟိုကဖြင့် ထောင်ကျတဲ့လူတွေကျ သေတဲ့လူတွေသေနဲ့ တစ်ခြံလုံး ဘဝပျက်ပြီး ပျောက်ကွယ်သွားတာ ဘာ အပိုင်းအစမှ မရှိတော့ဘူး"

"ပျောက်ကွယ်မသွားသေးပါဘူး မေမေ၊ မှောလွင့်နေတာပါ၊ အဲဒီ မှောလွင့်နေတဲ့ အပိုင်းအစတစ်ခုခု ဆက် ရှိတဲ့ဆီကို တစ်နေ့နေ့ရောက် လာမှာပဲ၊ ဆက် အရိုင်း ကိုတစ်ခါလောက်ဖြစ်ဖြစ် ပြန်တွေ့ခွင့်ရရင် ကျေနပ်ပြီ၊ အဲဒီလိုတွေ့ဆုံကျော်လွန်ပြီးမှ နှလုံးသားရေးရာမှာ တခြား အရောင်တစ်ခုခု စွန်းထင်းလို့ အရာထင်မှာ"

"ဘာပြောတယ် ရွှေလက်ဆက်၊ ညည်းလေးက ဒီကလေကချေ လေးကို စောင့်ဦးမယ်လို့ လူကြီးတွေကို ပမာမခန့် ကြေညာလိုက်တာ လား... ဟုတ်လား"

ထိုစဉ်က မေမေနဲ့ အစေတို့ ဒေါသတွေပွထကုန်ကြတာ ရှိးချေ ဒုတိယဆင့်မှာ တင်ထားသမျှ အလှတင်ပစ္စည်းလေးတွေအားလုံး ပြု ကျ ကွဲရှကုန်လေသည်။

ဆက် ကို မရိုက်ရက်၊ မဆူရက်သမျှ အစေ က ဟိုဟာကန်ချ ဒီဟာရိုက်ချပစ်၊ မေမေကလဲ ဒေါက်တာခိုင်လွှာရွှေ ဆိုသည့် ဒီကရိုပါဝါချေ ကို ဘေးချိတ်ထားလိုက်ပုံရှိကာ ..

"ပုံပြင်ထဲက ခေါင်းကိုက်ဝေဒနာစွဲနေတဲ့ ဘုရင်ကြီးလိုတော့ ခေါ





ကိုပျောက်အောင်ကုပေးတဲ့ စန္ဒာလကို သမီးတော်ပေးပြီး ကျေးဇူးမဆပ် နိုင်ဘူး၊ ဆေးကဆေး၊ သွေးကသွေးပဲ"

"ဆက် ပြောတာကလဲ မေမေ ပြောသလောက် အရာတွေမပါ ဘူး၊ အရိုင်း နဲ့ ဆက် တစ်နေ့ ပြန်ဆုံကြဦးမှာဆိုတဲ့ မျှော်လင့်ချက်ကို ပြည့်ဝချင်တာ၊ တွေ့ကြရင် ဘာဖြစ်ကြမယ်၊ ဘယ်လိုပုံစံဆိုကာမျိုး ဆက် ဘာမှ ကြိုတွေးထားတာမရှိဘူး"

ဒီလိုပြောလိုက်တော့မှ မေမေ ကျေနပ်သွားခဲ့သည်။ ဘာဖြစ်ဖြစ် တစ်ဖွတ်ထိုးဆုံးဖြတ်လုပ်တတ်သည့် ဆက်၏အကျင့်ကို သိထားလို့ သည်း စေ့စပ်ထားဖို့ကိစ္စတွေကို မေမေတို့အားလုံးက ပြင်းပယ်ထားခဲ့ကြ တာဖြစ်၏။

'ထို့ကြောင့် 'သမီးသဘောကျ ဒီနေ့ထိ ဘယ်သူနဲ့မှ စေ့စပ်ပေးထား ခဲ့တာမရှိဘူး'လို့ မေမေ ထည့်ပြောလာတာကို ဆက် ဘာမှ ပြန်လှန် ဟားမဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွေ့နိုး ပြန်ဆုံနိုးနှင့် မျှော်လင့်ခဲ့သည်။ သွားလာရင်းရှာမိ သည်။ ဒီနေ့ထိ အရိုင်း ၏ အရိပ်အယောင်လေးကိုမျှ မမြင်မကြားခဲ့ရပေ။

တကယ်ဆို ကလောကို အဖီ တစ်ခေါက်၊ နှစ်ခေါက် ပြန်လိုက်သေး သည်။ ဟိုမှာ ဒီတိုင်းကျန်ရစ်ခဲ့သည့်ခြံလုပ်ငန်းတွေနှင့် တခြားစီးပွားရေး ကိစ္စကြောင့်ပါ။

ပထမတစ်ခေါက်က 'သွင်ရတနာ'ခြံကြီးမှာ အမှုအခင်းတွေဖြစ်နေ သည်ဟု ကြားရ၏။ နောက်တစ်ခေါက်ကျတော့ ကိုကြီးတို့ညီအစ်ကို ထောင်ကျသွားကြသည်ဟုကြားကာ အရိုင်း သတင်းကတော့ ပျောက် နေခဲ့၏။

ထို့ကြောင့် သူမ မျှော်လင့်နေခဲ့တာက မှောလွင့်သွားသည့် အရိုင်း

www.burmeseclassic.com



ဆိုသည့် အမှိုက်လေးတစ်စ ကိုယ့်ရှေ့မှာများ ပြုတ်ကျမလား။

ဒါမှမဟုတ် ကိုယ့်ရဲ့ကောသာဆံစများမှာ မထင်မှတ်ဘဲ လာရော
ကပ်ငြိလေမလား၊ ဆက် ကိုတောင်မှ ဆက် ကနေ 'လက်' လို့ ဖေဖေ
က ပြောင်းခေါ်ခဲ့ကြသည်။

သူငယ်ချင်းတွေကလည်း 'လက်လက်'လို့ပဲ ခေါ်ကြသည်။

အရိုင်း ရော တခြားနာမည်တစ်မျိုးနဲ့များ ပေါ်ထွက်လာမလား
စသော မျှော်လင့်ခြင်းတွေ ရှိနေခဲ့တာ ဒီနေ့ထိ။

"သမီး"

"ဟင် ..."

အတွေးလွန်နေတုန်းမို့ ထူးလိုက်တာမဟုတ်ဘဲ 'ဟင်'ခနဲဖြစ်ပြ
ကိုယ် လေးပါ လှုပ်ရှားသွားခဲ့မိသည်။

"မေမေပြောတာကို နားလည်ရဲ့လား သမီး"

မေးရင်း ဒေါ်နိုင်လွှာရွှေ က ဆက်ဘေးကို ရောက်အောင်လျှော
လာ၏။ ဒေါ်စောသီတာကတော့ ဘာမှဝင်မပြောဘဲ ပွဲကြည့်ပရိသတ်
လုပ်နေခဲ့သည်။

တစ်သက်လုံး ပြောခဲ့ ဆူခဲ့ရသမျှ ကိုယ့်အလှည့်ပြီးပြီလို့ သတ်မှ
ထားလိုက်၏။ ရွှေလက်ဆက် ဆိုသည့် မိန်းကလေးရင်ထဲမှာ ဘယ်
သယံဇာတတွေ ထုထည်ကြီးမားစွာ ဖြစ်တည်နေသည်ကို အားလုံးထ
ပို၍ သူမ သိနေခဲ့သည်။

ဒီနေ့ မိဘသဘောကျ ဖန်တီးတည်ဆောက်မည့် အိမ်ထောင်ရေ
ဥယျာဉ်နန်းမှာ ဘယ်လိုအသီးအပွင့်တွေ ဖြစ်ထွန်းလာမလဲ။

စိတ်တော့ဝင်စားပေမယ့် ဝင်ပြောဝင်ဆိုဖို့ကို အားမထုတ်ချင်တေ
ပါ။ ဆက် က ကျောခိုင်းနေလို့မရတော့ဘူးထင်တာမှ မိခင်ဖြစ်သူဘက်





သည့်ရပ်လိုက်ကာ ..

"ကျောင်းပြီးမှပဲ အဲဒါတွေပြောပါ မေမေရာ"

"လုပ်ပြန်ပြီ၊ ဒီစာမေးပွဲပြီးရင် ပြီးပြီလေ၊ ဘာကို ကတ်သတ်ပြောနေ
ဘာလဲ၊ ဘွဲ့ယူပြီးမှလို့ အချိန်ထပ်ဆွဲဖို့စဉ်းစားရင်တော့ ဖျက်လိုက်နော်၊
ခုကိစ္စကို မေမေကိုယ်တိုင်စီစဉ်မှာ၊ မေမေတို့က တစ်သက်လုံး တာဝန်
တစ်ဖက်နဲ့ ပြေးလွှားရှာဖွေနေခဲ့ရတာ၊ အခု အနားယူပြီဆိုတဲ့အချိန်မှာ
အသမီးမြေးမြစ်နဲ့ စိုစိုပြည်ပြည်နေဖို့ ဘယ်လောက်မျှော်လင့်ခဲ့ရသလဲ
သိလား"

"မေမေက လုပ်ပြီ"

"ဘာလုပ်တာလဲ"

"မေမေတို့လဲ အဘိုးကြီးအဘွားကြီး မဖြစ်ကြသေးဘူး၊ ဆက် ကလဲ
လိုချင်ဘူး။ မြေး လိုချင်လို့ အိမ်ထောင်ချပေးတယ်ဆိုတာကတော့
ကောင်းပါဘူး၊ မိသားစု စုံစုံလင်လင် အေးချမ်းချင်တယ်ဆိုပြီးတော့
ဆက် ကို အတင်းကန်ချနေသလိုပဲ"

"ကြည့်စမ်း"

"မေမေ စဉ်းစားကြည့်ပါလား။ ဆက် ကို လက်ထပ်ပေးလိုက်ရင်
မေမေတို့ရင်ခွင်ထဲကနေ ဆက် က ခွဲထွက်သွားရမှာ"

ထိုအခါကျမှ ဒေါ်နိုင်လွှာရွှေက ပိုင်နိုင်သည့်မဲ့ပြုံးနှင့် ခေါင်းခါပြလိုက်
တာ ...

"ခွဲထွက်မသွားရတဲ့လူမျိုးကို တမင်ရှာထားတာ၊ ဥစ္စာပေါ ရုပ်ချော
ညာတတ်၊ သူက မွေးချင်းထဲမှာ အကြီးဆုံးသား၊ သမီး ရှစ်နှစ်ကြီး
ယ်၊ နိုင်ငံခြားပြန် ဗိသုကာပညာရှင်"

ဆက် က ဟင့်ခနဲမမဲ့ပေမယ့် မျက်ခုံးလေးနှစ်ဖက်ပင့်၍ ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပစ်၏။

"လောလောဆယ် မိဘလုပ်ငန်းမှာပဲ ဦးစီးနေတာ၊ သူတို့က သမီးရဲ့ ဓာတ်ပုံကိုမြင်ကတည်းက ကာယကံရှင်ကရော မိဘမွေးချင်းတွေကရော အားလုံး အလိုရှိနေကြတာ လုံးဝကို ဟန်ဆောင်မှုမရှိဘူး အားလုံး ဒီဆ သဘောအတိုင်းပါပဲလို့ ပြောပြီးသား"

"ဘာဖြစ်ဖြစ် စာမေးပွဲပြီးမှပဲ ဆက် က ဆုံးဖြတ်မှာ"

ဟု အပြီးသတ်ထိ ငြင်းပယ်ရင်း ဆွေးနွေးခြင်းက ဒီမှာတင် အဆုံးသတ်လေသည်။

စာမေးပွဲဖြေသည့်ရက်ပိုင်းလေးကို ကာတ်သတ်ဈေးဆစ်သွားသည့် သမီးရဲ့နာခံမှုကို မိဘနှစ်ပါး မချင့်မရဲ ကျန်ရစ်၏။

ဒေါ်စောသီဂီကတော့ မသိမသာပြုံးလျက် ...

ဒီလောက်နဲ့မပြီးသေးဘူး၊ လာဦးမှာ .....။





## အခန်း (၁၈)

"ဒီနေ့ လစ်မလား"

"မလစ်ဘူး၊ စာမေးပွဲက ကပ်နေပြီ"

တစ်ယောက်က မေးကာ နှစ်ယောက်က ပြိုင်တူဖြေ၏။

သုံးယောက်သား ကားပါကင်ကနေ ပခုံးချင်းယှဉ်လျှောက်ခဲ့ကြတာ ညီညီညာညာ။ ထို့ပြင် အလယ်ကနေပြီး နေကြာစေ့လှော်အိတ်ကြီးကို ခက် က ပိုက်ထားလျက် ဆက် နဲ့ မေမြတ် က ဘေးတစ်ဖက်စီကနေ လှည့်နှိုက်လိုက်၊ ဝါးလိုက်နဲ့ လုပ်လာကြတာ တဖြောက်ဖြောက်မြည်သံတွေကလည်း စိုပြည်နေ၏။

ခက် က သူမကိုယ်တိုင်လည်း နေကြာစေ့စားနေရင်း ဆက် ကို ချက်စောင်းရှယ်ကာ ...

"သူပဲ ရောက်လာကတည်းက စိတ်မပါဘူး၊ မလန်းဘူးနဲ့ ..."

"ဒါကတော့ ငါ့ဖိလင်နဲ့ငါပဲလေ"

"အေးလေ၊ လက် အကြောင်း နင် မသိဘူးလား။ သူက မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးပွင့်လာတာနဲ့ ရိုင်းမယ်၊ ယဉ်မယ် တရားမှတ်ပြီးဖွင့်တာ၊ သူ့ရင်ထဲမှာ 'အရိုင်း'နဲ့ မဆုံသရွေ့ ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူး"

"ဒါပဲ၊ အဲဒါ အမှန်"

ဆက် က လက်ဖျစ်လေးတီးပြီး အားရပါးရ ထပြောသည်။

"ငါကို နင်တို့လောက်တောင် အိမ်က နားမလည်ကြဘူး၊ အစ္ဆယောကျ်ားပေးစားဖို့လုပ်နေကြတာ"

"ဒါများ ဘာဆန်းလို့လဲဟာ၊ နင်က ရွှေမှန်စားပြီးမွေးလာတဲ့သူပဲ မြင်သူတိုင်းက ချစ်တယ်၊ သားရှင်တိုင်းက ချွေးမတော်ချင်တယ်၊ ဆယ်တန်းအောင်ကတည်းက အတောင်းခံရတဲ့ဟာ၊ ဒီအချိန်မှာ ဝိုင်းဝိုင်းလည်နေပြီပေါ့"

"အခု ငါ ငြင်းလို့ကိုမရတော့ဘူး၊ ဒီစာမေးပွဲပြီးတာနဲ့ စေ့စပ်ဖို့ လက်ထပ်ဖို့ တစ်ခုခုက သေချာတော့မှာ"

"ဟင် .. ဟုတ်လား"

"ဒါဆို ငါတို့ အညာကို အလည်သွားနေတုန်းများ မင်္ဂလာပွဲ ဖြစ်သွားရင် ဒုက္ခ"

"ငါ အဲဒါညစ်နေတာ"

"လက်လက်ရယ် ရုပ်ရှင်ဆန်ဆန်တွေ စိတ်ကူးယဉ်မနေပါနဲ့တော့ဟာ၊ သူကလွဲပြီး ဘယ်သူ့ကိုမှမယူနိုင်ဘူးဆိုတဲ့ စိတ်ကူးမျိုးလဲ ရှိခဲ့တာမဟုတ်ဘူး၊ အိမ်ထောင်ကျပြီးမှ ပြန်ဆုံကြရင်လဲ ငယ်သူငယ်ချင်းပေါ့"

သူငယ်ချင်းနှစ်ယောက်က တစ်ယောက်တစ်မျိုးစီ ဖိအားပေးနေကြ၏။ တကယ်တော့ သူမအဖြစ်ကလည်း အိပ်မက်တစ်ခုကို တကယ်ပိုင်ဆိုင်နိုင်ဖို့ မျှော်လင့်တမ်းတရင်း ရူးသွပ်နေသူတစ်ယောက်လိုပါပဲ။

အိပ်မက်မဟုတ်ခဲ့ပေမယ့် အိပ်မက်လို ဗွန်ဝါးဝါးကျန်ရစ်ခဲ့သည်





အတိတ်ပုံရိပ်တွေက ဝေးပြီးသား ဝေးလာခဲ့သည်။

မျက်ဝန်းထဲမှာ ဟိုတုန်းက မှုန်ကုပ်ကုပ်၊ ဂျစ်ကန်ကန်ပုံရိပ်လေးကို မကြာခဏ သတိရနေခဲ့သည်။ သတိရတိုင်း ခင်မင်နှစ်သက်ခြင်းတွေပဲ ခံစားခဲ့မိတာလည်း ထူးဆန်းပါသည်။

စပြီးတွေ့ကတည်းက သွေးအလူးလူး ဒဏ်ရာဗရပွနှင့် လဲပြိုနေလျက် မျက်ဝန်းတွေက စူးစူးရဲရဲ၊ တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းများက နာကျင်မှုကို မာနကြီးစွာ တင်းခံအံကြိတ်နေကြ၏။

ထိုကောင်ကလေးကို ရွှေလက်ဆက် ဆိုသည့် သူမက မရမက လက်ဆက်မိတ်ဖွဲ့ခဲ့သည်။

ခင်တွယ်ခဲ့ကြသည်။ တစ်ယောက်ကိုတစ်ယောက် အနစ်နာတွေ၊ ကရုဏာတွေနှင့် နှောင်ဖွဲ့ခဲ့ကြပြီးမှ ...

"ဟယ် .. လက်လက် ..."

"အား"

ဘယ်ကကွေ့ထွက်လာမှန်းမသိသည့် ကားတစ်စီး ...။

အတွေးလွန်နေသည့် ဆက် က မျက်လွှာချရင်း အားလုံးကိုမေ့နေသဖြင့် ခက် က ဆက် လက်မောင်းလေးကို ဆောင့်ဆွဲပစ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ကားနဲ့ပွတ်တိုက်မိတော့မည်ဘေးကနေ လွတ်မြောက်သွားသော်လည်း သူမတို့သုံးယောက်စလုံး အလဲလဲအပြိုပြိုတွေ ဖြစ်ကျန်ရစ်ကြ၏။

"သေပြီဟာ"

"ငါလဲနာတာပဲ"

မေမြတ် က ဒေါက်ကမို့ ခက် ကို ပြန်တွန်းပစ်ရင်း ရှုံ့မဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှ မနာကျင်လိုက်သည့် ဆက် ကပဲ သူမတို့ကို ပြန်၍ထူမပေးကာ ...

"ဘယ်ရာဇဝတ်မှုကျူးလွန်လာတဲ့ကားလဲမသိဘူး၊ တောက် ..."

ကျောင်းသားတွေ ပြူးစီစီဖြစ်နေကြတာကို မရှက်ပေမယ့် ဒေါသက ကားဆီမှာ စုပြုံနေခဲ့၏။ ထိုစဉ် ကားက သူမတို့ထံသို့ နောက်ပြန်ဆုတ်လာကာ ..

"တီ"

"အံမာ"

ဆက် ကိုယ်လေး မတ်ခနဲဖြစ်သွားကာ နောက်ကို လှည့်လိုက်၏။ ကားက ရှားပါးသည့် MR 2 ကားမျိုးဖြစ်ကာ မှန်ချလိုက်တော့ မောင်းသူနေရာမှ မျက်နှာတစ်ခြမ်းပေါ်လာ၏။

"ဆောရီးနော်"

"ဟင် ..."

ဆက် ဟင်ခနဲဖြစ်သွားလျက် ကိုယ်သည် ဓာတ်လိုက်သွားသလို ကျဉ်ခနဲဆောင့်ခါသွား၏။

မျက်နှာသွယ်သွယ်မှာ ရှေ့ဆံပင်တွေက အဖြောင့်အတိုင်း ပြန့်ဆင်းနေသဖြင့် မျက်မှန်တပ်ထားသည့်အပေါ် ထိ တချို့တလေက ကျူးကျော်နေကြသည်။

တန်းဆင်းနေသည့်နှာတံက တင်ထားသလိုထင်းနေ၏။ ခပ်ပါးပါးနှုတ်ခမ်းသားတို့ ပုံကျကျ တင်းကပ်စေ့ပိတ်နေပုံသည် ဟိုတုန်းက သူ့နှုတ်ခမ်းတွေပါပဲ။

"ဘာကြည့်နေတာလဲ၊ မကျေနပ်လို့လား"

"နင် .. အဲ ...ရှင်က ..."





ဆက် ဖြစ်နေပုံကို ထိုသူက ဘယ်လိုထင်သွားသည်မသိဘဲ နှုတ်ခမ်းတွေစေ့၍ အထက်စီးဆန်စွာပြုံးသည်။ ပြီးတော့ တံခါးပေါ်မှာ လက်တစ်ဖက်ကွေးတင်လျက် မျက်နှာတည့်တည့်လှည့်လာပြီး ...

"တို့က ကားမောင်းရင် ဘရိတ်ပဲသုံးတာ၊ ကလပ်တွေ လီဗာတွေနဲ့ ကစားတာ သိပ်ဝါသနာမပါဘူး၊ အဲဒါကြောင့် တောင်းပန်တာပါ၊ ဆောရီးနော်"

သူ့ဘက်က ဝတ္တရားကျေအောင်တောင်းပန်ပြီးပြီဟု သတ်မှတ်လိုက်တာထင်သည်။ ဒီဘက်က ဘာမှမပြောရသေးဘဲ ကားကို ဝေါခနဲ မောင်းထွက်သွား၏။

"အို ... ဒီမှာ ..."

"လက်လက် .. ဟဲ့ ..."

ဒီလောက် ချက်ချင်းကြီးပြန်ထွက်သွားလိမ့်မည်ဟု မထင်ခဲ့သဖြင့် ဆက် ဟန်မဆောင်နိုင်ဘဲ ပြေးလိုက်တော့မလိုဖြစ်သွားသည်။ ခက် တို့က ကမန်းကတန်းလှမ်းဆွဲထားလိုက်ကြကာ ...

"ဘယ်လိုဖြစ်တာလဲ လက်လက်ရယ်၊ နင့်ကိုဆို အားလုံးက သတိထားကြည့်နေကြတာ၊ ကားပဲပြေးဆွဲတော့မယ့်အတိုင်း"

"အေးလေ"

မေမြတ် က ပတ်ဝန်းကျင်ကို ဝေ့ခနဲကြည့်လိုက်ပြီး ဆက် ကို မျက်စောင်းရွယ်၏။ ဆက် သည် သူငယ်ချင်းများနှင့်အတူ အရာအားလုံးကို ဘာမှသတိမရနိုင်သေးဘဲ လှုပ်ရှားနေဆဲမျက်ဝန်းလေးတွေက ပျောက်ကွယ်သွားသည့် ကားနောက်မှာသာ ...

"သူ ... သူနဲ့တူလိုက်တာ၊ သူဆိုရင် ငါ့ကို သူ မှတ်မိရမှာပေါ့"

"ဟင် ... ဘာ .. ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆာမူရိုင်းလား"

"အင်း"

"ဘာ"

ထင်လို့မေးလိုက်တာမဟုတ်ပါ၊ ခပ်ရွံ့ရွံ့ငေါ့လိုက်တာဖြစ်သည်။

ဆက် က 'အင်း'လို့ဖြေလိုက်တော့ နှစ်ယောက်လုံး မျက်လုံးပြူးသွားကြ၏။

"တကယ်"

"ဟုတ်တယ်၊ သူ့မျက်နှာမျိုးပဲ၊ သူငယ်ငယ်က မျက်နှာလေး ပိုရှည်နေသလိုလို၊ ဆံပင်တွေ ပိုအုပ်နေသလိုလိုနဲ့ ပြောင်းလဲပြုပြင်လိုက်မယ်ဆိုရင် ဒီမျက်နှာမျိုးဖြစ်နေမှာပဲ"

ခက်တို့ မယုံနိုင်ပေ၊ ဒါပေမယ့် ဆက် က တံတွေးအကြိမ်ကြိမ်မျိုချ၊ နဖူးကိုပွတ်၊ မျက်နှာကိုပွတ်နှင့် ချွေးပြန်သလိုဖြစ်အောင် လှုပ်ရှားတုန်ယင်နေတာကလည်း မပြီးနိုင်။

မေမြတ် က ခက် ကိုကြည့်ပြီး မေးဆတ်၏။ ခက် က ခေါင်းလေးခါပြသည်။ ဖြစ်နိုင်လို့လား၊ အဖန်တစ်ရာတေအောင်ကြားနေရသည့် ဆာမူရိုင်းလေး၏ ရာဇဝင်ပောင်းလေးဟာ အထည်ကြီးပျက်မိသားစုတစ်စု၏ လက်ခုပ်ထဲမှာ အစေခံမဟုတ်၊ သွေးသားလိုတောင်မဝင်ဘဲ နေလာခဲ့ရသည့် အညတြ ...။

ခုမြင်လိုက်ရတာက တကယ်မိုးကျရွှေကိုယ်လို ...။

တိုက်ဆိုင်တယ်ဆိုရင်တောင်မှ ဒီလောက်ထိ မှားယွင်းဖွယ်ဖြစ်လောက်အောင် တိုက်ဆိုင်ခဲ့သည်ဆိုခြင်းက မယုံနိုင်အောင်ပါလား .....။





အခန်း (၁၉)

"ဂမုန်းပွင့်ကိုသွားမယ်"

"ဂမုန်းပွင့်က သိပ်မစုံသေးဘူးလို့ ပြောတယ်ဟ"

"မစုံသေးပေမယ့် အဆန်းအပြားတွေချည်းပဲ၊ တစ်မျိုးဆို တစ်မျိုး မပင်မပန်းဘဲနဲ့ ဝယ်လို့ရတယ်၊ လိုက်မှာလား၊ မလိုက်ဘူးလား"

"လိုက်မှာ"

သုံးယောက်သား ညီညွတ်သွားကြတော့ ဆက် က ကားကို ဂမုန်းပွင့်ထဲ ကွေ့ဝင်လိုက်သည်။

"ငါတို့လဲနော် စာမေးပွဲပြီးတာနဲ့ လျှောက်လိမ့်နေတာ တစ်နေကုန်ပဲ"

"ဘာဖြစ်လဲ၊ ဒီရက်ပိုင်းလေးကို တတ်နိုင်သမျှ ဆွဲဆန့်ထားရမှာ၊ တော်ကြာ ပြန်ဆုံဖြစ်ဖို့ကလဲ မလွယ်တော့ဘူး၊ ကျောင်းပြီးတာနဲ့ ဖေပ် လက်ထပ်ဖို့ သေချာထားတဲ့လူကလဲ လက်ထပ်သွားပြီဆိုရင် လိုင်းပြန်မှုးလို့ရတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



မေမြတ် က ဆက် ကိုမေးဆတ်ပြပြီး ပေါ်တင်ပြောနေသည်။ ခက် က လှည့်ကြည့်ပြီး ပြုံးလိုက်ကာ ...

"ငါတို့ကသာ သူငယ်ချင်းတွေ နောက်တွေ့ဖို့မလွယ်တော့ဘူးဆိုပြီး အပင်ပန်းခံပြီး လျှောက်လည်နေတာပါ။ သူက သူတွေ့ချင်တဲ့လူကို ရှာနေတာ၊ ကြည့်ပါလား၊ မျက်လုံးက မျက်ဝန်းအိမ်ထဲမှာ ဘောလုံးကန်နေတာ ကျနေတာပဲ"

ခက် စကားကြောင့် ဆက် က ပြုံးသည်။ ဘောင်းဘီရှည်အဖြူ၊ စပို့ရှပ်အဖြူလက်တိုလည်ကပ်လေးနှင့် အဖြူရောင်ကြိုးသိုင်းအိတ်ရှည်လေးကို စလွယ်သိုင်းလွယ်ထားသည်။

ဘောင်းဘီရှည်ဝတ်တိုင်း ပွိုင့်ဖေါက်အမြင့်ကြီးတွေပဲစီးတတ်သည့် ဆက် ရဲ့အကျင့်က အားလုံးထဲမှာ ထင်းနေစေသည့်အချက်ဖြစ်၏။

လမ်းလျှောက်တော့ ခြေလှမ်းကျဲပြီး ခါးမတ်သည်။ အမြဲတမ်း ဖြန့်ချထားတတ်သည့် ရှားညိုရောင်လဲ့နေသော ဆံနွယ်ရှည်များက ခြေလှမ်းမြန်သည့်နောက်မှာ နွဲ့သွားလိုက်၊ ခါသွားလိုက်ရှိနေ၏။

သူမကို လှမ်းကြည့်မိတဲ့သူတိုင်း တစ်စတစ်ဆုံး ငေးသွားခဲ့သည်ချည်းသာ။ သူငယ်ချင်းလေးကို ဘေးကကြည့်၊ နောက်ကကြည့်နှင့် ဒီလောက်လှနေတာကို မနာလိုမရှုဆိတ်ဖြစ်ခြင်းလည်း ခက် တို့ရင်ထဲမှာ မရှိခဲ့ဖူးပါ။

ရွှေလက်ဆက် ဆိုသည့် သူမနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရလောက်အောင်လည်း သူမတို့ရုပ်ရည်ရူပတာတွေမှာ တင်စားလောက်စရာ ဘာမှမရှိ။

ဒါကြောင့်လည်း ခင်မင်မှုတွေက အေးချမ်းနေခဲ့ကြတာဖြစ်သည်။

"ဟဲ့ ... ဘယ်သွားကြမှာလဲ၊ ဒီဘက်ကိုလာ"

ဓာတ်လှေကားကနေထွက်သည်နှင့် ခက် က ဆက် နဲ့ မေမြတ်ကို





ပါးစပ်ကလည်းခေါ်ကာ အနီးဆုံးမှာရှိသည့် ဆက် ရဲ့လက်မောင်းကိုလည်း လှမ်းဆွဲလိုက်၏။

"အယ် ..."

"ဟာကွာ ..."

ဓာတ်လှေကားဆီ ခပ်သုတ်သုတ်လျှောက်ဝင်လာသည့် လူစုနှင့် ခက် တို့အုပ်စု ဆွဲတာလွဲတာတွေ ရှုပ်ယှက်ခတ်သွားသည်။

"ဆောရီးနော်၊ ခက် စိတ်လောသွားလို့"

ဘယ်သူကပဲလွှန်လွှန် ကိုယ်က သူများရှေ့ကနေ လက်နှိပ်ဖိတ်ကာ ဝစ်လိုက်သလိုဖြစ်သွားသဖြင့် ခက် ကပဲ တောင်းပန်လိုက်သည်။

"ရတယ်"

တစ်ဖက်က ဒါပဲပြောပြီး ဓာတ်လှေကားဆီကိုပဲ ဆက်လျှောက်သွားခဲ့သည်။

"သိုက် ... နေဦးလေ့၊ ဟာကွာ ..."

သူတို့ကလည်း ပြဿနာတွေနဲ့ပါလား။ ခက် တို့ ဗရုတ်ဗရက်ဖြစ်ကျန်ခဲ့ပြီး ထိုသူသုံးယောက်ဆီကိုပဲ အမှတ်တမဲ့ပြန်လှည့်ကြည့်လိုက်မိကြသည်။

ထိုစဉ် ဓာတ်လှေကားထဲကိုဝင်လိုက်ပြီး ဒီဘက်လှည့်ရပ်လိုက်သည့် မျက်နှာတစ်ခုကြောင့် ဆက် မျက်လုံးလေးဝိုင်းသွားသည်။

"သူ ..."

နှုတ်ဖျားမှ ခပ်တိုးတိုးရေရွတ်သံလေးထွက်ကာ ဓာတ်လှေကားဆီ ထို့ ချာခနဲပြန်လှည့်ပြေး၏။

"လက်လက်"

ခက် တို့လည်း နောက်ပြန်လှည့်ရတော့သည်။ ဒါပေမယ့် ဓာတ်လှေ



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့မရောက်သေးခင်မှာဘဲ တံခါးနှစ်ချပ်ကစေ့ပိတ်သွားခဲ့လေသည်။

"ဟား ..."

ဆက် တံခါးရှေ့ကိုရောက်အောင်သွားကာ မကျေမနပ်ထုပစ်လိုက်မိသည်။ ကိုယ့်ဘေးမှာ တခြားလူတွေရှိနေလျက် ကိုယ့်ကိုငုံ့ကြည့်နေကြတာကိုလည်း သိပေမယ့် ဂရုမစိုက်နိုင်။

သူ့ကို ဒီတစ်ခါတွေ့လျှင်မေးမည်၊ ပြောမည်လို့ အားခဲစုစည်းထားသမျှ ပျက်ရခြင်းအတွက် မကျေမနပ်၊ မချင့်မရဲနှင့် ပေါက်ကွဲအော်ခေါ်လိုက်လို့လည်းမရ။

"ရွှေလက်ဆက်"

ဘေးက တရင်းတနှီးခေါ်လိုက်သံကြောင့် ဆက် ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ သူကလည်း ဆက် ကိုကြည့်ပြီး ပြုံးပြဖို့ မေ့နေသလားမသိ။ သိလို့ခေါ်ပြီးမှ မသိဖူးသလို အံ့ဩဟန်နှင့်ကြည့်နေတာ စုန်ချည်ဆန်ချည်။

သူ့ကိုယ်သူ လူမှားခေါ်လိုက်မိသလိုလို ဇဝေဇဝါဖြစ်သွားတာမျိုး ...

"ရွှေလက်ဆက် နော်"

ဟု ထပ်မေးတော့ ဆက် က မျက်ခုံးလေးတွန့်ပစ်လိုက်ပြီး ...

"ဘာလုပ်မလို့လဲ"

"တို့ကိုသိလားဟင်"

လူကိုသိသည်၊ နာမည်ကိုတော့ မေ့နေပါပြီ။ သေချာတာက ကိုယ့်ဘေးမှာ ရစ်ဝဲခဲ့ဖူးသည့် ပုရိသများထဲက တစ်ယောက်။

"ဓာတ်လှေကားထဲမှာပါသွားတဲ့လူကို မင်းသိလို့လား။ သူ့နာမည်က 'သိုက်' တဲ့"





"ဟင် ..."

ထိုမေးခွန်းကျမှ ဆက် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ဘေးလူတွေ ...ပ်မိမှာပေါ့။ ဓာတ်လှေကားထဲမှာ အရိုင်း လို့ ဆက် ထင်နေတဲ့ တစ်...ယောက်ရယ်၊ ခပ်ဝဝကုလားကြီးတစ်ယောက်ရယ် နှစ်ယောက်ပဲ ပါသွား...ဘာဖြစ်ကာ ဆက် ရဲ့ မျက်လုံးတွေ ဘယ်သူ့ထံမှာတန်းမတ်ရောက်ရှိနေ...သလဲဆိုတာလည်း သိသာနေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဆက် က တွေဝေခြင်းကင်းစွာ ခေါင်းညိတ်ပစ်လိုက်...၏။

"ဟုတ်တယ်၊ တို့သိတဲ့လူနဲ့ အရမ်းတူလို့၊ သူ့နာမည်က 'သိုက်' တစ်...ုံးပဲလားဟင်၊ ငယ်နာမည်တွေ ဘာတွေ မရှိဘူးလား။ သူက ဘယ်ကလဲ"

"လက်လက်ရယ် ..."

ပိုးစိုးပက်စက် ပျာယာခတ်နေတာကို ဟိုတစ်ယောက်က နားလည်...ားသည့်မျက်နှာနှင့် ပြုံးလိုက်တာမြင်တော့ ဆက် မကျေမနပ်ဖြစ်သွား...ီး ဆက် ရဲ့ လက်ကိုဆောင့်ဆွဲပစ်လိုက်မိသည်။

ဒီလိုကောင်မျိုးတွေ ကိုယ့်ဘေးမှာ ဒူးထောက်လဲပြိုနေကြတာ ရိုက်...တ်လို့မကုန်။ ဘာမဟုတ်တဲ့ကိစ္စလေးကြောင့် ခနီးခနဲ့ပြုံးနေသည့်ရှေ့...က ခေါင်းငုံ့လက်ပိုက်နေစရာလား။

ဒါပေမယ့် သူမတို့မှာသာ မခံချိမခံသာဖြစ်နေရသည်၊ ဆက် ကတော့...ာ် ဆွဲထားသည့်လက်ကို ပြန်ရုပ်လိုက်ပြီး စိတ်ဝင်စားမှုကို ရုပ်လုံးဖော်...ဆဲ...။

"သူ့ကို တို့သိတယ်၊ သိဆို ဆွေလိုမျိုးလို ရင်းနှီးခဲ့ကြတာ၊ ဒါပေမယ့်...အခု အချိန်မရတော့ဘူး။ နောက်တစ်နေ့ရာရာမှာဆုံမိမှပဲ အေးအေးဆေး...ဆေး ပြောကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ဆုံစရာလဲမရှိတော့ဘူး၊ ဒီနေ့ပဲ ကျောင်းပြီးပြီ၊ မနက်ဖြန် လက်လက် က စေ့စပ်တော့မှာ"

"ဩော် ..."

"သိစေချင်လို့ပါ၊ လာ သွားမယ်"

ခက် က စိတ်ဆတ်သည်။ ဆက် ရဲ့လက်ကို ဒီတစ်ခါ အလွယ်တကူ လွှတ်ထွက်မသွားရအောင် တစ်ခါတည်းဖိဆုပ်ထားပြီး ဆွဲ၏။

မေမြတ် က ဆက် နောက်ပြန်လှည့်လို့မရတော့အောင် နောက်က နေ သူမကိုယ်နှင့် ပိတ်ခံထားလိုက်ပြီး တွန်းလိုက်သည်။

နှစ်ယောက်အလယ်မှာ ဆက် ပြန်ပါလာခဲ့ပေမယ့် သမင်လည်ပြန် လှည့်ကြည့်လိုက်စဉ်မှာ ဆုံးသွားခဲ့သည့်မျက်ဝန်းများက အမှာစကားများ စွာ ခြွေခဲ့ပြီးဖြစ်၏။

ထိုသူနှင့် နောက်ထပ်ဆုံပြီး အရိပ်နဲ့ သူ တစ်ယောက်တည်းလား တူနေတာလားဆိုတာကို မေးဖို့ဆုံးဖြတ်ထားတဲ့အတိုင်း .....။





## အခန်း (၂၀)

ခပ်သုံ့သုံ့ရယ်တတ်သည့်အသံက တစ်ဖက်သားအပေါ် နှိပ်စက်ခြင်း သက်သက်ဖြင့် အနိုင်ယူနေခြင်းနှင့်တူသည်။ ဘယ်တုန်းကမှ စကားပြော အဆင်မပြေခဲ့သောမျက်နှာကို ခုမြင်နေရတာလည်း ကြည်သာချောမွေ့ ခြင်းတော့ မဖြစ်ပေ။

"နာမည်ကိုက 'သိုက်'တဲ့၊ သူချမ်းသာဖို့ဆိုရင် ဘနဖူးဖြစ်ဖြစ်၊ ဘွား နှူးဖြစ်ဖြစ် သိုက်ဝတ္ထုကိုတူးမှာ၊ ဘယ်လို တစ်ကိုယ်ကောင်းဆန်ဆန် စိတ် ဓာတ်နဲ့မွေးလာတဲ့လူရမ်းကားလဲမသိဘူး"

မေမေတို့ဆို သိုက် ဆိုသည့်နာမည်ကို တတ်နိုင်သမျှထည့်မပြောမိ ကြအောင် ရှောင်တတ်တဲ့အထိ သိုက် က နာမည်ကျော်၏။

မြက်ခင်းစိမ်းစိမ်းရယ်၊ လှပစွာပြင်ဆင်ဖန်တီးထားသည့် ခုံတန်းလှ လှလေးများနှင့် ပန်းစင်မြင့်လေးရယ်၊ ဒါတွေရဲ့နောက်ခံက ဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေဆဲ တိုက်မြင့်ကြီးဖြစ်ကာ စပြီး ဖောင်ဒေးရှင်းချလိုက်ကတည်းက တိုက်၏ကြီးကျယ်ခမ်းနားမှုကို ခန့်မှန်းလို့ရနေပြီဖြစ်သည်။

နှစ်ယောက်တည်းထိုင်နေကြပြီး တစ်ယောက်ကလည်း မပြော၊ တစ်ယောက်ကလည်း စီးကရက်သောက်မပျက်ဘဲ အတော်ကြီးကြာမှ သိုက် က စီးကရက်ကို လက်ညှိုးနဲ့လက်မ ညှပ်ကိုင်လိုက်ပြီး သန်းထွတ်ကို မျက်လွှာပင့်ကြည့်၏။

ပြီးတော့ ဒုတိယမွှိုးရှိုက်သံသဲ့သဲ့နှင့် ...

"ဆက်ပြောလေကွာ ဘာဖြစ်တာလဲ၊ ငါ့တိုက်ကိုကြည့်ပြီး လည်နင်သွားလို့လား"

သိုက် က ပြောလိုက်မှ သတိလက်လွတ်ငေးနေမိသည့် သန်းထွတ်မျက်လုံးလွှဲဖို့ သတိရ၏။

အမှတ်တမဲ့မို့ မလုံမလဲ အမူအရာမျိုးဖြစ်သွားပေမယ့် မလုံရမှာက ကိုယ်မဟုတ်ဘူးဆိုတာကိုတော့ ချက်ချင်းနှလုံးသွင်းမိ၏။

ထိုအတွေးကြောင့် သန်းထွတ်က စိတ်မပါသောအပြုံးတစ်ရပ်ကိုဖြန့်ခင်းကာ ...

"လည်နင်စရာမလိုပါဘူးကွာ၊ မင်းတော်တာကိုကြည့်ရင်း မြင်လာလို့ပါ"

"အဟွန်းဟွန်း"

သိုက် ၏အပြုံးတွေက အရှက်အကြောက်နည်း၍ ရိုးသားမှုကင်းမဲ့နေသောသရုပ်ကို အပီအပြင်ဖော်ပြနေကြသည်။

သန်းထွတ်နဲ့ သိုက် တို့ ဆွေမျိုးနီးစပ်တော်ကြသည်ဆိုပေမယ့် တစ်အုပ်စုစီ၊ သပ်သပ်စီလိုဖြစ်ခဲ့ကြတာ ကြာပြီဖြစ်၏။

သိုက် တို့၏ မိသားစုအတွင်းရေးတွေက အနည်းငယ်ရှုပ်ထွေးမှုတွေ





ရှိသည်။ အားလုံးထဲမှာ လူကြီးလူငယ် ဘယ်သူ့ကိုမှ ဗိုလ်မထားဘဲ သိုက်တို့ လူလည်ကျသွားသည့်သတင်းကလည်း ကြီး၏။

တကယ်တမ်းကျတော့ သိုက် ဦးသိုက်ထွန်း၏ ပထမဇနီးက မွေးသည့် တစ်ဦးတည်းသောသားဖြစ်သည်။ နောက်အိမ်ထောင်က မွေးခဲ့သည့်ကလေးတွေနဲ့ဆို အားလုံးစုစုပေါင်းမောင်နှမ ငါးယောက်ဖြစ်၏။

ဒါပေမယ့် နိုင်ငံခြားမှာ ကျောင်းသွားတက်သူကတက်၊ အိမ်ထောင်ကျတဲ့သူကကျ။

ဘယ်သူကကျေနပ်ပြီး မကျေမနပ် ဘယ်သူ ကျန်ရစ်ခဲ့မှန်းမသိပေမယ့် ဦးသိုက်ထွန်း ဆုံးသွားသည်နှင့် စည်းစိမ်အားလုံးနီးပါးကို သိုက်က ပိုင်ဆိုင်သွားခဲ့သည်။

မကျေနပ်တဲ့သူ ထဘီအလဲထူနေလည်း သိုက် က ဂရုမစိုက်။

သိုက် ဆိုတဲ့ကောင်ကို ဘယ်သူကမှလည်း သွားမပြောရဲ၊ မစွပ်စွဲရဲခဲ့ပေ။

"ပြောခွင့်ရှိရင်ပြောမယ့်သူတွေချည်းပဲကွ၊ ပြောလို့မရလို့နေတာ၊ ပြောစရာမရှိလို့မပြောရဲတာ၊ သိုက် ဆိုတဲ့ကောင်က မပိုင်ရင် မလုပ်ဘူး" တဲ့။

ဟုတ်မှာပါ၊ သိုက် က အပေါင်းအသင်း လူရည်သန့်တွေပေါသည်။ ဉာဏ်တတ်လူရည်မွန်တွေနဲ့လည်း ပေါင်းသင်းတတ်၏။

လက်ထဲမှာ ငွေကိုပျော်အောင်မွေးမြူတတ်သူမို့ သူ့အတွက်က ဂရုစိုက်စရာ ဘာမှမရှိ။ ဒီခြံကြီးထဲမှာ တိုက်ကြီးဖြစ်ပေါ်လာခဲ့သည့်အကြောင်းတွေဆီ စိတ်ရောက်သွားကာ သန်းထွတ်က ပင့်သက်နှင့်ဖြေချလိုက်ပြီး...

"မင်းရဲ့တိုက်ကြီးက တကယ်ဆို အင်းယားလမ်းထဲလို၊ ဝင်ဒါမီယာလိုနေရာမှာ ဆောက်သင့်တာ၊ မှော်ဘီမှာကျတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲ”

“အရမ်းထည်ဝါနေပေမယ့် အထီးကျန်ထည်ဝါတာမျိုးပေါ့”

“ငါ့အတွက်တော့ ပတ်ဝန်းကျင် ရှိနေခြင်း မနေခြင်းက ပြဿနာ မဟုတ်ဘူးကွ၊ ငါရှိနေတဲ့ ငါ့ရဲ့ပတ်ဝန်းကျင်ဟာ ငါကိုယ်တိုင် ကျေနပ် ပျော်ရွှင်နိုင်တဲ့နေရာဖြစ်နေဖို့ပဲ”

“အစ်ကိုလေး”

သူတို့ စကားပြောနေတုန်း တစ်ကိုယ်လုံး ပေပွနေသည့် ပန်းရုံ အလုပ်သမားကောင်လေးနှစ်ယောက်မလှမ်းမကမ်းကိုရောက်လာသည်။

“ဘာလဲ”

“ဟိုခြံစပ်မှာ ဆရာတိုးတို့ ပြဿနာဖြစ်နေကြတယ်”

“ဘာ ...၊ ဘယ်သူနဲ့လဲ”

မေးနေရင်း သိုက် ထသွားတော့ သန်းထွတ်လည်း ထလိုက်သွား သည်။ ခြံစပ်ဆိုတာကို သစ်ပင်ချုံပုတ်တွေထူနေသည့်နေရာမှာ သ[...] မှတ်တာဖြစ်လိမ့်မည်။

တခြား အုတ်၊ သဲ တစ်စုစုနှင့် တံတိုင်းခတ်ကာရံထားတာတော့ မတွေ့ပါ။ ထိုနေရာမှာ ပန်းရုံအလုပ်သမားအုပ်စုနှင့် ဟိုဘက်ကလူဖြ[...] နေပုံရသည့် လူရွယ်တစ်ယောက် အသက်အရွယ်အားဖြင့် သိုက် တို့နှင့် မတိမ်းမယိမ်းလောက်ပဲဖြစ်လိမ့်မည်။

“ဘာဖြစ်နေကြတာလဲ”

မေးလိုက်တာက ကိုယ့်အလုပ်သမားတွေကိုဖြစ်ပေမယ့် သိုက် မျက်လုံးတွေက ဟိုဘက်လူ၏မျက်နှာထက်မှာ စူးစိုက်နေခဲ့၏။

စစ်ရောင်ကွာတားဘောင်းဘီကိုထပ်၍ခေါက်တင်ထားပြီး လက်[...] ဖက်ကို တမင်ဖြတ်ချထားတာနှင့်တူသော အဖြူရောင်လုလုပြေး[...]





သည့် ဂျင်းအင်္ကျီချိုင်းပြတ်အရှည်ကို ဝတ်ထားသည်။

ဝတ်ပုံက ဗရုတ်သုတ်ခပုံနှင့်။ ဆံပင်ပုံကျတော့ တိုတိုရှင်းရှင်း။

“မင်းက အဲဒီဘက်က အလုပ်သမားလား”

သိုက် က ခါးထောက်မေးလိုက်တော့ လူရွယ်က လှုပ်ရှားမှုမရှိသည့် မျက်နှာနှင့် ပြန်ကြည့်၏။ ပြီးတော့ ဆေးပုံးတွေ စုပုံနေသည့်နေရာကို လှမ်းကြည့်လိုက်တာက ဘာမှမပြောဘဲ ခြေဦးထိပ်နှင့် ခဲလုံးတစ်လုံးကို ခွဲယူပြီး လှစ်ခနဲကန်ထုတ်လိုက်၏။

“ဒေါင်”

ခဲလုံးက ဆေးပုံးကြီးတစ်ပုံးကို အရှိန်နှင့်ပစ်မှန်သွားပြီး ဒီဘက်ကို တုံ့ပြန်လာသည်။ သိုက် ရုတ်တရက်မို့ ကိုယ့်ဆီပြန်ရောက်လာမည်ထင် ကာ ခါးထောက်ပြေလျက် တွန့်ခနဲဖြစ်သွား၏။ ခဲလုံးက မလှမ်းမကမ်းမှာ ပဲ ဘုတ်ခနဲပြုတ်ကျသွားသည်။

သိုက် မျက်နှာရဲခနဲဖြစ်သွားလေသည်။

“ပြဿနာက အဲဒါတွေပဲ”

လူရွယ်က ခါးထောက်လိုက်ပြီး နှုတ်ခမ်းတွန့်တွန့်နှင့် မေးဆတ်ပြော ၏။

“ငါ ဘာကောင်ဖြစ်နေနေ မင်းရဲ့ဆေးပုံးတွေနဲ့ ဟောဟိုနောက်ဖေး ထောင့်မှာ ပုံထားတဲ့ အိမ်ဖျက်တဲ့ပျဉ်တိုပျဉ်စ၊ အုတ်ကျိုးအုတ်ပဲ့တွေကို သူ အခုချက်ချင်း ရွှေ့လိုက်မယ်ဆိုရင် အားလုံးပြီးသွားမယ်”

“ရွှေ့မပေးရင်ကော ...”

“အဲဒါကိုသိချင်တာကွ၊ မင်းရွှေ့မပေးမှတော့ ငါ့ဘာသာရွှေ့ရမှာပေါ့”

လူရွယ်က အေးစက်စက်ပြောပြီး နောက်ကိုလှည့်လိုက်ချိန် ခြံ အလုပ်သမားတွေနှင့်တူသောလူတွေ ဆယ်ငါးယောက်ခန့် ထွက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



တာကို မြင်လိုက်ရ၏။

သန်းထွတ် စိတ်ဝင်တစား အသာပဲကြည့်နေလိုက်မိသည်။ ဟိုအရင် နယ်မြေလုကြတဲ့ခေတ်တွေထဲကို ပြန်ရောက်သွားသည်လား။ ဒါမှမဟုတ်လျှင် ဒါက ရာစုသစ်ရဲ့ သမိုင်းသစ်တစ်ခုလား ...။

ဘာပဲဖြစ်ဖြစ် တိုက်ပွဲတစ်ခုဖြစ်လာတော့မည်ဆိုလျှင်တောင် ကြည့်ကောင်းဖို့တော့မရှိပေ။ သိုက် ဘက်မှာရှိနေကြသည့် ပန်းရန်အလုပ်သမားတွေက နောက်တွန့်ကြောက်ရွံ့နေသော ခြေလှမ်းတွေပြင်ဆင်လျက် 'ကြွေးတင် ဘုရင်ဆပ်'ဟူသော အားကိုးသမှုတွေက သိုက် တစ်ယောက်တည်းကို စုပုံအပ်နှင်းနေကြတာမျိုး ...။

ဟိုဘက်ကလူတွေကတော့ လက်ထဲမှာ ပေါက်တူး၊ ဂေါ်ပြားတွေကိုယ်စီနှင့် တိုက်ပွဲဝင်တော့မလို့ လက်နက်ဆွဲတွက်လာကြတာနှင့် တူနေ၏။ ဘာတွေလဲ။

ပြန်ကြည့်လိုက်တော့ သိုက် က နဖူးထက်မှာ လှလှပပဖြန့်ခင်းထားသည့်ဆံပင်တွေကို ဆတ်ခနဲခါထုတ်လိုက်ပြီး မိုက်ကြည့်နှင့် ...

"မင်းက စိန်ခေါ်တာလား၊ မကြီးမငယ်နဲ့ ဟိုဘက်ဒီဘက် ခြံစည်းရိုးတားပြီး နယ်လုကြတာ အရှမ်းရှက်ဖို့ကောင်းတယ်"

"ငါကတော့ မရှက်တတ်ဘူးကွ၊ ငါ့လုပ်ငန်း၊ ငါ့စိတ်ကူးကို အနှောင့်အယှက်ဖြစ်လာရင် မင်းနောက်ကတိုက်ကြီးကို ဖြိုချပစ်ဖို့ထိ မရှက်တတ်တာတွေ ရှိသေးတယ်"

"မင်းကို ဒီပစ္စည်းတွေက ဘာတွေနှောင့်ယှက်နေလို့လဲ"

"အဲဒီလို စောစောကတည်းက မေးရမှာ"

လူရွယ်က ပြောလိုက်ပြီးမှ ပစ္စည်းတွေကိုပြန်ကြည့်ကာ ...

"အဲဒီအောက်မှာ ငါ့ရဲ့ ပန်းမျိုးစေ့တွေကြဲထားတယ်၊ ဟိုဘက်နောက်





မှာ နာနတ်ပျိုးထားတယ်၊ အခု မျိုးတန် သုံးတန်လောက်ပျက်စီးသွားပြီ၊ ဒီနေရာမှာ သူ့ဘက် ကိုယ့်ဘက် စည်းသားထားတာ မရှိပေမယ့် လူ့စည်းဘိလူးစည်းဆိုတာ ကောက်ကြောင်းတစ်ခုရဲ့ တန်ဖိုးထက် အများကြီးမြင့်တယ်၊ အဲဒါ မင်း နားလည်ရဲ့လား"

"ဟိတ်ကောင် ... မင်း စကားပြောတာ လူနဲ့တန်အောင်ပြောစမ်းပါ၊ ဒါတွေကိုဖယ်ပေးမယ်၊ မင်း ပျက်စီးသွားတာတွေလဲ အလျော်ရမယ်၊ ပါးစပ်ပိတ်ပြီး သွားလိုက်တော့"

"ဪ ..."

လူရွယ်က သိုက် နှင့်အားလုံးကို ကြည့်ပြီးပြုံးလိုက်ကာ ...

"သနားစရာပဲကွာ၊ ငါက မတန်မရာပြောနေတာလား၊ ဒီစကားမျိုးတွေကို မင်း မကြားဖူးခဲ့တာလား၊ သေချာစဉ်းစားပါဦး"

"ဟိတ်ကောင်"

နောက်ဆုံးမှာ တက်ခေါက်လက်သီးပြင်ရင်း ကျန်ခဲ့သူက သိုက် ဖြစ်နေ၏။

သန်းထွတ် သက်ပြင်းခိုးချရင်း ပန်းရန်သမားတွေကို လက်တို့ကာ ပစ္စည်းပုံတွေကို ရွှေ့ဖယ်ကြဖို့ လောဆော်လိုက်ရသည်။

တစ်သက်နဲ့တစ်ကိုယ်မှာ ယောက်ျားချင်း စကားစစ်ထိုးကြတဲ့ပွဲမျိုး ဒီတစ်ခါပဲ ကြုံဖူးခဲ့သည်။ ပွဲတိုင်းမှာ အနိုင်နဲ့ပိုင်း၍ဖြတ်သန်းခဲ့သော သိုက် ဆိုသည့်ကောင်ကို ပါးပါးလေးဖြတ်တက်သွားတာ ဘယ်သူလဲ ...။

"မသိဘူး၊ ငါ့ကိုတော့ ဒီကောင် သိနေပုံရတယ်ကွ၊ ဒီကောင်နဲ့ငါ ငြိတာ နှစ်ခါရှိပြီ"

ဟု ပြော၍ သိုက်က တက်ခေါက်ပြန်သည်။

သန်းထွတ်နဲ့ သိုက် တို့ ပန်းခြံကလေးထဲပြန်ရောက်လာကြစဉ် ရှား



www.burmeseclassic.com

www.burmeseclassic.com



စေးရောင်ဂျစ်ကားလေးနှင့် ခြံထဲကထွက်သွားသောလူရှယ်ကို လှမ်းမြင်လိုက်ရ၏။

ကားပေါ်မှာ ငုတ်တုတ်ပါသွားသည့်ခွေးကြီးတစ်ကောင်၏အရိပ်ပါတွေ့လိုက်သဖြင့် ...

"ဒီကောင်က စစ်သားလူထွက်ထင်တယ်၊ ဆံဝင်တိုကပ်ကပ်နဲ့ ပြောပုံဆိုပုံက ထောင့်ဖြတ်ကြီး၊ ခွေးက အမဲလိုက်ခွေးလား စစ်သုံးခွေးလား"

သူ မေးလိုက်သဖြင့် သိုက် မျက်နှာကြီး တင်းသွားပြီး မော့လာကာ—

"မင်းက ငါ့ဆီကို ဘာလာလုပ်တာလဲ၊ ဒီကောင့်ကို စိတ်ဝင်စားလို့လား"

"မဟုတ်ပါဘူး၊ ငါက စုမှမြင်ဖူးတာဥစ္စာ၊ မင်းဆီကိုလာတာက ဆန်းဒေးတုန်းက ဂမုန်းပွင့်မှာ မပြောဖြစ်လိုက်တဲ့ကိစ္စ ..."

"မပြောနဲ့ အဲဒီအိမ်ကအကြောင်းတွေ ဘာမှကိုမကြားချင်ဘူး"

"ငါသိပါတယ်၊ ငါကလဲမပြောချင်ပါဘူး၊ မင်းတို့အိမ်တွင်းရေးတွေကို ဝင်လဲမပါချင်ဘူး၊ ဒါပေမယ့် အဘွားကြီး တော်တော်ဖြစ်နေတာဆိုတော့ မင်း တစ်ချက်လောက်သွားကြည့်သင့်တယ်ကွ၊ မိထွေး ဆိုပေမယ့် ခုချိန်မှာ သူ့သားသမီးတွေက အဝေးရောက်နေတယ်လေ၊ မင်းအပေါ်မှာလဲ ဒီလောက်မဆိုးခဲ့ဘူးလို့ ငါတို့ကြားတာပဲ"

"အေး ကြားတာ ထင်တာတွေနဲ့ နောက်ထပ်အကြံပေးတာမျိုး မလုပ်မိဖို့ ငါ ထပ်သတိပေးလိုက်မယ်၊ အဲဒါပြောဖို့ဆိုရင် ပြန်တော့"

"မဟုတ်ဘူးကွ၊ ရှိသေးတယ်"

သိုက် မျက်နှာက စောစောက ဒေါသရှိန်တွေကျန်ကာ နီမြန်းနေဆဲဖြစ်၏။ နဖူးပေါ်မှာ အမြဲတမ်းရှပ်ယှက်ဝေ့ပြီးဆင်းနေတတ်သည့်ဆံပင်တွေကို ဒေါသဖြစ်တိုင်း အပြစ်ရှာတတ်သည့်အကျင့်အတိုင်း မျက်နှာမော့





၍ ခါထုတ်ပစ်လိုက်၊ လက်နဲ့သိမ်းလှန်ပစ်လိုက်နှင့် မာန်မပြေ။

ထိုမျက်နှာကိုကြည့်၍ သန်းထွတ်က ပါလာသည့်စကားကို ပြောသင့်၊ မပြောသင့် ချင့်ချိန်ရင်း ...

"သိုက်...၊ မင်းတို့ ဟိုးအရင်က တောင်ကြီးမှာ နေခဲ့ကြတာနော်"

"ဘာဖြစ်လို့လဲ"

"ဟို ... မင်းမှာ ငယ်သူငယ်ချင်းမိန်းကလေးတွေ ဘာတွေ ရှိခဲ့ဖူးလား"

"ဘာတွေလာမေးနေတာလဲ၊ မင်း ဒီနေ့ ဒီကိုရောက်လာတာ မတည့်ဖို့အကြောင်းတွေချည်းပဲ ပါလာသလား"

"မဟုတ်ပါဘူးကွာ၊ မင်းကလဲ မင်းတစ်ခွေတစ်မျိုးလုံးနဲ့မတည့်ရင်တောင်မှ ငါ့ကိုတော့ ထည့်မပစ်လိုက်ပါနဲ့ မင်းအပေါ်မှာ ငါက အများမြင်သလိုမြင်ခဲ့တဲ့သူလား"

သိုက် က မခံချင်စရာမဲ့ပြုံးနှင့် မျက်နှာလွှဲပစ်၏။ သူ့ရင်ထဲမှာ ထူးခြားစွဲနစ်ခဲ့သည့် သံယောဇဉ်ဆိုတာ မရှိခဲ့၊ ဒါပေမယ့် ...

"သိုက်"

"ပြော"

"မင်းအကြောင်းကို သိပ်လှတဲ့မိန်းကလေးတစ်ယောက်က စိတ်ဝင်စားနေတယ်၊ ချောတဲ့ကောင်လေးတစ်ယောက်ကို တမ်းတမ်းစွဲလိုက်ပါလာတာမျိုးမဟုတ်ဘူးကွာ၊ သူက မင်းထက် အများကြီးချမ်းသာတယ်၊ မင်းထက် အများကြီးချောတဲ့ သာတဲ့ကောင်တွေကို လုံးဝ ဂရုမစိုက်ခဲ့တဲ့ မာနလဲရှိတယ်"

"စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး"

သိုက် မျက်နှာပေါ်က လှောင်ရိပ်ကို နည်းနည်းလျော့ မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိ၏။

ရွှေလက်ဆက် ကို သူ အမှတ်ကမဲ့ထားလိုက်နိုင်တာက အထင်ကြီးဖွယ်ပါ။ စောစောကဒေါ်သတွေ လက်ကျန်ရှိနေသေးလို့ မချေမငံတွေ တဲ့ပြန်ပြောနေတာဆိုလည်း ရှိစေတော့။

ဒါပေမယ့် ရွှေလက်ဆက် ဘယ်လိုမိန်းကလေးမှန်းသိထားသူရင်ထဲမှာတော့ ဒါတွေနဲ့ ချေဖျက်ဖို့မလွယ်ဘဲ ဖြစ်နေ၏။ သူမ၏အချစ်ကို တမ်းတမ်းတတ ရှုးသွပ်ခဲ့ဖူးတဲ့ထဲမှာ သူလည်းပါခဲ့ဖူးသည်မဟုတ်ပါလား။

"မင်း တကယ်သတိမထားမိခဲ့တာလား သိုက်၊ သူပြောတော့ မင်းနဲ့ သူ နှစ်ခါဆုံဖူးတယ်တဲ့"

"နှစ်ခါ ..."

လူက ဟန်ကြီးပန်ကြီးစတိုင်လ်နှင့် မျက်မှောင်ကြုတ်စဉ်းစား၏။ သိုက် က ယေ်စဉ်ကတည်းက မိခင်မဲ့ခဲ့သူဖြစ်ကာ ဖခင်ကျတော့လည်း ဒီဘက်မှာ မိသားစုတစ်စုနှင့် နောက်ထပ် အခြေကျနေပြီမို့ ရင်းနှီးခွင့် မရခဲ့ပေ။

ထို့ကြောင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ခဲ့ခြင်း၊ ရင်ဆိုင်ရဲခြင်း စသည် အရည်အချင်းများဖြင့် ရင့်ကျက်မှုတွေ ပိုနေခဲ့သည်။ အသက်အရွယ်အားဖြင့်တော့ လူငယ်တစ်ယောက်သာဖြစ်လေသည်။

ကိုယ်နဲ့ရွယ်တူမရှိသေးတာကို သိနေသည်မို့ တစ်ခါတစ်ခါ သိုက်၏ အပြုံးအရယ်၊ အကြည့်၊ အမူအရာများဟာ အလွန်အသည်းယားဖွယ်ကောင်းနေတတ်သည်။

သူ့စီးပွား၊ သူ့အိမ်ရာနှင့် တခမ်းတနားရပ်တည်နိုင်ခြင်း၏ အရည်အချင်းများအရ သိုက် ၏မာနကလည်း သေးသေးကွေးကွေးမဟုတ်။

"မင်းသိပါတယ်၊ ငါက မိန်းမတစ်ယောက်က အစ တွစ်ရာအဆုံး





ဘယ်လိုအကြောင်းကြောင့်မှ စိတ်ဝင်စားခဲ့ဖူးတာ မရှိဘူး"

"အဟွန်း"

သန်းထွတ် မချိုသွားဖြံနှင့် မဲ့သည်။

"မိန်းမ ဆိုတာ ကြောင်တွေနဲ့အတူတူပဲကွ၊ လက်သာရင် ပျော်တယ်၊ ကိုကြောက်တယ်၊ သူတို့ပျော်အောင်ထားနိုင်ရင် အချိန်မရွေး ကောက်ယူလို့ရတယ်"

"ဒါတော့မဟုတ်သေးဘူးထင်တယ်ကွ၊ ကောက်ရပစ္စည်းဆိုတာမျိုး လမ်းပေါ်မှာပဲရှိမှာပေါ့၊ မင်းပြောသလို အချိန်မရွေးကောက်ယူလို့ရတဲ့ မိန်းမ ဆိုရင်တော့ ..."

"သန်းထွတ်"

"ဟင်"

"မင်း ငါ့ကို ပြန်ဖုံ့ချင်တာလား"

"မဟုတ်ပါဘူး၊ ယောကျ်ားချင်းပဲ ဖွဲ့စရာလား၊ မင်းလိုပဲ ငါကလဲ ခွင့်လင်းလင်းဝေဖန်ပြတာပါ၊ မင်းမှာ ငွေရှိလို့ ကောက်ကောက်ပါလာခင် ငွေလိုနေတဲ့မိန်းမမျိုးပဲဖြစ်မှာပေါ့၊ မဟုတ်ဘူးလား"

သိုက် မျက်ခုံးနှစ်ဖက် အကျည်းတန်စွာတွန့်တက်သွားသည်။

"ကဲ ... ရွှေလင်ဗန်းနဲ့အချင်းဆေးပြီး မြပုခက်နဲ့အိပ်စက်လာခဲ့တဲ့ မိန်းကလေးမျိုးကိုလိုချင်ရင် မင်း ဘာနဲ့လဲယူမလဲ"

သိုက် မခိုးမခန့်ပြုံးလိုက်တော့ သန်းထွတ် က ခေါင်းခါလိုက်ရင်း...

"စကားမပြောတတ်တဲ့ သစ်ပင်ပန်းပင်တွေတောင်မှ အပူကြိုက်တဲ့အပင်၊ အအေးကြိုက်တဲ့အပင် ဆိုတာဂကွ အများကြီးကွဲပြားနေကြသေးတာ၊ မိန်းမတွေဆိုပြီး မင်း သိမ်းကျုံးပြောပစ်လိုက်တာတော့ လွန်တယ်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မင်းကတော့ မိန်းကလေးလှလှမြင်ရင် ရင်ခုန်သံမြ
တတ်တာကိုး၊ မင်း မွေးကြူနေတဲ့ပန်းကို ခေါင်းရမ်းပန်းလို့ပြောတာ ဘယ်
လက်ခံနိုင်မလဲ၊ မိန်းကလေးတွေကို ငါမြင်ထားတာ အဲဒီထက် လုံးဝမ
ဘူး။ သူတို့ကို ဂရုစိုက်တဲ့အချိန်ဟာ ငါ့အတွက် လိုအပ်ချက်တစ်ခု ဖြ
လာလို့ ဖြည့်ဆည်းဖို့သက်သက်ပဲဖြစ်မှာ"

"ဩော် ... ဩော် ..."

ပြောချင်စိတ် လုံးဝကုန်ခန်းသွား၏။ ကိုယ်ကလည်း မင်းသားခွ
တောက် ဟဲလို့ကောင်းအောင် ခြေဆင်းလှလှနဲ့ ခင်းလိုက်မိပေတာကို

နိုက်လိုက်တဲ့ကောင်လို့ ကိုယ့်ပေါင်ကိုကြိတ်ပြီးလိမ်ဆွဲမိတော့ နာ
ကျင်ကျင်ကြီးဖြစ်သွား၏။

"မင်း ဆက်ပြောချင်တဲ့ဆန္ဒရှိသေးရင် ပြောလေ၊ ခုနကပြောသလို
ပေါ့၊ ယောကျ်ားချင်းချင်း ပွင့်ပွင့်လင်းလင်းဝေဖန်နေကြတာ၊ ဂိုဏ်းမကွဲ
ကြေး"

တောင်းပန်သလိုလို၊ ညှိနှိုင်းသလိုလိုနှင့် ခပ်ကြောကြောပြောတာမေ
မယ့် သိုက် ပါးစပ်က ဒီလောက်ပြောလာတာဟာ စိတ်ဝင်စားသည့်ရာနိုင်
နှုန်း ဘယ်လောက်လောက်ရှိနေပြီကို ဖွင့်ပြလိုက်သလိုပင်။

သန်းထွတ်က တစ်ခါတလေ ဆုပ်ဖမ်းမိလိုက်သည့် ကိုယ့်ဘက်က
အသာစီးတစ်ချက်နှင့် သွက်လက်စွာခေါင်းခါပစ်လိုက်သည်။

"မကွဲပါဘူး၊ ဘာဖြစ်လို့ ဂိုဏ်းကွဲရမှာလဲ၊ ငါက မင်းရဲ့အသိဟောင်း
ထဲမှာ မိန်းကလေးတစ်ယောက်တလေများ ရှိနေသေးလားလို့ မေးကြည့်
တာ၊ သူကလဲ မင်းကို သူသိဖူးတဲ့လူလို့ ထင်လို့ပါ"

ဒီနေရာမှာ မှသားတွေပါသွားပြီ။ ရွှေလက်ဆက် သူရှိန်းတဲ့နေရာထိ
မကြောက်မရွံ့ ရောက်လာခဲ့ပြီး မေးမြန်းပြောပြသွားသောစကားတွေထဲ





က အဖြူရောင်ရင့်ရင့်သံယောဇဉ်တွေက တခြားတစ်ရပ်မြေမှာ နိုင်မာစွာ
ဖြစ်တွယ်နေခဲ့မှန်း သူ သိခဲ့သည်။

"အရပ်အမောင်းရောပဲ၊ ခုလောက်အသက်အရွယ်နဲ့ဆို သူ ဒီအရပ်
လောက်ဖြစ်နေမှာပါ။ ပြီးတော့ ဆံပင်ထားပုံ၊ မျက်နှာကျပုံ၊ ဘာကိုမှဂရု
စိုက်တတ်တဲ့ စကားပြောပုံကအစ အတူတူပဲ။ ကူညီတယ်လို့ သဘော
ထားပြီး တို့ကိုပြောပြပါ၊ သူက အဲဒီတစ်ယောက်နဲ့ သူငယ်ချင်းလား၊
ဆွေမျိုးလား"

သန်းထွတ် က မဖြေချင်ပါ။ မဖြေချင်လို့မဟုတ်ဘဲ ဖြေဖို့အတွက်
ခဲ့စားရတာဖြစ်၏။ ဆွေမျိုးနီးစပ်တော်ပါသည်ဆိုလျှင် 'သိုက်'ဆိုတဲ့
ကောင်အကြောင်း သူမ မေးလာသမျှ မသိပါဘူးလို့ ခေါင်းခါဖို့ မဖြစ်နိုင်
တော့တာကို သိသည်။

ပြောပြလိုက်ပြီဆိုရင်လည်း သူမရင်ထဲကတစ်ယောက်နှင့် 'သိုက်'
ဘာမှမသက်ဆိုင်တာကို သိသွားတာနှင့် စုလိုမျိုး လိုက်လျောခယစွာ
နောက်ထပ် သူ့ရှေ့ကိုရောက်လာဖို့က ဝေးပြီ။

"သူက ရန်ကုန်မှာပဲနေတာလားဟင်၊ နာမည်က 'သိုက်'တစ်မျိုး
တည်းပဲလား"

ခေါင်းညိတ်၊ ခေါင်းခါဖြေဖို့ကို စဉ်းစားချင့်ချိန်နှုန်း အနိမ့်ဆုံးအမှတ်
ဖြင့် ဖြေရသည်။

"ဆွေမျိုးတော်စပ်ပေမယ့် တော်တော်ဝေးပါတယ်၊ သူတို့မိသားစုရဲ့
အိမ်တွင်းရေးက နည်းနည်းတော့ရှုပ်ထွေးခဲ့ရှိတယ်"

"ဟင် ..."

သူပြောလိုက်တဲ့အထဲမှာ ကောင်းတာ မပါခဲ့ပါ။ သူများ အတွင်း
အဖျင်းပြောရာကျမှာစိုးလို့ သိပ်တောင်မပြောချင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ရွှေလက်ဆက် က ဘယ်လိုအဓိပ္ပာယ်သက်ရောက်မှုတွေနှင့် ချိတ်ဆက်လိုက်သည်မသိ။

မျက်ဝန်းလေးတွေဝိုင်းသွားကာ စားပွဲစွန်းကို လက်နှစ်ဖက်နှင့်တင်းခနဲဆုပ်ပစ်ပြီး ကိုယ်လေးပင် တောင့်မတ်သွားရှာသည်။

"ဟုတ်တယ်၊ အဲဒါဟုတ်တယ်၊ သူက အမေ မရှိဘူး။ အရမ်းကို မျက်နှာငယ်ပြီး ..."

"လက်လက်ရယ် သိချင်ရင်လဲ သိချင်တာကိုပဲမေးလေ၊ နင်ပြောပြနေမှတော့ တကတဲ မပြောလိုက်ချင်ဘူး"

နောက်ပါးကနေ လိုက်ပါလာကြသည့် သူငယ်ချင်းမနှစ်ယောက်က ဘုရားရှေ့မှာ ဆောင့်ကြောင့်ထိုင်လျက် ထုဆစ်ထားသည့် ခြင်္သေ့ကြီးနှစ်ကောင်နှင့်တူ၏။

ရွှေလက်ဆက် ကို ဘာမှပြုပြင်ဟန့်တားသမှုမပြုနိုင်ကြပေမယ့် သူပြောမှားဆိုမှားဖြစ်လိုက်တာနှင့် ပြေးချုံခုန်အုပ်ဖို့တော့မယ့်အတိုင်း ...။

သန်းထွတ် က အအေးဆိုင်ထဲမှာ စားပွဲတစ်လုံးစီထိုင်နေကြပြီး မအေးမြနိုင်ဘဲရှိနေသည့် သူမတို့နှစ်ယောက်ကို လှမ်းကြည့်ရယ်လိုက်မိ၏။

"ဟင် ... သူ...သူက ရှမ်းပြည်နယ်ဘက်မှာ ဇာတိချက်မြှုပ် ဟုတ်လား၊ ဒါဆို ..."

"သူ့အမေက အဲဒီဘက်ကဇာတိဆိုတော့ သူလဲ ဒီလိုပဲဖြစ်မယ်၊ ဒီလိုလေ၊ ဟို ... သူ့အဖေက အိမ်ထောင်နှစ်ဆက် ဆိုတော့ ..."

"အို ... ဟုတ်တယ် သူပဲ၊ သူ ဟိုမှာနေပြီးမှ ဒီကိုရောက်လာတာ မဟုတ်လား။ သူ့ဘဝကိုစိတ်နာပြီး နာမည်ကိုပါ ပြောင်းပစ်လိုက်တာပါ ဟုတ်တယ်မဟုတ်လားဟင်"





"သူ့ရဲ့ တခြားနာမည်ကို ရွှေလက်ဆက် က သိထားသေးလို့လား"

"အမလေး အဲဒီလိုအစ်အောက်မေးတာတွေ ရှိနေပါပြီဟယ်၊ နာမည်ပြောပြလိုက်ရင် ဟုတ်တယ်၊ မဟုတ်ဘူး ရောချပြီး ဟီးရိုးလုပ်သွားမှာ မဟုတ်လား"

အသံလေးစီခနဲပေါ်လာပြန်သည်။ ရွှေလက်ဆက် ၏တက်ကြွမှုလေးတွေက သူမတို့ထံမှ အသံတစ်စုံတစ်ရာ ပျံ့လွင့်လာတိုင်း နှောင့်နှေးသည့်ဆိုင်းခြင်းသို့ရောက်သွားတတ်၏။

သူကတော့ ဘယ်သူ ဘာပြောပြော ဘာတစ်ခုမှ အမှန်အတိုင်း ပြောဘဲနေခဲ့သည်။ တမင်တကာညာရတာမဟုတ်ဘဲ ကိုယ် ခပ်တွန့်တွန့်ပြောလိုက်မိသမျှ သူမရဲ့အတိတ်နှင့် တိုက်ဆိုင်စွာငြိတွယ်နေသည် ည်းဖြစ်နေတာကိုက ကိုယ့်အတွက် အခွင့်အရေးဟု သတ်မှတ်လိုက်သည်။

ဒီအကြောင်းနှင့်ပတ်သက်၍ ကျောင်းတုန်းက မတူတန်သလို မာနကြီးကြီးနေလာခဲ့သည့် ရွှေမင်းသမီး၏ အရောဝင်အားကိုးသမှုကို ရရှိသည်။

ဒီ ရင်းနှီးမှုတွေနဲ့ ချည်တုပ်ပြီးပြီဆိုမှ 'သိုက်'ဆိုတာ ဘယ်လိုကောင်မျိုး တစ်နည်းနည်းနဲ့ သိစေလိုက်လျှင် ပြီးပြီပေါ့။

အခု သူ ဒီကိုလာခဲ့တာက သိုက် နဲ့နှစ်ခါဆုံဖူးခဲ့သည်ဆိုသောကြောင့် ရွှေလက်ဆက်ကို သိုက် လည်းသိနေပြီဟုထင်၍ ဖြစ်သည်။

အပြောကြီး၊ အထာကြီးတဲ့ကောင် ရွှေလက်ဆက် နဲ့ကျမှ ကြွေနေပြီသာ။

အမှတ်တမဲ့ကနေ မပိုခဲ့ဘူးလား၊ ဒါကို သိချင်တာလည်းပါ၏။

အကယ်၍ ရွှေလက်ဆက် က သူ့နည်းသူ့ဟန်နဲ့ တွေ့နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ သိုက် ရှေ့ကို သူမသိဘဲရောက်လာခဲ့မည်ဆိုလျှင် ဒီကောင် ဘယ်လိုတုံ့ပြန်ဆက်ဆံမလဲ။

ဒါပေမယ့် အပြီးမသတ်ခဲ့ရင်တောင်မှ ဒီစိတ်ကူးတွေကို နောက်မှ တစ်ယောက်တည်း ဆက်လက်ရှိတက်ရင်း တွေးပါဦးမည်။

သိုက် ကတော့ ဘာမှမသိ။ သန်းထွတ် က သက်ပြင်းတစ်ချက်နှင့် အတူ ကျိတ်ပြုံးသည်။

ရင်ထဲမှာလည်း .....၊

'မင်းတော့ သိဝိမင်းကြီးထက် အဖြစ်ဆိုးဦးမယ် ထင်တယ်'





## အခန်း (၂၁)

"ဟား ... ရှေ့ကကား ဘာလုပ်တာလဲ"

ဆက် တက်ခေါက်ရင်း ခေါင်းပြူကြည့်မိသည်။ လူကြီးတွေကို လေိမ့်တပတ်လုပ်ပြီးထွက်ခဲ့ရသည့်အကျိုးဆက်က ရင်တွေခုန်ကာ ချွေး ပြန်နေခြင်းပင်။

မှော်ဘီကို သတ်မှတ်ထားသည့်အချိန်အတွင်းမှာ သွားနိုင်၊ ပြန်နိုင်ဖို့ လမ်းခရီးမှာ ကြန့်ကြာမှုမရှိမှဖြစ်မည်။

"တီ တီ တီ"

"လက်လက်ရယ် တအားစွတ်တီးမနေပါနဲ့၊ ဟိုမှာ ကားပျက်နေ သလားမှမသိတာ"

"အို ... ပျက်ရင်လဲ လမ်းဘေးချရပ်ပါလား"

"တီ တီ တီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် တအားဖိနှိပ်တီးပစ်ရင်း တက်ခေါက်မိပြန်သည်။

"ဂျိမ်း"

ကားပေါ်ကနေဆင်းလိုက်ပြီး တံခါးကို နောက်ပြန်ဆောင့်ပိတ်

လိုက်၏။ ကားပေါ်မှ ခက်နဲ့မေမြတ်တို့ ထိုင်လျက်ကနေ ခေါင်းမိုးနှင့်

ဆောင့်သွားပြီထင်ကာ ဘုရားတလိုက်ကြတာ ဖြိုင်တူ။

ဆက် ကတော့ ရှားနက်ရောင်ဂျစ်ကားဆီသို့ ဘောက်ဆတ်ဆ

လျှောက်သွား၏။

ထိုစဉ် လုံးဝစက်သေသွားခဲ့သော ကားထဲမှ လူရွယ်တစ်ယော

ဆင်းလာသဖြင့် ဆက် က ခြေလှမ်းကိုရပ်ပစ်လိုက်သည်။

ထိုသူ ကိုယ့်ကို အကျိုးသင့်အကြောင်းသင့်ပြောပြမလို့လား။

မဟုတ် အကူအညီတစ်ခုခုတောင်းမည်လား။ ဘာပဲဖြစ်ဖြစ် ဒီကား ဒီလ

ပေါ်က ဖယ်သွားပေးဖို့ အမိကကို သူ အရင်လုပ်ပေးရမှာကိုတော့

လည်ရမည်။

ဆက် ပါးစပ်ဖြင့်၍ စောင့်နေပေမယ့် လူရွယ်က သူမကို တစ်ချက်

မကြည့်ဘဲ လူကို ကပ်ရှောင်သွားပြီး ဘွန်နဲ့စ်ကိုဖွင့်၏။

"ဒီမှာ ..."

သူသွားတဲ့အတိုင်း တစ်ပတ်လှည့်အောင်လှည့်လိုက်ပြီး ဆက် အော

ပစ်လိုက်မိသည်။

သူက မျက်ခုံးနှစ်ဖက်တွန့်ကုတ်လျက် စိတ်ရှုပ်သည့်မျက်နှာဖြင့် တွ

ပြုကြည့်နေရာကနေ ခပ်စောင်းစောင်းမော့ကြည့်၏။

စူးရဲသောမျက်ဝန်းတွေနှင့်ရင်ဆိုင်လိုက်ရစဉ်မှာ ဆက် တွေခနဲဖြ

သွား၏။ တိုရှင်းသောဆံပင်များ၏ အောက်ခြေအနားတို့မှာ အစိမ်းရော

ရင့်လျက် နုတ်ခမ်းဖူးတို့အထက်မှာလည်း နုတ်ခမ်းမွေးရေးများအတိုင်





သို့နေသည်။

ထိုပြင် မကျဉ်းမကျယ်နဖူးပြေပြေနှင့် မထူမပါး မျက်ခုံးတန်းနက်

ကြောက မျက်နှာသွယ်ခြင်းနှင့်တွဲစပ်လိုက်တော့ ခက်ထန်ပြတ်သားတတ်

သည့် သွင်ပြင်လက္ခဏာမျိုးတော့ မဟုတ်ပါ။ ဒါပေမယ့် သူ့မျက်နှာ သူ့

ကြည့်တွေက ရိုင်းစိုင်းနေ၏။

ကိုယ်ကလည်း ယဉ်ကျေးမှုပြပွဲကို လာတာမှမဟုတ်ဘဲ ...။

"ကားက ဘာဖြစ်လို့ လမ်းပေါ်မှာ ကျောက်ချနေတာလဲ"

"ပျက်သွားတာလေ၊ မင်း မမြင်ဘူးလား"

"ပျက်သွားရင်လည်း လွှတ်ရာကျွက်ရာ ဆွဲချသွားပေါ့၊ လမ်းတစ်

လုံးက နှောက်ဖြစ်ပြီး တားရှောင်ဖို့နေရာမှမရှိတာ၊ ကျွန်မတို့က

ယ်ကသွားရမှာလဲ"

သူ ဆက် ရှုန်တွေနေတာကို စိတ်မရှည်တော့သည့်ပုံစံနှင့် ဖုံ့ကိုင်း

ရာကနေ မတ်မတ်ပြန်ရပ်လိုက်၏။

ပြီးတော့ ပတ်တီးဖြူဖြူစည်းထားသည့် သူ့ရဲ့ ညာဘက်လက်

ဘက်ဝတ်ကို အကျီလက်များရှေ့နှပြ၍ ...

"ကားကိုစတီယာရင်ကိုင်ပြီး ကိုယ့်ဘာသာတွန်းချသွားဖို့

ကောလား။ ဒီမှာမြင်တဲ့အတိုင်းပဲ၊ တွန်းဖို့မပြောနဲ့ မောင်းရ

တစ်ဖက်တည်းတင်ပြီးမောင်းခဲ့တာ၊ မင်း အရေးကြီးတယ်

"ဘာ ... ရှင့်ကားကို ကျွန်မတို့က ပိုင်းတွန်းပေးရဦး

"မင်းဖြစ်ဖြစ် တခြားသူဖြစ်ဖြစ် တွန်းပေးဖို့လိုတာတော့ ..

နောက်မှာ ဆက်တိုက်တန်းစီရပ်လိုက်သည့်ကားတွေ

ကြည့်ဖြင့် သူ ပြောလိုက်ခြင်းဖြစ်သည်။ ဒါကို ဆက် က ခေ

သာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ တွန်းပို့လိုက်ရင် ပြီးရောမဟုတ်လား၊ တစ်ခါတည်း ဘက်ချူထဲရောက်သွားအောင် တိုက်ချပေးလိုက်မယ်"

ပြောပြီး ကားဆီ ချာခနဲပြန်လှည့်၏။

ထိုစဉ် နောက်ကားဆီမှ ယောက်ျားနှစ်ယောက် ဆင်းလာကြသည် သူတို့ဖြစ်နေတာကိုရိပ်မိပုံ ပေါ်ကာ ပြုံးစိစိမျက်နှာများနှင့် ပြေးလာ တာဖြစ်၏။

လမ်းက ဒီနေရာမှာမှ ဂငယ်ကွေ့လို ချိုင့်ခွက်ကြီးဖြစ်လျက် နှစ်စီးရှောင်ထွက်စရာမရှိလောက်အောင် ကျဉ်းမြောင်းနေသည်။

ဒီဂျစ်ကားက တကယ့်အလယ်ကျကျမှာလာပျက်တော့ ရှေ့ တွေရော နောက်ကားတွေရော ဘယ်ကားမှ ရှေ့ဆက်လို့မရဘဲဖြစ် ကြသည်။

"ဟွန်း ... ဂျစ်စုတ် ဂျစ်ပုံ ဥပဒေသာမရှိရင် ကားရော လူ တစ်ခါတည်းတိုက်ချပစ်ခဲ့ပြီး ထွက်သွားတယ်"

"နင်ကလဲဟယ် တော်ပါတော့"

မကြူ ခက် က ဖျောင်းဖျရင်း ကားရွှေ့နေကြတာကို လှမ်းကြည့်နေ

"ဒီမှာ မောင်းထွက်ဖို့စိတ်စောကာ ခြေတပြင်ပြင်၊ လက်တပြင်ပြင် သွားသွားတဲ့စိတ်ဆဲ ...။

ပစ်လိုက်မိသည်သွားသည်နှင့် ကားကို ချက်ချင်းမောင်းထွက်ခဲ့လိုက်သည

သူက မှန်နောက်ခန်းထဲက ခွေးတစ်ကောင်ကို လှမ်းမြင်လိုက်သ ၍ကြည့်သောမက ခွေးကိုတောင် စေတနာမရှိဖြစ်ကာ ဆက်

စူးရဲသေ၏။

သွား၏။ ထိုကောင် လပ်ကီး နောက်ဆုတ်နေစမ်း၊ ဆင်းရမှာမဟုတ် ရင့်လျှက်





ဟင် ... လပ်ကီးဆိုသည့်နာမည်လေးကို ကြားလိုက်ကာ ဆက် မျက်ခုံးလေးနှစ်ဖက် ပင့်တက်သွားသည်။

နောက်ပြန်လှည့်ကြည့်မိတော့မလိုဖြစ်သွားသည့်စိတ်ကို မနည်းပြန် ထိန်းရ၏။

ပြီးတော့ မုန်းတီးဖွယ်ကောင်းသည့်မျက်နှာရှည်ရှည်နှင့် ဆံပင် ရှင်း ရှင်းပုံးစံကို မြင်ယောင်ရင်း အလကားမဖြစ်နိုင်၊ လပ်ကီးတွေ အများကြီး ရှိလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"နာမည်တူမရှား လူတူမရှားဟာယ်၊ နှင့်ရဲ့ ဆာမူရိုင်းနဲ့တူတာတွေ အများကြီးရှိလို့ရတယ်၊ ငါဖြင့် အဲဒီလူကိုမထင်ဘူး"

"အေးလေဟာ၊ သံယောဇဉ်ဖြစ်ခဲ့ကြတာမှန်ရင် ကြိုးဆိုတာ တစ်ဖက်စတည်းချည်ထားရုံနဲ့တင်းလို့ရတာမျိုးမှမဟုတ်တာ၊ နှစ်ဖက်ခိုင်ခိုင်မာမာ ချည်နှောင်မိမှဖြစ်တာ၊ နင်က သူ့ကိုမြင်ရုံနဲ့မှတ်မိနေရင် သူကရော မမှတ်မိသင့်ဘူးလား၊ ကျောင်းမှာ တစ်ခါ မျက်နှာချင်းဆိုင်ကြီး ပြောဆိုသွားတာ လှလို့ ဂရုစိုက်မိတာမျိုးလောက်တောင်မဖြစ်ဘူး"

"ပုံစံကိုက အသာစီးနေချင်တဲ့ရုပ်မျိုးပါ"

"ဂမုန်းပွင့်မှာတုန်းက ကြည့်လေ၊ ဓာတ်လှေကားထဲမှာ ဒီဘက်လှည့်ပြီးရပ်လိုက်တော့ လက်လက် ပြေးလိုက်လာတာကို သူမြင်သားပဲ၊ နှစ်ကြိမ်မြောက်ဆုံတာကိုတော့ သူ အမှတ်တရရှိသင့်ပြီ မဟုတ်ဘူးလား"





နှစ်ယောက်သား စကားက ရောက်တိုက်နေသလား ပြောလို့ကောင်းလေ။

ပြောချင်တာပြော ဆက် က ကိုယ်ထင်ရာကိုယ်လုပ်ခွင့်ရဖို့ အမိက နှင့် တစ်ချက်မှ တုံ့နှေးတွေဝေခြင်းမရှိဘဲ မောင်းမြဲမောင်း၏။

လမ်းမကြီးကနေ လမ်းသွယ်ထဲဝင်၊ ဟိုဆိုင်မေး၊ ဒီဆိုင်မေးနှင့် ဖတ်တော်မောပြီဆိုမှ သစ်စက်ဟောင်းကြီးနောက်က 'သိုက်ရတနာ'ဟုနာမည်တင်ထားသည့် မျက်နှာစာခြံတံတိုင်းရှေ့ကိုရောက်လေသည်။

တိုက်ကြီးက ဆောက်လက်စနှင့် ခြံတံတိုင်းဆိုတာကလည်း ရှေ့မျက်နှာစာမှာပဲ သစ်လွင်ခမ်းနားစွာရှိလျက် ဘေးနှစ်ဖက်မှာ ဒီတိုင်းပဲရှိသေးသည်။

ဆက် က 'သိုက်ရတနာ'ဆိုသည့်ဆိုင်းဘုတ်ကိုဖတ်ရင်း ပြုံးလိုက်၏။

"ဘာပြုံးတာလဲ မျက်နှာက ..."

"ဩော် ... နာမည်သစ်တင်ထားပေမယ့် သွင်နဲ့သိုက် ဘာမှမကွာဘူးလေ၊ နင်တို့ ဘာပြောပြော သူ့ကို ငါ ရင်းနှီးနေတာ အရမ်းထူးဆန်းသယ် မပြေတ်၊ ဘာမှမဆိုင်လောက်အောင်တော့ အလှမ်းမကွာနိုင်ပါဘူး၊ ဒရိုင်း က ဟိုတုန်းကတည်းက ဒီပုံစံပဲနေတာ၊ သူ့ဘဝ မမြင့်မားပေမယ့် စိတ်ဓာတ်က မြင့်တယ်၊ ဖွဲ့စိတ်သန်တာမျိုးလေ၊ အခု ဒီအခြေအနေထိ ဖြစ်လာတာကိုက ဒါကြောင့်ပဲ ဖြစ်မှာပါ"

ကားကို သေချာရပ်ပြီးမှ ခြံတံခါးဝကို သုံးယောက်သား လျှောက်ခဲ့ကြသည်။ သိုက် ဆိုသူ ဘယ်မှာနေသလဲဆိုတာ သန်းထွတ် က ရေရေရာရာမပြောသေးပေမယ့် ဒီကောင် ဘယ်လိုပုံစံမျိုးနေပြီကို ရိပ်မိကြသည် ဆက် တို့က ဒေါသထွက်ကြသည်။

"သူနဲ့ ဆွေမျိုးနီးစပ်ဆိုတာ သိရရင် တော်ပြီ လက်လက် နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ် သူချိန်းတိုင်း မသွားနဲ့တော့၊ ငါတို့ စုံစမ်းပေးမယ်"

ဆိုပြီး မေမြတ်တို့ကလည်း ကူညီသည်။ သုံးယောက်စလုံး ဖတ်ဖ မောအောင်ပင်။ တကယ်တမ်း စုံစမ်းလို့ သိရပြီ၊ ရောက်လာပြီဆိုတော လည်း သူတို့မှာ ဆက် အတွက် စိတ်မချဖြစ်နေကြပြန်သည်။

"ဟဲ့ ရှေ့အတင်းမတိုးနဲ့လေ၊ ခြံက မျက်နှာစာလေးမှာပဲရှိပေမယ် နေရုံပဲနေထားတာ၊ ခွေးရှိသလားမသိ ဘာမသိ"

ဆက် ကို မေမြတ် က နောက်ကနေဆွဲထားရင်း ပြောသည်။

"ခြံထဲမှာ ပန်းခြံကတော့ အပျံစားလုပ်ထားတာဟ၊ တိုက်က မပြီ သေးဘူး၊ ပန်းခြံကို ဒီလောက်လုပ်ထားတာ ဘယ်လောက် ဖိမ်ခံတ သလဲဆိုတာ စဉ်းစားကြည့်"

ခက် ပစ်ပစ်နှစ်နှစ်ဝေဖန်တာကို မေမြတ် က ခစ်ခနဲရယ်သည် ဆက် မရယ်နိုင်သေးပါ။ အလုပ်သမားတွေကိုပဲ လှမ်းကြည့်နေရ ကားမတွေ့၊ လူမတွေ့မို့ ဘယ်လိုခေါ်ရမှန်းလည်းမသိ၊ ကိုယ်က ဒီ လာရပြီး သူက ရန်ကုန်ရောက်နေသည်ဆိုလျှင် သွားပြီ။

"အဟမ်း"

"အယ်"

ချောင်ဟန့်သံက တံခါးအကွယ်ကနေ ကပ်ကပ်ကြီးပေါ်လာသ ခက် အသံလေးလန့်လန့်ဖျပ်ဖျပ်ထွက်သွား၏။

ဆံပင်တွေ ပြောင်သလင်းခါအောင်တုံးထားသည့် ခေါင်းကြီးတစ် က အရင်ပေါ်လာပြီး ခွတ်ကျယ်လက်ဒ်တိုအဖြူရောင်နှင့် ခပ်ဖိုင့်ဖိုင့် ကို လုံးကြီးကို နောက်မှမြင်ရ၏။

"မိန်းကလေးတို့ ဝင်လေ"

"ရှင် ..."





"ဟို ... ကျွန်မတို့က ..."

"မောင်သိုက်ရဲ့သူငယ်ချင်းတွေမဟုတ်လား။ သူ ခေါ်ခိုင်းလိုက်တာ ပါ"

"ရှင် ..."

လူကြီးက ကွမ်းစားထားသည့်ပါးစပ်ကြီးကို ဖွင့်ဖို့လွယ်သည့်ပုံစံ နှင့် စကားပြောတိုင်း မေးဖျားပင့်၍ မျက်နှာမော့ထားရသည်။

တရှင်ရှင်နှင့် မရှင်းမလင်းမျက်နှာလေးဖြစ်နေသည့် မေမြတ် လက် ကို ဆက် က ဖိဆုပ်လိုက်ပြီး ဘာမှမပြောတော့ဖို့ မျက်ရိပ်ပြ၏။

ခက် ကလည်း မေမြတ်လိုပဲ အံ့သြသည့်မျက်နှာနှင့်ဖြစ်၏။

သိုက် ဆိုသည့်လူက ဘယ်မှာလဲ၊ ဘယ်ကနေ လှမ်းမြင်နေပြီး ခေါ် ခိုင်းလိုက်တာလဲ။ ဒါဆို လက်လက် ကို သူလည်းသိနေတယ်ဆိုတဲ့ သဘောလား။

ကြည့်လိုက်တော့ ကယ်လ်ဆီယမ်ကွေကာကြော်ငြာလို ကိုယ့်အတွေး နဲ့ကိုယ် ပီတိတွေကိုစားသုံးရင်း လက်လက် မျက်နှာလေးကလည်း ပြုံး တုံးတုံးနှင့် ...။

သူမတို့တောင်မှ တကယ်ပဲ လက်လက် ထင်ထားသလို မှန်နေပြီ လားဟု တွေးမိလာခဲ့၏။

"လာ သမီးတို့၊ ခေါင်းရင်းဘက်က နိုင်ငံခြားသစ်ခွမျိုးတွေထားတဲ့ ခြံထဲမှာ"

ခက် က လက်လက်ကို လှမ်းကြည့်၏။ တစ်ခါမှလည်း စကား သေချာမပြောဘူးဘဲနဲ့ သူ့များခြံထဲကို ထဲထဲဝင်ဝင်ကြီးရောက်လာရတာ ကျောကမလုံ။

လက်လက် ကတော့ နေရာတကာ အတွေးပိုလွန်းသည်ဟု သူမ



www.burmeseclassic.com

www.burmeseclassic.com



ခဏာခဏာပြောတတ်သည့် ခက်ရဲ့လက်ကလေးကို လှမ်းဆွဲပြီး မြစောင့်ကြီးနောက်က ရဲရဲတင်းတင်းလိုက်ဝင်သွားခဲ့၏။

မိန်းကလေးသုံးယောက်၏ အသွင်သုံးမျိုးကို မလွှဲတမ်း စူးစိုက်ကြည့်နေခဲ့သည့် မျက်ဝန်းတစ်စုံကတော့ ကွယ်ရပ်လေးတစ်နေရာမှာပါ။

အားလုံးထဲမှာ ထူးခြားပေါ်လွင်နေသည့် နှင့် ခါနေသော ဆံပင်ရှည်ကြီးများ ပိုင်ရှင်ထံမှာ သူ့မျက်လုံးတွေ မရွေ့မလျားစိုက်နစ်သွားခဲ့၏။

သူမသည် အရပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်ကာ ဂျင်းစကတ်တိုအိုရှည်နှင့် ဆွယ်တာလက်ရှည်အဖြူပေါ်မှာ ဂျင်းဂျက်ကက်ဝတ်ထား၏။

အမြဲတမ်းအေးနေတတ်သည့် တောင်ပေါ်ဒေသမှာလို့ ဝတ်ထားပေမယ့် သူမမျက်နှာလေးမှာ ချွေးစို့နေတာမရှိ၊ စိတ်အိုက်နေပုံလည်း မပေါ်။

ဝင်းဖန့်နုမွတ်သော မျက်နှာလေးထက်မှာ စတော်ဘယ်ရီရောင် နှုတ်ခမ်းဆိုးဆေးကို ဖျော့ဖျော့လက်ဝိုက်ရုံလေးတင်ထားသည်။ နှာတံစင်းစင်းလေးက ကော့ညွှန်နေသလိုထင်ရ၏။

တစ်ကိုယ်လုံးမှာ အပြစ်ပြောစရာ ဘာမှရှာမရအောင် ကြော့ရှင်းလှပနေသော ကိုယ်ဟန်သည် လမ်းသွားနေရင်း ဆံပင်တွေကို ခေါင်းလေးငုံ၍ ခါထုတ်ပစ်တတ်ပုံလေးကြောင့် ကမျဉ်းဆန်အောင် ညို့နေခဲ့သည်။

"မင်းကို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်က စိတ်ဝင်စားနေတယ်"

သန်းထွတ် က ဒီစကားကိုခဲ့ပြီး ခဲခဲ့ယူသတ္တဲ့ကျမှ ရွှေမျိုးသွားခဲ့၏။ စိတ်ဝင်စားခြင်းက ထိုမှ အစပြုခဲ့သည်။ သူ့တစ်သက်လုံး ရွှေမျိုးအသိုင်းအဝိုင်းတို့၏ ကဲ့ရဲ့နှိမ်ချခြင်းကို ခံလာခဲ့ရသည်။





ရွှေမျိုးဆိုတာတွေထဲမှာ သန်းထွတ်တို့မိသားစုက အဆိုးဆုံး။ ဆိုးရသည့်အကြောင်းကလည်း သူ့ကို သန်းထွတ် က ရန်ကုန်မှ ခေါ်မိကြပြီဆိုကတည်းက ခင်တွယ်ခဲ့သည်။

လူကြီးတွေက မကြိုက်။

"ဒီကောင်လေးရဲ့အမေ က အရှမ်းစရိုက်ဆိုးတာ၊ ရွှေပင်နားတော့ ရွှေကျေးဆိုတာလဲဖြစ်မလာလို့ဘဲ၊ ဖအေကိုယ်တိုင်က ထားရစ်ခဲ့တာ၊ သူ့အမေသာရှိနေသေးရင် ဒီကောင်လေး ရန်ကုန်ရောက်လာမှာမဟုတ်ဘူး။ လူတစ်လုံးသူတစ်လုံးဖြစ်လာမှာလဲမဟုတ်ဘူး။ မင်း မတွဲနဲ့နော်၊ ပြောကြကြေးဆို ရွှေမျိုးဆိုတာလဲ အဝေးကြီးတော်တာ"

ဆိုသည့် စကားတွေက မကြားချင်မှ အဆုံး။

"ဗီဇဆိုတာ မပျောက်ဘူးဟဲ့၊ လောက်လောက်လားလားလေးဖြစ်လာတာနဲ့ ကြည့်စမ်း၊ ကွက်ကျော်ရိုက်ချင်ရတာနဲ့ ပိုင်ဆိုင်တာတွေ ပြောရတာနဲ့၊ တော်တော်ကြောက်စရာကောင်းတဲ့ဟာလေး၊ မမြင်ဖူးတာတွေမြင်၊ မကိုင်ဖူးတာတွေကိုင်ပြီး တရားမရှိစားမရှိ ဖြစ်နေတာ"

ဒီစကားတွေကို ဒဏ်ရာဒဏ်ချက်များအဖြစ် ခံယူထားခဲ့တော့ ရင်ထဲမှာ သက်ပြင်းချတာတောင် ဟင်းခနဲအသံမထွက်ဘဲ မုန်းတယ်၊ နာတယ်နဲ့ ထွက်နေခဲ့သလားမသိ။ သန်းထွတ် ကို သူ မခင်တော့တာ ကြာပါပြီ။

သံယောဇဉ်ဆိုတာ မခံစားတတ်တော့အောင် နာပါများသည့် ရင်ဘတ်က အထုံအကျဉ်ဖွဲ့နေခဲ့၏။

သူ့ရင်ထဲမှာ အချိန်မရွေး တက်ကြွရှင်သန်နေတာအားလုံးဟာ တုံ့ပြန်ထိုးနှက်ဖို့တွေသာ။ 'အလှည့်'ဆိုတာက သူ့အတွက် လက်နက်ကောင်းဖြစ်သည်။

အားလုံးကို အရှုံးပေးနေခဲ့ရသမျှ 'အလှည့်'တစ်ကွေ့မှာ ဟားတိုက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်နိုင်မည်။ ရယ်နိုင်အောင် ကြိုးစားရမည်။ ဒါက ဆုံးဖြတ်ချက်။

ဒီနေ့ဟာ တုံ့ပြန်ထိုးနှက်ရလောက်အောင် သူ အပမ်းတကြီးစောင့်စားခဲ့ရသည့် 'အလှည့်'တော့ မဟုတ်ပါ။ ဒါပေမယ့် သန်းထွတ် ရင်ထဲမှာ အမိုးတန်ရတနာအဖြစ် မြှုပ်နှံထားသည့် 'ရတနာ'ကို သူ တွေ့ခဲ့သည်။

ကိုယ့်ဆီကိုလာပြီး ဒီမိန်းကလေးအကြောင်း သာသာလေးစုံစမ်းသွားခဲ့တာကို သူ့ကိုယ်သူတော့ လူတတ်ကြီးလို့ထင်သွားနိုင်၏။

"မောင်သိုက် ညှိသည်တွေပါလာပြီလေ"

"ဟင်... အင်း"

ဦးကောက်အသံကြားမှ အမှန်းများနှင့်အတိပြီးသည့်အတိတ်ထဲက သူ လန့်နိုး၏။ မျက်ဝန်းလေးတွေ ဟိုဒီလိုက်ကစားနေကြသည့် မိန်းမချောလေးတွေက သူထွက်သွားတာမြင်လိုက်သည်နှင့် ခပ်တောင့်တောင့်ပုံလေးတွေ ပြန်ဖြစ်သွားကြသည်။

သူ ခပ်စူးစူးကြည့်လိုက်မိတာက ဆံရှည်မလေး၏ မျက်နှာလှလှလေးဆီ ...။

"အုံ့ညြနေမယ်ထင်တယ်၊ မြဝမှာ လူရိပ်တွေ့လို့ ဝင်ခဲ့ဖို့ ဖိတ်လိုက်တာပါ"

"ဟင် ..."

"မိန်းကလေးတွေဆိုတော့ အကြောင်းတစ်ခုခုရှိလို့ရောက်လာတာပဲလို့ထင်တာနဲ့ မြစောင့်ကိုလွှတ်လိုက်တာ"

ခက် က ဆက် မျက်နှာလေးကို မသိမသာကြည့်သည်။ ကိုယ့်အတွေးလေးနဲ့ကိုယ် ဝင်းပနေခဲ့သည့် ဆက် မျက်နှာလေးမှာ မြူနိုးတွေဝေနေပြီဖြစ်၏။

သို့သော် သူ့မျက်ဝန်းတွေ ဆက် ဆီသို့ နောက်ထပ်ရောက်လာပြီး...





"မင်းနဲ့တို့ ဆုံဖြစ်တာ သုံးခါရှိပြီထင်တယ်၊ တို့စိတ်ထဲမှာ အဲဒါကို အမှတ်ရရကြီးဖြစ်နေခဲ့တာ၊ အခု မြင်လိုက်တော့ စကားပြောချင်တာနဲ့ ဆ ..."

ဆက် ရင်ထဲမှာ ငြိမ်းချမ်းသွား၏။ မျက်နှာလေးမှာလည်း နေသာထိုင်သာရှိသွားတဲ့ပုံပါ။ ခက် နဲ့ မေမြတ်တို့မှာတော့ ဒီလူကို အကဲခတ်ရ ကိုယ့်လူ ဘယ်လိုခံစားသွားရပြီလဲလို့ စိတ်ပူရနှင့် သည်းထိတ်ရင်ဖိုတွေ ဖြစ်နေကြရသည်။

"ရှိင်းသွားရင် ခေတရီးနော်၊ ကိုယ်လိုရာဆွဲတွေးသလို ဖြစ်သွားပြီ ဆင်တယ်"

ဆက် တို့က ငြိမ်နေကြသဖြင့် သူက ထပ်တောင်းပန်ပြီး အစိမ်းရောင်ဆေးသုတ်ထားသည့်ခုံတန်းလေးမှာ ဝင်ထိုင်လိုက်သည်။

"ထိုင်ကြလေ၊ ထိုင်ပါ"

သူပြောမှပဲ ခုချိန်ထိ မိုးတိုးမတ်တတ်ပဲရှိနေကြသေးတာကို သတိရကာ ဒီဘက်မှာ အတွဲလိုက် ဂငယ်ပုံခင်းထားသည့် ခုံတန်းစိမ်းလေးမှာ ဝင်ထိုင်လိုက်ကြသည်။ တကယ်က အလယ်မှာ စားပွဲလှလှလေးနှင့် တစ်ဘက်ထိုင်ပလတ်စတစ်ခုံအနီရဲရဲလေးနှစ်လုံး ရှိသည်။ လက်ရှိလူစုနှင့် ခုံက မမျှသည်မို့ နောက်က ခုံတန်းတွေမှာ ထိုင်လိုက်ကြရတာဖြစ်သည်။

ထို့ကြောင့် မျက်နှာချင်းဆိုင်ဖြစ်သွားသော်လည်း နည်းနည်းတော့ လှမ်းဝေးနေသည်။

သူကတော့ ဆက် ကိုပဲကြည့်၍ ...

"မင်း တို့ကို တစ်ခုခုပြောစရာ၊ အဲ ... မေးစရာရှိမယ်ထင်တယ်"

သူက စကားစကာရပ်ပြီး ဆက် ကို အကဲခတ်သည်၊ ပြီးမှ ဆက်၍...

"ခုနကပြောသလိုပေါ့၊ ကိုယ်ထင်ရာ တွေးယူသလိုဖြစ်သွားရင်လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောရီး"

ဆက် က ဝင်လာစကလို လှုပ်လှုပ်ရှားရှားပုံစံလေးမဟုတ်တော့ဘဲ တည်ငြိမ်စွာခေါင်းညိတ်၏။

"ရပါတယ်၊ ဆက် တို့က လာခဲ့တဲ့သူပဲဟာ၊ အကြောင်းတစ်စုံတစ်ရာ ပါရမှာပေါ့၊ ဒါနဲ့ ရှင် ခုနကပြောတာကို ပြန်မေးချင်တယ်"

"ဘာလဲ"

"ဆက် တို့မှာ မေးစရာရှိမယ်ထင်တယ်ဆိုတာ ..."

"ဟုတ်တယ်"

"ရှင့်မှာရော၊ ရှင့်ရဲ့စိတ်ထဲမှာ မှတ်မှတ်ရရဖြစ်နေခဲ့တဲ့ ပြဿနာ ထင်နေတာကို ဆက် ကို တစ်ခုခု မမေးချင်ဘူးလား"

သိုက် က မျက်နှာလွှဲပစ်လိုက်ရင်း မချိုမချဉ်ပြုံး၏။ ပြီးတော့ ချက်ချင်း ပြန်လှည့်၍ ...

"မေးချင်ပေမယ့် မမေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တာ"

"ဘာဖြစ်လို့လဲ"

"မင်း ပြန်မေးလာမှာတွေကို သိနေလို့"

သူက စိုက်ကြည့်၏။ ဆက် က ပြန်ငေးနေသည်။ အလှမ်းကွာပေမယ့် မျက်ဝန်းတွေမှာ ဖိတ်လဲ့စူးရဲနေကြတာက အလယ်တစ်နေရာမှာ ထိပ်တိုက်ဆုံပြီး မီးပွင့်တော့မလိုလို ...။

"ဒါပေမယ့် တစ်ခုတော့ ရှင်ဖြေမှဖြစ်မယ်"

ဖြေပါ့မယ်လို့ ခေါင်းမညိတ်ဘဲ သိုက် က စိုက်ကြည့်နေ၏။ သန်းထွတ် ပြန်သွားကတည်းက သူ လှုပ်ရှားခဲ့တာ ဒီမိန်းကလေးအကြောင်းကို ထိုက်သင့်သလောက်တော့ သူ သိနေခဲ့သည်။

ဒါပေမယ့် ကိုယ့်အကြောင်းကိုတော့ သူမ သိလို့မဖြစ်ပါ။





"ရှင်က သိုက် ဆိုတဲ့ နာမည်ကို ..."

"မင်းရဲ့ မေးခွန်းကို တို့ လက်မခံရသေးဘူးလေ"

ဆက် မျက်နှာလေး တင်းသွားတော့ သူက သွားတွေပေါ်အောင် ပြုံးလိုက်ပြီး ...

"ဆောရီး၊ အဲဒါတွေ ပြန်မပြောချင်တော့ဘူး၊ ကိုယ်က ပြောပြဖို့ ပြောနဲ့ သူများက သိပြီးသားဖြစ်နေရင်တောင် လာပြောတာကို မကြားချင်ဘူး"

အပြုံးတွေပျောက်ကွယ်သွားခဲ့သောမျက်နှာကို ဆက် က နူးညံ့သည့်မျက်ဝန်းလေးတွေနှင့်ငေး၏။ သူမမျက်ဝန်းထဲက နားလည်ခြင်းတွေကို ဆက် တို့က ဖတ်ရှုကာ ပင့်သက်ကိုယ်စီချကြသည်။

သူတို့နှစ်ယောက်၏ရင်ထဲကိုယ်စီမှာ တူညီစွာ ဆန္ဒရှိနေသည်က ဆိုက် နဲ့ ဆာမူရိုင်း တစ်ယောက်တည်း ဟုတ်,မဟုတ် ...။

"တကယ်ပါ၊ တို့ကို ခင်မင်စိတ်ရှိနေလို့ မင်းရောက်လာသလို မင်းဆက်လာတာကို တို့က ကျေနပ်တယ်၊ နောက်ပိုင်းကအကြောင်းတွေကို တစ်ခွန်းတစ်ပါဒမှ မမေးပါနဲ့"

"အရိုင်း ကို ... အဲ .. ရှင့်ကို ဆက် က စာနာပါတယ်၊ ရှင့်ရဲ့ နောက်ကြောင်းတွေ မလှပခဲ့လို့ မပြောချင်ဘူးဆိုတာလဲ ထားလိုက်ပါ၊ ဒါပေမယ့် သိတဲ့သူတွေတောင်မှ ကိုယ့်နာမည်လောက်တော့ ပြောပြ မိတ်ဆက်ကြတာပဲ"

"မင်းနဲ့တို့က မိတ်ဆက်နေဖို့ လိုလို့လား"

ဆက် ရုတ်တရက် ပြန်မပြောနိုင်။ ခက် ကတော့ ပြောစေချင်နေသည်။ မေမြတ် ကလည်း အသည်းယားနေ၏။ မေးသင့်တာကိုတော့ မေးရမည်။ ပြောပြသင့်တာလောက်တော့ ပြောရမှာပေါ့။ လေးငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကွဲကွာလာခဲ့ကြတဲ့ ယောကျ်ားနဲ့မိန်းမ ....။

နငယ်ခြင်း၊ ရင့်ကျက်ခြင်း ဆိုတဲ့ ပြောင်းလဲမှုတွေ၊ အနိမ့်အမြင့်ဆိုတဲ့ အဆင့်အတန်းကွာဟမှုတွေ၊ ဒါတွေကြားမှာ ရုပ်ရည်ရူပကာတွေ အများ ကြီးခြားနားသွားနိုင်တာပဲ။

ဒီနေ့နဲ့မနက်ဖြန်တောင်မှ လူတစ်ယောက်ကို ဆံပင်ပုံစံတွေ၊ ဝတ်စား ဆင်ယင်မှုတွေပြောင်း၍ မျက်မှန်တစ်လက်လောက် ကောက်တပ်လိုက် တာနှင့် လူမှားသွားအောင်လှည့်စားလို့ရသည်။

'မယုံနဲ့ လက်လက်၊ ယောကျ်ားဖြစ်ပြီး မာကျောကျောပြောနေတာ လက်မခံနဲ့'

စိတ်လှုပ်ရှားအလွယ်ဆုံးဖြစ်သည့် ခက် မှာပဲ ပါးစပ်ထပြင်ပြင်၊ သတ် ပြင်းတချချနှင့်ဖြစ်နေရကာ စိတ်ထဲမှာရှိသလောက် ဘာမှလည်းမပြောနိုင်

လက်တို့ဆိတ်ဆွဲပြီး သတိပေးလို့လည်း မရတော့။

အမြဲတမ်း လက် လို့ပဲ ပြောနေတဲ့မိန်းမ ...၊ ဒီရှေ့ကျမှ 'ဆက်'တဲ့ သေချာနေပါပြီ၊ ဆာမူရိုင်း လို့ပဲ အမှတ်ပြည့်ပေးလိုက်တော့မှာ ...။

ထိုစဉ် သိုက် ထံမှ လှုပ်ရှားမှုတစ်စုံတစ်ရာကြောင့် လှမ်းကြည့်လိုက် မိသည်။ သိုက် က နေရာမှထရပ်လိုက်ကာ ဘောင်းဘီအိတ်ထဲ လက်နှိုက် ဖက်ထည့်ရင်း အနီရောင်ခုံလေးတွေနားထိ လျှောက်လာ၏။

"သူငယ်ချင်းတွေလိုပဲ ခင်မင်တယ်ဆိုရင် သိုက် လို့ပဲခေါ်ပါ။ တို့ ကတော့ ကိုယ့်အသက်ကိုတောင် ပြန်တွက်မကြည့်မိအောင်ထားခဲ့တဲ့သူ အတိတ်ကို ဘာမှပြန်မစချင်ဘူး"

"ဆက် ကတော့ အတိတ်ကိုမမေ့နိုင်လို့ ဒီထိရောက်လာခဲ့တာ၊ ထား လိုက်ပါ၊ ရှင်က ဆက် ရဲ့သူငယ်ချင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ် စေ ရှင် မရေရာချင်တဲ့အတွက် ရေရာဖို့ကို မကြိုးစားတော့ဘူး။ ဒါ





...သို့..."

"တို့ကတော့ မင်းနဲ့ ခင်မင်ချင်တယ်၊ တို့ပြောတဲ့စကားတွေမှာ မင်း ...က ဘယ်လိုပဲယူဆပါစေ ရှေ့ဆက် ခင်ခင်မင်မင်လက်တွဲသွားဖို့ကို ...ချော်လင့်တယ်"

"ဒါကတော့ ရှင့်ကို သူက သူ့သူငယ်ချင်းပဲလို့တွက်ပြီး ဒီထိ အပင် ...န်းခံလိုက်လာတာ၊ ရှင်က ဘာလိုလိုစကားတွေနဲ့ ခေါင်းမညိတ် ခေါင်း ...ခါလုပ်နေပြီးမှ ရှေ့ဆက်ခင်မင်ချင်တယ်ဆိုတော့သဘာဝမကျဘူးလေ"

ခက် က ဘယ်လိုမှမျိုသိပ်စောင့်ကြည့်နေလို့မရတော့သည့် ကရုဏာ ...ဒေါသတွေနှင့် ဝင်ပြောသည်။

မထင်မှတ်သည့်သူထံမှ အသံလေးထွက်လာတော့ သိုက် က မတ် ...တ်ရပ်နေရင်းကနေ ငုံ့ကြည့်သည်။ ခက် ကလည်း အားတုံ့အားနာ ...စ်ငေ့ါသွားခြင်း မရှိပေ။

"ကျွန်မတို့က ရှင့်ကို ဒီထိလာပြီး မိတ်ဆက်ကြသလိုဖြစ်သွားပြီ၊ အဲဒီ ...တော့ ရှင်က ရှင် ဘယ်သူပါဆိုတာလောက်တော့ ဝန်ခံသင့်တယ် မဟုတ် ...ဘူးလား"

သိုက် က အတိအလင်းသေချာနေသည့်အပြုံးနှင့် ဆက် ကို ပြန် ကြည့်သည်။ ပြီးမှ ...

"ဝန်မခံချင်တာကို သူ နားလည်မှာပါ၊ ဘာကြောင့် ဝန်မခံသလဲဆို ...တာကိုလဲ သူ နားလည်နေမယ်လို့ တို့က ယုံတယ်"

ဟုတ်လား ဆိုသည့် စိုးရိမ်မကင်းသည့်မျက်ဝန်းတွေ ဆက် ထံ ...ရောက်သွားကြ၏။ ဆက် က ဘယ်သူ့ကိုမှမကြည့်ပါ။ သူမဘာသာ ဆုံး ...ဖြတ်ရခက်သည့်မျက်နှာလေးနှင့် မျက်ခုံးလေးနှစ်ဖက် တွန့်ကုပ်ရင်း ငြိမ် ...သက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သင်းက ဘာတွေတွေးနေတာလဲ၊ ဒီမှာပြောနေတဲ့အကြောင်း ဒီ နေရာကိုလာကြတဲ့ရည်ရွယ်ချက်တွေက သင်းနဲ့ မဆိုင်ဘူးလား ...။

ဆက် ၏ အတွေးနက်ပုံကြောင့် ခက် နဲ့ မေမြတ်၏မချင့်မရဲမျက်ဝန်း တို့ ဆုံမိကြပြန်သည်။ သိုက် ကတော့ ပြုံးနိုင်တဲ့သူအဖြစ် မိန်းကလေးတွေ ရှေ့မှာ ဆွဲဆောင်မှုအပြည့်နှင့် ခပ်နွဲ့နွဲ့ရပ်နေဆဲ ...။

"ခံစားချက်ဆိုတာ စကားမပြောတတ်ဘူး၊ သူနဲ့တို့ရဲ့ခံစားချက်တွေ နှုတ်ဆိတ်နေကြပေမယ့် နားလည်ကြတယ်၊ အားလုံးက ရိုးရိုးလေးပါ"

ပြောပုံက အစ အလယ်အထိ အသည်းတယားယား မချင့်မရဲဖြစ်ရ ရင်း ဆုံရှုံးသွားတော့လည်း၊ ဘာမှထူးခြားမသွားခဲ့သော ရုပ်ရှင်ဇာတ်ကား တစ်ကားကိုကြည့်နေရသလို ...။

ဒေါ်ရွှေလက်ဆက် ဘယ်လိုထူးခြားအောင် က,ဦးမှာလဲ ...။

ဟာသဇာတ်လမ်းကိုရေးပြီး...။ တကယ်က,တော့ ဒရာမာဇာတ် လမ်း ရှည်ကြီးဖြစ်နေတာကိုကော ကိုယ့်ကိုယ်ကို သိရဲ့လား ...။

အချစ်မှာ မျက်စိမရှိဘူးဆိုတာတွေကို ကြားဖူးပေမယ့် ရွှေလက် ဆက် မှာ မျက်စိမရှိဘူးဆိုတာကို နားလည်လို့မရဘဲဖြစ်နေမိ၏။

ပြောတုန်းကတော့ သူငယ်ချင်းဆို .....။





## အခန်း (၂၃)

ခက် တစ်ယောက်တည်း ဆက် နဲ့ပြောစရာရှိလို့ ရောက်လာခဲ့တော့ ဝင်ထွက်နေကျအိမ်မို့ ကားပေါ်ကဆင်းတာနဲ့ ညှော်ခန်းအဝင်ဝထိ တစ်ခါ တည်း ဝင်သွားခဲ့မိသည်။

သို့သော် ဆက် မေမေနဲ့ အဒေါ်တို့ ပြောနေကြသည့်စကားသံများ ကြောင့် ခြေလှမ်းတွေ ရပ်တန့်ကုန်၏။

"အမိပွာယ်မရှိတာကွာ၊ အစကတည်းက မင်းသမီးပြောဆိုကောင်း ခဲ့လို့လား၊ သူထင်ရာလုပ်ပြီဆို ဇွတ်တရွတ်"

"သူထင်ရာလုပ်တတ်ပေမယ့် ဟိုတုန်းက မမဓောတို့မိန်းမသားတွေ မို့လို့ သူတို့တူမလေးကိုချစ်လွန်းလို့ အလိုလိုက်ထားခဲ့ကြတာ၊ အရမ်းဆိုး တယ်ဆိုတာလဲ ကြားလို့ကောင်းတယ်၊ အခု အဖေနဲ့အမေနဲ့ အရှုံးရှိနေပြီ လေ၊ သမီးမိန်းကလေးကို ပိုပြီးကြပ်မတ်ထားသင့်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မင်းက ငါ့ကိုချည်းပဲလှည့်ပတ်ချိတ်နေပါလား"

"ချိတ်တာမဟုတ်ဘူး အစ်ကို၊ အဲဒီစကား အစ်ကို ပြောလိုက်ကတည်း
က ရွှေ မကြိုက်တာ၊ ဒီလောက် အကျင့်စရိုက်ဆိုးတဲ့လူစုထဲက
ယောက်ကို ကျေးဇူးရှင်လိုလို၊ ကျေးဇူးဆပ်သင့်တယ်လိုလို သမီးရှေ့
အစ်ကိုပြောတာ ဒီကောင်လေးကို ရှာစမ်းလို့ အားပေးလိုက်တာနဲ့မတူ
လား။ အခု တွေ့နေကြပြီဆိုတာကို ဘယ်လိုထိန်းကြမလဲ၊ ကဲ ..."

"မထင်မှတ်ဘဲပြန်ဆုံကြတာလို့ မင်းသမီး ပြောတယ်မဟုတ်လာ
ကွ၊ အဲဒါ ငါရှာခိုင်းလို့ရှာတယ်ဖြစ်စရာလား"

"အို ... ဘာဖြစ်ဖြစ် အစ်ကို စကားမှားထားတာရှိလို့ အခု ရဲ
နေတာ၊ ပြောတော့ ကြည့်ပါလား၊ အရမ်းချောလာတယ်တဲ့ , အ
ချမ်းသာနေပြီတဲ့ , အဲဒါ ရွှေတို့က လက်ခံ,မခံ ပထမဆုံး သွေးတိုး
လိုက်တာ"

"ပထမဆုံးဖြစ်ဖြစ်၊ နောက်ဆုံးဖြစ်ဖြစ် ခုချိန်ထိ သူတို့က သူငယ်ချ
ပဲရှိသေးတာ"

"သဘာဝကျကျလဲတွေးပါဦး အဖေကြီးရယ်၊ သမီးက အခု ကိုးတ
ကျောင်းသူလေးမှမဟုတ်တော့တာ၊ ကြီးပြင်းလာလို့ နားလည်လာမလ
မှတ်တယ် ခုမှ ဝိုဆိုးတာ၊ သမီး ကလေးမှမဟုတ်တော့တာဆိုပြီး ..."

"ဒါလဲဟုတ်တာပဲ၊ သမီး မရှိတုန်း ငါတို့မိဘချင်း ပွင့်ပွင့်လင်းလ
ပြောရရင် ဒီကောင်လေး အခု ကြီးပွားချမ်းသာနေတာမှန်ရင် ဒါ အထ
ကြီးထိုက်တယ်ကွ"

"ဟင်... ဘယ်လို ..."

"ဟုတ်တယ်၊ မြို့လယ်ကောင်က ဟိုက်ဘောခ့်ဆိုတဲ့ အဆင့်မြ
ထက် သူ ကြိုးစားထားသမျှလေးက ပိုပြီးတန်ဖိုးကြီးတယ်၊ ဒါ ဘဝတိုက်





တိုအောင်မြင်ခဲ့တာ"

"ဖြစ်ရလေ"

"ယောက်ျားကောင်းတစ်ယောက်မှာ စိန်နဲ့ ရွှေနဲ့ ကိုင်လာဖို့မလိုဘူး၊
အရည်အချင်းကောင်းရှိဖို့ပဲလိုတာ"

ခက် နေရာမှ နည်းနည်းလေးနောက်ပြန်ဆုတ်ရင်း သက်ပြင်းခိုးချ
မိသည်။ ရှေ့ဆက်မသွားရဲသလို ပြန်လှည့်သွားဖို့လည်းမဟုတ်ပါ။ ဘာပဲ
ဖြစ်ဖြစ် လူကြီးသူမတွေ အတွင်းစကားပြောနေကြတာကိုတော့ ခိုးနား
ထောင်မိသလိုဖြစ်သွားခဲ့ပြီက သေချာသည်။

တကယ်တော့ မထင်မှတ်တာတွေကို ကြားလိုက်ရလို့ပါ။ ဒီနေရာမှာ
ပဲ အံ့သြစွာငြိမ်သက်နေခဲ့ခြင်းဖြစ်သည်။ အံ့သြတာက လက်လက် ကိုပါ။

သိုက် ဟာ သာမှူရိုင်း မဖြစ်နိုင်ကြောင်း ဟိုကအပြန်မှာ ဝိုင်းပြောကြ
တော့ ဒါကို လက်ခံသလိုလို၊ မခံဘူးလိုလို၊ ခုကျတော့ အန်တီတို့ကို
သူငယ်ချင်း ပြန်တွေ့ပြီဟု ပြောထားသည်၊ ဒါ ဘာသဘောလဲ ...။

အန်ကယ်လ် ဦးဆက်သူ က သာမှူရိုင်းဖြစ်နေတာကိုပဲ ကျေနပ်နေ
သလိုလို ပြောနေတာကလည်း အံ့သြစရာပင်။

တကယ်ဟုတ်ခဲ့ရင် တကယ်သဘောတူမှာလား...။

ခုချိန်ထိ ဘာလိုလိုပြောနေဆဲဖြစ်သော 'သိုက်' ဆိုသူ၏ပါးစပ်ကိုသာ
ပြေးရိုက်ပစ်ချင်တော့သည်။

ဘယ်တော့မှ အမှန်မပြောဘူးလို့ သစ္စာဆိုထားသလား .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"တကယ်သွားမယ်"

"အင်း"

မေမြတ် က ခက် ကိုကြည့်သည်။ ခက် မျက်နှာလေးကလည်း 'မပြောချင်တော့ဘူး'ဆိုသည့်ပုံစံလေးနှင့် စူပုပ်ပုပ်ဖြစ်နေ၏။ ထို့ကြောင့် ဆက်ပြောဖို့က သူမတာဝန်ပဲဖြစ်လာရကာ ...

"ဖြစ်နိုင်ခြေ ရှိ,မရှိက ငါးဆယ်ရာခိုင်နှုန်းစီဖြစ်နေခဲ့တဲ့ဟာ၊ သိုင်း ဆိုတဲ့တစ်ယောက်ကို နင် ..."

"ထားလိုက်လို့တော့မရဘူး မေမြတ်၊ သူနဲ့ဆင်ဆင်တူတာလေး မြင်မြင် ငါ့မှာ လည်ပင်းရှည်အောင်လိုက်ကြည့်နေရတာ နင်တို့အသိ ငါးဆယ်ရာခိုင်နှုန်း ကိုယ့်ရှေ့ရောက်လာတာ နည်းလို့လား"

"ဘာ ကိုယ့်ရှေ့ရောက်လာတာလဲ၊ နင်ကသွားရတာလေ"

ခက် အသံ ပေါက်ဆတ်ဆတ်ထွက်လာတော့ ဆက် က ခေါင်း ကလေးစောင်းကြည့်ပြီး ပြုံး၍ ...



"နင်တို့ရဲ့စေတနာကိုငါသိတယ်၊ ဒါပေမယ့် သူ့စကားထဲမှာ ငါသိထားခဲ့တဲ့ သူ့ရဲ့အတိတ်က ဆိုးရွားမှုတွေပါနေတာကိုသိလို့ သူ မပြောချင်လောက်အောင်ဖြစ်နေတာကို နားလည်လိုက်တာ"

"ဆင်းရဲခဲ့ဖူးတဲ့လူချမ်းသာတွေ အများကြီးပါပဲ လက်လက် ရယ်၊ ဒါလေးတစ်ခုပဲ တိုက်ဆိုင်စွာတူနေတာကို ..."

"ဒါတစ်ခုတည်းမဟုတ်ဘူး။ မျက်နှာပုံ၊ ဆံပင်ပုံ၊ စိတ်ဆတ်တာက အစ အားလုံးတူတာ၊ ငါခင်မင်ခဲ့တဲ့ အရိုင်း ကိုသာ နင်တို့မြင်ဖူးရင် သူ့ကို ကြည့်ပြီး ငါ့အတွက် စိုးရိမ်နေတာတွေ နင်တို့ဖြစ်မှာမဟုတ်တော့ဘူး"

"ဘာ ..."

"ဟုတ်တယ်၊ အရိုင်း ကိုခင်ခဲ့တုန်းကဖြစ်ခဲ့တဲ့ အခက်အခဲတွေ , အန္တရာယ်တွေဆိုတာ သေမယ်ဆို သေနိုင်တယ်၊ ဘဝပျက်မယ်ဆို ပျက်သွားနိုင်တယ်၊ ငါ့ဘဝ မြောင်းထဲရောက်သွားရဖို့ထိ ဒုက္ခတွေ့ခဲ့တာတောင်မှ သူ့ကို ငါ မမေ့နိုင်၊ မမုန်းနိုင်ဘူး"

ဆက် အသံလေးက တုန်ခါလာသလိုရှိသည်။ မျက်ဝန်းမှာ မျက်ရည်ကြည်တို့ပူလာရင်း ပြုံးပြုံးပြက်ပြက်လက်ခဲ့သည်။

"မေ့ဖို့မလွယ်တဲ့အကြောင်းက အဲဒါပဲ။ သူဟာ ငါ့အတွက် ရန်သူဖြစ်ထိုက်နေတဲ့ ကျေးဇူးရှင်၊ သူနဲ့ပတ်သက်သမျှ နာကြည်းမုန်းတီးစရာတွေပဲဖြစ်ခဲ့တဲ့အတိတ်ဟာလဲ ငါ့အတွက်တော့ လွမ်းပြီးရင်းလွမ်းနေရတဲ့ မေတ္တာဘွဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ။ အဲဒါကြောင့် ငါတို့အကြောင်းကို သိထားတဲ့သူတွေ ဘယ်လိုပဲဝေဖန်ဝေဖန် အနာဂတ်မှာ ဘယ်လိုဖြစ်သင့်တယ် ဘာပဲပြောပြော သူ့အတွက် ခံစားချက်သပ်သပ်က ငါ့ရင်ထဲမှာ ရှိပြီးသား"

"ဒါဆိုလဲ သူငယ်ချင်းလို တမ်းတနေတာတော့ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး၊ နင် သူ့ကိုချစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဆက် က ဖျတ်ခနဲမျက်လွှာပင့်ကြည့်ပြီး ဘာမှမဖြေရှင်းဘဲ မျက်လုံး တွေကို ရွှေ့ဖယ်သွား၏။

"အေးလေ ခက်ရယ်၊ ကိုးတန်းဆိုတဲ့ အရွယ်တွေပဲဟာ ကလေး လေးတွေမှမဟုတ်တော့တာ၊ မရိုးမသားစိတ်တွေ ကိုဟ်ဖြစ်ချင်လဲဖြစ်နေ မှာပေါ့၊ ဒါပေမယ့် ဟိုက သူ့လိုမဖြစ်ခဲ့ရင် ဘယ်လောက်နစ်နာလဲ"

မေးသလိုလို၊ သွေးတိုးစမ်းသလိုလိုနှင့် မေမြတ် က ဝင်ပြောပြီး ပြီးတော့ ဆက် ဘာပြောလာမလဲဆိုသည့် မျှော်လင့်ချက်နှင့် ခေါင်းငြိမ် သွားကြသည်။

ဆက် ထံမှ တစ်ခွန်းတစ်ပါဒမျှ ပြောမလာတော့မှ ...

"နင် သေချာစဉ်းစားဦး လက်လက်၊ သူက နင့်ရဲ့ဆာမှုရိုင်း တကယ် ဖြစ်နေရင် နင့်ရင်ထဲမှာ သာတယ်၊ နာတယ် မတွက်နိုင်လောက်အောင် ဖြစ်နေမိတယ်ဆိုတာ နားလည်ပေးလို့ရတယ်၊ အခု သူ့နာမည်ကိုတောင် ပြောမပြနိုင်ဘူးလေ၊ လူတစ်ယောက်ဟာ အတိတ်ကို မတူးဆွချင်ဘူးဆို ရင်တောင် နာမည်လေးတောင် ပြန်မပြောချင်တဲ့အထိတော့မဖြစ်သင့်ဘူး"

မေမြတ် ပြောတာကို ခက် က ထောက်ခံသည်။

"နင့်ရဲ့ အရိုင်း ကို ငါတို့တောင်မှ ဆာမှုရိုင်းလို့ပဲ သိခွင့်ရထားကြတာ နင် အဲဒီလိုလျှို့ဝှက်ထားတဲ့နာမည်ကို သူ ပြောတာတော့ ကြားချင်တာ ပေါ့၊ နင်က ရှင့်နာမည် ပြောပြစမ်းပါလို့ မပြောပေမယ့် ဒီနာမည်တစ်မျိုး ပဲရှိသလားလို့မေးတာကို သူ မဖြေသင့်ဘူးလား၊ ငါတို့ ဘဝင်မကျနိုင်တာ အဲဒါပဲ၊ နင်ပြောသလို မဖြေချင်လို့မဖြေတာလို့ ငါတို့ကမထင်ဘူး၊ မဖြေနိုင် လို့ကိုမဖြေတာ"

"ဒါပဲရှိတာဥစ္စာ"

မေမြတ်နဲ့ခက် တို့က အလှည့်ကျနှင့် ဝေဖန်နေကြသည်။ ဆက်



ကာ ငြိမ်နေဆဲပါ။

"နင် ငါတို့ကို စိတ်မဆိုးနဲ့ လက်လက်၊ နင်က ဆာမှုရိုင်းကိုတမ်းတ စိတ်နဲ့ မှားမှားမှန်မှန် ရင်ဆိုင်ချင်နေတာ၊ ငါတို့က ဘေးလူဆိုတော့ နင့် ထက် ပိုအကဲခတ်နိုင်တယ်။ ဆာမှုရိုင်းကိုတွေ့ချင်ရင် တွေ့ဆုံရမယ့် တစ် ချိန်ချိန်ကို စိတ်ရှည်လက်ရှည် စောင့်စမ်းပါ။ ကံကြမ္မာဆိုတာ လုပ်ယူ ဖန်တီးလို့မရဘူးဟ၊ သိုက် က နင် ဖန်တီးလိုက်တဲ့ ဇာတ်ကောင်လို့ပဲ ငါတို့မြင်တယ်"

ဆက် က တိတ်ဆိတ်နေရာမှ ဟွန်းခနဲရယ်လိုက်ပြီး ပိုက်ထားသည့် ခေါင်းအုံးလေးကို ဘေးမှာချလိုက်၏။

"အဲဒီလိုနားလည်နေရင်လဲ ငါ စိတ်ချမ်းသာသလိုဖန်တီးနေတာကို ကူညီအားပေးဖို့ပဲ စဉ်းစားပါလား။ နင်တို့ကို ငါ စကားကုန်ပြောပြီးပြီ၊ သူနဲ့ပတ်သက်ပြီး မေ့ဖို့မလွယ်တဲ့အကြောင်းတွေ ငါ့ရင်ထဲမှာ အခိုင်အမာ ရှိတယ်၊ သူနဲ့ဆင်ဆင်တူတာဆိုရင် ရေပေါ်မှာ အရိပ်ထင်နေတာဖြစ်ဖြစ် မိအောင်ဖမ်းဖို့ကြိုးစားမှာပဲ၊ အဲဒါ ဆုံးဖြတ်ချက်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

Moon Bakery ထဲမှာ သူ့ကိုစောင့်နေခဲ့တာ နာရီဝက်ကျော်သွားသည်။ အအေးတွေ မျိုးစုံထားပါလျက်နှင့် ရင်ထဲမှာ အေးမြခြင်း တစိုးတစ်မှုမရှိဘဲဖြစ်နေခဲ့၏။

နာရီကိုပင့်ကြည့်လိုက်တော့ သူချိန်းသည့်အချိန်ထက် နာရီဝက်ကျော်ကျော် နောက်ကျနေပြီဖြစ်သည်။ သူ တမင်တကာလုပ်တာလား တမင်တကာဆိုရင် ဒီလိုလုပ်တဲ့အတွက် သူ့မှာ ဘာတွေထူးခြားသွားမှာရှိလို့လဲ။

မဖြစ်နိုင်ပါ။ တစ်ခုခုကြောင့် ရောက်မလာနိုင်တာဘဲဖြစ်ရမည်။ လျှော့လျှော့ပေါ့ပေါ့တွက်လိုက်ပြီးမှ ဆက် စောင့်နေရမည်လား။ ထပြန်ရမှာလား။ ဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားရသည်။

"ငါတို့ လိုက်ခဲ့မယ်လေ၊ မတော်တဆ နင်နဲ့သူ လွဲနေကြရင် တစ်ယောက်တည်းဖြစ်နေမှာပေါ့၊ ပြီးတော့ အဲဒီကနေ ဟိုခေါ်ဒီခေါ် လုပ်ရင် နင်တစ်ယောက်တည်းဆို လိုက်ဖြစ်သွားဦးမယ်"





ခက်တို့က လိုက်ကြဖို့ ဟန်တပြင်ပြင်နှင့်။ ဒီမှာတွေ့ဖို့ ဖုန်းဆက်ချိန်းတည်းက ထွက်မလာခင်အချိန်ထိ တားခဲ့ကြတုန်း။

ဒါကြောင့် အရိုင်း နဲ့မျက်နှာချင်းဆိုင်မိကြလျှင်လည်း အခက်ပြေကြမှာရှိတာကို တွက်မိသည်မို့ တစ်ယောက်တည်းထွက်ခဲ့တာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အဖြူအမည်းမကွဲပြားဘဲ လှည့်ပြန်ရမည့်အဖြစ်ကိုတော့ မလိုချင်။ ထိုစဉ် ဖုန်းမြည်သံပေါ်လာသဖြင့် ကပျာကယာထုတ်ကြည့်လိုက်တော့ သိုက် ပဲဖြစ်၏။

"ဟလို"

"ဆက် တို့ မလာနိုင်တော့ဘူး။ အဲဒီကိုလာတုန်း ကားအက်ဆီးဒင့်ဖြစ်တယ်ကွာ၊ လူ ဘာမှမဖြစ်ပေမယ့် ကား တော်တော်ထိသွားတယ်"

"ဟင် ..."

"အဲဒါကြောင့် တို့ရှိတဲ့နေရာကို မင်း လာလို့ရမလား"

ဟု မေးပြီး ခဏလေးစောင့်သည်။

ဆက် မဖြေတော့မှ ...

"ဒါမှမဟုတ်ရင် နောက်တစ်နေ့ကျမှပဲ ဆုံကြတာပေါ့၊ ဖြစ်တယ်နော်"

ဩော် ... ဟင့်အင်း။ ခုပဲတွေ့ချင်ပါတယ်လို့များ ပြောစေချင်သေးလို့လား ...။

"ရပါတယ် အရိုင်း ရဲ့၊ နင် ကျန်းကျန်းမာမာရှိနေတာကိုပဲ ဝမ်းသာပါတယ်၊ ဒါပဲနော်"

ကိုယ်ကတော့ ရင်ထဲက သခင်တစ်ပါးလိုပဲ နေရာထားမိတော့ ဟိုတုန်းကလိုပဲ 'နင်နဲ့ငါ' သုံး၍ ပြောမိခဲ့သည်။ သိုက် ကတော့ 'မင်းနဲ့တို့'အနေ မပြောင်းလဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြင် 'ရွှေလက်ဆက်'ဆိုသည့်နာမည်သုံးလုံးကိုပဲ အစအဆုံး ခေါ်တတ်သည့် အရိုင်း ၏ပြောဆိုပုံလေးကို မှန်းဆတမ်းတနေခဲ့ရသည့်တိုင် ပြန်ဆုံကြပြီလို့ ဆက် က သတ်မှတ်လိုက်သည့်အချိန်မှာ ရွှေလက်ဆက် က သူ့နှုတ်ဖျားမှာ မတင်တော့ပေ။

မတူညီတာတွေကို ဖျတ်ခနဲ ရှပ်ခနဲသတိထားမိနေသော်လည်း အရိုင်းနှင့် တစ်ပုံစံတည်းတူနေသည့် သူ့ရဲ့သွင်ပြင်ဟန်ပန်လေးကို ဆက် လက်မလွှတ်နိုင်။

သူ ပြောင်းလဲသွားတာပဲဖြစ်ပါစေ။

"အား"

"ဆောရီး"

ပခုံးချင်းတိုက်မိသွားတာပေမယ့် ဆက် က ယိုင်ထွက်သွားတဲ့သူ့ ဆောရီး ပြောပြီး တစ်ချက်ပြန်မကြည့်ဘဲ သီးသန့်စားသောက်ခန်းထဲကို ဝင်သွား၏။ တချို့က လှမ်းကြည့်တော့ ဆက် ဒေါပွသွားသည်။

ခုပဲ ဖုန်းပြောပြီးလို့ ထထွက်လာတာမို့ မကြည်လင်သည့်စိတ်က ရှိနေသည်။ ပြီးတော့ ဒီလူကို ဆက် သိသည်။ ဘယ်နေရာမှပဲ လှမ်းမြင်မြင် မမှတ်မိနိုင်စရာမရှိတဲ့ ဆံပင်တိုတို၊ မျက်နှာရှည်ရှည်နှင့် ဒီမျက်နှာ ...။

"ဒီလောက်မဆိုးပါဘူးဟ၊ ဆံပင်တိုလွန်းလို့ မျက်နှာသွယ်တာက သိသာနေတာ"

ဟု ဟိုတစ်ခါ ဆက် ဒီလိုပဲ ဒေါသတွေထွက်ပြီး ကျိန်ဆဲနေမိတုန်း မေမြတ် က ဖေးဖေးမမ မရဲတရဲလေး ပြောခဲ့ရှာသေးသည်။

တစ်လောကလုံးမှာ ဒီလောက်မုန်းစရာကောင်းအောင် ပြောဆို နေထိုင်တတ်တဲ့လူ ရှိမည်မထင်။

"တောက် ..."





သူ အခန်းထဲဝင်ပြီး ပျောက်ကွယ်သွားတဲ့အထိ ဆက် တက်ခေါက် မိတုန်း။

ကားနားပြန်ရောက်လာတော့ ပိုဆိုးသွားသည်။ ကိုယ့်ကား ထွက်လို့ ရအောင် ပိတ်ရပ်ထားသည့် ဂျစ်ကားစုတ်က ပြူးပြဲလှောင်ပြောင်နေ၏။

ကြည့်စမ်း ...၊ ဒါ ... သူ့ကား ...

ဆက် ဒေါသဖြစ်ဖြစ်နှင့် ခြေလှမ်းတွေကျဲသွားသည်။ ဒီနေရာမှာ အာဝန်ကျသည့်သူကို ပြစ်တင်ကြိမ်းမောင်းမလို့ မျက်လုံးကစားရင်း ဂျစ် ကားဘေးကိုရောက်သွားလျှင် ...

"ဟင် ..."

ကားပေါ်မှာ ကြွားရွားလှုပ်နေသော အယ်ဒေးရှင်းခွေးတစ်ကောင်...။

ဒီခွေးကို ဟိုတစ်ခါ လမ်းလယ်ကောင်မှာ ပြဿနာဖြစ်တုန်းက လည်း ဒီကားပေါ်မှာတွေ့ခဲ့သည်။ ခုတွေ့တာလည်း မဆန်းပါ။

ဒါပေမယ့် ခွေးရဲ့လည်ပတ်ကိုမြင်လိုက်သဖြင့် အနားကို ဖျတ်ခနဲ ကပ်သွားမိသည်။

တံခါးမှန်က ကြည့်နေပေမယ့် မှန်ခံနေတာကို မကျေနပ်သော ကြောင့် တံခါးကိုဖွင့်ပစ်ဖို့ လက်တင်လိုက်မိလျှင် ...

"ဘာလုပ်တာလဲ၊ ခွေးခိုးမလို့လား"

ဟင် ... ရှေ့မှာ အာရုံများနေမိသဖြင့် ထိတ်ခနဲဖြစ်သွား၏။ တစ်ပြိုင် နက်တည်းမှာ မိမိ ခြေလှမ်းများသွားပြီကို သိလိုက်ရင်း ဒီဘက်လှည့်လိုက် သည်။

မီးခိုးရောင်ဘောင်းဘီရှည်ပွပွနှင့် စပို့ရှပ်လည်ကပ်လက်ပြတ်ကို ဝတ်ထားသော ထိုပုဂ္ဂိုလ်သည် သူမရဲ့နောက် နီးနီးလေးမှာ ဘောင်းဘီ အိတ်ထဲ လက်တစ်ဖက်ထည့်လျက် လက်တစ်ဖက်မှာ မုန့်ထုပ်ကိုကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရပ်နေ၏။

မြင့်မားသောအရပ်နှင့် ကြွက်သားတို့ ရှန်းကြွပေါ် လွင်နေသော သူ့ပုံစံက ခပ်ကြမ်းကြမ်းပုံဖြစ်ပေမယ့် တစ်မျိုးတော့ကြည့်ကောင်းနေသည်။

တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်မိကြရင်း သူက ဆတ်ကို မေးဆတ်၍ ...

"ဘာကပ်ချောင်းနေတာလဲ"

"ဘာချောင်းချောင်း နှင့်အလုပ်မဟုတ်ဘူး၊ ကားကို စည်းမရှိ ကမ်းမရှိရပ်ထားတာ ပြောချင်လို့ လူရှာနေတာ"

"ကားထဲမှာ လူမရှိမှန်းသိနေတာပဲ၊ ရှာချင်ရင် မင်း နောက်လှည့်ကြည့်လိုက်တာနဲ့ ငါ့ကိုမြင်မယ်၊ အပွန့်"

သူက ချောင်ဝိတ်ဇမ်းခွန်းမျိုး ထပ်မထုတ်ဘဲ သူနိုးဖမ်းသည့်မဲပြုံးနှင့် စကားကို ရပ်ပစ်လိုက်၏။ ပြီးမှ ...

"ဒီမှာ ဟိုကောင့်အတွက် ဒါ ဝင်ဝယ်တာ"

ဟု ပြော၍ ကိုင်ထားသည့်မုန့်ထုပ်ကို မြှောက်ပြသည်။ ထို့နောက် ဘောင်းဘီအိတ်ထဲထည့်ထားသည့်လက်ကိုထုတ်လိုက်တော့ ကားသော့ ပါလာကာ ...

"ခဏပဲဆိုပြီး ကြုံသလိုထိုးရပ်ထားခဲ့တာ"

ပြောရင်း သူက တံခါးဖွင့်၍ ကားထဲဝင်ထိုင်လိုက်သည်။ ပြီးတော့ မုန့်ထုပ်ကို ခွေးရှိသည့်နောက်ခန်းထဲကို လှည့်ထားလိုက်ပြီး ...

"မခိုးလို့တွေ့ရ မေ့နိုင်ပါ့မလား လပ်ကီးရာ၊ ရော့ ... မင်းအတွက် မစားနဲ့ဦး ညစ်ပတ်ကုန်မယ်"

ပြောလိုက်တာတွေကို ဆက် ကြားနေရ၏။ လှုပ်ရှားနေသမျှကို လည်း မြင်နေရသည်။





ဒါပေမယ့် သူမ ဘာမျှမပြောလိုက်ရဘဲ ကားက ပိုက်ကွေ့ထွက်သွား၏။

'မသေလို့တွေ့ရ မေ့နိုင်ပါ့မလား' ဆိုသည့်စကားကို 'မခိုးလို့တွေ့ရ မေ့နိုင်ပါ့မလား' ဟု တည့်တည့်ကြီးပြောချသွားသည်။

သူများပြောလို့ရသွားအောင် သူခိုးကျင့်သူခိုးကြံ ခြေလှမ်းမှားသွားခဲ့သည့် ကိုယ့်ကိုယ်ကိုပဲ ထုရိုက်ပစ်လိုက်ဖို့ကောင်းသည်။

နောက်တစ်ခါဆို မှတ်ထား၊ ခွေးတွေတာလည်းမကြည့်နဲ့၊ လူတွေမြင်သည်း မလွှမ်းနဲ့ .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ဘယ်ဘက်ဘေးတစ်ခြမ်းလုံး ပွန်းရာရှည်ကြီးနှင့် တချို့နေရာတွေ မှာ ချိုင့်ခွက်သွားတာ မြင်လို့မကောင်းပေ၊ ကားက MR 2။

သိုက် ဆိုသည့် နာမည်နှင့်အတူ ပေါ်လွင်ထင်ရှားခဲ့သည့် ကားလေး ဖြစ်သည်။ ဒဏ်ရာတွေကို သေချာကြည့်ပြီးမှ သန်းထွတ် က သိုက် မျက်နှာ တင်းတင်းကြီးဆီ အကြည့်မရောက်ဘဲ တစ်ချက်လှည့်၍ ...

"ဒီကောင်က ဘာလဲ၊ တမင်ဖွဲ့တာလား"

"ဘယ်သိမလဲကွ၊ ငါ ကားမောင်းကြမ်းတာ မင်းသိသားပဲ၊ ဘာပဲဖြစ် ဖြစ် ဖြစ်မှုမြောက်အောင်ထားခဲ့နိုင်ရင် အားလုံးပြီးတယ်၊ အခု ဒီကောင် ဖိကပ်ပစ်လိုက်တော့ သူ တမင်ဝင်တျူးမှန်း ငါသိပေမယ့် စည်းကမ်းအရ နှစ်ဖက်စလုံး အမှားဖြစ်သွားတာပေါ့၊ တောက် ..."

"ဒါဆိုရင် တမင်တကာဟုတ်ချင်မှလဲဟုတ်မှာပေါ့ကွ၊ မင်းစဉ်းစား ကြည့်၊ တမင်လုပ်လိုက်လို့ မင်းကား ဒီလောက်ဖြစ်သွားရင် သူ့အိတ်ထဲ က အိတ်သွန်ဖာမှောက်သွန်ကျကုန်မှာ၊ သူ့အခြေအနေနဲ့တာတ်နိုင်မလား"





နေတဲ့ခြံက စိုက်ခင်းချည်းပဲ လေးဖက်လေးတန်၊ အလယ်မှာ တိုက်ပု ပ်ဝပ်လေးက ဇရပ်သာသာလောက်ပဲရှိသည်။ သူမြင်သည့် အတိုင်း တာအရ ခြံအလုပ်သမား လူကြမ်းပုံပါ။

သိုက် က ဘာမှမပြောဘဲနေသဖြင့် ...

"သူ့ဂျစ်စုတ်က ဘာမှမဖြစ်ဘူးလား"

"ဖြစ်လဲ သူကဘာဖြစ်မှာလဲ၊ ကားစုတ်"

သိုက် က ကားဘီးကိုခြေထောက်နဲ့လွှဲကန်ပစ်လိုက်ပြီး နဖူးပေါ်က ဆံပင်တွေကို ခါထုတ်ပစ်သည်။ ဒီကောင် ဘာရည်ရွယ်ချက်နဲ့လဲ၊ ခြံချင်း ပ်လျက်နေပြီး မတည့်ကြတာက ဟိုတက်ဒီတက် ငြိမြကြသည့်အကြောင်း တွ ခဏခဏ တိုက်ဆိုင်နေလို့ ထား ...၊

ဒီလိုလိုက်လုပ်ဖို့အထိ ပြုံးနေရလောက်စရာ ဘာငြိခဲ့တာ ရှိသလဲ။ တမင်လိုက်ကပ်တာမှန်လျှင် တော်ရုံအငြိုးလောက်နဲ့တော့ မဖြစ်နိုင် ။ သူ ကိုယ့်နောက်ကနေ တောက်လျှောက်ကပ်လိုက်နေရမည်။

ဒီလိုပဲ သူ ကျော်နေ●ကျ၊ ပွတ်ကပ်ဖြစ်နေကျမှာ အမိအရ ဖမ်းကပ် ထိထိမိမိတိုက်ချနိုင်ဖို့ စွန့်စားရမည်။ ဒီနေရာမှာ ခုံရှုံးခံနိုင်မှ၊ သတ္တိရှိမှ တော်တဆ ပွဲချင်းပြီး ဖြစ်သွားနိုင်တာမို့ အသေခံရဲဖို့လိုသည်။

"သိုက် ... မင်း သေချာတွေးကြည့်စမ်း၊ ဒါ အဆင်မသင့်ရင် နှစ်လောင်း ဖြစ်သွားနိုင်တယ်နော်"

သူ့လိုပဲ သန်းထွတ် က တွေးမိသွားပုံပေါ် ကာ ရုတ်တရက် လှည့်ပြောရ၏။

"တမင်တကာလုပ်တာဆိုရင်တော့ သေးသေးနုပ်နုပ်အငြိုးမဟုတ် ဒါမှမဟုတ် သူ့အရည်အချင်း သူယုံကြည်လို့လုပ်တာလား၊ ဒါ အရည် ချင်းအမှန်ဆိုရင် မင်းထက် အများကြီးသာသွားပြီ"

ဒေါသဖြစ်နေသူကို သန်းထွတ် စကားက လူသတ်ချင်စိတ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် နှိုးဆွနေသည့်နှယ်။ မျက်လုံးထဲမှာ ဂျစ်ကားစုတ် ကိုယ့်ဘေး
ဘွားခနဲပြေးကပ်လာတာကို မြင်ယောင်လာ၏။

"ဟိတ်ကောင် မျဉ်းနှုတ်ခမ်းပေါ် တက်မဖြတ်နဲ့လေ"

သူက ဝိုက်အတက် ဘယ်ကမှန်းမသိသောစကားသံတစ်ချက်နှ
အတူ မျက်လုံးထဲမှာ ဂျစ်ကားက ရိပ်ခနဲဝင်ကပ်လာသည်။

မြင်လိုက်ရသည့်မျက်နှာက ရုတ်တရက် မလွတ်မလပ် ငြိမိတော့
မို့ ကြောက်အားလန့်အားဖြစ်သွားပုံမျိုး မရှိ။ ကြည်လင်သောမှန်ချပ်
နောက်မှာ မျဉ်းဖြောင့်ကဲ့သို့ဖြစ်အောင် တင်းတင်းစေ့ထားသည့်နှုတ်ခမ်
တစ်စုံနှင့် အေးစက်စူးရဲနေသောမျက်ဝန်းများ ...။

သူ မိုက်ခနဲဖြစ်လောက်အောင် ပူထူပြာဝေသွားချိန်တွင် ထိုမျက်
ကတော့ အသေခံပုံးကို တစ်ဖက်တစ်ချက်ဆုပ်ကိုင်ပြီး ရန်သူ့နယ်မြေ
ဝင်သည့် သူ့ရဲကောင်းနှင့် တူနေခဲ့၏။

သို့ဆိုလျှင် ဒါဟာ တမင်တကာ အတိုက်အခံ ရန်စ,လိုခြင်းလာ
ရင်ထဲမှာ ခံပြင်းနေမိသည်။ သူ ဘယ်လိုမှမထင်မှတ်ခဲ့ပေ။ ဒီ
လူတစ်ယောက်ဟာ ကိုယ့်ကို အတိုက်အခံ ရန်ပြုလာနိုင်သည်ဟု ဘ
တုန်းကမှလည်း ထည့်မတွက်ခဲ့တာ အမှန်ပင်။

တွက်ကြည့်တော့ ဒီလောက်ထိဖြစ်ကြဖို့ ဘာရှိလို့လဲ။ ဒါကိုပဲ အ
ထပ်စဉ်းစားမရတိုင်း ပျက်စီးသွားသည့် ကိုယ့်ကားကိုကြည့်ပြီး ဒေါသ
တလိပ်လိပ်တက်သည်။

ပိုဆိုးတာက ပထမဆုံးချိန်းလိုက်မိသည့် တွေ့ဆုံဖို့မှာ ကိုယ့်ဘက်
ပျက်ကွက်ခဲ့ရ၏။ ဆက် ဆိုတဲ့ကောင်မလေး ဘယ်လိုထင်မလဲ ...





အခန်း (၂၇)

"လူကို ဘာမှမဖြစ်လို့ တော်သေးတာပေါ့ ဒါနဲ့ အဲဒီအမှုက ပြေလည်
သွားခဲ့လား"

"ပြေလည်တယ်ပဲ ပြောပါတော့"

စကားမရှည်ချင်တော့သလို တုံးတိတိဖြေကာ မျက်နှာမှာလည်း
ဒေါသရိပ်ထင်လာသည်မို့ ဆက် က ထပ်မမေးတော့ပါ။

သိုက် က ပေါင်ပေါ်မှာ လက်သီးဆုပ်နှစ်ဖက် ခပ်ကားကားထောက်
၍ အောက်နှုတ်ခမ်းကို ဖိပိတ်စေ့ရင်း တစ်ခုခုကို စဉ်းစားသလိုလုပ်နေ
ပြီးမှ ...

"ဒီကပြန်ရင် မင်း ဘယ်သွားဖို့ရှိသေးလဲ"

"ဟင့်အင်း"

'မိုင်ဂဲလ်' ဆိုသည့်ဆိုင်းဘုတ်အဖြူရောင်လေးနှင့်ကော်ဖီဆိုင်ကို သူ
ချိန်းလို့ ဆက် က ရောက်လာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ခက် တို့လည်း ပါလာခဲ့သည်။ သိုက် ကိုမြင်လိုက်ရပါမှ ဆိုင်ထဲမှာ လူခွဲထိုင်ခဲ့ကြတာဖြစ်၏။ ဒါတောင် မေမြတ် က နှုတ်ခမ်းမဲ့၏။

"တော်သေးတာပေါ့။ ကြို့ရောက်နေရှာလို့"

"ဝင့်လည်တာမျှား ကြောက်စရာပဲနော်၊ ယောကျ်ားတွေရဲ့ဒူးထောက် စားမှုရှေ့မှာ မနေ့တစ်နေ့တုန်းက ရွှေလက်ဆက် က သခင်မ၊ ဒီနေ့ တော့ သခင့်အပါးမှာ ဒူးတုပ်ခစားခွင့်ရဖို့ကို အသည်းအသန်ကြိုးစားနေရ တဲ့ ရုံရွှေဖော်"

ဝေဖန်ခံလိုက်ရတာ ပက်စက်သည်။ သူငယ်ချင်းတွေရဲ့ ကရုဏာ ဒေါသကို နားလည်နေသည်မို့လည်း စိတ်ဆိုးဖို့ကို ဆက် သတိမရပါ။

ဒါတွေအားလုံးထက်ပို၍ ရင်ထဲမှာ အရေးတကြီးရှိနေတာက အရိုင်း နဲ့ သိုက် တစ်ယောက်တည်း ဟုတ်,မဟုတ်ကို တိတိပပ ခွဲခြားသိချင် နေသည်။

နယ်စဉ်က ရိုးသားစွာရှိနေခဲ့လျှင်တောင်မှ ပြန်ဆုံကြသည့်အရွယ် တွေမှာ ရင်ခုန်သံတွေကို နားထောင်တတ်နေပါပြီ။

သံယောဇဉ်ထက်ပိုမိုသော ချစ်ခြင်းကို ဒီနေ့ထိ သူမ မရှာဖွေခဲ့မိပေ။ တကူးတက ရှုပ်တည်းတားဆီးထားရတာမဟုတ်သလို အရိုင်း နဲ့ ပြန်ဆုံ တဲ့နေ့ ဆိုတာလည်းဖြစ်ကိုဖြစ်လာရမည်ဆိုတာမျိုး ပိုင်နိုင်စွာ စောင့်စား နေခဲ့မိတာမဟုတ်။

မမေ့နိုင်သည့်အဖြစ်လေးတွေနှင့် သူ့ကို ဆက် သတိရနေခဲ့သည်။ နောက်ထပ် ဘာကိုမှ စိတ်ဝင်တစားဖြစ်ခဲ့တာ မရှိ။

အားလုံးဟာ သူ့အလိုအတိုင်း ရှိစေ၊ ဖြစ်စေခဲ့တာတွေပါ။ မထင်မှတ် ဘဲ အရိုင်း လို့သတ်မှတ်ထိုက်သူကိုတွေ့တော့ ရှုံသွပ်စွာ တွယ်တာခဲ့မိသည်။ သတိရတမ်းတနေမိခြင်းဟာ ရိုးသားစွာဖြူစင်ခဲ့ခြင်းမရှိတာ သေချာခဲ့၏။





ဒါပေမယ့် သူမအဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးရသည့်အဖြစ် မျိုး။ မရေရာသော သေချာလိုခြင်းထဲမှာ သူမတစ်ယောက်တည်းပဲ ရှုံးနေ ခဲ့ရ၏။

အရိုင်းနှင့်တူလွန်းနေသည့် သိုက် သည် ဒီနေ့ထိ သူမနှင့် မရင်းနှီးခဲ့ သေး။ ကိုယ်က အရိုင်း လို့ပဲခေါ်ခဲ့သည်။ နင်နဲ့ငါပဲ ပြောခဲ့၏။

သူက 'တို့နဲ့မင်း'လို့ သုံးနှုန်းသည့်အဆင့်ထက် မပို။ နှစ်ပေါင်းများစွာ ကြာလွန်ခဲ့ပြီဆိုသည့် တချို့သောအတိတ်ဟောင်းများလောက်တော့ ကာလမကြာသေးပါ။

ဒီကာလလောက်မှာ သူ ဒီလောက်ထိ အေးစက်တည်ငြိမ်သွားခဲ့ သည်လား …။

ဟိုတုန်းက တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ကျားကုပ်ကျားခဲ အသက်ဆက်ကူညီခဲ့ဖူးသည့် ရဲဘော်ရဲဘက်သူငယ်ချင်းဆိုသည့် ခိုင်မာ သည့်သံယောဇဉ်တွေကို မေ့ပြီလား …။

သွက်လက်ပွင့်လင်းခဲ့သော ဆက် ၏နှုတ်ခမ်းများတို့မှာ တွေဝေ ဆွံ့အခြင်းတို့ဖြစ်လာခဲ့၏။ သိုက် ကတော့ ကိုယ့်ကို သူငယ်ချင်းလေးလို မရင်းနှီးခဲ့တာမှလွဲလျှင် ဟိုတုန်းကလို ဖွတ်ဆတ်ဆတ် မာကျောကျော ပုံစံနှင့်သာ …။

"ဟိတ် … လူကို ဘာကြည့်နေတာလဲ"

သူ့အသံကြားမှ ဆက် က ရှက်ပြုံးလေးနှင့် မျက်နှာလွှဲကာ …

"တွေးနေတာပါ။ အရာအားလုံးပြောင်းလဲရင် မကောင်းဘူး ဆိုတာ တို…"

"တို့ကိုကြည့်ပြီးတော့လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရိုင်း တကယ်ဟုတ်ပါ့မလားလို့ တွေးနေတာမဟုတ်လား"

ဆက် က ခေါင်းလေးခါလိုက်ပြီး စားပွဲတိုင်းမှာ လူရှိနေသည့် ကော်ဖီဆိုင်တစ်ဆိုင်လုံးကို နှစ်ပတ်လောက်ဝေ့ကြည့်၏။ ပြီးမှ သူ့ကို ပြန်ကြည့်၍ ...

"အားလုံးဟာ အရိုင်းပါပဲ၊ ဒါပေမယ့် အရိုင်း က ငါ့ကိုခင်တယ်"

"မခင်ချင်တော့ဘူး။ အခုပြန်တွေ့ကြတာ တစ်ကနေ ပြန်စကြဖို့မှ မဟုတ်တာ၊ ဒီနေရာကနေ လက်ချင်းတွဲပြီး ရှေ့ဆက်ဖို့"

သူ့မျက်နှာထက်က ရီဝေခြင်းဟာ ဆက် တစ်ကိုယ်လုံးကို ဆွဲညှို့နေသလိုပင်။ မျက်ခုံးတန်းတွေကို အုပ်ကွယ်ကျဆင်းနေသည့်ဆံပင်တွေကို လက်နဲ့သပ်တင်လိုက်ပြီး တစိမ့်စိမ့်ကြည့်၏။ ပြီးတော့ ပြုံးလိုက်ကာ...

"မဟုတ်ဘူးလား ဆက်၊ ခင်ပါတယ် တွယ်တာပါတယ် ဆိုပြီး ဒီနားကျမှ ရင်းနှီးခဲ့ကြတာတွေကို ရပ်တန့်ပစ်လိုက်မှာလား၊ ရိုးသားကြတယ်ဆိုရင် ငါးရာနှစ်ဆယ့်ရှစ်နဲ့ပေါ့၊ လူလားမြောက်လာကြတဲ့အရွယ်တွေမှာ ထောင့်ငါးရာနဲ့ ရှေ့ဆက်ကြဖို့၊ ဒါပဲရှိတာ"

ဒါပဲရှိပေမယ့် သူ့ရဲ့ ပါးစပ်ထဲမှာ အရိုင်းဖြစ်ဖို့ ရာခိုင်နှုန်းအနည်းငယ်သက်ရောက်မှုပါဝင်ခဲ့တာရော ရှိလို့လား။

"အတိတ်နဲ့ပတ်သက်သည့်သရွေ့ တစ်စသော်မျှ စကားထဲမှာမပါ။

"ဆက်"

"ဟင်"

"လူတကာ မလိုလားခဲ့တဲ့ကောင်၊ 'ဆာမူရိုင်း' ဆိုတဲ့နာမည်ကို ရွှန်းရှာရှာပေးခဲ့သေးတယ်"

ဆက် မျက်ခုံးလေးတွေပင့်တက်သွား၏။ လှိုက်ခနဲနွေးဖြာသွားသည့် ရင်ထဲမှာ ဘယ်လိုခံစားချက်မျိုးနှင့်မှမတူ။





ကော်ဖီတစ်ဝက်စီကျနေပြီဖြစ်သည့် ပန်းကန်လုံးတွေကို ညာဘက်လက်ဖဝါးများနှင့် ထိကပ်ထားမိကြတာ အတူတူဖြစ်လျက် လွှတ်ဖို့လည်း သတိမရ၊ သောက်လည်းမသောက်ဖြစ်။

"ဖြစ်နိုင်ရင် ကိုယ့်ကိုယ်ကိုတောင် သတိမရချင်ဘူး၊ ဒါပေမယ့် မင်းကိုမေ့လို့မရတဲ့ မသိစိတ်တစ်ခုက လမ်းကြောင်းတစ်ခုကိုဆက်လျှောက်ဖို့ တွန်းပို့နေတယ်"

"ဒါဆို ငါ့ကို ဘာဖြစ်လို့ မမှတ်မိတာလဲဟင်၊ ပြီးတော့ ငါပေးခဲ့တဲ့ အမှတ်တရပစ္စည်းလေးတွေရော၊ အဲဒါတွေကို ..."

"ဘာမှမရှိတော့ဘူး"

ဟင်ခနဲဖြစ်သွားပေမယ့် စိတ်ဆိုးလို့မဟုတ်ပေ၊ သူ့ပါးစပ်ထဲက ထွက်ကျလာသည့် 'ဆာမူရိုင်း' ဆိုသည့် နာမည်လေးတစ်ခုနဲ့ပဲ သူ မပြောခဲ့သမျှဟာ မျိုသိပ်ပျောက်ကွယ်ထားခဲ့ခြင်းပဲဆိုတာကို လက်ခံပြီးဖြစ်ခဲ့သည်။

"တစ်ကောင်ကြွက်ဆိုတဲ့ဘဝမှာ တို့ တန်ဖိုးထားတာ ဘာမှမရှိဘူး၊ အဲဒါတော့ မင်း ခွင့်လွှတ်မှဖြစ်မယ်၊ တို့က ဒီပုံစံ မပြောင်းလဲလို့ မင်းမှတ်မိတာ၊ မင်းက အများကြီးပြောင်းလဲသွားတဲ့အထဲမှာ အလှကြီးလှနေတယ်၊ ဘယ်မိန်းကလေးကိုမှ ဂရုစိုက်မကြည့်တတ်တဲ့ အကျင့်ကြောင့် မိန်းမတိုင်းကို မင်းဖြစ်နေမလားဆိုပြီး လိုက်မကြည့်မိခဲ့တာလဲ ဝန်ခံတယ်၊ ပြောရရင် အကြောင်းမလှခဲ့တဲ့ ကိုယ့်ဘဝအတွက် ကြိုးစားဖို့က နံပါတ်တစ်ဖြစ်သွားတယ်၊ မင်းလို တို့ဘက်က လှုပ်ရှားမှုအားမပြင်းခဲ့တဲ့အကြောင်းက အဲဒါတွေကြောင့်ပါ"

"တစ်ကောင်ကြွက်ဆိုတော့ ဟို ... နင့်ရဲ့အစ်ကိုတွေရော ..."

သူက ခေါင်းခါပစ်လိုက်ပြီး မျက်နှာမော့၍ ဆံပင်တွေကို နဖူးကနေ ထိုးသွဲ့ဖွ၏။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး မရှိဘူး။ တို့ဘဝမှာ တို့တစ်ယောက်တည်းပဲ၊ အဖော်က အရိပ်၊ လက်နက်က သတ္တိပေါ့၊ အများအမှန်ဆိုတာလဲ ငါးဟင်းစားပြီး အရိုးစူးမှာစိုးတာလောက်တောင် ခွဲခြားဆင်ခြင်ချိန်မရဘူး။ ကျေးရူးပြုပြီး လူတွေ၊ ပစ္စည်းတွေ ဘာမှထပ်မမေးပါနဲ့ တို့သိချင်တာ တစ်ခုပဲ၊ တို့ကို အရင်လိုပဲ ဟုတ်သေးရဲ့လား"

သူသိချင်တာကိုပဲ ဦးတည်မေးမိသည်။ ရွှေလက်ဆက် ဆိုသော ကောင်မလေးက ကိုယ့်ထက် သုံးနှစ်လောက်ငယ်နေမှာပါ၊ သန်းထွတ်နဲ့ အတန်းတူတက်ခဲ့သည်မို့ အသက်ကို သူ ခန့်မှန်းမိသည်။

သူမကို ရုတ်ရက်စက်စက်လှနေလို့ လိုချင်သည်။ ဗွဲလမ်းတာ၊ ရူးသွပ်တာ ဘာညာမသိ။ နောက်တစ်ခုက ဘယ်တုန်းကမှ တန်းတူဆက်ဆံခွင့်မရခဲ့သော၊ ခုချိန်ထိလည်း မီနိုင်အောင်ကြိုးစားနေရဆဲဖြစ်သော သန်းထွတ်တို့၏အသိုင်းအဝိုင်းကို ကိုယ့်အကြောင်း ပြချင်၏။ ရွှေလက်ဆက် က သန်းထွတ် အထင်တကြီး ရူးသွပ်ဗွဲလမ်းနေသည့်မိန်းကလေး။

သူမကို ရယူသိမ်းပိုက်နိုင်ခြင်းဖြင့် အားလုံးဟာ ရွှေရောင်အနာဂတ်ဖြစ်သွားရှိမည်။ ဆုံးရှုံးနောင်တရစရာ ဘာမှမရှိ။

သိုက် ရင်ထဲမှာ ကိုယ့်အတွက်နဲ့ကိုယ် ဟုတ်နေသည်။ ဆာမူရိုင်း ဆိုသည့် နာမည်လေးတစ်လုံးကို အတင်းပြောတတ်သော မိန်းကလေးနှစ်ယောက်၏စကားများထဲက သူ တိတ်တဆိတ်နားထောင်မှတ်သားမိခဲ့သည်။

အတွေးနှင့်အဖြေ သူ့မျက်လုံးတွေ မျက်စောင်းထိုးစားပွဲမှာရှိနေသည့် ဆက် ၏သူငယ်ချင်းမလေးနှစ်ယောက်ထံ ဝေ့သွားသည်။ သူမတို့ ပြောနေကြတဲ့အထဲမှာ ဆက် က သူ့ရဲ့ဆာမူရိုင်းကို ရင်ထဲမှာ အသေထည့်ထားတာ ဖြေဖျောက်ရှိတော့ဘူး တဲ့။





နောက်ထပ် မတိုးမကျယ်စကားသံတွေ ဆက်လက်ကြားနေရသည်မို့ ကံကောင်းထောက်မစွာ သူ သိခွင့်ရခဲ့ခြင်းဖြစ်၏။

ဘဝမှာ အောက်ကျနုံချာတဲ့အကြောင်းတွေ တိုက်ဆိုင်စွာတူညီနေကြတာလည်း ကံကြမ္မာက ကိုယ့်ဘက်မှာရှိနေခြင်းပဲဖြစ်လိမ့်မည်။

ဆက် ကိုတွေ့လိုက်စဉ်မှာ သူ့ရင်ထဲမှာ လိုချင်တပ်မက်စိတ် မပြင်းထန်ခဲ့သေးပါ။ ထို့ကြောင့် ကိုယ့်ဘဝအကြောင်း အစွန်းအစလေးတွေကို ပြောခဲ့တာဟာ ဖြားယောင်းမှုမပါတာ သေချာပါသည်။

အခု ခိုင်မာလာတာက ဆက် ကို သူ ရမှဖြစ်မည်။ အစက ဂရုမစိုက်စွာ အမှန်အတိုင်းပြောခဲ့တာတွေ ဖြစ်ခဲ့သော်ငြား အခု အဲဒီအမှန်တွေကို မမှားအောင် ဂရုစိုက်ဖို့လိုလာ၏။

သူ့တစ်သက်မှာ မိန်းကလေးတွေကို စိတ်ဝင်စားချိန်မရလောက်အောင်ကြိုးစားမှုတွေချည်းပဲဖြစ်ခဲ့တာမှန်ပေမယ့် ခုလည်း တော်ရုံမိန်းမလောက်ကို လိမ်ညာလှည့်ဖြားယူရလောက်သည့် အခြေအနေ မဟုတ်သေးပါ။

သို့သော် ဆက် ကိုတော့ ညာမှဖြစ်မည်၊ ရမှဖြစ်မည်။

ဘာဖြစ်လို့လဲဆိုလျှင် ရွှေလက်ဆက် ဆိုသော သူမ၏အလှအပတွေကို အမြဲတမ်း ထိပ်ဆုံးကဖြစ်ချင်ခဲ့သည့် သူသာ သိမ်းပိုက်နိုင်ရမည်။

ဘယ်သူမှ မရခဲ့တာကို သူ ရခဲ့သည်ဆိုလျှင် ဒါက အောင်မြင်မှုသာဖြစ်၏။

"ဆက်"

"ဟင်"

"တို့မေးတာတွေ တစ်ခုမှ မဖြေသေးဘူးနော်"

ဆက် က ပါးပြင်လေးတစ်ဖက်မှာ ပြုံးဆင်းလာသည့် ဆံနွယ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



တွေကို မျက်နှာလေးမော့၍ ကျောနောက်ကို သာသာလေး ပြန်ပို့သည်။ ပြီးတော့ ပြုံး၏။

ဘာမှပြန်မပြောတော့မှ သိုက် က ကော်ဖီပန်းကန်ကို ဘေးရွှေ့ထား လိုက်ကာ ...

"ဒီကပြီးရင် ဘယ်ဆက်သွားမှာလဲဆိုတာ ..."

"ဪ ..."

"ခုနမေးတာက တို့ကို အရင်လိုဟုတ်သေးရဲ့လားလို့"

မျက်လုံးချင်းဆုံနေမိကြပေမယ့် စကားသံတွေ တိတ်ဆိတ်နေခဲ့၏။ ထိုစဉ် ဆိုင်ထဲမှာ သီချင်းသံသဲ့သဲ့လေး ပျံ့လွင့်လာခဲ့၏။

♫ ... ပြန်ဆုံချင်ရင် ရင်ခုန်သံကို မညာနဲ့လေ၊ ... မညာနဲ့ လေ... သေချာစဉ်းစား ...

... ဒီတစ်ခါ ရင်ခုန်သံကိုညာခဲ့ရင် ... ငါနဲ့မင်း တကယ်ကိုအဝေးဆုံး... ဟိုး ... တစ်ချိန်က ... အချစ် မင်းပြောဖူးတဲ့ ချစ်တဲ့စကားတွေ ... ... ငါ မှတ်မိလို့နေသေး ...𝄞...

သီချင်းသံက နှလုံးသား၏ဗဟိုချက်သို့ တည့်တည့်စိုက်ဝင်သည့် လက်နက်တစ်ခုလို ဖြစ်သွား၏။ ဆက် မျက်ဝန်းလေးတွေကို ရွှေ့ဝစ်မိ သည်။

𝄞... လွယ်လွယ်မေ့ပစ်ဖို့မဖြစ်ဘူး ... ငါနဲ့မင်းက ဘဝတူ... ရင်ခုန် ဘက်လူ ...

... တကယ်အပြီးသတ် မရေးသေးခင် ပြန်စဉ်းစား ...

... ရည်ရွယ်တဲ့ဘဝရဲ့ ခရီးလေးဆက်ချင်လို့ ...𝄞...

သီချင်းကြောင့် ရှက်သလိုလို အနေခက်လာသဖြင့် ဆက် သူ့ကို ပြန်ကြည့်လိုက်ကာ ...





"သူငယ်ချင်းတွေပါသေးတယ် အရိုင်းရဲ့၊ ဘယ်သွားမယ်ဆိုတာ သူတို့ကိုမေးရဦးမှာ"

"နောက်ထပ်မေးခွန်းကိုပါ တစ်ခါတည်းဖြေပေးလိုက်တာလား"

မျက်လုံးချင်းဆုံမိကြပြန်သည်။ ဆက် က မျက်လုံးမလွှဲဘဲ ဖေးရင်း ခေါင်းခါပြလျက် ...

"မဟုတ်ဘူး"

သိုက် မျက်နှာ ပြုံးသွားစဉ် ...

"သိုက်"

တရင်းတနှီးခေါ်သံနှင့်အတူ အနားမှာ လူရိပ်တစ်ရိပ် လာရပ်၏။ သိုက် က မော့ကြည့်လိုက်ပြီး ရယ်ကာ ...

"ဘယ့်နှယ် လာပါခေါ်တော့ မလာဘဲနဲ့ ပွဲကောင်းနေမှ လာဖျက် တာလား"

သိုက် ၏ဘာလိုလိုစကားကြောင့် ရောက်လာသူ၏မျက်လုံးတွေက ဆက် မျက်နှာလေးဆီ တန်းရောက်သွားသည်။ သူက မထိုင်ဘဲ ရပ်နေ ရင်းကနေ သိုက် ၏ပခုံးကို ဖတ်ခနဲရိုက်၍ ...

"ငါလာပါတယ် မင်းနဲ့လွဲလွဲနေတာ၊ ဘယ်မှာလဲ ပေးလိုက်လေ"

"ပျက်နေပါတယ်ဆိုမှ ဒီကိုယူလာမလားကွ၊ ညနေကျမှ ငါလာခဲ့ မယ်၊ မင်း အခု ဝင်လာတာလား၊ ပြန်မှာလား"

"ခုမှဝင်လာတာ၊ မိတ်ဆွေနဲ့ချိန်းထားလို့ ကဲ ... ပြောကြပါ၊ သွားစေ ချင်နေတာမှန်း သိပါတယ်"

ထိုသူ ထွက်သွားမှ သိုက် က ဆက် ကိုပြုံးပြကာ ...

"ဆေဘရိုးနော်၊ သူက MOBILE SERVICES CENTER တလေ၊ တို့နဲ့ရင်းနှီးတာ မကြာသေးဘူး၊ ဒါပေမယ့် သူက ဖော်ရွေတော့ ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



သွားတာမြန်တယ်၊ SERVICE အရမ်းတော်တဲ့လူ၊ နာမည်က ကိုကိုလေးတဲ့"

ရှည်ရှည်ဝေးဝေးပြောပြနေရင်း သိုက် က ပိုက်ဆံရှင်းလိုက်သည်။ ပြီးတော့ ချက်ချင်းမထသေးဘဲ ဆက် မျက်နှာလေးကို စိုက်ကြည့်၍...

"အခု မင်းသူငယ်ချင်းတွေရှိတဲ့စားပွဲကို သွားမယ်၊ သူတို့နဲ့ညှိနှိုင်းပြီးရင်တော့ တို့နဲ့ တစ်နေရာထပ်သွားဖို့ သဘောတူမှာပါ။ ဟုတ်လားဟင်"

ဆက် က သွားလေးတွေပေါ်အောင်ပြုံးလိုက်ပြီး နေရာမှ ထရပ်လိုက်၏။ ကော်ဖီဆိုင်လေးက သေသပ်လှပသလောက် သိပ်မကျယ်ပေမယ့် ကျဉ်းလည်းမကျဉ်းပေ။ စားပွဲတိုင်းမှာ လူတွေရှိနေသဖြင့် ဆက် ဘယ်ကိုမှ မျက်လုံးမရောဘဲ ခက် တို့စားပွဲမှာပဲ တန်းထိုင်ပစ်လိုက်သည်။ ခက် နဲ့ မေမြတ် က သိုက် ကို စေ့စေ့မကြည့်သလို သိုက် ကလည်း တိုင်ပင်ကြစမ်း ဆိုပြီး ခွင့်ပြုထားရသလို တစ်စားပွဲတည်းဝင်ထိုင်လိုက်ပေမယ့် အပြုံးအရယ်မရှိသည့်မျက်နှာကို တစ်ဖက်လွှဲထား၏။

ဆက် ရင်ထဲမှာ သိပ်တော့မကောင်းပါ။ အားလုံးဟာ သံယောဇဉ်ကြီးတဲ့သူတွေချည်းပဲမို့ သင့်မြတ်ပြေလည်စေချင်မိသည်။

ခုတော့ ခက် တို့က မကြည့်လင့်၊ သူက တည်တည်တင်းတင်း။

"သွားလေ၊ ဘယ်ကိုသွားမှာလဲ၊ နင်သွားမယ်ဆိုမှတော့ လိုက်ရတော့မှာပေါ့၊ တစ်ယောက်တည်းမှမထည့်လိုက်နိုင်တာ"

ခက် က ပြောင်ပြောင်တင်းတင်းကြေညာသည်။ သိုက် မျက်နှာတင်းနေဲဖြစ်သွားပေမယ့် ဘာမှမပြော။

အတူတူထထွက်လာခဲ့ကြတော့ ဆက် တို့က နောက်ဆုံးမှဖြစ်ကာ ရှေ့ဆုံးက သိုက်၊ ဆက် က သိုက် ရဲ့နောက်မှာဖြစ်သည်။

ကော်ဖီဆိုင်က သိပ်မကျဉ်းပေမယ့် နှစ်ယောက်ယှဉ်မသွားဖြစ်ကြ





ဘဲ တန်းစီထားသလို လျှောက်ခဲ့မိကြ၏။ ထိုစဉ် ...

"အမလေး"

"ဟယ်"

နောက်က မိန်းကလေးတွေအသံကြားလိုက်မှ သိုက် ဖျတ်ခနဲလှည့်ကြည့်မိ၏။ ဆက် ဝတ်ထားသည့် ဖြူစွတ်စွတ်ဘောင်းဘီရှည်အဖြူလေးမှာ ကော်ဖီပန်းကန်ကျင်းထားသည့် ဝါညစ်ညစ်ရေတွေစိုလျက် ...

"နင် ... တောက် ..."

ညာဘက်ဒူး အထက်နားလောက်မှာ စိုရွှဲထင်းကုန်သည့် ပန်းကန်ဆေးရည်တွေကို ငုံ့ကြည့်လိုက်ပြီး ထိုဆီကို မျက်နှာမော့လိုက်တော့ ဒီမျက်နှာ ...

ဆက် ကို ဇ်ဘေးတိုက်ပုံစံနှင့် ခပ်စောင်းစောင်းမော့ကြည့်ကာ သူက အားနာဟန်ပိစိကွေးလေးရောထည့်ပြီး မချိုမချဉ် ...

"ဆောရီးဗျာ၊ ဒီမှာ အမှိုက်ပုံးမရှိတာကို နည်းနည်းကျွံပြီးတိုသွားလို့ မဆီမဆိုင်လွှဲပက်လိုက်မိတာ၊ ဆောရီး"

ကျေကျေ၊ မကျေကျေ သူက ဆောရီး ထပ်ပြောလိုက်ပြီး ရှေ့ပြန်လှည့်သည်။

"နင် အဲဒီလိုပုံစံတွေနဲ့ပဲလုပ်စားနေတာ၊ ဒီမှာ ..."

"တော်ပါတော့ လက်လက်ရယ်၊ လူတွေကြည့်ကုန်ပြီ"

"ကျွန်တော် တောင်းပန်ပါတယ် အစ်မရယ်၊ ဒီအစ်ကို့ဘက်က ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်"

ဝိတ်တာကောင်လေးတွေ ပြေးလာပြီး ရှိုးတော့မတတ် တောင်းပန်သည်။ သန့်ရှင်းရေးလုပ်တဲ့သူက ဗျာပျာသလဲလုပ်၏။

သမံတလင်းပေါ် မှာစိုနေတာကို သုတ်ပစ်လိုက်ကြပြန်သည်။ ဒီက



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီဖြူမှာ စွန်းကုန်တာကို ဘယ်လိုဆေးချရမလဲ၊ ထိုစဉ် သိုက်က ဟိုစားပွဲဘေးကိုကပ်သွားကာ ...

"နေရာတကာ ဆော်ရီးလုပ်လိုက်တာနဲ့ မပြီးဘူးကွ"

သူပြောလိုက်တော့ စီးကရက်မီးညှိနေသည့်မျက်နှာက မခိုးမခန့် မော့လာ၏။ မော့ပုံက မေးဖျားပင့်လာအောင်မော့တာမျိုးမဟုတ်ဘဲ မျက်မှောင်ကြုတ်ထားရင်း မျက်ခုံးတစ်ဖက်ကိုပဲ ဆတ်ခနဲပင့်ကြည့်တာ ဖြစ်သည်။

"ဘာပြောလိုက်တာလဲ"

"မင်း ယောက်ျားပဲ၊ လိုရင်းတိုရှင်း တည့်တည့်ရင်ဆိုင်ပေါ့။ မိန်းမလို မိန်းမရ ရန်စတာ ကောင်းလား"

"မိန်းကလေးတစ်ယောက်ကို ရန်စစရာလားကွ၊ မင်းလိုကောင်မျိုး ဆိုရင်သာ ..."

သူက ပြောလိုက်ပြီး မီးညှိပြီးစ စီးကရက်ကို စားပွဲစွန်းမှာ ဖိကပ်ချေပစ်လိုက်၏။

ပြီးတော့ နေရာမှထရပ်လိုက်လျှင် နှစ်ယောက်ရင်ဆိုင်ရပ်လိုက်သလို ဖြစ်သွားကြသည်။

"ကိုသိုက် ... ရှင် တော်ပါတော့၊ လက်လက်ရဲ့သိက္ခာကို ငဲ့ကွက်ဦးလာ လက်လက်"

မေမြတ် က ခပ်ကြိတ်ကြိတ်အော်ကာ ဆက် လက်ကလေးကို ဆွဲခေါ်သွား၏။ တကယ် စွန်းပေကုန်ရတာက သူမဖြစ်နေသဖြင့် ဆက် မကျေနပ်နိုင်။

ဒါပေမယ့် ဒီနေရာမှာ ယောက်ျားချင်း ထဖြစ်ကုန်လျှင် ပို၍ရှုပ်ကုန်မှာဖြစ်သည်။ ဆိုင်ထဲမှာ လူတချို့ကလည်း ဝင်ပါလာကြ၏။





သိုက် နဲ့ထိုသူ လူချင်းအနည်းငယ်ကွာသွား၏။ ငြိခဲ့ဖူးကြတာကို ဘယ်သူမှမသိပေမယ့် ရင်ထဲမှာ စူးစူးနင့်နင့်ကြီး ရှိနေဆဲ။

သိုက် အံကြိတ်ထားရင်း ထိုမျက်နှာကို စူးစူးရဲရဲကြည့်သည်။ ပြီးတော့ လက်တစ်ဖက်ဆန့်ထွက်လာလျက် လက်ညှိုးထိုးရင်း ...

"မင်း ..."

အံကြိတ်သံနှင့် ရောလိုမ့်ပါလာသည့် 'မင်း'ဆိုသော ကြိမ်းဝါးခြင်းက ဘာမှာမကျေအမုန်းများနှင့် ...

"အဟွန်း"

သူကတော့ ခပ်သဲ့သဲ့အပြုံးနှင့် ပခုံးတွန့်၏။ ဘောင်းပန်တားဆီးသူ ..စ်ယောက်၏အလယ်မှာ လက်ညှိုးထိုးမပျက်ဘဲ နောက်ပြန်တစ်လှမ်း ..င်းပါသွားသည့် သိုက် ကိုစိုက်ကြည့်ရင်း သူ့မျက်လုံးတွေ မိန်းကလေး ..ာ်ယောက်ထံ ဝေ့ခနဲပြေးသွားသည်။

ထိုအခါ ပြုံးယောင်သမ်းနေသောနှုတ်ခမ်းသားတို့ ရှေ့ပိတ်သွားခဲ့၏။

"သိုက် နဲ့ ဘာဖြစ်ကြတာလဲ"

"ဘာမှမဖြစ်ဘူး"

ခဏလေး ရေအိမ်ထသွားလိုက်တာ ပြန်လာတော့ ကိုယ့်မျက်လုံးကို ..င် မယုံနိုင်။

သိုက် ကို ဆွဲခေါ်သွားကြပြီဖြစ်ကာ ကိုယ့်လူကတော့ မဲ့ပြုံးနှင့် မခိုးခန့်ကျန်ရစ်၏။ စားပွဲမှာ နှစ်ယောက်အတူပြန်ထိုင်လိုက်ကြကာ ...

"အသွင် မင်းနဲ့သိုက်နဲ့ ငြိထားဖူးလား"

"ဘာဖြစ်လို့လဲ"

"ဒီကောင်ကလဲ မင်းလိုကောင်ပဲကွ၊ မိဘမဲ့ပေမယ့် ကိုယ့်ဒူးကိုယ်ချွ..စ်ကိုယ်တော်စွန့်စားလာခဲ့တာ၊ မင်းလောက်မဟုတ်ပေမယ့် သူ့နဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးတယ်၊ အဲ... မင်းလောက်မဟုတ်ဘူးဆိုတာ သူက မင်းထက် နည်းနည်းလေးကောက်ကွေ့ချင်တယ်၊ စကားထဲမှာ မာနတွေပါတယ်၊ အဲဒါကြောင့် မင်းတို့နှစ်ယောက်ကို အထင်ကြီးလေးစားပြီး ငါ ခင်ခဲ့ပေမယ့် မင်းကို ပိုခဲ့တာ"

"ဟုတ်ပါပြီ၊ အခု ခင်ဗျားကိစ္စ ပြီးပြီလား"

"ပြီးပြီ၊ မင်းက ဆိုင်ကိုလိုက်မှာလား"

"လိုက်မှာ"

ကိုကိုလေးနဲ့သူ အပြင်ရောက်လာတော့ သိုက် တို့ကားကိုရှာမိသေးသည်။ သွားကြပြီနေမှာပေါ့၊ ဘယ်ကိုလဲ .....။





အခန်း (၂၈)

"ရှိန်းလိုက်တိုင်း ဘယ်တော့မှမအောင်မြင်ဘူး၊ တွေးကြည့်လိုက်တော့ ဆက် နဲ့တွေ့ကြဖို့ထွက်လာတိုင်း သူနဲ့ငြိနေတာ"

"အဲဒီနေ့က မင်းနဲ့အတူရှိနေတဲ့ကောင်မလေးလား"

"ဟုတ်တယ်၊ အဲဒီမှာဆုံပြီး တစ်နေရာသွားဖို့ချိန်းထားတာ"

"မသွားဖြစ်ဖူးပေါ့"

"ဘယ်လိုလုပ်သွားဖြစ်တော့မလဲ၊ ဘောင်းဘီအဖြူမှာ ကော်ဖီဆေးထားတဲ့ရေတွေ စွန်းထင်းကုန်တာ လူမြင်လို့မှမကောင်းတော့တာ"

သိုက် က စီးကရက်ကို မီးညှိမလိုလုပ်ပြီးမှ မညှိဘဲ မီးခြစ်ကို စားပွဲပေါ် ပစ်တင်လိုက်သည်။ စီးကရက်ကို အညှာတာမဲ့စွာ အမှိုက်ပုံထဲ ပစ်သည့်၏။

"ပထမတစ်ခါလဲ ဒီတိုင်းပဲ၊ အဲဒီကိုသွားတာ လမ်းမှာ သူ့ကားနဲ့ လိုက်ချိတ်လို့ ..."

သိုက် ၏ပုံစံက ဒေါသတွေဆောက်တည်ရာမရဖြစ်နေလေ၏ ဆက်



www.burmeseclassic.com

www.burmeseclassic.com



တီမှာထိုင်နေရင်း ရှေ့ကိုကိုင်း၍ ဒူးနှစ်ဖက်ပေါ် တံတောင်တင်ကာ လက်ဖဝါးချင်း ဖိဆုပ်နေလျက် ...

နောက်ကို ပစ်ခနဲမှီလိုက်ပြီး ဆံပင်တွေခါထုတ်လိုက်၊ ပင့်သက်ရှိုက်အံကြိတ်လိုက်၊ သူ့ကိုကြည့်နေရသည့်လူမှာ သူ့ကိုပဲ 'သွားကွာ၊ ချကွာ' လို့ လက်သီးလက်မောင်းတန်းပြီး မြှောက်ပေးရတော့မှာလား ...။

တစ်ရာ(တရား)နဲ့ဖြေပါ၊ နှစ်ရာနှင့်ဖြေပါလို့ပဲ ဖျောင်းဖျနားချရမည်လား။ ကိုကိုလေး ခေါင်းကုတ်မိလေသည်။

ဒီနေ့ရာထိ သူ တစ်ခါမှလိုက်မလာဖူးပါ။ သိုက် နှင့်ခင်နေကြပေမယ့် ရန်ကုန်မြို့ထဲက သိုက် ရဲ့ရုံးခွဲဆိုသည့် ဘန်ဂလိုဆန်ဆန် တိုက်လှလှလေးကိုပဲ မကြာခဏရောက်ဖူးသည်။ မော်တီမှာ ခြံဝယ်ထားသည်ဆိုတာသာကြားပြီး ဒီလိုတိုက်ကြီး တစမ်းတနား ဆောက်နေမှန်းလည်း မသိ။

ခုတော့ တိုက်တိုက်ဆိုင်ဆိုင် သူ အလွန်အထင်ကြီးခင်မင်ခဲ့သည့် လူငယ်နှစ်ယောက်က ခြံချင်းကပ်လျက်မှာ မသင့်မြတ်စွာ အတူရှိနေခဲ့ကြသည်။

"အဲဒီတစ်ယောက် ဟိုဘက်ခြံက ဟုတ်လား သိုက်"

"ဟုတ်တယ်၊ ကော်ဖီဆိုင်ထဲကကိစ္စကို ပြန်တွေးတိုင်း သူ့လုပ်ရပ်က ပိုပိုပြီးသိသာလာတယ်၊ ဒီကောင် ဆက် ကိုသိနေတာပဲဖြစ်မယ်၊ ဒါမှမဟုတ် တစ်ဖက်သတ်ပိုးနေတာ၊ အဖြေက ဒါပဲ"

"တစ်ဖက်သတ်ပိုးတယ်ဆိုရင်ရော ဆက် က မသိဘဲနေမလားကွ၊ သူတို့ချင်း အစတည်းကသိနေပြီးသားမို့လို့လား"

ကိုကိုလေး မေးတော့မှ စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားခဲ့သည်။ ကော်ဖီဆိုင်မှာ ဆက် ရဲ့မျက်နှာလေး သုန်မှုန်ညိုရဲနေတာ၊ ဒေါသနှင့် ရှက်ခြင်းတွေ ရောမွှေနေတာမှန်း သေချာပေမယ့် ဒီကောင့်ကို သိနေလို့လား





ဒေါသသက်သက်လား သူ မဝေခွဲမိခဲ့ပါ။

ဒါကို သတိတရလည်းမဖြစ်မိခဲ့။ ကိုယ်နဲ့သိနေလို့ ကိုယ့်ကို ပြသနာရှာချင်တာပဲလို့ လွယ်လွယ်ကူးစက်ယူခဲ့သည်။ သူပဲရင်ဆိုင်ခဲ့သည်။

တကယ်တမ်း ကိုယ့်ကိုပစ်ခဲ့တဲ့မြှားတွေ ဟုတ်ရဲ့လား ...။

"သိုက် အဲဒီကောင်နာမည်က ဘယ်သူတဲ့လဲ"

မေးပြန်ပြီ မျက်မှောင်ကြုတ်ထားသည့်မျက်နှာနှင့် သိုက် က ကိုကိုလေးကိုကြည့်သည်။ ပြီးမှ ...

"မသိဘူး၊ အကြည့်ရဆိုးတဲ့ ဆံပင်ပုံနဲ့ လူပုံ ကြမ်းကြမ်း"

ဒါပေမယ့် 'လူချောလေးပါ'ဟု ကိုကိုလေး ရင်ထဲကနေ ပြောလိုက်မိသည်။ အသွင် က နာမည်လေးက နှသည်၊ လူကလည်း အသက်ငယ်ငယ်ပါ။ မာကျောသည့် သူ့ရဲ့စိတ်ကြောင့် မျက်နှာပြင်မှာ နူးညံ့သည့်အရာ မထင်။

ပြောသမျှစကားက မချိုသာ။ စကားပြောဆိုးတာတောင် အသွင် အပြောဆိုပုံက သိုက် ကဲ့သို့ မာန်မာနနှင့်တွဲစပ်ထောင်လွှားခြင်း မဟုတ်ပေ။

မဟုတ်မခံ စိတ်ဆတ်တာမျိုးဖြစ်ကာ လိုအပ်လျှင် ကိုယ်ကျိုးစွန့်ကူညီတတ်သူဖြစ်၏။ အသွင် ဘယ်လိုလူစားလဲဆိုတာ သူ မသိဘဲ နေမလား။ သိုက် လိုပေါ်လွင်အောင်သွားလာနေထိုင်တာမျိုး မရှိပေမယ့် ခည်းစိမ်ဥစ္စာ ပြည့်စုံတာချင်းတော့ သိပ်ကွာမှာမဟုတ်ပါ။

မြို့ပေါ်မှာ လုပ်ငန်းအခြေစိုက်ထားသူနှင့် စိုက်ပျိုးရေးကိုပဲ ဝါသနာပါတဲ့သူဆိုတော့ တင့်တယ်ပုံခြင်းတော့ တူမှာမဟုတ်။

"ကိုလေး"

"ဟင်"

သိနေတဲ့သူကို မသိဟန်ဆောင်နေရသည့် မရိုးသားခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အတွေးလွန်နေတုန်း ခေါ်လိုက်တော့ တုန်ခနဲဖြစ်သွား၏။

"မင်း ဘယ်လိုထင်လဲ"

"မသိဘူးလေ၊ မင်းပြောနေတာ ဘယ်သူမှန်းမှမသိတာ"

"ဟိုဘက်မှာ အခုရှိတယ် အဲဒီကောင်၊ ကြည့်မလား"

ကိုကိုလေး ထိတ်ခနဲဖြစ်သွားသည်။ လှကိုမြင်လိုက်ကာမှ မသိပါဘူး လို့ငြင်းရလောက်အောင်တော့ သူ ပြစ်မှုမမြောက်ချင်ပေ။

ဝန်ခံဖို့ကျတော့လည်း မသင့်မြတ်သူနှစ်ယောက်ကြားမှာ ဆက် လက်ရပ်တည်ဖို့က တော်တော်ခက်သည့်ကိစ္စ ဖြစ်နေ၏။ ရီးသားစွာကြီး စားနေကြသည့်လူငယ်တွေမို့ နှစ်ယောက်စလုံးကို သူ ခင်သည်။

ဘယ်ဘက်ကိုမှ ခင်မင်မပျက်ချင်သည်မို့ ဘယ်လိုလုပ်ရမှန်းမသိ။ သိုက် က ဖုန်းနဲ့ပတ်သက်ပြီး ခင်မင်ခဲ့တာဖြစ်သလို အသွင် က စက်မှုပိုင် ဆိုင်ရာမှာ ကျွမ်းကျင်ရုံမက ကျွန်ုပ်တာကင်းလို့ပြောရလောက်အောင် နံ့စပ်၏။

ဆိုင်မှာလာထိုင်ပြီဆို စားသောက်ဖို့ လာခေါ် တာမျိုး။ ပျင်းလို့ဆိုတာ တွေ သိပ်မရှိတတ်ဘဲ ထိုင်တာနှင့် တစ်ခုခုကို ဝင်လုပ်သွားတတ်၏။

ရှိနေသည့် တပည့်တွေထက်တော်သည်။ တစ်ခါတစ်ခါ ကိုယ်က ပြန်ပြီး ဆရာခေါ် ခဲ့ရတာတွေရှိခဲ့၏။ ဒီလိုလူနှစ်ယောက်ကို ဘယ်လို ဥပေက္ခာတရားနဲ့ ဆုံးရှုံးခံရမလဲ။

အကောင်းဆုံးအဖြေကို အပြေးအလွှားစဉ်းစား၍ စိုက်ကြည့်နေ သည့် သိုက်ဘက်ကို ပြန်လှည့်ကာ ...

"မင်း ခုနကပြောတဲ့ပုံမျိုးဆိုရင် ပြိုင်ဘက်ဖြစ်လာစရာအကြောင်း မရှိပါဘူးကွာ၊ ခေါင်းထဲထည့်မနေပါနဲ့။ ဒါနဲ့ ဆက် ဆိုတဲ့ကောင်မလေးနဲ့ မင်း က ချစ်သူတွေလား"



သိုက် က ခေါင်းခါသည်။

"မချစ်ကြသေးပေမယ့် သူ့ကို ငါရမှဖြစ်မယ်၊ အဲဒါက အခု ပိုသေချာ သွားပြီ"

"ဘာဖြစ်လို့လဲ"

"ဟိုဘက်ကကောင် ဆက် ကိုသိနေတယ်လို့ ကျွန်တော် ထင်တယ်၊ ဘာမှမဟုတ်ဘဲ ကိုယ့်ရင်ခွင်ထဲကို ခုန်ချသလိုဆင်းလာတယ်လို့ထင်ခဲ့ တာ၊ ခုမှပဲ စစ်ပြေးဘုရင်မလေးမှန်း သိရတယ်"

တစ်ချိန်လုံး တည်တင်းနေသည့် သိုက် မျက်နှာမှာ ပြုံးရိပ်ထင် သွား၏။

"ဘယ်လို ..."

"မင်းမသိပါဘူးကွာ၊ အခု ဆက် က ပိုင်ဆိုင်လိုသူတွေ ဝိုင်းနေတဲ့ တော်ဝင်ပန်းတစ်ပွင့်ဖြစ်နေပြီ၊ သူ့အတွက် တိုက်ခိုက်ယူသင့်ရင် ယူရမှာ"

"ဘာပဲဖြစ်ဖြစ် သူခုန်ဆင်းလာတာက မင်းရင်ခွင်ထဲကိုမဟုတ်လား၊ အချစ်ရဲ့အဓိပ္ပာယ်က 'ကြည်ဖြူနှစ်သက်စွာအပ်နှံခြင်း'၊ ရယူပိုင်ဆိုင်နိုင် ခြင်းသက်သက်မဟုတ်ဘူး၊ ကိုယ်က သူကိုယ်တိုင်အပ်နှင်းခဲ့တဲ့ ပိုင်ရှင်ပေါ့"

ဒီလိုမဟုတ်သေးဘူးဆိုတာ ရင်ထဲမှာသိနေသည်။ ဆက် က သူ့ကို 'အရိုင်း'ဆိုသည့်လူနှင့်မှားယွင်းစွာကြည်ဖြူခဲ့တာဖြစ်သည်။ ငယ်သူငယ် ချင်းဆိုပေမယ့် ဒီသံယောဇဉ်တွေထဲမှာ အချစ်ရာခိုင်နှုန်းဘယ်လောက် ရောနှောပါဝင်နေသလဲဆိုတာ မွှေနှောက်ရှာဖွေကြည့်ဖို့မလို။

ဓာတ်ခွဲခန်းသွင်းပြီး စမ်းသပ်ခွဲခြမ်းနေဖို့လည်း မလိုပေ။

သူဟာ အရိုင်း မဟုတ်ဘူးဆိုတာ သိသွားခဲ့လျှင် ...

ရွှေသမင်စာ၆၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ညည်းအဖေပြောတဲ့စကားနဲ့ အခွင့်အရေးတွေတောင်းဖို့စိတ်ကူးမနေနဲ့ သမီး၊ စရိုက်မကောင်းတဲ့ ဒီလိုအသိုင်းအဝိုင်းထဲကကောင်လေးမျိုးကို အခုသူ ဘယ်လောက်ကြီးပွားချမ်းသာနေနေ မေမေ သဘောမတူနိုင်ဘူး၊ မိဘက သားသမီးကိုမြင်ချင်တဲ့ ဆင်စီးပြီးမြင်းရံဆိုတာ လူချမ်းသာဖြစ်ဖို့တစ်ခုတည်းမဟုတ်ဘူး၊ ဥစ္စာပေါ ပညာတတ် ဆိုတဲ့ အနားသတ်မျဉ်းတစ်ကြောင်းဆွဲချနိုင်ရုံနဲ့ အိမ်ထောင်စည်းမျဉ်းတစ်ခုထဲကို တွန်းပို့ပေးလိုက်ဖို့လဲမဟုတ်ဘူး။ စိတ်ဓာတ်, စည်းကမ်း, စာရိတ္တ၊ တင့်တယ်ခြင်း၊ ပြည့်စုံခြင်း၊ အို … အများကြီးပဲ၊ သားသမီးအတွက် ကောင်းသထက်ကောင်း၊ ပြည့်စုံသထက်ပြည့်စုံစေချင်လွန်းလို့ တစ်ခါတလေမှာ စေတနာအမှားမျိုးဖြစ်သွားတတ်တာတွေတောင် ရှိတယ်၊ ဒီကောင်လေးဘာပြောင်းလဲတိုးတက်နေတိုင်း မေမေတို့က သဘောတူနိုင်မှာပဲလို့ထင်တာတော့ သမီး လျှော့တွက်လိုက်တာပဲ"

ဒေါ်နိုင်လွှာရွှေ ပြောနေရင်းနဲ့ အားမရှိအားမရဖြစ်လာကာ ဆက်ရဲ့ဘေးမှာ ပြောင်းထိုင်လိုက်ပြီး လက်မောင်းလေးကို ကိုင်လှုပ်၏။





"ပြောစမ်း သမီး၊ အဲဒီကောင်လေးနဲ့ တွဲတွဲသွားတော့ တစ်ခါ,နှစ်ခါမှ ကရဲ့လား၊ ဘယ်တုန်းကတည်းက ပြန်ဆုံနေကြတာလဲ"

ဆက် မျက်နှာလေးမှာ စိတ်ပျက်ခြင်းတွေ ဖြစ်ပေါ်သွား၏။ ဆိတ်ကွယ်ရာဆိုတာ မရှိတော့ဘူးလား။ ခိုးစားပါတယ်ဆိုမှ မေးဖျားမှာ ထမင်းစေ့ကပ်ပြီး ပေါ်ရတာမျိုးလား။

သိုက် နဲ့ သူမ တွဲသွားကြတာကို ဘယ်သူကမြင်ပြီး မေမေတို့နားထဲကို ဘယ်လိုရောက်သွားသည်မသိပါ။ ဆက် ဘက်က အမြဲတမ်းပါတတ်သည့် ဖေဖေကလည်း 'မင်းပဲပြောတော့'ဆိုပြီး ညှိခန်းကို အရိပ်အငွေ့လေးနဲ့တောင် ဖြတ်သန်းမသွားတော့ပေ။

ရန်ကုန်ကိုရောက်ပြီဆိုကတည်းက အစော ကလည်း ဘာကိစ္စကိုမှ သိပ်ပြီးဝင်ရောက်ပြောဆိုခြင်းမရှိတော့။ ညီအစ်မနှစ်ယောက် လှုလဲပြီး ခရီးသွားသည်။

စာရင်းတွေတွက်လိုက်၊ ငွေတွေတွက်လိုက်…။

"မေးနေတာ ကြားလား သမီး"

"မေမေကလဲ အဲဒီ နှစ်ခါပါပဲဆိုမှ …"

"ညည်းတို့ ချစ်သူတွေမဟုတ်ကြသေးတာ သေချာတယ်နော်"

"ဒါပေမယ့် မေမေ …"

"ဒါပေမမယ့်နဲ့၊ အခုမဟုတ်သေးပေမယ့် နောက် ဟုတ်သွားမှာကို မေမေ သိတယ်၊ အဲဒါကိုပဲ အဖြစ်မခံနိုင်တာ၊ အခု ရေသွားချိုး၊ ယဉ်ယဉ်ကျေးကျေးဖြီးလိမ်းပြင်ဆင်ခဲ့၊ ၈ နာယ်လီသန်းက မွေးနေ့ဖိတ်ထားတယ်"

"ဟင် … ဖိတ်စာလဲမတွေ့ဘဲနဲ့"

"အကျဉ်းရုံးလုပ်တာမို့လေ၊ တကယ့်လူရင်းတွေပဲဖိတ်တာ၊ အဲဒါကြောင့် မသွားလို့မဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ သားတွေရှိတယ်မဟုတ်လား မေမေ၊ ဆက် မလိုက်ချင်ပါဘူး၊ တော်ကြာ သားရှင်တွေက ..."

"အစကတည်းက သမီးတောင်းနေတာ၊ ဘာမှမျက်နှာငယ်ဖို့မရှိဘူး"

"ဟင် ... ဒါဆို ..."

"ဟုတ်တယ်၊ အခု သူ့သားနှစ်ယောက်နဲ့ သမီးကို ဆုံပေးချင်တာလဲ ပါတယ်၊ တစ်ယောက်ယောက်နဲ့ သမီးကို ..."

"ဟာ မေမေကလဲ မိန်းကလေးဖြစ်ပြီးတော့ ကိုယ်ကသွားစရာလား ခုလိုသိထားပြီးမှ ပိုတောင်ရှက်ဖို့ကောင်းတာ"

"အကြောင်းတွေပြမနေနဲ့ သမီး၊ နှယ်လီသန်းက မေမေနဲ့ တတိယနှစ်ထိ အတူတူတက်ဖူးတယ်၊ ပြီးတော့မှ ကျန်းမာရေးကြောင့် ကျောင်းဆက်မတက်နိုင်တော့ဘဲ ပြန်သွားရတာ၊ ငယ်သူငယ်ချင်းတွေ"

"မေမေ"

"စကားမများနဲ့ အဆင်သင့်ပြင်ထား"

ယတိပြတ်ပြောခဲ့ပြီး ဒေါ်နိုင်လွှာရွှေက အိမ်ပေါ်တက်သွားသည်။ ဆက် ဟားခနဲ စိတ်မောစွာအော်ပစ်လိုက်ပြီး ဆိုဖာမှာ မှီချလိုက်မိသည်။

သမီးမှာ ချစ်သူရှိနေပြီလို့ပြောလိုက်ချင်သည်။ သူနဲ့သမီး ချစ်သွားကြပြီလို့ ပြောလိုက်ဖို့စိတ်ကူးမိလိုက်သေးသည်။

ဒါပေမယ့် မပြောဖြစ်ခဲ့တာ ဘယ်လိုအတားအဆီးကြောင့်မှန်းမသိပါ။

မိဘကို မလွန်ဆန်ဝံ့တာလား၊ သူ့ကို မယုံရဲခဲ့တာလား၊ သူကတော့ စကားစ,နေပြီဖြစ်သည်။

ပြီးခဲ့တာတွေကို ထားခဲ့လိုက်ပြီး ရှေ့ဆက်ကြဖို့ တဲ့ ...၊ ဘယ်လို လုပ်မလဲ .....။



## အခန်း (၃၀)

"ဘယ်မှာလဲ မေမေ၊ မွေးနေ့ပွဲက ..."

"အထဲမှာလေ"

ဒါပဲပြောပြီး သပြေညိုရောင်ဝတ်စုံပြောင်လေးနှင့် ယဉ်စစလေး ဆင်ယင်ထားသည့် မေမေက ရှေ့ကဝင်သွားသည်။ ကားပေါ် ကဆင်းလိုက်ပြီး ဆက် က ဟိုကြည့်ဒီကြည့်။

အကျဉ်းချုံးစီစဉ်တယ်ပဲထားပါ၊ အိမ်ပေါ်မှာဆိုလည်း ဖိတ်ခံသူနဲ့ တက်ရောက်သူတွေတော့ နည်းနည်းပါးပါး ဝင်ထွက်သွားလာနေတာမျိုး ရှိသင့်တာပေါ့။

"လာလေ၊ သမီးလေး လာ"

"ရှင် ..."

"သမီးက လှလိုက်တာ"

မေမေ့အရွယ်လောက်ပဲရှိကာ ပါးချေသောကိုယ်ဟန်ကြောင့် အသားဖြူတာက ဖြူခြောက်ခြောက်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေမေ့လို လိုအပ်သလို ကျကျနနပြင်ဆင်ထားတာမျိုးလည်းမရှိတော့ ဒေါနစိမ်းရောင်ဝတ်စုံနှင့် သစ်ခွပန်းကပဲ ထင်ပေါ်ကာ ဒေါ်နွယ်လီသန်းပုံစံက ဖျော့ကျနေ၏။

"ကျောင်းတုန်းကသူငယ်ချင်းနဲ့တွေ့တယ် သိလား အစ်ကို၊ နွယ်လီသန်းလေ ရောဂါသည်လေးပေမယ့် ခုတော့ သားနှစ်ယောက်တောင် ရှိသတဲ့၊ လူသာပိန်တာ ကျန်းကျန်းမာမာပဲ သိလား"

စသည် ပြောသံတွေကို နှစ်ခါလောက်ကြားဖူးသည်မို့ ဒီအမျိုးသမီးကြီးက ဒေါ်နွယ်လီသန်းပဲဆိုတာကို ခန့်မှန်းလိုက်မိသည်။

သူမကလည်း ဆက် ရဲ့လက်မောင်းလေးကို တရင်းတနှီးဆုပ်ကိုင်၍ ...

"သမီးက ခုမှမြင်ဖူးလို့စိမ်းနေတာပါ၊ ရွှေနဲ့အန်တီတို့က အရမ်းခင်ကြတာ၊ ခုလဲ မွေးနေ့မလုပ်ဖြစ်တာ ကြာပြီ၊ ကျန်းမာရေးကလဲ သိပ်ကောင်းတယ်မရှိတော့လေ ..."

"အဟွန်း ... ဟုတ်ကဲ့"

"ရွှေကို လက်ဆုံစားပွဲနဲ့ စာမင်ဆုံဖြစ်အောင် မွေးနေ့နဲ့လဲတိုက်ဆိုင်လို့ လုပ်လိုက်တာ၊ အမိကကျ သမီးလေးကိုလဲ တွေ့ချင်တာနဲ့ ..."

ပါလာပါပြီ။ ဆက် က မြူးပြုံး ခေါင်းငုံ့လိုက်တော့ ပါးတစ်ဖက်မှာ ပြုံကျလာသည့်ဆံနွယ်ရှည်တွေကို ဒေါ်နွယ်လီသန်းက တယုတယသပ်တင်ပေးရင်း တစိမ့်စိမ့်ကြည့်၏။

အထဲကို အတူဝင်ခဲ့ကြရင်း ရွှေ့ကိုမကြည့်ဘဲ ဆက် ကိုပဲကြည့်လျက်...

"ရွှေရယ် ... သမီးလေးက လှလိုက်တာ၊ တို့ထင်ပါတယ်၊ ရွှေ့သမီးဆိုကတည်းက လှကိုလှမှာပဲဆိုတာ၊ အဲဒါကြောင့် မမြင်ဖူးပေမယ့် ရဲရဲ





တင်းတင်းတောင်းလိုက်တာပေါ့"

ခန်းဆီးစတစ်ခုကိုဆွဲဖယ်လိုက်ရင်းပြောတော့ ဒါ ထမင်းစားခန်းပဲဟု သိလိုက်၏။ ထင်သည့်အတိုင်းပင်၊ အထဲမှာ လူ ဆယ့်ငါးယောက်လောက်အသာလေးဝိုင်းလို့ရသည့် စားပွဲရှည်ကြီးက စားသောက်ဖွယ်တွေနှင့် ဖွယ်ဖွယ်ရာရာရှိနေ၏။

ထို့ပြင် အသက်ငါးဆယ်ခန့်လူကြီးတွေ၊ အမျိုးသမီးကြီးတွေပဲ ဆယ်ယောက်လောက်ရှိနေကြ၏။

အားလုံးထဲမှာ ဆက် နဲ့ အသက်နည်းနည်း ကွာနိုင်သော လူရွယ်တစ်ယောက်ရှိနေသည်။

အမှတ်တမဲ့ကြည့်တော့ တရုတ်တစ်ယောက်နှင့်တူကာ ဆံပင်ကလှိုင်းတွန့်ရေးရေးထင်၏။

သူက ထိပ်ဆုံး၏ ညာဘက်အခြမ်း တတိယနေရာမှာမို့ ဒေါ်နွယ်လီသန်း၏သားတစ်ယောက်ဖြစ်လိမ့်မည်။ သူက ဆက် ကိုလှမ်းကြည့်ပြီးငေးခနဲဖြစ်သွား၏။

ခဏလေးပဲဖြစ်ကာ နှုတ်ခမ်းမဖွင့်ဘဲပြုံးပြသည်။ ဆက် ကတော့ မပြုံးဖြစ်ပါ။ ခေါင်းညိတ်လိုက်သလို ဖျတ်ခနဲမျက်လွှာချကာ ရှောင်ပစ်လိုက်၏။

မေမေ့အမိန့်အရ ငွေမင်ရောင်ပုပ်ပုပ်မှာ အနက်ရောင်အပွင့်နုပ်သေးသေးလေးတွေပါသည့် ဝတ်စုံကို ဝတ်ထားရသည်။

လက်ဝတ်ရတနာမကြိုက်ပါဘူးဆိုမှ မဟူရာနဲ့စိန် အနုစိပ်ခြယ်မှုန်းထားသည့် တစ်ဆင်စာက ကိုယ်မှာ ပြိုးပြက်လက်နေဦးမည်။

ယောက်ျားလေးတစ်ယောက်ရှေ့မှာ 'ကျွန်မကိုကြည့်ပါဦး၊ သင်္ဘောကျပါရဲ့လား' လို့ ရှိုးပေးနေရသလိုကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွယ်လီသန်း ပေးသည့်ခုံလွတ်မှာ ဝင်ထိုင်လိုက်တော့ ဆက် မျက်နှာလေးက မတင်းပေမယ့် တည်တည်လေးဖြစ်နေ၏။

ထိုပြင် မျက်လွှာပင့်ကြည့်လိုက်တော့ ထိုင်မိသည့်နေရာက ထို ပုဂ္ဂိုလ်နှင့် မျက်နှာချင်းဆိုင်။

"လာ… ရွှေက ဒီဘက်မှာ လာလေ၊ သမီးရှင်က သမီးနဲ့အတူတူထိုင်မှပေါ့"

ဒေါ်နွယ်လီသန်းက ပေါ်တင်ကြီးကြေညာနေ၏။ စားပွဲအလယ် လောက်မှာထိုင်ပြီးဖြစ်နေသည့်မေမေ့ကို သူမကိုယ်တိုင် သွားဆွဲခေါ်ကာ ဆက် ရဲ့ဘေးမှာနေရာပေးတော့ ထိုင်နေသည့် တစ်ယောက်က နေရာ ပြင်ရ၏။

အားလုံးကတော့ ပြုံးလို့ရယ်လို့ပါ။ ဒါ မွေးနေ့ပွဲလား။ စေ့စပ်ပွဲလား ရှေ့က မျက်နှာဆီကိုမရောက်မိအောင် မျက်နှာလွှဲ၍ စိတ်အတွေးကြောင့် မျက်လုံးက ဟိုဒီဝေ့မိသည်။

"ဟင် …"

ထမင်းစားခန်း၏တစ်ဖက် လိုက်ကာလေးအလွန်မှာ အခန်းတစ်ခန်းရှိ ကာ ထိုအခန်းက ဘာခန်းမှန်းမသိပေမယ့် တံခါးမရှိပေ။

အဝင်ဝကို ပုတီးလုံးလေးတွေနှင့် ခန်းဆီးကာထားသဖြင့် အထဲကို မြင်နေရ၏။

ဆက် က အထဲကပစ္စည်းတွေကို စိတ်ဝင်စားတာမဟုတ်၊ နံရံမှာကို နေသည့် ဓာတ်ပုံတစ်ပုံကြောင့် ကိုယ့်မျက်လုံးကိုပင် မယုံနိုင်အောင်ဖြစ် သွားခဲ့သည်။

သန်းထွတ် …၊

ဟုတ်ပါသည်၊ သူပါ။ ဒါပေမယ့် ဒီညစ်ခံပွဲထဲမှာတော့ မတွေ့ပါလား





"မွေးနေ့လဲဟုတ်၊ သားငယ်အတွက် သမီးချွေးမလေးကိုလဲ စေ့စပ် ကြေညာမလို့လေ၊ ဒါပေမယ့် သားအဖနှစ်ယောက်က ခရီးလွန်ကြတယ်ရှင်"

ဒေါ်နွယ်လီသန်း၏စကားသံ ထွက်လာသည်။

ထိပ်ဆုံးမှာမထိုင်ဘဲ ဘယ်ဘက်ဘေးမှာနေရာယူသည့် ဒေါ်နွယ်လီ သန်းက ခင်ပွန်းသည် မရှိသေးပေမယ့် တမင်နေရာချန်ထားတာ ဖြစ် မည်။

ပြီးတော့ ဒီဘက်မှာ ခုံလွတ်တစ်လုံး …၊

"အားလုံးပဲနော် လူကြီးချင်းက မောင်တွေနှမတွေလို ရင်းနှီးပြီးသား ပါ။ လူငယ်တွေနဲ့တော့ တချို့က သိချင်မှသိမှာ"

ဟု အစချီလိုက်ပြီး …

"သမီးလေးလဲ မှတ်ထားနော်၊ ဒါက အန်တီ့သားကြီး လင်းထွတ် တဲ့၊ သားငယ်က သန်းထွတ် လေ၊ သူတို့ ဒီနေ့အမီရောက်ဖို့ကြိုးစားပါ တယ်၊ ဒါပေမယ့် ညနေငါးနာရီလောက်မှ ရောက်မှာတဲ့၊ မနက်ကမှ ဖုန်း ဆက်တာ၊ နောက်တစ်ရက်ကျမှ သားငယ်ကိုခေါ်ပြီး အန်တီတို့က တစ် လှည့်လာလည်မယ်"

"ဘယ့်နှယ် ခွေမျိုးစပ်ပြီး ဝိတိတွေဖြာနေတာလဲ နွယ်လီ၊ ဒီနေ့ အစီအစဉ်ကို သေချာကြေညာပေးဦးလေ"

"ဟုတ်တယ်လေ၊ မွေးနေ့အတွက် ဆုတောင်းရမှာလား၊ စေ့စပ်ပွဲ အတွက် ဂုဏ်ပြုရမှာလား"

"နှစ်ခုစလုံးပါဆိုမှဗျာ"

"ဟုတ်တယ် … ဟုတ်ပါတယ်"

ဒေါ်နွယ်လီသန်း က ရယ်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ ထို့ နောက် နှစ်ခုစလုံးအတွက် ဖိတ်ကြားရကြောင်းကို ပြောသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



စားသောက်စရာတွေ နှစ်မျိုး၊သုံးမျိုးနှင့် ဧည့်ခံ၏။

မမေနဲ့ စကားတွေပြောနေလိုက်တာလည်း ကုန်ပဲမကုန်နိုင်။ ဆက်မေမေ့ကိုပြောချင်တာတွေ ရင်ထဲမှာ ပြည့်ကျပ်နေပြီဖြစ်၏။ ဒီလိုသေချာကြီး စီစဉ်ထားတာကို ဘာလို့မပြောတာလဲ။

ဒီပွဲက တခမ်းတနားကြီးမဟုတ်ပေမယ့် ဆယ်ယောက်မျှသောလူတွေကို ကြေညာလိုက်ခြင်းက တစ်ယောက်အစ တစ်ရာအဆုံး ဆိုလျှင် လူတစ်ထောင်လောက်ကို ဟုန်းခနဲပျံ့နှံ့သွားလိမ့်မည်။

ဒီက ယူပါမယ်ပြောလို့လား။ ဆက် နှုတ်ခမ်းလေးစူနေတာကို ရှေ့က ပုဏ္ဏိုလ်က တစိုက်မတ်မတ်ကြည့်၏။

ဆက် က မျက်မှောင်ကြုတ်ကြည့်တော့လည်း မျက်နှာပြောင်တိုက်ပြီး ပြုံးပြသေးသည်။

သေလိုက် ...။

သားငယ် ဆိုတဲ့ ဟိုတစ်ယောက်လည်း လာကြည့်၊ သင်းကို သေပြတာတောင် မယူဘူးမှတ်။

အရိုင်း အကြောင်းကို မေးမြန်းချင်လို့ သူနဲ့ နှစ်ခါ၊သုံးခါလောက်သွားတွေ့ဖူးတာကို ကိုယ်တော်က ဆင်ကြံကြံနေသေးသည်။

"မင်း သိချင်ရင် တို့ဆီဖုန်းဆက်မေး၊ တိုက်ရိုက်ဆွေးနွေးလို့ရတယ်၊ သန်းထွတ် ကတစ်ဆင့် မလိုပါဘူး"

လို့ သိုက် က ပြောလာမှ သန်းထွတ် မှုမမှန်တာကို သတိထားမိ၏။ ခုကျမှ မိဘအားကိုးနဲ့ ကြိုးစားယူလို့ရမလား၊ တွေ့မယ် ...။

"ကဲ အိမ်ရှင်က ကြေညာပြီးပြီဆိုရင် ကိုယ့်မှာလဲ ကြေညာဖို့ရှိတယ်"

"ဟင် .. အန်တီစုစု ဘာလဲ၊ ပြောလေ"

"မင်္ဂလာအခမ်းအနားမှာပေမယ့် မနက်ဖြန်ဆို တို့က မလေးတို့ သွား





တော့မှာဆိုတော့ ခုပဲပြောမှဖြစ်မှာ"

"ပြောပါ အန်တီစုစုရဲ့၊ ဘာများလဲ"

"နွယ်လီအကျိုးအတွက်ပါ၊ ဟိုဘက်က ခြံတစ်ခြံမ်းကိစ္စ"

"ဪ ... ဟုတ်ပါရဲ့၊ အဲဒီကိစ္စကို ကျွန်မက အန်တီစုစု မေ့နေပြီထင်တာ၊ လာကြည့်ကြ ဝင်ထွက်ကြနဲ့ လူဝင်လူထွက်ရှုပ်မှာစိုးလို့ တခြားလူကိုလဲ မပြောရဲဘူး၊ ခုဝယ်မယ့်သူ တွေ့ထားလို့လား"

ဒေါ်နွယ်လီသန်းတို့ စကားပြောနေကြတော့ စကားသံတွေရော စားသောက်ကြသံတွေပါ သိသာစွာ တိတ်ကျကုန်၏။

ပါးရည်တွေတွန့်နေပေမယ့် မျက်ခုံးမွေးပါးပါးဆွဲထားသည့် အမျိုးသမီးကြီးက ...

"တွေ့ရုံတင်မကဘူး ခေါ် ကိုလာတာ၊ ပြောပြီးပြီလေ၊ ခုတစ်ခါတည်း ချိတ်ပေးသွားမှဖြစ်မှာလို့ ..."

"မေမေ ဆက် ပြန်နှင့်တော့မယ်၊ ခေါင်းတွေအုံလာလို့"

စိုပြည်နေခြင်းကို ဆက် က ဖျက်ပစ်လိုက်ရင်း တစ်ခါတည်း ထရပ်၏။

"အို ... သမီးကလဲ ..."

ဒေါ်ခိုင်လွှာရွှေ မျက်နှာပျက်သွားပေမယ့် လူတွေရှေ့မှာ ဆူပူမာန်မဲလို့လည်း မတော်။ တားဆီးဖို့ကျတော့လည်း မယ်မင်းကြီးမလေးက ခြေလှမ်းပြင်နေပြီ။

"သမီးလေး ပျင်းနေပြီထင်တယ်၊ ဟုတ်တာပေါ့၊ တို့လူစုထဲမှာ သမီးရွယ်တူတာမပါတော့ လူကြီးတွေကြားထဲမှာ အနေခက်မှာပဲ၊ ခြံထဲ ... လျှောက်ကြည့်ပါလား သမီး၊ မေမေနဲ့အတူတူပြန်ပါ၊ ဒီကပြီးရင် ... စားဖို့တွေရှိသေးတယ်၊ ပျော်ပျော်ပါးပါးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့မှ ပျော်ဖို့မရှိဘူးဟု စိတ်ထဲမှာပြောမိရင်း ဆက် ခေါ် ညိတ်မိသည်။

တော်ကြာ ဟိုပုဂ္ဂိုလ်ကြီးကို ထည့်လွှတ်လိုက်မှာစိုးကာ တ ယောက်တည်းပဲထွက်လာခဲ့၏။

မြို့ထဲမှာလျှောက်ကြည့်ပါလားဆိုပြီး ဘာမှ ထူးထူးထွေထွေလု တာမရှိတော့ မျက်စိထဲမှာ ကြည့်ကောင်းသည်ထင်သည့်ဘက်ကို ခြေ ထောက်က အလိုလိုလျှောက်သွားမိခဲ့၏။

"ဝုတ်"

"အမေ့"

မျက်လုံးထဲမှာ ခွေးတစ်ကောင်၏အရိပ်ကို ဘွားခနဲမြင်လိုက်သ နှင့် နောက်ကို ကမန်းကတန်းဆုတ်လိုက်ရင်း လန့်အော်လိုက်မိသ တကယ်တော့ ခွေးက ပြေးကိုက်တာမဟုတ်ပေ။ ရှိသည့်နေရာမှ ထ ဟောင်လိုက်တာဖြစ်သည်။

"လပ်ကီး ဒီဘက်ကိုလာ"

နောက်ဆက်တွဲထွက်ပေါ်လာသည့်အသံကြောင့် ခွေးကို ဆ သတိထားမိသွားသည်။

ထို့ပြင် ခွေးသခင်ကိုပါ သိလိုက်ပြီး မြင်လိုက်တာနှင့် ရှေ့ကိုတိုး လိုက်၏။

မယ်ဇလီပင်ပုပုလေးနှစ်ပင်၏တစ်ဖက်မှာ ရပ်နေတာ သူပါပဲ။ ဘောင်းဘီဖျော့ဖျော့၊ စပို့ရှပ်အပြာနုလက်တိုနှင့် ဘောင်းဘီအိတ် လက်နှစ်ဖက်ထည့်ပြီး အေးအေးလူလူလမ်းလျှောက်နေ၏။

သူ့နောက်မှာ အယ်လ်ဆေးရှင်းခွေးကြီးက အနက်ခွဲရောင်နှင့် အ စပ်ကျားရှိသော မွေးစုတ်ဖွားတို့နှင့်ကားလျက် ကျားကြီးတစ်ကောင်





ကြွားရွားဝင့်ထည်နေ၏။

ဒီခွေးကြီးကို ကားပေါ် မှာပဲ မြင်ဖူးနေသည်မို့ ဒီလို အလုံးအဖန်မျိုးနှင့် ဒီလောက်လှလိမ့်မည်ဟု မထင်ခဲ့ပေ။

လည်ဆံမွေးတွေ သန့်စင်ထောင်ကားလျက် မျက်လုံးအစုံက ဝင်း ဝင်းလက်လက်ဖြစ်နေပုံက ကြော်ငြာပိုစတာတွေထဲက အလှဆုံး၊ အသန့် ဆုံး ခွေးမျိုးတွေထက်ပို၏။

ဆက် မျက်လုံးထဲမှာ အရိုင်း ရဲ့နောက်မှာ တကောက်ကောက်ပါနေ တတ်သည့် အယ်လ်ဆေးရှင်းခွေးလေးတစ်ကောင်ကို သတိရလာခဲ့သည်။ လပ်ကီးလို့ပဲ ခေါ်ပါသည်။

လပ်ကီးကို သူမ ပွေ့ပိုက်ခဲ့ဖူးသည်။ သူ့ရဲ့သခင်နဲ့ စကားတွေ ပြော ပြောလည်လည်ပြော၍ ရယ်မောခဲ့ဖူးသည့်ကာလလေးတစ်ခုဟာ သိပ် မကြာခဲ့ပေမယ့် ဘယ်လောက်ပျော်ခဲ့ရသလဲ။

ရင်ထဲမှာ ဆွေးသွားသည်။ အဖြူရောင်သံယောဇဉ်လို့ သတ်မှတ် ခဲ့ဖူးပေမယ့် သတိရလာတိုင်း ရင်ထဲမှာ နင့်နေအောင်ဆွေးခဲ့ရတာက ပန်းရင့်ရောင်ဖြစ်နေခဲ့၏။

အရိုင်း ကို သူမ ရိုးသားစွာ ခင်တွယ်ခဲ့တာမှန်သော်လည်း တမ်းတနေ မိခြင်းဟာ ရိုးသားစွာမဟုတ်တော့ပေ။

ကိုယ့်ရဲ့ရင်ခုန်သံကို နားလည်လာသည့်အချိန်မှာ သူက ကိုယ့်နားမှာ လား အဝေးဆုံးမှာလား။ သိုက် ကို သူလို့ပဲသတ်မှတ်ခဲ့ပြီးဖြစ်သည့်အတိုင်း သူနှင့်တူသော ရုပ်ကြွင်းတို့ကို ဘာမှမမြင် ...၊ ရင်ထဲထိ လှုပ်ခတ်စေနိုင် သော ရှေးဖြစ်နောက်ကြောင်း ဘာမှမကြားခဲ့ရ။

တကယ်ဆို အရိုင်း ဆိုသော လူငယ်လေးတစ်ယောက်က သွေးတို့ အနီရောင်ရင့်နေတာကို သဘောကျခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ဝင်မလွယ်ကဟ်သည့် ကျွတ်ဆတ်ဆတ်အယူအဆတို့ အထင်ကြီးခဲ့မိတာ။

သူနဲ့ပြန်ဆုံချိန်မှာ ဟိုတုန်းကပုံရိပ်လေးတွေ ပြန်ပေါ်လာပြီး ချွေးချေ… ရင်းနှီးကြည်ဟု စိတ်ကူးထဲမှာမျှော်လင့်ခြင်းတွေ အပြည့်အသိပ်နှ… ၏။ ခုတော့ အတွေးတို့ဟာ …။ ကိုယ့်ရှေ့မှာ ကျောခိုင်းလျှောက်နေသ… သူ့ကိုယ် …စောင်းလှည့်၍ ဒီဘက်ကိုကြည့်လိုက်ကာမှ ပြတ်တော… သွားခဲ့သည်။

သူကလည်း ဆက် ကိုမြင်တော့ မျက်ခုံးနှစ်ဖက် တွန့်ခနဲကုတ်… သွား၏။

ပြီးတော့ မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်ကာ …

"မွေးနေ့လာတာလား"

"ဟင်"

"ခြံကိစ္စလား"

"ဘာတွေလာပြောနေတာလဲ"

ဒီအသံ ဒီမျက်နှာကို ရင်ဆိုင်လိုက်ရသည်နှင့် ကော်ဖီဆိုင်ထဲ… အဖြစ်ကို သတိရလိုက်ကာ စောစောက ချွေးတစ်ကောင်နှင့် လွမ်း… မြင်ကွင်းလေးလည်း ပျောက်သွားသည်။

"ငါက စားသောက်ပြီး အီတောက်တောက်ဖြစ်နေလို့ ခြံထဲဆင်း… တာ၊ နင်က အိမ်ပေါ် မတက်ရဲလို့ ဒီမှာမှေ့နေခဲ့ရတာထင်တယ်၊ ဘယ်သူ့… နဲ့ပါလာတာလဲ"

သူက ဆက် ကိုစိုက်ကြည့်ပြီး ဂရုမစိုက်စွာပြုံး၏။

"တို့က မင်္ဂလာဆောင်တစ်ခုကို ဝင်ခဲ့လို့ပါ။ ဟိုအိမ် ဒီအိမ် ကူး… မစားတတ်လို့ တာမင် ဒီမှာနေတာ"



ဆက် မျက်နှာလေးမှာ အပြုံးတွေ ဖြုတ်ခနဲကွာကျသွား၏။ သူက… တော့ ပြုံးရင်း တစ်ဖက်လှည့်၏။ ပြီးတော့ ဆက် ကိုမကြည့်ဘဲ သူ့ဟာ… သူ ပြောနေသလိုလိုနှင့် …

"သန်းထွတ်ဆီရောက်တော့ မျက်စိလည်သွားတာပဲ၊ တစ်နေ့ ဟာ… ယောက် မရှိဘူး"

"နင် ဘာစကားပြောတာလဲ"

ဆက် သူ့ရှေ့ကိုတိုးသွားတော့ သုန်မှုန်နေသည့်မျက်နှာက … …ည့်လာ၏။

ထိုမျက်ဝန်းတွေကိုမြင်လိုက်သည်နှင့် ဆက် ကြောင်အမ်းအမ်း ဖြ… …သွားသည်။

လှောင်ပြောင်ကဲ့ရဲ့လိုခြင်းနဲ့မဟုတ်ဘဲ ဆက် ကို သူက ရန်လိုခြင်း၊ …က်ခိုက်လိုခြင်း စသော ကျားရဲတစ်ကောင်၏အကြည့်များနှင့် …

"မြင်တဲ့အတိုင်း ပြောတာလေ၊ ဘာလဲ မှားနေလို့လား။ သိုက်… …ိုင်း သိုက်တောင်ပိုကြီးပါမယ် ထင်မနေနဲ့၊ မင်းဆီကပဲ သူလိုချင်… …ဆွဲယူသွားမှာ"

"နင် မပိုက်ရိုင်းနဲ့နော်၊ ငါ့ကိစ္စ ငါ့အကြောင်း နင် ဘာမှပြောဖို့မလိုဘူး… …ဘက်ကျားဖြစ်ပြီး သူများအတင်းအဖျင်း မကောင်းပြောနေတာ၊ ကိုယ့်… …ယ်ကိုကျတော့ ဘယ်လိုအတန်းအစားဖြစ်သွားပြီလဲပြန်တွေးမိရဲ့လား"

"ဘယ်လိုအတန်းအစားဖြစ်ဖြစ် မလိုပါဘူး၊ ကိုယ့်အဆင့်အတန်းက …ယ့်ရဲ့သတ်မှတ်ချက်ထဲမှာရှိတယ်"

ဆက် က ဟားတိုက်ရယ်ပစ်လိုက်ကာ …

"ဟုတ်တယ်လေ အဲဒါကိုပြောတာ၊ လူတိုင်း ကိုယ့်အဆင့်အတန်းကို …ယ်ပဲသတ်မှတ်တာ၊ မြင့်ချင်ရင်တော့ မြင့်အောင်နေတတ်ရမှာပေါ့"

www.burmeseclassic.com



"မင်းနေတတ်ဖို့ပဲကြိုးစားပါ၊ ငါ ယောက်ျားဆိုတဲ့ မာန်မာနမဟုတ်ပေမယ့် မင်းထက်စာရင်တော့ ငါက မြောင်းထဲဖြစ်ဖြစ်၊ ဗွက်ထဲဖြစ်ဖြစ် ခုန်ဆင်း၊ ခုန်တက် ဘယ်လိုနေနေ ပြဿနာမရှိနိုင်ဘူးထင်တာပဲ"

"အံမာ ... နေပါဦး၊ စကားပြောပုံက ငါက ဘာဖြစ်နေလို့လဲ၊ နင် ဘာတွေမြင်ခဲ့လို့လဲ၊ စကားပြောတာ ကြည့်ပြောနော်၊ မဆီမဆိုင် ..."

သူက မဲ့ပစ်လိုက်ပြီး ဟိုဘက်လှည့်ဖင့်ပြန်၏။ ထိုအခါ နှုတ်ခမ်းသား တို့၏ တွန့်ချိုးသွားပုံကို ဆက် က ငေး၏။ ဒီမျက်နှာပုံကို ရင်းနှီးနေသလို လို။

ဒီလိုမဲ့နေသည့်နှုတ်ခမ်းသားတွေကို သိနေသလိုလို။ ထိုစဉ် သူ့ မျက်နှာ လှည့်လာသည်မို့ စိတ်က တင်းခနဲပြန်ဖြစ်၏။

"နင့်ကိုလဲမေးချင်တယ်၊ သိုက် နဲ့ငြိဖူးလို့လား၊ ငါ့ကို တစ်ခုခုကြံစည် ချင်တာလား၊ နင် ငါနဲ့သိုက်ကို လိုက်ငြိနေတာတော့ သေချာတယ်"

"ဟုတ်တယ် ငြိဖူးတယ်၊ ဒါပေမယ့် ကြိုးစားနေတာမဟုတ်ဘူး ငြိလက်စကိုဖြုတ်မချချင်တာ၊ ဒီထက်ငြိပြီး အပိုင်းပိုင်းပြတ်ထွက်စုတ်ပြတ် သွားအောင်ဆွဲစုတ်ပစ်ချင်တာ၊ သေချာတာက အဲဒါ မင်းနဲ့မဆိုင်ဘူး"

"ပြီးတာပါပဲ၊ တစ်ဖက်သတ်စိတ်ကူးတွေနဲ့ ရူးနေမှာစိုးလို့ ကြို့ပြော ချင်တာ၊ သိုက် က ငါ့ရဲ့အချစ်ဆုံးချစ်သူ၊ ဘယ်တော့မှ နောက်ထပ် တစ် ယောက် ရှိလာမှာမဟုတ်တဲ့ ပထမဆုံးနဲ့ နောက်ဆုံးလူပဲ"

သူ့မျက်ခုံးနှစ်ဖက် နှာတံရင်းမှာထိဆက်သွားတော့မတတ် စုကျုံ့ ကုပ်ကျသွားတာကို အရသာခံကြည့်ရင်း ဆက် က ပြုံးလိုက်၏။

မသက်ဆိုင်ဘူးဆိုတာ ဘာလဲ။ ဒီမျက်လုံးတွေကို ရိုးသားဟန်နဲ့ ဂရု မစိုက်သလိုဟန်ဆောင်နေပြတော့ရော ဒီက မသိဘူးတဲ့လား။ သိုက် က 'မင်းနဲ့သူ သိဖူးခဲ့သလား' လို့မေးခဲ့ဖူး၏။ 'ဘာဖြစ်လို့လဲ' လို့ မေးကြည့်



တော့ 'တို့နဲ့ ဒီလောက်ထိဖြစ်ဖို့ အကြောင်းမရှိဘူး၊ သူ မင်းကိုသိနေတာ ဖြစ်နိုင်တယ်' တဲ့။

ထိုစကားကြားကတည်းက ဖြစ်နိုင်တာမဟုတ်ဘူး၊ ဖြစ်ကိုဖြစ်နေ တာဟု ဆက် စိတ်ထဲမှာ အတပ်သိသွားခဲ့သည်။ ဒီလိုပဲ တက္ကသိုလ်မှာ ကိုယ်ကမသိဘဲ တကောက်ကောက်လိုက်ချောင်းရင်း ကဗျာတစ်ဖွဲ့ စာ တစ်ဖွဲ့နှင့် လွမ်းချင်းရတုတွေ ရောက်ရောက်လာတာ မကြာခဏ။

သူကတော့ ရာဇဝင်သစ်မာနများနှင့်ပါလား ...။

ဆက် က သူ့ စူးစူးရဲရဲကြည့်နေတာကို နှုတ်ခမ်းလေးတွန့်၍ မထိ တထိ ပြန်ကြည့်လိုက်၏။ ထို့နောက် ဆတ်ခနဲမျက်နှာလွှဲကာ ကျောခိုင်း ထွက်ခဲ့သည်။

သူမ ဤသို့ပြုမူလေတိုင်း မေးဖျားလေးပင့်ထားတာ၊ ပခုံးလေး နှစ် ဘက်ကိုလျှော့ချပြီး ခါးလေးနွဲ့၍ လမ်းလျှောက်တာမှာ ဆံနွယ်တွေ နွဲ့ခနဲ ခုန်တက်လှုပ်ရမ်းသွားတာအထိ ကဗျာတစ်ပုဒ်လောက်ဖြစ်လောက် အောင် ညို့နိုင်စွမ်းသည်ဟု ပြောစမှတ်ရှိခဲ့ဖူးတာကို သတိရမိသည်။

သင်းကကော ဘာမို့လို့ဆွဲ၊ ဝင်းဝင်းလက်လက်ပြူးပြဲကျန်ရစ်သည့် မျက်လုံးတွေကို လှည့်မကြည့်ဘဲမြင်နေရသည်။ သနားစရာကောင်းတဲ့ အနဲ့တွေပါလား။

ဒါပေမယ့် ဆက် နှုတ်ခမ်းလေးတွေမှာတင်ခဲ့သော မဲ့ပြုံးက ကြာရှည် မဖြစ်လိုက်ဘဲ မြန်မြန်ဆန်ဆန်ကြီး ပျောက်ကွယ်သွားခဲ့၏။

"ဒါ ..."

သူမရှေ့ကနေ တစ်လှမ်းချင်းဖြတ်လျှောက်သွားသည့် သူ့ရဲ့လပ်ကို ငုံ့ကြည့်လိုက်မိစဉ် လည်ဆံမွေးများကြားမှ အညိုရင့်ရောင်မှဲ့ချောင်း ဘားရေနှင့်လည်ပတ်လေးမှာ စိတ်ဝင်တစားဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ..."

ဆက် ချက်ချင်းပဲ သူ့ဘက်ကိုပြန်လှည့်လိုက်၏။

သူက ခါးတစ်ဖက်စ မှာ လက်မချိတ်၍ မှုန်ကုပ်ကုပ်ကြည့်နေဆဲ လပ်ကီးက သူ့ရှေ့ကို ပြန် ရောက်သွားလျှင် ဆက် က ဒ ုနဲ့လပ်ကီးကို စုန်ချီဆန်ချီကြည့်လျက်...

"ခွေး ... အဲဒါ ... ဟို ... သူ့ရဲ့လည်ပတ် ..."

ဆက် စကားတွေမှားနေတာကိုကြည့်ရင်း မျက်မှောင်ကြုတ်ထား သည့် သူ့မျက်လုံးတွေက သူ့ခွေးဆီ ဖျတ်ခနဲရောက်သွား၏။ ပြီးတော့ အေးစက်စက်မျက်ဝန်းတွေပြန်ဖြစ်လျက် ...

"ဘာဖြစ်လို့လဲ၊ မိတျောင်းရေစစ်စစ်ကြီးမြင်လို့ အံ့သြသွားတာလား"

"အင်း ... တို့ ကိုင်ကြည့်လို့ရမလားဟင်"

"အဟွန်း"

'ချက်ချင်းကြီးပါလား'ဆိုသည့် ခနဲ့ပြုံးနှင့် သူက လပ်ကီးရဲ့တင်ပါးကို ခပ်ဆတ်ဆတ်လေးပုတ်ပစ်လိုက်၏။ လပ်ကီး ခေါင်းတစ်ချက်မော့ လျက် သူ့နောက်ရောက်အောင်ပြေးလွှားသွားသဖြင့် ဆက် နဲ့ ဝေးကွာ သွား၏။

"ကြီးကျယ်လိုက်တာ၊ ခဏကိုင်ကြည့်တာ ဘာဖြစ်မှာမို့လို့လဲ၊ နင့် ခွေးကိုကိုင်ချင်လွန်းလို့မဟုတ်ဘူး သိလား၊ လည်ပတ်ကိုကြည့်ချင်လို့ သူ့ကို လပ်ကီးလို့ ဘယ်သူပေးထားတာလဲဟင်၊ ပြီးတော့ ဒီခွေးနဲ့ ... လည်ပတ်လေးကို ..."

"နိုးလာတာ"

"ဘာ"

"သမီးရေ ..."



ဆက် ပါးစမ်ပြင်နေတုန်းမှာ မေမေ့ခေါ်သံကြောင့် ရှေ့မဆက်နိုင်ဘဲ ဖြစ်သွားသည်။

လှည့်ကြည့်လိုက်ပေမယ့် အသံသာရောက်လာတာဖြစ်ပြီး မေမေ့ တို့ကို မမြင်ရ။

ထို့ပြင် ဒီဘက်လှည့်လိုက်တော့ ခွေးနဲ့လူက မရှိတော့ပေ။ ဘယ် ရောက်သွားပြီလဲ။

ဟိုဒီလိုက်ကြည့်တာ မမြင်သည်မို့ ပြေးလွှားရှာဖို့ ခြေလှမ်းပြင်လျှင်...

"သမီးရေ ... မေမေတို့ ပြန်ရအောင်"

"ဟုတ်ကဲ့"

ကိုယ့်အသံ မေမေ့ဆီ ရောက်,မရောက် မသိဘဲ အသံပေးလိုက်ပြီး ခြေထောက်တွေက နေရာမှာပဲ နိုင်မြဲနေဆဲဖြစ်၏။

စိတ်ထဲမှာ ဒေါသနှင့် စိတ်လှုပ်ရှားခြင်းကို ပြိုင်တူခံစားနေရသည်။ သိချင်တာကို မသိလိုက်ရဘဲ ကျန်ရစ်ခဲ့သဖြင့် နောက်ကပြေးလိုက်ပြီး ကုပ်ဆွဲလှည့်လိုက်ချင့်၏။

နိုးလာတာ ကဲ့၊ ပြောသွားပုံက ...

ဒီလူ ဘယ်လိုလူလဲ၊ မျက်လုံးထဲမှာ စွဲထင်ကျန်ရစ်နေဆဲဖြစ်သည့် အယ်လ်ဖေးရှင်းခွေးတစ်ကောင်နှင့်လူငယ်လေးတစ်ယောက်၏ပုံရိပ်က ဒီလူနဲ့မှ ထပ်တူလာဖြစ်နေဘာကို ဘယ်လိုမှမယုံနိုင်။

မြင်လိုက်ရတိုင်း ဒီလူနဲ့ ဒီခွေး ...။

ဟိုတုန်းက ပိန်ရှည်ရှည်၊ ဆံပင်ဖုတ်သိုက်ဖားလျားလေးနှင့် လူငယ် လေးဟာ ဒီလို တိုကပ်ကပ်ဆံပင်၊ ကြွံခိုင်ကျစ်လျစ်သောကိုယ်ဟန်မား မားနှင့် ကြမ်းပုံကြမ်းတမ်းလူတစ်ယောက်အဖြစ် ပြောင်းလဲသွားခဲ့သည် လား ...၊ ဒါ ဖြစ်နိုင်ပါ့မလား ...။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ သိုက်နဲ့ ဤသူကို နှိုင်းယှဉ်ကြည့်လိုက်မိ၏။ ကိုယ်က 'သူ' လို့ထင်နေတဲ့သူထံမှာ သူနဲ့တူတာ ဘာမှမရှိဘဲ မထင်တဲ့သူကျမှ ဒီလိုပုံရိပ်တွေနဲ့ ခြောက်လှန့်နေရတာလဲ။

လည်ချောင်းထဲမှာ ခြောက်သွေ့ခြင်းကို ခံစားလာရကာ တံတွေးမျိုချတော့ ကျပ်ခဲခဲကြီးဖြစ်နေ၏။ သူ့မျက်ဝန်းစူးစူးတွေကို သေချာပြန်လည် မြင်ယောင်ရင်း ရင်ထဲမှာ ပူလောင်လှုပ်ရှားလာ၏။

"ညီမ"

"ဟင်"

ထူးလိုက်တာမဟုတ်ဘဲ လန့်သွားတာဖြစ်သည်။ လင်းထွတ် ဆိုသည့်လူက ဆက် ကိုကြည့်၍ ချစ်စနိုး မျက်ဝန်းများနှင့် ရယ်သည်။

"ညီမကို အန်တီ ခေါ်နေတယ်လေ"

"ပြန်ထူးနေတာပဲဟာ"

ကိုယ့်စိတ်နဲ့ကိုယ် ခလုတ်တိုက်နေသည်မို့ ဘယ်လိုလေသံတွေ ဖြစ်ကုန်မှန်းလည်းမသိတော့ပေ။ လင်းထွတ် က အံ့သြသလို ငေးမေကြည့်ပြီးမှ ...

"ဟုတ်လား၊ ဘယ်သူမှမကြားလိုက်ဘူးထင်တယ်၊ ဒီဘက်ကိုထွက်လာတဲ့ ကိုယ်တောင် မကြားမိဘူး"

ဒီကပဲ မထူးဘဲနဲ့ ထူးတယ်ပြောသလိုလို့ ဆက် မျက်နှာလေး တည်သွားတော့ သူက ပျာပျာသလဲ။

"တကယ်ပါ၊ တကယ်မကြားလိုက်တာကိုပြောတာ၊ တို့ကလဲ ညီမကို လာခေါ်တာမဟုတ်တော့ တစ်နေရာကနေ အန်တီ့ဆီကို ညီမ ပြန်ရောက်သွားပြီပဲထင်တာကိုး၊ ဒီနားမှာ မထင်မှတ်ဘဲတွေ့လိုက်ရမှ အန်တီခေါ်တာကို ကြားပုံမပေါ်ဘူးလို့ တွေးမိတာ"





လင်းထွတ် က ရှည်ရှည်ဝေးဝေးရှင်းပြနေပြီးမှ ပြုံးလိုက်ကာ ...

"တို့က ခြံဝယ်မယ့်ဧည့်သည်ကို လာရှာတာ"

"ဟင် ..."

ဆက် စိတ်ဝင်စားသွားသည်။ မွေးနေ့လာတာလား၊ မြကိစ္စလားဟု မေးလိုက်သည့်စကားကို သတိရသွားကာ ...

"ဧည့်သည်ဆိုတာ ခွေးနဲ့တစ်ယောက်လား"

"ဟင်... ဩော် ..."

ကြောင်တောင်တောင်ဖြစ်သွားပြီး လင်းထွတ်က ရယ်သည်။

"ဟုတ်တယ် ဟုတ်တယ်၊ သူ့ကိုရှာတာ၊ ညီမ တွေ့လိုက်လား"

မြကြီးက တစ်ဖက်ခြံထဲမှာ တော်တော်ကျယ်ဝန်းစွာရှိနေတာဖြစ်၏။ တိုက်ကြီးနဲ့ပတ်ဝန်းကျင်မှာ ပန်းပင်တချို့နှင့်သစ်ပင်ကြီးအနည်းငယ်ကို သပ်ရပ်ကျနစွာ ပြုပြင်စိုက်ပျိုးထားပေမယ့် အစွန်ဆုံးနေရာတွေမှာဆို ချုံပုတ်သာသာလောက်ပဲ ရှိပုံပေါ်သည်။

လှမ်းကြည့်မိသမျှ မြင်ကွင်းတစ်ဆုံးမှာ ပိတ်သိပ်နေတာပဲမြင်ရ၏။ ဆက် က ခြံကိုတစ်ပတ်ဝေ့ကြည့်လိုက်ပြီး ...

"တွေ့လိုက်တယ်၊ သူက ခြံဝယ်မယ့်သူလားဟင်"

"ဟုတ်တယ်၊ ခုန အန်တီစုစုဆိုတာက ပွဲစားလေ၊ သူခေါ်လာတာ"

"သူက အထဲမဝင်ဘဲ ခြံထဲမှာ ဘာလို့နေခဲ့တာလဲ၊ လူတောမတိုးရဲသလိုပဲ"

လင်းထွတ် က ဆက် ကိုနားလည်ကြည်ဖြူသည့် အပြုံးများနှင့် ကြည့်တာ ...

"လူတောတိုးတာပေါ့၊ သူက 'အနီရောင်စိန်ကိုးလုံး' လို့ နာမည်ကြီးလာတဲ့သူဌေးပဲ"



www.burmeseclassic.com

"ဟင် ..."

"အဲဒါက ပွဲစားတချို့က နာမည်ပေးလို့ပါ၊ လူသိများတာမျိုးလဲ မဟုတ်ပါဘူး၊ တချို့ကတော့ ခင်လို့နောက်ကြတာလို့ပဲထင်တာ၊ သူက သူ့ဌေးလိုနေတာမှမဟုတ်တာ၊ လုပ်တော့လဲ အသီးအနှံတွေစိုက်နေတာ ပဲလေ"

"နေပါဦး၊ အနီရောင်စိန်မျိုး ရှိလို့လား"

ဆက် ဘာမေးမေး အဖြေမပျက်သည့်သူက နောက်ကိုလှည့်ကြည့် လိုက်ရင်း ခေါင်းညိတ်လျက် ...

"လာ... ဟိုမှာ အန်တီ စောင့်နေတယ်၊ သွားရင်းပြောပြမယ်"

ဒီလူ သဘောကောင်းသားပဲဟု တွေးမိကာ ဆက် ဝမ်းသာသွားမိ သည်။ နာမည်တောင်မှ မသိခဲ့သည့်လူတစ်ယောက်အကြောင်းကို သူ့ ကျေးဇူးကြောင့် သိခွင့်ရတော့မည်မို့ .....။





အခန်း (၃၁)

လူငယ်တစ်ယောက်က ပတ္တမြားကြီးတစ်လုံးနှင့် စိန်ကိုးလုံးကို တစ် ချိန်တည်းမှာ ထုခွဲရောင်းချသဖြင့် ပွဲစားလုပ်ရတဲ့သူတောင် မျက်လုံးပြူး အသက်ရှူမှားခဲ့ရသည်တဲ့။

လူငယ်လေးက သူတော်ကောင်း မကောင်းမသိပေမယ့် နတ်ကောင်း မ ပါသည်လို့ပဲ ဆိုရမှာပါ။ ပွဲစားပေမယ့် စိတ်ရင်းကောင်းရှိသည့်ပွဲစားနှင့် ဆုံမိသဖြင့် သူမကနေ စိတ်ချရသူများနှင့် ဆက်သွယ်ရောင်းဝယ်စေခဲ့ သဖြင့် လူငယ်လေးမှာ ဘာအန္တရာယ်မှမရှိခဲ့ဘဲ တန်ဖိုးအတိုင်းချောမော စွာရောင်းချနိုင်ခဲ့သည်။

ဒီအရောင်းအဝယ်ကြီးကို အားလုံး ကိစ္စချောမောစွာပြီးဆုံးသွားမှ ပွဲစားလောကမှာ ဂယက်ရိုက်သွားခဲ့သည်။

"ဒေါ်စုစု အဲဒီပတ္တမြားကြီးက ပြည်တန်ပတ္တမြားမျိုးဆိုတာ ခင်ဗျား သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းစပ်စုလာသံတွေက ရန်လိုခြင်းများနှင့်ဆိုပဲ။

ထို့နောက်မှာ လူငယ်လေးက အစပျောက်သွားခဲ့သည်။ ခု ပြန်ပေါ် လာတော့ ဒေါ်စုစုကိုပဲ ရှာဖွေရောက်ရှိလာပြီး အဲဒီခြံကြီးတစ်ဝက် ရောင်းမည်လို့ကြားသည်၊ ဆက်သွယ်ပေးပါဟု ပြောလာခဲ့၏။

ဒေါ်စုစုကိုယ်တိုင် သူ့ဌေးလေးဟုပဲ အလွယ်တကူခေါ် ကာ နာမည် ကို မသိပါဟုဆိုသည်။

"နင်က နာမည်တစ်လုံးတလေတောင်မှ မမေးလိုက်ဘူးလား"

လင်းထွတ် ပြောသမျှကို ခက် ဆီ ဖုန်းဆက်ပြီးပြောပြတော့ ခက် က အားမလိုအားမရမေး၏။

"မမေးဘဲနေမလားဟ၊ သူက နာမည်ကျော်လူဌေးကြီးမှမဟုတ်တာ၊ ပတ္တမြားနဲ့စိန်ကိုးလုံးကြောင့် သိတဲ့လူတွေပါးစပ်ထဲမှာ အဲဒီနာမည်တွင်ခဲ့တာ၊ လူကလဲ ပျောက်သွားခဲ့တာဆိုတော့ သတင်းလိုလို၊ အတင်းလိုလို ကျန်ခဲ့တာပေါ့၊ တချို့က အဲဒီ ဒေါ်စုစုဆိုတဲ့ ပွဲစားအမျိုးသမီးကြီးက ပွဲလုပ်တယ်လို့ပြောလိုပြော၊ အဲ့ပိုတွေပြောတယ်လို့ တချို့က ပြောကြတယ်"

"ဒါဆို ဒီကိစ္စက အကြီးအကျယ်ဖြစ်ခဲ့တာပဲနော်၊ သူပစ္စည်းတွေက ဘယ်လောက်ဖိုးလောက်များရှိနေလဲမသိဘူး၊ အဲဒီ ဦးသွင် ဆိုတဲ့ နာမည် တစ်လုံးရော နင့်ရဲ့ ဆာမူရိုင်းလေးနာမည်မှာ မပါဘူးလား"

"ပါတယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ဖုန်းကိုင်ထားရင်း ဆက် ငြိမ်သက်သွားခဲ့၏။

"ဒီလူ အသက်တော့မကြီးသေးဘူးကွ၊ မျက်နှာတည်တည်နဲ့လူပုံ ကြောင့် ရင့်သလိုဖြစ်နေတာ၊ တို့အထင်ပြောရရင် ညီလေးနဲ့မတိမ်းမယိမ်း လောက်ပဲရှိဦးမယ်"





ဟု လင်းထွတ် ကလည်း ခန့်မှန်းပြောသေးသည်။ 'ဘာဖြစ်လို့ခင် တာလဲ' လို့မေးတော့ ...

"သူ့ကို ဒုတိယတစ်ခါမြင်ဖူးတော့ နာရီဆိုင်ရှေ့မှာလေ၊ သူနဲ့ရင်းနှီး နေတဲ့လူငယ်တစ်ယောက်က ညီလေးနဲ့ ဆယ်တန်းထိ အတူတူကျောင်း အောင်ခဲ့တဲ့သူ၊ အဲဒီကောင်က သူ့ကို မင်းနဲ့ငါနဲ့ပြောနေတာ"

"လက်လက်"

"ဟင်"

ဖုန်းထဲက ခက် အသံလေးထွက်လာမှ ဖုန်းပြောနေတာကို သံတိ ရ၏။

"ဘာဖြစ်သွားတာလဲ၊ ငါကတော့ ဘာပြောမှာလဲလို့ စောင့်နေတာ"

"ငါ ဘာပြောရမှန်းမသိလို့ပါ"

"သူ့နာမည်လေးဟာ၊ သွင် ဆိုတဲ့ တစ်လုံးကို ..."

"ငါ နင်တို့ကို သူ့နာမည် မပြောခဲ့ဘူးနော်"

"အေးလေ၊ နင် တစ်ခါတစ်ခါ 'အရိုင်း' လို့ခေါ်တာနဲ့ နင်ပြောတဲ့ သူ့ ပုံစံလေးကို မှန်းပြီး ငါတို့က 'ဆာမူရိုင်း' လို့ ခေါ်ခဲ့ကြတာ"

"ဟုတ်တယ်၊ သူ့ကို သူ့အိမ်ကလူတွေကလဲ အဲဒီလိုပဲခေါ်ကြတာ၊ ဒါပေမယ့် သူ့နာမည်အပြည့်အစုံက 'အသွင်ရိုင်း' "

"အသွင်ရိုင်း ဟုတ်လား"

"အင်း"

"ဟယ်... ဒါဆို သွင် ဆိုတာ သူဖြစ်နိုင်တာပေါ့"

ဆက် ဘာပြောရမှန်းမသိတော့။

ဘာမှမပြောနိုင်။

ရင်ထဲမှာ မဟုတ် ဘူး၊ ဟုတ်တယ်တွေနှင့် ရှုပ်ထွေးနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အရိုင်း ဆိုလျှင် ကိုယ့်လိုပဲ သဲလွန်စတစ်ခုခုနောက်ကို လိုက်နေမှာပေါ့။

ဒီခွေးလေးနဲ့ လည်ပတ်အကြောင်းကို စိတ်ဝင်စားမေးတဲ့သူဟာ ရွှေလက်ဆက် ဆိုတာ ဖြစ်နိုင်မှန်း မတွေးမိဘူးတဲ့လား၊ ဒါမှမဟုတ် ကိုယ့်မျက်နှာဟန်ပန်တွေက ဟိုတုန်းက ရွှေလက်ဆက် နဲ့ လားလားမှ မဆိုင်လောက်အောင် ပြောင်းလဲခြားနားနေခဲ့သည်လား ...။

"လက်လက် ငါပြောတာ ကြားလား"

"ကြားတယ်"

"နင့်ရဲ့ ရတနာ သိုက်ကြီးနဲ့ ဘယ်လိုတူပြီး ဘယ်လိုမတူနိုင်တာရှိလဲ မှဉ်ကြည့်လေ"

"သိုက် က အရိုင်း နဲ့ တစ်ပုံစံတည်းပဲ"

"လက်လက်ရယ် လူတူမရှား နာမည်တူမရှားတဲ့၊ အဲဒါကိုပဲ သပ်ရွမနေစမ်းပါနဲ့"

"နင်ကရော သိုက် ကိုကြည့်မရတာနဲ့ပဲ မဟုတ်စေချင်တာမျိုး မဟုတ်လား"

"ကြည့် ..."

"ဟိုတစ်ယောက်ကရော ဘာကောင်းလို့လဲ၊ သူ့ကြောင့် ငါ အခြုဒုက္ခဖြစ်နေရတာ"

"ဟဲ့ ... ဒုက္ခဖယ်လိုက်ရင် သူနဲ့ချည်းပဲဆုံနေကြတာ မထူးဆန်းဘူးလား"

ဆက် ငြိမ်သွားမိပြန်သည်။

သူမရင်ထဲမှာရှိနေတာဟာ စွဲလမ်းခြင်းလား။ ရှုးသွပ်ခြင်းလား၊ ဒါမှမဟုတ် နှစ်ခုစလုံးပဲလား ...။





မည်သို့ပင်ဖြစ်ဖြစ် ထိုယောကျ်ားနှစ်ယောက်စလုံးဟာ ကိုယ့်ဆီကို ခြေးလှသားရှာဖွေရင်းဖြင့် ရောက်လာခဲ့ကြသူတွေမဟုတ်ပါ။

ကိုယ်ကပဲ လိုက်ခဲ့ရသည်၊ ကိုယ်ပဲ ကြိုးစားခဲ့ရ၏။ ဒါတောင်မှ သိုက်ဘ လျှို့ဝှက်ပုစ္ဆာများနှင့် ပဟေဠိဆန်ဆန်ရှိနေတုန်း။

ဒီယောကျ်ားကတော့ မဟုတ်ဘူးဖြင်းမယ့်လူပါ။ ဘယ်သူက မဟုတ်၍ ဘယ်သူက ဟုတ်နေသလဲ။

သို့တည်းမဟုတ်လျှင် ဘယ်သူမှ ဘာမှမဟုတ်ဘဲ သူမတစ်ယောက်တည်း ရူးသွပ်နေရသည်လား။

အရှိက်တည့်တည့်မှာ သပ်လျှိုခံထားရသလို သက်ပြင်းရှိုက်လို့မရ၊ နလုံးသားသည် ရင်ဘတ်ထဲမှာမဟုတ်ဘဲ ရှားမီးခဲ ရဲရဲပေါ်မှာ အကင်ခံထားရသလို ဖြိုးဖြိုးဖျစ်ဖျစ်မြည်နေပြီလားမသိ။

သိုက် ကိုတွေ့ပြီး ဝေခွဲမရစဉ်က သူ့ဘက်ကပဲ စာနာနားလည်ပေးခဲ့ရင်း ကြံဖန်ခွင့်လွှတ်နေခဲ့မိသည်။

အခု နှစ်ယောက်ဖြစ်လာသည့်အပေါ်မှာ ငယ်ငယ်က ဘောလုံးဖမ်းတမ်းကစားကြသလို ကိုယ့်အဖြစ်က ဝေါင်ပြေး၊ မြောက်ပြေး ခုန်ပေါက်ချော်လဲရင်းနှင့် ဘောလုံးကို မမိနိုင်သော ခွေးရူးတစ်ကောင်ဖြစ်မှန်းမသိဖြစ်နေခဲ့၏။

လက်တွေ့ရင်နာကြည့်စမ်းပါ။ ဘယ်လောက်ခံရခက်သလဲဆိုတာ သိပါသိမှာမည်။

ဖုန်းကိုင်ထားသည့်လက်က တင်းတင်းကျပ်ကျပ်ဖြစ်လာခဲ့၏။

မျက်ရည်သာလွယ်တတ်မည်ဆိုလျှင် ဒီနေရာမှာရပ်နေရင်း မျက်ရည်နဲ့ပဲ မျောပါသွားနိုင်သည်။ တွေးကြည့်လေ တစ်ဖက်ခံစားနေရခြင်းဘ ပေါ်လွင်လာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ ခက်ရယ် ငါ ချလိုက်တော့မယ်"

"အို... ဘယ်လိုဖြစ်သွားဟာလဲ၊ သူ့အကြောင်းကြားပြီး ဒီမှာ အိပ်ချင်နေတာတောင် မျက်လုံးကျယ်သွားတယ်"

"အေး... အိပ်လိုက်တော့၊ ဆယ်နာရီခွဲနေပြီ"

"ဟာ မရဘူး၊ ချက်ချင်းမရတော့ဘူး၊ နေပါဦး ဘာဖြစ်သွားတာလဲ နင့်စိတ်ထဲမှာ တစ်ယောက်ယောက်ကိုတော့ သေချာသိနေပြီမဟုတ်လား"

"ဟင့်အင်း၊ သိဖို့ကြိုးစားနေရတဲ့ ပစ်ဖက်သတ်ရှုးသွပ်ခြင်းကို ငိုချင်လာတာ"

"ငိုချင်တယ်၊ မြတ်စွာဘုရား... ထူးထူးဆန်းဆန်း"

ခက် အသံလေးက ရင်ဘတ်ဖိလိုက်သလိုလို ဒီဘက်မှာလာပြီး အသက်ဝင်နေ၏။

"ငါ အဲဒါကိုမသိရရင်လဲ နေနိုင်မှာမဟုတ်ဘူး၊ သူတို့တွေ မသိစေချင်ကြတာကိုလဲ ဝမ်းနည်းတယ်၊ ငါကပဲရူးနေရပြီး သူတို့က ဘာဖြစ်လို့ ဒီလိုနေနိုင်တာလဲ"

"လက်လက်ရယ် ဒါကိုမသိရင် သိအောင်ကြိုးစားရမှာပေါ့၊ အဲ သူတို့နှစ်ယောက်စလုံးမှာ ချစ်သူတွေ၊ အိမ်ထောင်တွေမရှိတာတော့ သေချာတယ်မဟုတ်လား"

"ဘယ်သိမလဲ၊ ဟိုတစ်ယောက်က သူ့ကိုယ်တိုင် လျှို့ဝှက်ထားတဲ့ကို

"သိုက် ကရော ..."

"သူ့ကို အဲဒီလိုမသိလိုက်ရဘူးဆိုရင် သိုက် ကို ငါ ဘာသံသယ ထားမိတော့မှာမဟုတ်ဘူး"

"ဒါဆို သွင် ဆိုတဲ့ သူဌေးကို နင်က ဖြစ်နိုင်တယ်လို့ တွက်နေပြီပေါ့

"အဲဒီလိုမဟုတ်ပေမယ့် ဒီမျက်လုံးတွေကို ငါ ..."





"အဲဒါပဲ လက်လက်၊ အဖြေမှန်ဆိုတာ မျက်လုံးထဲမှာပဲရှိတာ၊ မျက်လုံးကိုကြည့်ပြီး ခံစားမိတယ်ဆိုတာ စိတ်ချင်းဆက်သွယ်လို့ပဲ၊ သူ ဘယ်မှာနေတယ်ဆိုတာ သိရင် ငါ ရအောင်ဖုံစမ်းနိုင်တယ်၊ နင်သာ သိုက် နဲ့ ကတိကဝတ်တွေမထားမိစေနဲ့ဦး၊ သိုက် ကို ငါက မလိုလားလို့ပြောတာ မဟုတ်ဘူးနော်၊ နင် တကယ်တမ်းတနေတဲ့သူနဲ့ တကယ်ဆုံစေချင်လို့.."

ဆက် က မျက်တောင်လေးတဖျပ်ဖျပ်ခတ်ပစ်လိုက်ပြီး ပြုံးသည်။ ဆုံစေချင်လို့တဲ့ဟား ...၊ ဆုံစည်းကြဖို့ဆိုတာ .....။

www.burmeseclassic.com



## အခန်း (၃၂)

"ဘာ… မှန်မှန်ပြောစမ်းပါ၊ ဟုတ်လား … ဟားဟား …"

သိုက် က မျက်နှာမော့ရယ်သည်။ သန်းထွတ် မကျေမနပ်ဖြစ်သွားပေမယ့် သူ ရယ်တာကိုပဲ တိတ်ဆိတ်စွာကြည့်နေခဲ့ရ၏။

ဘာဆက်ပြောမလဲဆိုတာကို နားထောင်ချင်လွန်းလို့ မဟုတ်ပါ။ ဒီလို အမြဲတမ်းရယ်နိုင်ခဲ့သည့် သိုက် ၏ဘဝ တိုးတက်မြင့်မားလာပုံကို နားမလည်နိုင်၍ဖြစ်သည်။

သားအမိနှစ်ယောက်တည်း ဆင်းရဲပင်ပန်းစွာ ရုန်းကန်လာခဲ့ရသည်ဆိုတာကို ကြားပဲကြားဖူးခဲ့သည်။ သိုက် ဆိုသည့်ကောင်လေးတစ်ယောက် ရောက်နေသည်၊ ခပ်စွာစွာလေး ဆိုတာလည်း မေမေတို့ပြောကြတာပဲ သိခဲ့ရ၏။

သူနဲ့သိုက် စပြီးရင်းနှီးခဲ့သည့်အချိန်မှာတော့ သိုက် က သနားစရာ ကောင်လေး မဟုတ်ပါ။





"မင်း အိမ်က အစ်ကိုအစ်မတွေနဲ့ အဆင်ပြေလား"

ဟု သူမေးတော့ သိုက် က မဲ့ရွဲ့ပြီးမှ ရယ်၏။

"အဆင်မပြေတော့ ဘာဖြစ်မှာလဲ၊ မပြေတော့ကော ဘာဖြစ်ဖို့ရှိလို့လဲ၊ ငါ့အဖေအိမ်မှာ ငါနေတာ"

သိုက် သွေးနီသည်။ ပြောရဲလုပ်ရဲသည်။

ထို့ကြောင့်လည်း မိသားစုကြီးတစ်ခုလုံးကို ကျော်လွှားလွှမ်းမိုးနိုင်ခဲ့တာဖြစ်၏။

ကြားဖူးခဲ့သည့်အဖြစ်သနစ်များစွာထဲကလို လက်ရှိမိသားစုတွေထဲမှာ မျက်နှာငယ်ချိုးနှိမ်ခံ၍နေခဲ့ရတာမျိုးမဟုတ်ဘဲ အားလုံးက သူ့လို ရဲတင်းရိုင်းစိုင်းကြသူတွေမဟုတ်တော့ သူ့အလိုလို ရှောင်ကြရှားကြ ဖြစ်သွားတာမျိုး …။

မွေးချင်းမောင်နှမတွေထဲမှာ ပညာတတ်သူက ပညာကို အားကိုးသွားကြသည်။

ရောင့်ရဲနိုင်တဲ့သူက ရသင့်တာလေးနဲ့ပဲ ရောင့်ရဲသွား၏။

ဒီအဖြစ်ထဲမှာ သိုက် ဆိုတဲ့ လူရွယ် ပိုင်ဆိုင်မှုများစွာနှင့် ကောင်းစားကြီးပွားသွားခဲ့တာ သိပ်မဆန်းပေမယ့် အံ့ဩထိုက်ပေသည်။

"ဒီမှာ သန်းထွတ် …"

ကျောခိုင်းရပ်လိုက်ပြီးမှ ဖျတ်ခနဲပြန်လှည့်ရင်း ခေါ်တော့ သန်းထွတ် အတွေးတွေ ပြတ်တောက်ကုန်၏။

သိုက် မျက်နှာသည် ဟားတိုက်ရယ်နေခဲ့သည့်မျက်နှာနှင့် လုံးဝခြားနားကွဲပြားနေသည် …

"မင်းက ငါ ဘာကောင်လဲဆိုတာကို ပုတ်သင်ဥကနေပေါ်အောင် ဖောက်ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ငါသိချင်တာ တစ်ခုတည်းရယ်"

"ဘယ်တော့မှသိရမှာမဟုတ်တဲ့အတွက် မင်း ပြန်တော့"

"မပြောချင်တာလား မပြောရဲတာလား သိုက်၊ မင်းဘက်က ရှိုးသား တယ်ဆိုရင် ပြောရဲရမှာပေါ့။ မင်း တောင်ကြီးမှာနေခဲ့တဲ့ ယိစဉ်အတ ငါ မသိခဲ့သလို ဘယ်သူမှလဲ မသိဘူး၊ သိလဲမသိချင်ကြပါဘူး၊ မင်းအခေ ဆီကို မင်းရောက်လာကာမှ သိုက် ဆိုတာ ဒီကောင်လေးပဲလို့ အားလုံး မြင်ဖူးကြတာ၊ ဒါက တို့တွေရဲ့ ဟိုတုန်းကအကြောင်း"

"ခုအကြောင်းက ဘာလဲ၊ ဆက်ပြော"

"ခု အရေးကြီးနေပြီလေ၊ ဆက် ကို ငါနဲ့လက်ထပ်ပေးဖို့ လူကြီးတွေ က စီစဉ်နေကြပြီ"

"ငါနဲ့ဆိုင်တဲ့အကြောင်းက ..."

"ဆက် က မင်းကို သူ့ရဲ့သူငယ်ချင်းလို့ ထင်နေတာ"

"တကယ်တော့ ငါက မဟုတ်ဘူးလို့ မင်းက ပြောချင်တာလား"

ဟုတ်လို့လား ဆိုသည့် မျက်လုံးအစုံ သိုက်မျက်နှာပေါ် တန်း ရောက်သွားသည်။

သိုက် က ရူးစိုက်ကြည့်ပြီး မဲ့လိုက်၏။

"အဲဒါကြောင့် မင်းက ငါနဲ့ ဆက်ကို ..."

"မဟုတ်ဘူး၊ ဆက် က သိပ်ဖော့ကြီးတဲ့မိန်းကလေး၊ မင်းကို သူ့ သူငယ်ချင်းလို့သာထင်မနေဘူးဆိုရင် မင်းရဲ့ ဘေးကို သူ ခုလိုရောက် မှာမဟုတ်ဘူး၊ သူ့ကို မချစ်တတ်တဲ့မိန်းမလို့ထောင် တင်စားပြောခဲ့ တာ၊ ဒီလောကထိ အစွဲအလမ်းကြီးတတ်မှန်း လုံးဝကိုမထင်ဘူး"

သန်းထွတ် ပြောသမျှ သိုက် က ပခုံးတွန့်လိုက်၊ ရယ်လိုက်နှင့် ပြ ရယ်ပြုလို့မဆုံး။ ဒေါသတွေ ခေါင်းပြုနေပြီဖြစ်တော့ သန်းထွတ် က



ကြိတ်၏။

"ဆက် ကလဲ မိန်းကလေးပေမယ့် မင်းလိုခေါင်းမာတတ်တဲ့သူပဲ သိုက်၊ မင်းကို ဟိုတစ်ယောက်လို့ထင်ပြီး လက်ထပ်ဖို့ကိစ္စမှာ တင်းခံနေ တယ်၊ ဟိုတုန်းက သူငယ်ချင်းပေမယ့် ခုချိန်မှာ သူ မင်းဆီက မျှော်လင့် နေတာ မရိုးသားမှုပဲ၊ မင်းမဟုတ်ဘဲနဲ့ သူ့ရဲ့စွဲလမ်းမှုကို အခွင့်အရေးယူ မယ်ဆိုရင် ..."

"ညာသွားတော့ ဘာဖြစ်လဲ သန်းထွတ်၊ မင်းကိုမလိုချင်လို့ ငါ့ကိုယူ တာ ဘာမတရားတာရှိသလဲ"

"သူ အရမ်းနစ်နာတာပေါ့ကွ၊ သူထင်နေတာက သူ စွဲလမ်းခဲ့တဲ့သူ၊ ဒါကို မင်း ပျော်ပျော်ကြီးသိမ်းပိုက်လိုက်ရင် အဲဒီအပျော်တွေကို မင်း တစ်သက်လုံးရမယ်ထင်သလား"

"ပျော်နောင်ရေးအထိ မင်းက ပူမနေပါနဲ့ အဟွန်း ... ယောကျ်ားချင်းပဲ မိန်းမတစ်ယောက်ရဖို့ ငါ့ကိုလာပြီး ဒူးထောက်နေရတာ မင်း မရှက်ဘူး လား၊ ပိုင်ဆိုင်ချင်ရင် ရအောင်ယူပေါ့၊ ကြိုက်တဲ့နည်းကိုသုံး၊ မတရားတာ မရှိဘူး"

"မင်းက အဲဒီလိုကောင်ဆိုတော့ ငါ့ကို ခွင့်ပြုရဲနေတာပေါ့၊ ထားလိုက် ပါ ငါ အခုသိချင်တာက မင်းဟာ သူ့ရဲ့သူငယ်ချင်း ဟုတ်ခဲ့သလား၊ မဟုတ်ခဲ့ဘူးလား၊ အဲဒါတစ်ခုပဲ"

"ဟုတ်တယ်ဆိုရင် ..."

"လုံးဝမယုံဘူး"

"မဟုတ်ဘူးဆိုရင်တော့ရော ..."

"မဟုတ်တာကို ဖွင့်ပြောလိုက်ပါ၊ မင်းကို သူ ဘာဖြစ်လို့ဝင်တွယ် နေသလဲဆိုတာ အဲဒီအချိန်မှာ သံချိတ်ဖြုတ်ချလိုက်တဲ့ ရထားခေါင်းတွဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ပြတ်ပြတ်သားသား မင်း မြင်ရလိမ့်မယ်"

"ဟား ဟား ဟား"

သိုက် က ဟာသပြက်လုံးတစ်ခုကိုကြားရသလို အလိုက်အသည်းလိုက်ရယ်၏။ ရှမ်းသွေးစပ်သူမို့ ဖြူသည့်မျက်နှာသည် ပါးမို့တွေ နီမြန်းလာခဲ့၏။

နှုတ်ခမ်းသားတွေ ပိုရဲလာခြင်းကြောင့် အစွမ်းကုန်ပွင့်ဟနေသည့် သွားတန်းတွေကို အရောင်တင်ပေးလိုက်သလိုပင်။

ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လှုပ်ခါရယ်မောနေသော်လည်း ရွှေမှေ့ခြင်းက မပျောက်။ မလိုလားစွာနဲ့ဘဲ သူရယ်တိုင်း ပြီးဆုံးတဲ့အထိ ငေးမောစောင့်ကြည့်နေခဲ့မိတာလဲ အကျင့်ပါသွားခဲ့တာထင်သည်။

"ငါ အဲဒီလောက်မိုက်မယ့်ကောင်လား၊ မင်း မတွေးမိတာတော့ သနားစရာပဲ"

သန်းထွတ် မျက်နှာညိုမှောင်သွား၏။ ထိုင်နေရင်းကနေ ဆတ်ခနဲ ထ,ရပ်လိုက်တဲ့အထိ ဒေါသက ပေါက်ကွဲလုလုဖြစ်သွားသည်။

"မင်း ဘာမှဂရုမစိုက်တတ်တာကို ငါသိတယ်၊ အဲဒါ ရဲရင့်တာမဟုတ်ဘူးကွ၊ မိုက်ရိုင်းတာ၊ မသိတဲ့လူကိုညာတာ၊ ထပ်ပြီးယုတ်မာဖို့အသင့်ရှိနေတာ၊ မင်းမှာ ဘယ်လိုဂုဏ်ကျက်သရေတွေ တိုးသွားသလဲ"

"ဂုဏ်ကျက်သရေတိုးအောင် ငါလုပ်နေတာမှမဟုတ်တာဘဲ၊ သိုက် ဆိုတဲ့ကောင်ဟာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မယ်၊ လိုချင်ရင် ရအောင်ယူတတ်တယ်၊ အဲဒီလိုဖြစ်ချင်တိုင်းဖြစ်ခွင့်ရနေတဲ့ ငါ့ကို လူတွေ အထင်တကြီးဖြစ်လာတာလဲ ဖန်တီးယူခဲ့တာ တစ်ခုမှမပါဘူး၊ နောက်ထပ် ငါလိုချင်ရင်ယူမယ်၊ မလိုချင်ရင် လွှင့်ပစ်မယ်၊ အဲဒါကို ယုတ်မာတယ်၊ ရက်စက်တယ် ဘယ်သူပြောပြော ဂရုမစိုက်ဘူး"





"ရိုးရိုးကျင့် မြင့်မြင့်ကြံ တဲ့၊ မင်းလိုကောင် ဒီဘဝထိရောက်ခဲ့တာ လုံးဝကို မယုံနိုင်စရာမရှိဘူး"

"အခု ယုံလိုက်တော့၊ ဒီမှာ သန်းထွတ် မြင့်မြင့်ကြံချင်ရင် ရိုးရိုးကျင့်နေလို့မရဘူးကွ၊ ကောက်ကွေ့ခြင်းဆိုတာ မရိုးသားမှုနဲ့သက်ဆိုင်ပေမယ့် ယုတ်မာတာလို့ပြောလို့မရဘူး။ ကိုယ်သွားမယ့်လမ်းဟာ ရေ့မှာဖြစ်ဖြစ်၊ အမြင့်ကြီးမှာဖြစ်နေနေ ကျော်တက်သင့်ရင်တက်ရမယ်၊ ခုန်တက်သင့်ရင် ခုန်ရမယ်၊ ဒီထက်ပိုပြီး ကောက်ကွေ့ဆန်းပြားတဲ့နည်းတွေနဲ့ အဆင်ပြေမယ်ဆိုရင် သုံးရဦးမှာပဲ၊ မင်းသိအောင် တစ်ခါတည်းပြောဖို့ရှိသေးတယ်"

ဟု ဆို၍ သိုက် က ဆက်မပြောတော့ သန်းထွတ် က သူ့ဘက်လှည့်ရပ်လိုက်ပြီး ခါးတစ်ဖက်ထောက်၏။

မငြိမ်းချမ်းခြင်းက အတိအလင်း တိုက်နိုက်မည့်အသွင်သို့ ရောက်လာသည်။

"ငါ အခု ကောက်ကွေ့တဲ့နည်းကိုသုံးဖို့ရှိပေမယ့် မင်းလိုကောင်ကို ဖုံးဖိလိမ်ညာဖို့ထိ ဂရုစိုက်စရာမလိုတဲ့အတွက် ပြောပြမယ်၊ ငါက ဆက်နဲ့ ဘယ်တုန်းကမှ မတွေ့ဖူး၊ မပတ်သက်ဖူးခဲ့တဲ့ကောင်"

"ဟင် ..."

သန်းထွတ် မျက်လုံးကြီးပြူးထွက်လာတာကို သိုက် စူးစိုက်ကြည့်နေပြီးမှ ပြုံးသည်။

ပြီးတော့ နေရာမှထရပ်ရင်း ခပ်မိန့်မိန့်လက်ပိုက်၍...

"သူ့ကိုမြင်လိုက်ပေမယ့်လဲ ခပ်ပေါပေါကောင်တွေလို ချက်ချင်းတမ်းတမ်းစွဲပြီး ဒူးထောက်ပြီးလဲကျသွားလောက်အောင် ငါ့မျက်လုံးထဲမှာ မပေါက်ဘူး"

သန်းထွတ် မျက်နှာ ရဲခနဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်းမပြောနိုင်။

"ဒါပေမယ့် မင်း ငါ့ရှေ့ကို ဖုံးဖုံးဖိဖိ ဟန်ဆောင်ပန်ဆောင်နဲ့ သေလု မြောပါးရောက်လာတော့ ငါ့ စိတ်ပြောင်းသွားတယ်၊ အခု ထပ်ပြီး သန်းထွတ်မိသားစုနဲ့ပတ်သက်နေပြီဆိုတော့ ငါ့ရင်ဘတ်ထဲမှာ သပ်ရိုက် ထည့်လိုက်ဖို့ထိ ခေါ်ချသွားတာပေါ့၊ အခုဒီအကျူမှတ်သွား၊ ဆက် ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ငါ ရအောင်ယူမှာ"

"မင်း ..."

သန်းထွတ် ဒေါသတွေပေါက်ကွဲလျက် သိုက် မျက်နှာရှေ့ကို လွှားခနဲ ကပ်သွားသည်။

ရင်ဘတ်ကို ဆုပ်ဆွဲလိုက်ဘော့စလိုပြင်ပြီး လက်ကိုပြန်ချ၍ ဖိဆုပ် ပစ်လိုက်တာ ...

"တော်တော်ယုတ်မာနိုင်တဲ့ကောင်ကွာ၊ ဘာမှမသိတဲ့မိန်းကလေး တစ်ယောက်ကို သူနဲ့ ဘာမှမဆိုင်တဲ့အငြိုးတွေ , နိုင်လိုမှုတွေနဲ့ ..."

"မင်း ငါ့အကြောင်းသိတယ်ဆိုရင် သူ့အတွက်နဲ့ ငါ့ရှေ့ကို အခေါက် ခေါက်အခါခါမလာသင့်ဘူးဆိုတာလဲ နားလည်ဖို့လိုတာပေါ့"

"တောက် ... မင်း ..."

သန်းထွတ်က သိုက် ရဲ့အနက်ရောင်အနီစင်းကျားပါသည့် စပို့ရှပ် အင်္ကျီရင်ဘတ်စကို ဆုပ်ဆွဲလိုက်၏။

ဒါပေမယ့် အင်္ကျီကို မရောက်မီ သိုက် က ထိုလက်ကို ခပ်ဆတ် ဆတ်ပုတ်ချပစ်လိုက်ပြီး ...

"မင်း မျက်နှာပေါ်ကို ငါ့လက်သီးရောက်သွားရင် မိန်းမတစ်ယောက် ကြောင့်လို့ နာမည်ကြီးသွားလိမ့်မယ်၊ ငါ့ရာဇဝင်အပျက်မခံနိုင်လို့ မင်းကို သက်ညှာလိုက်မယ်၊ ပြီးမိမ်ထဲကနေ မင်းသွားတော့"





ပြောပုံက ရင့်သည်။

ကြောက်လို့မဟုတ်ပေမယ့် ဘယ်တုန်းကမှ ရန်မဖြစ်ခဲ့ဖူးသည့် အကျင့်ကြောင့် သန်းထွတ် လက်ကလည်း တုံ့နှေးနေခဲ့သည်။

စိတ်မြန်လက်မြန်နဲ့သာ ရင်ဆိုင်ကြမည်ဆိုလျှင် ဒီနေရာမှာ တစ် ယောက်ယောက်ဟော့လဲနေမှာပါ။ ဒါပေမယ့် သူ လက်တုံ့မပြန်ခဲ့တာ သိုက် ယူဆသလိုတော့မဟုတ်ပေ။

မိန်းမတစ်ယောက်ကြောင့် ဖြစ်ရတော့ရော ဘာဖြစ်လဲ .....။

www.burmeseclassic.com



## အခန်း (၃၃)

"သူက ချစ်တယ်လို့ မပြောသေးလို့မဟုတ်လား"

"အင်း"

"သူကပြောတာနဲ့ နင်က သူ့နောက်လိုက်သွားမှာပဲပေါ့"

"ဟုတ်တယ်"

"အစီပွာယ်မရှိတာ လက်လက်ရယ်၊ သူ တကယ်ပဲ နင့်ရဲ့ဆာမူရိုင်း ဖြစ်ပါစေဦး နင် စွဲလမ်းသလောက် သူ့ဘက်မှာ ဘာမှမရှိဘူး၊ အဲဒါ လုံးဝ သိသာတယ်၊ ဒီကြားထဲမှာ သူ့မှာ ချစ်သူတွေ ဘာတွေများ ဖြတ်ခဲ့သေးလားမသိ ဘာမသိ၊ ရည်းစားဦးဖြစ်တဲ့သူကသာ ရှုးရတာသိလား၊ ရည်းစားထားဖူးခဲ့တဲ့လူက အသာလေးပဲ"

"နင်က ဘာပြောချင်တာလဲ"

"သူ တကယ်ဟုတ်၊ မဟုတ်ကို ဒီထက်သေချာစေချင်တာ၊ ဟုတ်နေရင်လဲ စဉ်းစားဖို့တော့လိုတယ်လေ။ နင်က ခုတော့ ဆင်ကန်းတောတိုး





ဆုံးဖြတ်ချင်နေတယ်၊ ကိုယ့်ရင်ဘတ်ထဲကိုလဲ ပြန်ငုံ့ကြည့်ပါဦး လက်လက် ရယ်။ လူ့မာယာများတာကို မျက်ဝန်းတွေ၊ အပြုံးတွေကနေ အမိအမိ ကြည့်လို့ရသေးတယ်၊ ရင်ခုန်သံ မာယာများတာကို ဘယ်လိုအဖြေရှာ မလဲ၊ နင် သူ့ကို အရှမ်းလွမ်းနေတုန်း ပြန်တွေ့လိုက်ရလို့ တုန်ယင်လှုပ် ရှားနေတာ၊ အဲဒါ အချစ်မဟုတ်နိုင်ဘူး။ ဒါ အိမ်ထောင်ရေးနော်၊ 'အမလေး' ဆိုမှ နောက်ပြန်ဆုတ်ချင်လို့မရဘူး"

"မဟုတ်ဘူး၊ သိုက် ကို ငါလက်ခံတယ်၊ သူက အသွင်ရိုင်း တကယ် ပါ ဘယ်လိုမေးမေး ဝန်မခံတာ ငါ့ဘက်က သူ့ကို သံသယဝင်သွားမှာ လုံးဝ ဂရုမစိုက်တာ၊ အဲဒီအကျင့်စရိုက်အားလုံးကိုက အရိုင်း ပဲဆိုတာ သေချာနေတာ"

ခက် က မကျေမနပ်စိုက်ကြည့်၏။ အနားမှာ မေမြတ် ကလည်း ရှိတော့ လက်တို့မေးငေါ့ပြောဖို့အတွက် အဖော်မဲ့နေ၏။ အခြေအနေ က အရေးကြီးနေပြီဖြစ်သည်။

အားလုံးထဲမှာ အေးအေးဆေးဆေးရှိနေသူက သိုက် တစ်ယောက် ဲရှိသည်။ သန်းထွတ်တို့ဘက်ကလည်း အစက လူကြီးချင်းပြောဆိုနေကြ တာပဲရှိခဲ့ပြီး နောက်ဂျမှ 'တစ်ခါတည်းလက်ထပ်ပေးရအောင်ပါ'ဆိုသည့် ဖုတ် ပူမီးတိုက် တောင်းဆိုခြင်းတွေ လုပ်လာသည်။

အစကတည်းက သဘောတူထားသည့် ဒေါ်နိုင်လွှာရွှေတို့ကလည်း ငြင်းခဲ့သည်မို့ မင်္ဂလာပွဲက သေချာသည့်ဘက်ကို တိမ်းစောင်းနေပြီ ဖြစ်၏။

"ငါကတော့ အရိုင်း ကသာချစ်တယ်လို့ပြောလာရင် ဓမမေတို့ ဘယ် သိုစီစဉ်စီစဉ် အားလုံးကို ထားခဲ့မှာ"

ဒါကိုတွေးနေတုန်း ဆက် က ထပ်ပြောသဖြင့် ခက် က မျက်ခွင်းကုတ်



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ ကျောင်းပြီးသွားလို့လည်း ဟိုသွားဒီသွား လွတ်လွတ်လပ်လပ် လျှော်ပါးရတာ်လို့ မရှိပါ။

ဆက် ရဲ့ အိမ်ထောင်ရေး၊ အချစ်ရေးတွေကြောင့် သူတို့မှာ မဝင်ချင်လည်းဝင်ရ မပါချင်လည်း ပါရ ကိုယ့်သူငယ်ချင်း တစ်ဖွက်ထိုးညည်ရှိတာကို သိနေလို့ မလျှော့မတင်းလေးပြောဆိုနေရပေမယ့် သိုက် နဲ့ပါသွားမှာကိုတော့ မလိုလားနိုင်ပေ။

ထို့ကြောင့် သိုက် နဲ့မဆုံဖြစ်ပါစေနဲ့လို့သာ ကျိတ်၍ဆုတောင်းလိုက်မိ၏။

"သူ နှင့်ဆီကို ဖုန်းဆက်သေးလို့လား"

"ညတိုင်းဆက်တယ်"

"ဟင် ..."

"ဒါပေမယ့် စကားကြာကြာလဲ မပြောဖြစ်ဘူး၊ ငါပြောချင်တာတွေလဲ မပြောရပါဘူး"

"အင်း"

ဒီတိုင်းပဲဖြစ်မှာပေါ့လို့ ပြောချင်သည့်မျက်နှာနှင့် ခက် က ခေါင်းလေးလေးခါ၏။ ပြီးတော့ တစ်စုံတစ်ခုကို သတိရသွားသလို ဆတ်ခနဲ ကိုယ်မတ်ကာ ...

"ငါ ဟိုနေ့ကနဲ့တစ်ယောက်ကို တွေ့လိုက်တယ် သိလား"

ဘယ်မှာလဲလို့ မေးမလို့ အားတက်သရောဖြစ်သွားပြီးမှ ဆက် မျက်နှာလေးညှိုးသွားသည်။

"သူ့ကို ခေါင်းထဲမထည့်ပါနဲ့တော့၊ အရမ်းကို ဘဝင်မြင့်လွန်းတယ်"

"နင်က သူ့ကျတော့ ဘဝင်မြင့်တာကို အမြင်ကတ်နေတယ်၊ သိုက်ကျတော့ ဒီလိုစရိုက်လေးကိုက အရိုင်း နဲ့တူတာပါဆို"





အကွက်ကျကျမေးလိုက်တော့ ဆက် မျက်လုံးလေးဝိုင်းသွားပြီး ငြိနေ၏။ နှစ်ယောက်သား ခုတင်ခြေရင်းမှာထိုင်၍ အပြင်ကိုလည်း မထွက်ဖြစ်၊ အရေးတကြီးပြောဆိုတိုင်ပင်တာမျိုးလည်းမဟုတ်။

ဘယ်အရပ်ပဲရောက်နေနေ ပြောရဦးဆို သိုက် အကြောင်း ...၊

"ပြောပါဦး၊ ဟိုက ပုံပန်းမကျတဲ့ဒီဇိုင်းထွက်နေလို့မဟုတ်လား၊ သိုက်ကတော့ မင်းသားရုပ်နေတာလေ"

"မဟုတ်ပါဘူး ခက် ရာ၊ အရိုင်း နဲ့ ပုံစံရော ရုပ်၊ အသံ အားလုံးတူတာ၊ အထကကျောင်းသားအရွယ်မှာတုန်းက ပိန်ကပ်ကပ် ဖြူခြောက်ခြောက် ဂျရှည်လေးပေမယ့် သူ ဒီအရွယ်မှာ ပုံစံပြောင်းလာမ... မှာ ...ကတော့ အဲဒီအတိုင်းဖြစ်လာမှာ"

"တော်ပါဟာ၊ လူတစ်ယောက် ရှင်သန်ကြီးပြင်းလာသော ...တနာထား တစ်ငုံ ပွင့်လာတာကိုကြည့်သလို ငုတ်တုတ်ထိုင်ကြည့်နေလို့ ...မှသင့်ဘူး" ဘယ်အရောင်ပြီး ဘယ်အရောင် တစ်ရစ်ပြီးတစ်ရစ်တက်လာ... သမီးတို့ ...မှာ နှင်းဆီပန်းကိုပဲကြည့်လို့ရမယ်၊ လူကို မရဘူး"

"ဒါပေမယ့် စိတ်က ခံစားမိတာကို အမှန်မပြောနိုင်ဘူးလား"

"ခဏနေပါဦး လက်လက်ရယ်၊ ငါကပြောတော့ သိုက် ကို မလိုလားတာလို့ နင့်စိတ်ထဲကထင်နေမှာ၊ နင် စိတ်လောကြီးပြီး ဆုံးဖြတ်မှားသွားခဲ့ရင် ဒီအမှားကြီးကို နင် ဘယ်လိုပြုပြင်မလဲ။ အနိုတ်တို့က သန်းထွတ်နဲ့ ဖွတ်ပေးစားလာရင် ငြင်းတာလဲငြင်းပေါ့၊ သိုက် ကိုတော့ မရွေးလိုက်ပါနဲ့ဦး။ ငါ့စေတနာကို နားလည်တယ်ဆိုရင်ပေါ့ဟာ။ မေမြတ်လဲ အခု သူ့အကြောင်းကိုသိရဖို့ ကြိုးစားနေတယ်၊ ဒီယောကျ်ားနှစ်ယောက် အသွင်တူ စရိုက်တူနဲ့ လူပုံချင်းလဲကွဲပြားတာမရှိဘူး ဒါကိုခွဲခြားကြည့်ချင်လို့ ပါ ငါတို့ထင်တယ် သိလား၊ အဲဒီနှစ်ယောက်ထဲမှာ တစ်ယောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒို့ရဲ့ ဆာမူရိုင်း ဟုတ်ကိုဟုတ်ရမယ်၊ အဲဒီကျမှ နင်ကြိုက်သလိုဆုံးဖြတ်ပေါ့"

"ဒီလိုဘယ်ရမလဲကွယ်၊ သူကြိုက်သလို လုံးဝဆုံးဖြတ်ခွင့်မရှိဘူး"

"ဟင် ..."

"မေမေ"

"ထိုင် ကိုင် ရတယ်"

ခက် က ဖျတ်ခနဲထရပ်လိုက်တော့ ဒေါ်နိုင်လွှာရွှေက မျက်မှန် တင် ချက်ပင့်ပြီး လက်ကာပြ၏။ ပညာတတ် လူရည်မွန်ပီသစွာ ဒေါ်နိုင်လွှာ

အေးစက်စက်မျက်ဝန်းများနှင့် ခက် ကိုကြည့်ပေမယ့် ရုပ်ပျက်

"ပါကြီး ပြောဆိုလာတာမျိုး မရှိ။

"ဟာ ယ်ချင်းဆိုတဲ့ သဘောမှာ မိတ်ဆွေရောင်းရင်းလို ကိုယ်ကျိုးစွန့်

"ဒါ ဟုတ်ချင်မှဟုတ်မယ်၊ ဒါပေမယ့် မတော်တာမြင်တိုင်း အကြံပေး မပြော ဘက်ပြတာမျိုးတော့ ရှိသင့်တာပေါ့"၊

ဟု အစချီလိုက်ပြီး မှန်တင်ခုံရှေ့မှာပဲ လူငယ်နှစ်ယောက်ဘက်ကို နာချင်းဆိုင်ထိုင်သည်။

"သမီးတို့သုံးယောက် အရမ်းခင်တယ်၊ ရင်းနှီးကြတယ်ဆိုတာ အန်တီက သိတယ်၊ ဘာဖြစ်ဖြစ် တိုင်ပင်ကြတယ်၊ အကြံပေးကြတယ်ဆိုတာလဲ သိတာပဲ၊ အဲဒါကြောင့် သမီးရဲ့စွဲလမ်းမှုတစ်ခု ဒုက္ခပေးနေတာကို ပျောက်သွားအောင် အိမ်ထောင်ချပေးလိုက်ဖို့ စိတ်ကူးတော့လဲ ဒီစိတ်ကူးဖြစ်ဖို့အတွက် သူ့ရဲ့သူငယ်ချင်းတွေကို အရင်ဆုံး ဖယ်ထုတ်ပစ်သင့်တယ်ဆိုတာကိုမြင်တယ်"

စော် မျက်နှာလေး ညိုပုပ်ပုပ်ဖြစ်သွား၏။ ခက် ကိုငဲ့ကြည့်လိုက်ပေမယ့် အကြည့်မရောက်လိုက်ဘဲ ခေါင်းငုံ့လိုက်သလိုသာဖြစ်ခဲ့သည်။





ဒေါ်နိုင်လွှာရွှေက ခက် ကိုပဲကြည့်၍ ...

"ဒါပေမယ့် အန်တီက အဲဒီလိုမလုပ်ချင်ဘူး၊ သမီးက တစ်ခုကိုစွဲလမ်းပြီး ပြောဆိုရခက်နေတာ၊ နောက်ထပ် စိတ်ဒုက္ခတစ်ခုဖြစ်သွားမှာစိုးတယ်၊ ပြီးတော့ ဒီလိုအဖြစ်မျိုးတွေ ဖြစ်ဖို့လဲ မလိုသေးဘူးလို့ထင်တယ်လေ။ အန်တီတို့ဘက်က ကလေးချင်း ချစ်ကြပါစေဆိုပြီး အနှောင့်အယှက် မပေးခဲ့တာကို ခြကိုက်လို့ တောင်ပြိုရတဲ့အဖြစ်မျိုးတော့ မဖြစ်စေချင်ဘူးကွယ်"

"အန်တီ သမီးတို့က ..."

"သမီးက အန်တီ့သမီးကို တကယ်ခင်တာ ဖြစ်ချင်ဖြစ်မယ်၊ တစ်စုံတစ်ခုကိုတိုက်တွန်းနေတာလဲ စေတနာနဲ့ဆိုတာ သမီးဘက်ကတော့ မှန်ချင်မှန်မှာပေါ့၊ ဒါပေမယ့် သမီးတို့နားလည်ရမှာက 'ငါတို့စေတနာထားတယ်ဆိုတာထက် သူ့မိဘက အများကြီးပိုမှာပဲ'ဆိုတာကို မမေ့သင့်ဘူး"

ဒေါ်နိုင်လွှာရွှေ က မေမြတ် မရှိပေမယ့် ရှိနေသကဲ့သို့ 'သမီးတို့' ဆိုသည့်နာမ်စားနှင့်ပြောသည်။ ကံဆိုးသည့် ခက် မှာတော့ ဒီလိုနေရာမှာ တစ်ယောက်တည်းဖြစ်နေခဲ့၏။

"အဲဒီတော့ အသွင်ရိုင်း ဆိုတဲ့ ကောင်လေးနဲ့ ပတ်သက်သမျှ သတင်းအကြောင်းအရာ ဘာကိုမှ သယ်မလာပါနဲ့၊ လူငယ်တွေ တော်တော်များများဟာ ဒီလိုကိစ္စတွေမှာ စွန့်စွန့်စားစားကူညီဖို့ ဝါသနာကြီးကြတယ်၊ ဘာယကံရှင်ဟာလဲ အဲဒီလိုအောင်သွယ်တဲ့လူကို မိဘမောင်ဘွားထက် ပိုချစ်တတ်တယ်၊ ဒါကြောင့် သမီးတို့နဲ့ အန်တီ့သမီး ခင်နေတာကို အန်တီ က လူကြမ်းလုပ်ပြီး မခွဲပါဘူး၊ အမြဲတမ်း ဝင်ထွက်သွားလာပါ၊ ခင်မြဲ အတိုင်းခင်၊ ပြောမြဲအတိုင်း ပြော၊ အဆိပ်အတောက်တော့ မပါစေနဲ့"

"ဟုတ်ကဲ့ပါ အန်တီ၊ သမီးတို့က လက်လက်တို့ သိပ်ချစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုရှိလာရင် ဆိုးဆိုးကောင်းကောင်း လက်တွဲရင်ဆိုင်ကြဖို့ အသင့်ရှိကြတဲ့သူတွေပါ"

"အဲဒါ လူငယ်တွေရဲ့ မာနပဲ"

ဒေါ်နိုင်လွှာရွှေ အသိအမှတ်မပြုနိုင်ဘူးလို့ပြောနေသည့်မျက်ဝန်းများနှင့် ခက် ကို စူးစိုက်ကြည့်၏။

"ရဲဘော်ရဲဘက်စိတ်နဲ့ ဆင်ဆင်တူပေမယ့် သိပ်ကို အန္တရာယ်ကြီးတဲ့ သတ္တိတွေပဲ၊ မင်းတို့ရဲ့ လက်တွေ ခိုင်ခိုင်မာမာတွဲမြဲတ်ထားကြတာ မှန်ချင်မှန်မယ်၊ ဒါပေမယ့် ပန်းတိုင်ကို လမ်းဖြောင့်ဖြောင့်သွားကြဖို့မဟုတ်ဘူး။ အမှားတွေကျူးလွန်ဖို့ ငါတို့ရင်ဆိုင်ရဲတယ်ဆိုတဲ့ တလွဲမာနတွေ"

"မေမေ"

"နေဦးလေ၊ မေမေက သမီးနဲ့ပြောနေတာမှမဟုတ်တာ"

ဆက် ပါးစပ်ပြင်ပေမယ့် ဘာမှပြောခွင့်မသာ။ ဒေါ်နိုင်လွှာရွှေ က ခက် ဘက်ကိုပြန်လှည့်၍ ...

"ခြတစ်ကောင်နဲ့တောင်ပြိုတယ်ဆိုတာ ဘယ်သူမှတော့မမြင်ဖူးကြဘူး။ ဒါပေမယ့် မဖြစ်နိုင်လောက်ဘူးဆိုတဲ့ အမှတ်တမဲ့စိတ်မထားသင့်ဘူး ဆိုတာတော့ အမှန်ပဲလေ၊ အန်တီကတော့ သတိအမြဲရှိတယ်၊ ခြ တစ်ကောင်ဖြစ်ဖြစ်၊ မြူတစ်မှုန်ဖြစ်ဖြစ် ရအောင်ရှာပြီး ဖယ်ပစ်နိုင်တယ် သမီးမေမြတ်ကိုလှည့်ပြောလိုက်ပါ။ ယုံကြည်မှုထားခဲ့တဲ့လူတွေကို လေးစားတယ်ဆိုရင် ရိုးသားစွာလာပါလို့ ..."

ခက် မျက်ဝန်းမှာ မျက်ရည်ဝေ့နေရှာ၏။ ကိုယ့်ကို မောင်းမထုတ်သေးမယ့် ရိုက်နက်ကန်ကျောက်လွှတ်တာထက်ဆိုးသည်။ နူးနူးညံ့ညံ့ စကားလုံးတွေက ဓားသွားလှံသွားတွေလို နားစည်ကိုထွင်းဖောက်၍ နှလုံးသားထဲထိ နစ်ဝင်၏။





"သမီးကို မေမေ ပြောမယ်"

ဒေါ်နိုင်လွှာရွှေ အသင့်အတင့်ကြားလိုက်ပြီးဖြစ်သည့် ဆက် ၏ အလန့်ကဆန့်စကားတွေကို တစ်ချက်လွှတ်အမိန့်နှင့် စည်းသားပစ်ဖို့ ဆုံးဖြတ်ထားသည့်မျက်ဝန်းများနှင့် ...

"သမီးကို မေမေက နွယ်လီသန်းရဲ့ သားနှစ်ယောက်ထဲက တစ်ယောက်နဲ့ လက်ထပ်ပေးမှာ၊ မောင်သန်းထွတ်ကို သဘောမကျရင် မောင်လင်းထွတ်ကိုစဉ်းစား။ အဲဒီ အရိုင်း ဆိုတဲ့နာမည်က စပြီး ယဉ်ကျေးမှုမရှိတဲ့ လူငယ်တစ်ယောက်ကို မေမေ့သမီးနဲ့ လုံးဝသဘောမတူဘူး၊ မယူရဘူး"

"လက်လက်"

"ခက်-က သားအမိ စကားပြောနေသည့်ဘေးမှာ မနေလိုတော့သည်မို့ ခပ်ယို့ယို့လေး ထရပ်၏။

"အန်တီ သမီး ပြန်ပါဦးမယ်"

"အေးကွယ် ကောင်းပါပြီ"

ဒေါ်နိုင်လွှာရွှေ ခက် ပြန်သွားတာကို ခပ်စောင်းစောင်းငဲ့ကြည့်နေပြီး မှ ဒီဘက်ပြန်လှည့်ကာ ...

"မေမေဟာ မနာခံတတ်တဲ့သမီးကို မွေးခဲ့မိလေခြင်းဆိုတဲ့ နောင်တချီးနဲ့ ကိုယ့်ကိုယ်ကိုလဲ ဒေါသမဖြစ်ချင်ဘူး၊ မေမေ သိပ်ချစ်တဲ့ သမီးကိုလဲ ကရုဏာဒေါသတွေနဲ့ မမုန်းချင်ဘူး"

"ဆက် ပြောပါရစေ မေမေ၊ သူ့ကို ဆက် တွေ့ခဲ့တဲ့အချိန်ကတည်းက သူက လူကောင်းပါ။ ပြဿနာတွေတက်ခဲ့တုန်းကလဲ သူ့အသိုင်းအဝိုင်းနဲ့ဝတ်သက်တာ၊ ဆက် ကိုတောင် သူက ..."

"ညည်းအမေပြောခဲ့တဲ့စကားတွေကို အားကိုးနေတုန်းပါလား သမီး၊



www.burmeseclassic.com

www.burmeseclassic.com



မိဘဆိုတာ သားသမီးကိုစောင့်ရှောက်လိုက်တယ်၊ ကူညီလိုက်တယ် ဆိုရင် ကျေးဇူးတင် လေးစားကြတာပဲ၊ ဒါပေမယ့် ကျေးဇူးတင်တာက သပ်သပ်၊ ကိုယ့်သမက်လို့ ခွေမျိုးမတော်နိုင်တာက သပ်သပ်ပဲ”

“မေမေက အရိုင်း ကို ခွေမျိုးမတော်ချင်တာပဲမဟုတ်လား။ မေမေတို့ ပေးစားတဲ့လူကိုကျတော့ ဆက် က မချစ်မနှစ်သက်ဘဲ တစ်သက်လုံး ပုံအပ်ပြီးပေါင်းသင်းရမှာ”

ဒေါ်နိုင်လှရွှေ နှုတ်ခမ်းအစုံဖွင့်လျက်သားနှင့်ဆွံ့အသွားလေသည်။ ဆက် သည် အလွန်အမင်းပြောချင်နေသည့်စကားတို့ ပြီးဆုံးအောင် ပြောမလို့၊ ပြောချင်တာတွေအားလုံး ပြောလိုက်ပြီးပြီဆိုမှ ဖြစ်လာသမျှကို ရင်ဆိုင်မလို့ ...၊

ဆုံးဖြတ်လိုက်ပြီး နေရာမှထရပ်လိုက်သည်။ ပြီးတော့ နောက်ကို ခြေနှစ်လှမ်းခန့်ဆုတ်လိုက်ပြီးမှ မေမေ့ကို တောင်းပန်သလိုကြည့်ကာ...

“အကျိုးသင့်အကြောင်းသင့်ကို ပြောပြတာပါ မေမေ၊ ဖေဖေ့ကိုလဲ ဆက် ပြောပြီးပြီ”

“ဘယ်လို ...”

“ဖေဖေက နားလည်တယ်၊ ဒါပေမယ့် မေမေ့ကို ဖေဖေ အတိုက်အခံ တင်ပြပေးဖို့ထိတော့ ဆက် ကို မလိုက်လျောဘူး။ မေမေ ဆက် ပြောတာကို နည်းနည်းလေးစဉ်းစားပေးပါ၊ မချစ်နိုင်တဲ့လူကို လက်ထပ်လိုက်ရပြီး တစ်သက်လုံး ဒုက္ခခံသွားရမှာကို ...”

“နေပါဦး၊ ဒီလောက် ယုတ်ကြမ်းတဲ့မျိုးရိုးဗီဇကလာတဲ့ကောင်လေးကတော့ ညည်းကို စိတ်ချမ်းသာမှုတွေ တစ်သက်လုံး ပေးစွမ်းနိုင်တယ် ပေါ့ ဟုတ်လား”

“ဒါ မသေချာပေမယ့် ဆက် ကိုယ်တိုင် ရွေးခဲ့တဲ့လမ်း ကိုယ်ချစ်ခြင်း





နိုးရတဲ့သူ...၊ သူက ဆိုးနေရင်လဲ ဟိုဒုက္ခနဲ့စာရင်အများကြီးခံသာပါတယ်”

“ဩော် ... ဩော် ...”

ဒေါ်နိုင်လှရွှေ ရင်နာခြင်းနှင့် ခပ်တိုးတိုးညည်း၏။ ထို့နောက် ထိုင်ရာမှဖြည်းလေးစွာရပ်လျက် ...

“ဆက်ပြောပါဦး ရွှေလက်ဆက် ရဲ့၊ ဒီလူကို မယူရဘူးလို့ မေမေ နှုတ်တားပြီး တခြားသူနဲ့ လက်ထပ်ပေးရင် ဘာတွေဖြစ်လာနိုင်မလဲ၊ ဘယ်လိုဆန့်ကျင်ဆန္ဒပြဖို့တွေ စီစဉ်ထားလဲ”

ဆက် က မျက်လွှာလေးချ၏။ ကြောက်ရွံ့ရှိသေခြင်းနဲ့မဟုတ်မှန်း တင်းတင်းစေ့ထားသည့်နှုတ်ခမ်းလေးတွေက ဖော်ပြနေခဲ့၏။ ပြီးမှ မျက်တောင်ဖျားလေးတွေ လှုပ်ခတ်လာရင်း မျက်ဝန်းတို့ကတော့ သူမထံ ရောက်မလာဘဲ ...

“ဆက် ကိုအပြစ်မပေးပါနဲ့ မေမေ၊ အဲဒီလို မိုက်ရူးရဲလုပ်ဖို့အတွက် ကြိုတင်ကြံစည်ထားရလောက်အောင် ဆက် ရင်ထဲမှာ မရှိပါဘူး”

တော်သေးတာပေါ့ဆိုသည့် အေးစက်စက်မျက်ဝန်းများနှင့် ဒေါ်နိုင်လှရွှေက ခေါင်းညိတ်၏။ သားသမီးကို မိဘက အလျှော့ပေးစရာလား ဆိုသည့် မာနမျိုး ရှိခဲ့သည်။

ကိုယ့်သမီးလေး ဘဝဖျက်လုလုအထိ ဒုက္ခပေးခဲ့သူအဖြစ် ဒီကောင်လေးကို ဘယ်လိုမှ လက်မခံနိုင်၊ ဒါကြောင့် မိဘအခွင့်အရေးနှင့် မရမက စီစဉ်ဖို့ဆုံးဖြတ်ခဲ့တာပါ။

‘ဖေဖေ့ကိုလဲပြောပြီးပြီ’ဆိုသော ဆက် ၏စကားကို ကြားလိုက်ကတည်းက သူမဘက်မှာ မဲတစ်ဝက်ရှုံးသွားပြီကို နားလည်လိုက်သည်။

အရိုင်း ဆိုသည့် ကောင်လေးကို ဘယ်လိုမျက်လုံးနဲ့ကြည့်ပြီး ညည်သို့ သာနားလည်မှုတွေနဲ့ ခွင့်လွှတ်ခဲ့မှန်းမသိသော ခင်ပွန်းသည်ကိုလည်း

www.burmeseclassic.com



အားမလာသည်နှင့်။

ခုလည်း သမီးဖြစ်တဲ့သူက မျက်ရည်လည်ရွဲနှင့် အတိုက်အခံစကား တွေ ပြောပြီဆိုကတည်းက ကွယ်ရာမှာ ပြောခဲ့သည်။

"သားသမီး ထင်ရာလုပ်သွားလို့ အရှက်ကွဲရ၊ သားသမီးကို ဆုံးရှုံးရ နဲ့ဖြစ်ကြတာ ငါတို့ ကြားဖူးမြင်ဖူးနေတာပဲ ရွှေ ကိုယ့်သမီးစိတ်ဓာတ်ကို လဲ သိရဲ့သားနဲ့၊ နှုတ်လုပ်လို့ဖြစ်ပါ့မလား မင်းစဉ်းစား၊ ငါကတော့ သမီး ကို တစ်သက်လုံး သူ့အဒေါ်တွေလက်ထဲမှာ ထည့်ထားပြီး မိသားစု ကွဲပြားနေခဲ့ရတာ၊ ခုချိန်မှာ ကိုယ့်ရင်ခွင်ထဲမှာ သမီးလေးကိုထည့်ထား ပြီး ပျော်ရွှင်စေချင်တယ်၊ သူထင်ရာလုပ်သွားလို့ ဆုံးရှုံးခံလိုက်ရမှာထဲ မလိုချင်ဘူး၊ ငါ့ဆန္ဒကတော့ အဲဒါပဲ" တဲ့။

ဒီလိုမလုပ်နဲ့၊ ဒီလိုလုပ်လို့ အမိန့်ပေးတာမဟုတ်ပေမယ့် နောက် လိုက်မရှိဘဲ ခေါင်းဆောင်ဆိုတာ ဖြစ်လာမလား ...။

ဒီကိစ္စ ရှင်မလုပ်ရင်နေ ဆိုပြီး ကိုယ်တစ်ယောက်တည်း ဦးဆောင် ကြိုးစားခဲ့တာ နောက်လိုက်ကမပါ၊ နာခံမယ့်သူမရှိ ...၊

မချင့်မရဲ လုံးထွေးပါလာသောဒေါသတွေက ဦးတည်ရာမဲ့နေခဲ့၏ သားသမီးနဲ့ မိဘတို့၏ မေတ္တာလွန်ဆွဲ ရွေးချယ်ပွဲတွေ ဘယ်မှာဆုံးမလဲ





အခန်း (၃၄)

"လက်လက်ရယ် နှင် ငါတို့ကိုနားလည်ပါနော်၊ အန်တို့ကိုလဲ စိတ်ဆိုး လို့မဟုတ်ပါဘူး။ ဒါပေမယ့် ငါတို့ဆုံဖြစ်ကြရင် ဒါတွေပဲပြောမိ တိုင်ပင်မိ ကြမယ်၊ အဲဒီအခါ နှင်စိတ်ဆင်းရဲနေရင် ငါတို့ ဘယ်လိုမှနေနိုင်ကြမှာ မဟုတ်ဘူး၊ နောက်ထပ် အဲဒီလိုသာအဆူခံရရင် ငါ ရှက်လို့ အတိတ်မေ့ သွားနိုင်တယ် သိလား"

ဖုန်းထဲကနေ တောင်းပန်ရင်း အနားမှာရှိနေသည့် မေမြတ် ကိုလည်း ဖျက်လုံးဝင့်ကြည့်မိ၏။ မေမြတ် က ဖုန်းထဲကအသံကို မကြားပေမယ့် သိချင်သည့်မျက်နှာလေးနှင့် စူးစိုက်ငေးနေရာကနေ ခက် က လှမ်းကြည့် တော့ အနားတိုးလာ၏။

'ဘာတဲ့လဲ' ဆိုသည့်အသံကို မထွက်စေဘဲ ဖုန်းကိုမေးငေါ့ပြရင်း နှုတ်ခမ်းလှုပ်ရုံပြောသည်။ ခက် က ခေါင်းရော လက်ရော ခါပြလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"လက်လက်"

"ဟင်"

"စိက်ဆိုးသွားလားဟင်"

"မဆိုးပါဘူး၊ နင်ပြန်သွားတော့ ငါလဲ မေမေ့ကို ရင်ထဲမှာရှိတဲ့ ခံစားချက်တွေ ဖွင့်ပြောပြလိုက်တယ်"

"ဟင် ... ဘာတွေလဲ"

"မသိချင်ပါနဲ့တော့ဟာ၊ ငါကတော့ ငါ့နှလုံးသားက လက်ညှိုးထိုးတဲ့ သူကိုပဲ လက်ခံနိုင်မှာ၊ နင်တို့ကို ငါ ပြောပြပြီးပြီပဲ၊ ငါ့ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင်လုပ်မှာ"

"နင်... နင်က သိုက် ကိုပဲပေါ့ ဟုတ်လား"

"အင်း"

"သူကရော ..."

"ငါ ဒီနေ့ သူနဲ့ချိန်းထားတယ်"

"နင် ထွက်လို့လွယ်ပါ့မလား"

"ငါ အခု ကားပေါ်မှာ"

"ဟင် ..."

ခက် မျက်လုံးပြူးသွားဟာ မေမြတ် က အားမလိုအားမရနှင့် ဖုန်းနားကို နားနဲ့ကပ်၏။ ခက် က မေမြတ်လည်းကြားရအောင် ဖုန်းကို နားနဲ့ နည်းနည်းခွာထားပေးကာ ...

"လက်လက် နင် နိုးရာလိုက်ဖို့တော့ မဟုတ်ပါဘူးနော်"

ဖုန်းထဲက ဆက် ၏ရယ်သံသဲ့သဲ့လေးကို ကြားလိုက်ရသည်။

"ဒါပဲနော်၊ ငါ ဖုန်းပိတ်ထားမလို့ မခေါ်နဲ့တော့"

"လက်လက် ..."





ခက် ဖျာဖျာသလဲလိုက်ခေါ်ပေမယ့် မရတော့ပါ။

"ချသွားပြီ"

ဟု စိတ်ပျက်စွာပြောရင်း ခုံတန်းကလေး၏နောက်မှီမှာ မှီချလိုက်မိသည်။

"ဘာတဲ့လဲ၊ ငါ သေချာမကြားလိုက်ဘူး၊ သူ သိုက် နဲ့သွားတွေ့ပြီပေါ့"

"ဟုတ်တယ်၊ အဲဒီတစ်ယောက်ကို ငါ လုံးဝကိုမသထာဘူးဟာ၊ လက်လက်နဲ့ လုံးဝမတန်ဘူး၊ ရုပ်ကြီးက ရေရေလည်လည်လူပါးဝမယ့် ရုပ်ကြီး"

"လက်လက် ကလဲ ဒါတွေ သူလဲ နားလည်ရဲ့သားနဲ့ ..."

ဟု ညည်းညူသလိုပြော၍ သက်ပြင်းချကာ ...

"သိုက် က တကယ်ပဲ အသွင်ရိုင်းဖြစ်နေတာထင်တယ်၊ သူ့ရဲ့ အရိုင်း ကလဲ အဲဒီလိုပုံစံ နေတာတဲ့"

"အရိုင်း ပဲဖြစ်ပါစေဦးဟာ အဲဒီ အရိုင်း က သူခင်သလို ခင်တွယ်နေလို့လား"

နှစ်ယောက်သား ငြိမ်ချက်သားကောင်းသွားပြန်သည်။ ထိုစဉ် ...

"အသွင်ရာ ... မင်းကလဲ ကလောမြို့သားဖြစ်နေပြီး အင်းယားကန်လောက်ကို မာတတ်ပုံရိုက်နေရတယ်လို့ ..."

ဟင် ...။ အသံတိတ် ဟင်ခနဲဖြစ်သွားခြင်းက ခက် နဲ့ မေမြတ် တို့ တစ်ယောက်ကိုတစ်ယောက် ပြူးကြည့်မိကြလေသည်။

ကျောနောက်ကအသံမို့ လှည့်ကြည့်လိုက်ကြတော့ သူမတို့ကို ကျောခိုင်းရပ်နေကြသည့် ယောကျ်ားနှစ်ယောက်၏ ခါးအထက်ပိုင်းကို မြင်လိုက်ကြရသည်။

တစ်ယောက်က အရပ်အနေတော်လောက်နှင့် တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်လုံးနီးပါးလောက်ပိုမြင့်၏။

ရှားရင့်ရောင် ဂျစ်ကားနက်ဗွေးဗွေးဂျစ်ကားလေး၏ တစ်ဖက်မှာမို့ ခက် တို့နဲ့ဆို နည်းနည်းတော့လှမ်းသေးသည်။

ဒါပေမယ့် ပြောသမျှကိုကြားနေရကာ ကျောနောက်မြင်တာနှင့် မှတ်မိလွယ်စေသော ထိုပုံစံကြောင့် ခက်နဲ့မေမြတ်တို့ တော်တော်နှင့် စကားမပြောနိုင်။ ခဏငေးနေပြီးမှ မျက်လုံးချင်းပြန်ဆုံကြကာ ...

"ကလော ကတဲ့"

ခက် က နှုတ်ခမ်းလှုပ်ရုံလေး တအံ့တသြပြော၏။ မေမြတ် က ခေါင်းညိတ်ကာ ...

"သွင်သူဌေး ဆိုတော့ ခုနက 'အသွင်'ဆိုတာရယ်၊ အသွင်ရိုင်း ဆိုတာရယ် ထပ်တူညီနေပြီပဲ၊ ပြီးတော့ ကလော ... ကလော ကဆိုတော့..."

မေမြတ် က သူမဘာသာပြောရင်း ခက် ကိုင်ထားဆဲရှိသည့်ဖုန်းကို ဆွဲယူလိုက်၏။

"လက်လက်ကို ဆက်မလို့လား"

"နေအးပေါ့၊ ဟို သိုက်သမားဆီမရောက်ခင် မြန်မြန်ပြောမှဖြစ်မယ် ဒီမှာ ရှစ်ဆယ်ရာခိုင်နှုန်းသေချာနေပြီဥစ္စာ"

ခက် ကလည်း စိတ်စောနေသည့်မျက်နှာလေးနှင့် မေမြတ် ဖုန်းခေါ်နေတာကို လည်ပင်းရှည်အောင်ကြည့်၏။

"တောက်"

"မရဘူးလား"

"ဖုန်းပိတ်ထားတယ်"

"ဟုတ်တယ် ဟုတ်တယ်၊ သူ ဖုန်းပိတ်ထားမယ်လို့ပြောထားတာ ဒုက္ခပါပဲဟယ်၊ သိုက် က ချစ်တယ် ဘာညာ ပြောလိုက်ရင် ပွဲသိမ်းပြီ"





"နေဦး"

မေမြတ် ဖျတ်ခနဲထရပ်လိုက်သဖြင့် ခက် လဲ ရောယောင် ထရပ်ကာ...

"ဘာလုပ်မလို့လဲ"

"ငါတို့က လက်လက်ကို သတင်းပေးမယ်၊ လက်လက်က သူနဲ့ မြန်မြန်တွေ့ပြီးမေးဦးမယ်၊ အဲဒါ ကြာတာပေါ့၊ အချိန်က အရမ်းအရေးကြီးနေတာကို၊ ငါ သွားမေးမယ်"

"ဟယ်... မဟုတ်တာ၊ မေမြတ် နေဦး"

မေမြတ် လက်မောင်းကို ခက် က အတင်းလိုက်ဆွဲထားရင်း ...

"အဲဒီကောင် အရမ်းအပြောဆိုးတာ၊ ဟိုတစ်ခါ လက်လက် ခေါ်သွားတွေထွက်နေတာ နှင် မသိဘူးလား။ တော်ကြာ မဖွယ်မရာတွေပြောလွှတ်ဦးမယ်"

"လွှတ်စမ်းပါစေ၊ ငါ အရမ်းသိချင်နေပြီ"

မေမြတ် က ကားရှိတဲ့ဆီကို အပြေးတစ်ပိုင်းကူးသွား၏။ ခက် လည်း နောက်ကလိုက်လာခဲ့ရသည်။ ရယ်သံနှစ်သံထွက်နေတဲ့ထဲမှာ တိုးရှသည့် ရယ်သံက သူ့ထံကဖြစ်မှန်းသိသာ၏။

လူပုံစံထွားထွားနှင့် ရယ်သံက မလိုက်ဖက်ပေ။ မျက်နှာတင်းတင်း အပြောကဆိုးဆိုးနှင့် ဒီလိုလူထံမှ ဤကဲ့သို့ သာယာနာပျော်ဖွယ်ရယ်သံမျိုး ကြားလိုက်ရတော့ အံ့သြမိသည်။

"ဘယ်သွားဦးမလို့လဲ မင်းက"

"သွားစရာရှိလို့ပေါ့၊ မင်းလဲ သတိထားနေ၊ စပ်စပ်စုစုတွေ သိချင်လာတယ်"

ပြောပြီး သူ မျက်နှာငုံ့၍ တစ်ခုခုလုပ်နေတာကို ဘာမှန်းမသိချင်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ရှေ့ဆက်မတိုးဘဲ ကားဘေးနားမှာရပ်ကာ ဘွန်းနှစ်ပေါ်မှာ လက်ထောက်လိုက်မိလျှင် ...

"ဂိုး"

"အမလေး"

ခွေးမာန်ဗီသံကြီး ဟိန်းထွက်လာသဖြင့် မေမြတ် လက်ကိုရုပ်ကာ လန့်ဖျပ်အော်လိုက်မိ၏။ ထိုအခါ ယောကျ်ားနှစ်ယောက်၏မျက်နှာတွေ သူ့ဘက်လှည့်လာကြသည်။

အသွင့် လက်ထဲမှာ ဗီဒီယိုကင်မရာလေးကိုင်လျက် ...

"ဟို ... ဒီက အသွင် ... အသွင်ရိုင်း လားလို့"

"ဘာ ..."

မေးလိုက်ပုံက နောက်ထပ်တစ်ခွန်းပြောမိတာနှင့် စက်ဖြတ်ပစ်တော့မယ့်အတိုင်း။

"ဒီလိုပါ"

ခက်က မေမြတ် တွန့်ဆုတ်သွားသည့်ဘေးမှာ ဝင်ရပ်လိုက်ပြီး ...

"ရှင့်ကိုသိနေတဲ့သူတစ်ယောက်က ..."

"ဘာတွေလာပြောနေတာလဲ၊ မင်းတို့ကိုလဲ ငါမသိဘူး၊ ဘယ်သူ့ကိုမှလဲ သိဖို့မရှိဘူး"

အသွင် ပြောလိုက်ပုံကြောင့် ဘေးမှာရှိနေသည့် ကိုကိုလေးမျက်နှာကြီး အားတုံ့အားနာနှင့် ပြုံးတော့မလို၊ မဲ့တော့မလိုဖြစ်ကာ မိန်းကလေးနှစ်ယောက်ကိုကြည့်သည်။

မိန်းကလေးတွေက ချောချောသန့်သန့်လေးတွေပါ။ တစ်ယောက်က စကတ်အရှည်အနီရောင်နှင့် တစ်ယောက်က ဂျင်းဘောင်းဘီရှည်ကို ဝတ်ထားသည်။





အသွင့် စကားကြောင့် မျက်နှာလေးတွေ ရဲခနဲဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတာလည်း မြင်ရသည်။

ဒါပေမယ့် သူမတို့မှာ စိတ်ဆိုးဖို့ထက် ပိုမိုအရေးကြီးသောအကြောင်း တစ်ခုခုရှိနေပုံပေါ်ကာ ...

"ဒီမှာ ..."

အသွင် က ကားပေါ်ရောက်နေပြီဖြစ်ရာ တစ်ယောက်က အသွင့်ဘေးကို ကမန်းကတန်းကပ်သွား၏။

ကားကို လက်နဲ့ကိုင်မလို့ပြင်ပြီးမှ နောက်ခန်းထဲမှာ မျက်လုံးကြီး တဝင်းဝင်းကြီးနှင့် စိုက်ကြည့်နေသည့် အယ်လ်ဆေးရှင်းခွေးကြီးကိုမြင်ကာ လက်ပြန်ရုပ်လိုက်ရသည်။

ယောကျ်ားဖြစ်ပြီး မိန်းကလေးတွေအပေါ်မှာ ဒီလောက်ရင့်သီးဖောက်မာစွာဆက်ဆံတာမျိုး တစ်ခါမှ မကြုံဖူးခဲ့ပါ။

လက်လက် ပြောတဲ့ 'ဟိုတုန်းက ဒီထက်ပိုဆိုးသေးတယ်' ဆိုတာ ဘာလဲ၊ ဒီထက်ပိုဆိုးဦးမည်ဆိုလျှင် သူ့နားမည်ခေါ်မိတာနှင့် နားရင်းအုပ်ခံရတာမျိုးပဲဖြစ်နိုင်သည်။

ဒေါသဖြစ်ဖို့ထက် အံ့ဩတာကပို၏။ ပြီးတော့ သိချင်တာကို သိရဖို့ပဲ စိတ်စောနေကာ မေမြတ် က ကားစက်နှိုးနေသည့် သူ့ကိုပဲ မျက်နှာချင်းနီးအောင်ငုံ့ကြည့်၍ ...

"ရှင် ... ရှင် ရွှေလက်ဆက် ကို သိလား"

မီးလျှံလိုမရဲသော်လည်း မီးညွန့်မီးလျှံကဲ့သို့ စူးရဲပူလောင်သော မျက်လုံးအစုံ သူမမျက်နှာဆီ ဝင့်ခနဲတက်လာ၏။ ပြီးတော့ အံကြိတ်လိုက်ပုံရှု နှုတ်ခမ်းအစုံပါ လွန့်ခနဲဖြစ်သွားသည်။

"ဘာ ရွှေလက်ဆက် လဲ၊ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"နောက်ဆုတ်လိုက်"

ကားက သိမ့်ခနဲခါသွားသဖြင့် မေမြတ် ကမန်းကတန်း နောက်ဆုတ်လိုက်ရသည်။

"တောက်"

ကိုယ့်သူငယ်ချင်းအဖြစ်ကို စာနာစိတ်နှင့် ခက် က တက်ခေါက်သည်။

"တော်တော်ရိုင်းတဲ့လူ"

ပြောလိုက်ပြီး မျက်လုံးက ကျန်နေခဲ့သည့်သူထံ ရောက်သွား၏။ ဒီလူကတော့ ဟိုတစ်ယောက်လို မဆိုးနိုင်ဟုထင်သည်။ စောစောက မျက်နှာမှာ အားနာဟန်နှင့် အနေခက်နေသည့်ပုံကို တွေ့လိုက်သဖြင့် ပြောဆိုကြည့်လို့ရကောင်းသည်ဟု တွက်မိကာ ...

"ဒီမှာ ..."

"ဟင် ..."

သူကလည်း ခြေလှမ်းပြင်နေပါပြီ။ ဘာလဲ ...၊

မေးမြန်းလာမှာကိုသိလို့ ပြင်နေတာလား၊ ခေါ်လိုက်လို့ ပြန်ကြည့်လာသည့်မျက်လုံးတွေက ထိတ်လန့်သွားဟန်နှင့် ...

"ရှင်က ဟိုတစ်ယောက်ရဲ့ သူငယ်ချင်းပေါ့နော်"

"ဟုတ်၊ ဟာ ... မဟုတ်ဘူး၊ ခင်ကြတာ၊ သူငယ်ချင်းတော့ မဟုတ်ဘူး"

"ဘယ်လို ..."

ခက် မျက်နှာလေးမှုန်သွားတော့ သူက ဒီဘက်ကိုပြန်လှည့်ရပ်လိုက်ကာ...





"ဒီလိုရှိတယ်ဗျာ၊ သူငယ်ချင်းဆိုတဲ့အဆင့်က ခင်မင်ရုံထက် အများကြီးပိုပါတယ်၊ သူက ကျွန်တော့်မိတ်ဆွေပါ၊ ခင်ကြတာလဲ သိပ်တော့ မကြာသေးဘူး၊ သူ့နာမည်ကိုတောင် 'အသွင်'ဆိုတာထက် ပိုမသိခဲ့ဘူး"

ပြောပြီး ခက် တို့နှစ်ယောက် ယုံ့မယုံ့ အကဲခတ်သည်။ ပြီးမှ ဆက်ပြော၏။

"သူကလဲ ဘာမှမေးတာမကြိုက်ဘူး။ အဲဒါကြောင့် တကယ် ဘာမှ ကိုမသိတာပါ"

"ကလောကဆိုတာတော့ အမှန်ပဲမဟုတ်လား"

"အဲ... အဲဒါတော့ အမှန်ပဲထင်တယ်"

'ထင်တယ်'လို့ပြောပုံကို ခက် က မကျေနပ်ပါ။ ဒီလောက်ပြောဆိုရင်ဆိုင်လိုက်ရပြီးမှ ဘာမှ မည်မည်ရရမသိခဲ့ရသည့်အဖြစ်ကို ဒေါသဖြစ်လျက် အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။

"အို... ဒီမှာ ..."

"ဘာလုပ်မလို့လဲ"

ခပ်သုတ်သုတ်ထွက်သွားသည့်သူ့ကို ခက် က လှမ်းခေါ် မလို့ပြင်၏။ မေမြတ် က ခက် လက်မောင်းကို ဖိဆွဲထားလိုက်သဖြင့် ပါးစပ်ပြင်ရင်း ပြန်လှည့်ကြည့်ကာ ...

"မေးချင်သေးလို့ပေါ့၊ သူ ဘယ်မှာနေသလဲဆိုတာလောက်တော့ သူ သိမှာပဲ"

"တော်ပါတော့ဟာ၊ မပြောချင်လို့ ဘာမှမသိပါဘူး ပြောသွားတဲ့ဥစ္စာ ဒီလောက်ထိ စရိုက်ဆန်တဲ့လူတွေ နေပါစေ မသိရင် ငါတို့က မိန်းမ နောက်ပိုးတွေကျနေတာပဲ"

ထိုင်ခုံနေရာထိ ဆောင့်အောင့်ပြန်လာပြီး ထိုင်ချလိုက်တဲ့အသံ

www.burmeseclassic.com

www.burmeseclassic.com



မေမြတ် က ပြောလို့ပြီးနိုင်၊ ခက်တော့ လေးနက်ဟန်တွေနှင့် စဉ်းစားလျက် ...

"ဒါ သူ့မျက်လုံးထဲမှာ တစ်ခုခုကို တွေ့မိသလိုပဲ၊ ကေနှ လက်လက်ကို သူ သိရက်နဲ့ အကြောင်းတစ်ခုခုကြောင့်များ ဒီလိုပြောတာလား"

"သွားသေလိုက်တော့ မိခက်၊ နောက်ဘဝကျမှ အဲဒီကောင်ရဲ့ စစ်တမ်းကို ပြန်ကောက်၊ ဒါကတော့ တော်ပြီ၊ ကာယကံရှင်ကိုယ်တိုင်က သူ့ စိတ်ခံစားမိပြီး သူ့ဘာသာရှေးသွားခဲ့တာ"

"ခံစားမိတယ်လို့တော့ မပြောပါနဲ့ဟာ၊ သူ ဘယ်လောက်ဖွဲလမ်းနေခဲ့သလဲ နင်လဲ သိသားနဲ့"

"ဟဲ့ ... ဟိုကမှမဖွဲ့လမ်းတာ၊ မေးမိတဲ့ဒါတို့ကိုပဲ ကိုင်ပေါက်ရိုက်သတ်တော့မယ့်အတိုင်း ..."

"အဲဒါကြောင့် နော်မယ်မဖြစ်တာကိုပြောတာ၊ ဒါတို့နဲ့ သူ တစ်ခါမှပြီးဖူးတာမရှိဘူးလေ၊ ခင်ခဲ့ကြတာလဲမရှိဘူး၊ ဒါတို့ သွားမေးခဲ့တာလဲ ရန်စကားမှမဟုတ်တာ၊ သူ ဘာလိုင်းကြီးထဖြစ်တာ ယုတ္တိမရှိဘူး"

ခက် ပြောတော့ မေမြတ် မျက်မှောင်လေးကြုတ်သွားသေးသည်။ ဒါပေမယ့် ...

"တော်ပြီ တော်ပြီ၊ ဘာဖြစ်ဖြစ်ထားလိုက်တော့၊ အခု ဒါတို့ကြောင့် လက်လက်တောင် သိက္ခာကျသွားပြီ၊ ပြောမနေနဲ့တော့"

ခက် အသံလေးတိတ်သွားပေမယ့် ရင်ထဲမှာတော့ ငြိမ်းချမ်းခြင်းမရှိခဲ့ပါ။ အသွင် ဆိုသည့်တစ်ယောက်နှင့် သိုက် ဂ႐ု ယှဉ်ကြည့်မည်ဆိုလျှင် ဘယ်သူ့ကိုမှ အမှတ်ပေးဖို့မရှိပေ။

တစ်ယောက်က ထိမထင်မဲ့ပြုံးနှင့် လောကကို ခါးစောင်းတင်တော့မလိုလို ...။





တစ်ယောက်ကျတော့ တစ်ကမ္ဘာလုံးကို စိန်ခေါ်ထုတ်ပြီး စစ်ကြေညာတော့မည့်မျက်နှာနှင့် ...။

ဒါပေမယ့် ရိုင်းပျတာချင်းတူရင်တောင်မှ မျက်လုံးတွေထဲမှာ ကွဲပြားနေသည်ဟုထင်၏။

သေချာခိုင်မာနေတာတစ်ခုက လက်လက် အတွက်ဆို သိုက် ဆိုသည့်လူဟာ မသင့်တော်၊ မထိုက်တန်သည့်ဘက်မှာပဲ အမြဲတမ်းဖြစ်နေခဲ့သည့်လူ .....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၅)

"အမြဲတမ်း နောက်ကျမှလာဖို့ တမင်စိတ်ကူးထားတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး"

ဒါဟာ ရင်ထဲကထိရှနေခြင်းကို ဖော်ပြလိုက်သည့်မေးခွန်းပဲဖြစ်သည်။ ဒါပေမယ့် သိုက် က တည်ငြိမ်သည့်မျက်နှာနှင့် ခေါင်းတစ်ချက်ခါလိုက်ရုံမှလွဲ၍ ဘာမှဖြေရှင်းခြင်းမပြု။

ဘောင်းဘီရှည်မီးခိုးရောင်ပြောင်နှင့် မီးခိုးရောင်ကန့်လန့်စင်းပါသည့် စပို့ရှပ်လက်တိုအနက်ကို ဝတ်ထားသည်။

မျက်နှာထက်မှာ ရှေ့ဆံပင်တွေက မျက်ခုံးအောက်လောက်ထိ နေရာယူထားကြသော်လည်း ရီးလက်စ်မျက်မှန် ပြာလဲ့လဲ့နက်မွေးမွေးနှင့် ကြည့်လို့ကောင်းသည်။

ကားပေါ် ကဆင်းလာပုံ၊ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက် ထည့်





ထား၍ ခပ်နွဲ့နွဲ့လျှောက်လာပုံ၊ အားလုံးက တခမ်းတနားပြုမူနေသလို တင့်တယ်၏။

အနားရောက်လာတော့လည်း ဆက် က သူ့ကိုကြည့်မိတုန်းပင်။ ချောလွန်းလို့ကြည့်နေတာတော့မဟုတ်ပါ။ ဒါပေမယ့် သူ့မျက်ဝန်းမှာ မလိုလားသော၊ စူးစမ်းသောအကြည့် တစိုးတစိမှမပါခဲ့တဲ့ သေချာသည်။

သိုက် ဆိုသည့်ယောကျ်ား ဘယ်လိုစကားတွေနဲ့ပဲ ပစ်ပေါက်ပါစေ စီးကျောကျောရင့်သီးသော အမူအရာတွေနဲ့ ဘယ်လိုနေနေ ဒီပုံစံ၊ ဒီအပြောတွေဟာ အရိုင်း နဲ့ သူ တစ်ထပ်တည်းဖြစ်ကြောင်း သက်သေထူပြသလိုရှိနေသည့်အတွက် ကျေနပ်သည်။

ဟိုတုန်းက အရိုင်း ကလည်း ဒီတိုင်း၊ ဒီထက်ပင်ရိုင်းခဲ့ပါသေးသည်။

"မင်းရောက်နေတာ ကြာသွားလို့လား"

ဆက် ရဲ့ဘေးမှာ ယှဉ်တွဲရပ်လိုက်ပြီး သူက စ၍မေးသည်။ ဆက် က ခေါင်းခါလိုက်ပြီး ...

"မကြာသေးပေမယ့် မျှော်ရတဲ့အလုပ်က သိပ်ပင်ပန်းတာ၊ အမှဲ လက်တွေ့ကြုံလိုက်မှ ပိုသိသွားတယ်၊ နင် အဲဒီလိုမျှော်ခဲ့ဖူးလား"

မေးလိုက်တော့ မျက်မှန်ထဲက မျက်ဝန်းတွေ လက်ခနဲ တစ်ချက်ဖြစ်သွားပြီး ရယ်သည်။

"တို့က ဟင့်အင်းလို့ဖြေလိုက်ရင် အဲဒါကြောင့် ကိုယ်ချင်းမစာတာလို့ မင်းက ပြောမှာပေါ့၊ တို့ တကယ် အလုပ်များသွားလို့ပါ၊ ဆောရီး"

"အရိုင်း"

"ဟင်"

"ဟိုတုန်းကလို နင်နဲ့ငါနဲ့ပဲ ပြောပါလား၊ ငါက အဲဒီအမှန်တုန်းက တို့တွေ ရန်ဖြစ်ရ၊ စွန့်စားခဲ့ရတာတွေကို တမ်းတနေခဲ့တာ၊ ပြန်ဆုံခဲ့ကြရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ရင်းနှီးတွယ်တာခဲ့ကြတာတွေကြောင့် အများသူငါ ထည်လဲပြောနေကြတဲ့ စကားတွေနဲ့ လုံးဝကွဲပြားခြားနားတဲ့ သံယောဇဉ်စကားတွေကို ဆိုချင်တယ်၊ ငါတို့ ဘာကြောင့် ခင်တွယ်ကြတယ်ဆိုတာကိုလဲ စိတ်ဝင်စားတဲ့လူတွေက မေးရင် လှိုက်လှိုက်လှဲလှဲပြောပြချင်တယ်"

"ထားခဲ့လိုက်တော့လို့ ပြောပြီးပြီပဲ ဆက်။ နံပါတ်တစ် အတိတ်ကို ပြန်မတွေးချင်ဘူး၊ နံပါတ်နှစ်က မင်းကို အဲဒီတုန်းကလို ဖြူဖြူစင်စင် ခေါ် ပြောဆက်ဆံသွားဖို့ မလွယ်ဘူး၊ နံပါတ်သုံးက သူငယ်ချင်းဆိုတဲ့ ဘောင်နဲ့ အစဖွင့်လိုက်ရင် ရည်းစားစကားပြောဖို့ခက်မယ်"

ဆက် က သူ့ကိုငေးနေသည့်မျက်ဝန်းလေးတွေကို ကန့်ရွေဖြင့်ဘာကို့သို့ မသိမသာလွှဲ၏။

"ရွှေလက်ဆက်"

"ဟင်"

ဒီလိုခေါ်တာလေးကိုကြားချင်ခဲ့တာပါ။ ဆက် နှုတ်ခမ်းလေးတွေပွင့်ပြုံးယောင်သမ်းသွားသည်။

သိုက် က ဆက် လက်ဖဝါးလေးတစ်ဖက်ကို ဖိညှစ်ဆွဲယူလိုက်ကာ၊

"မင်းကို ဒီနေရာလာခဲ့ပါလို့ အရေးတကြီးချိန်းလိုက်ရတာ ခင်ခဲ့တာတွေ ပြန်ပြောပြီး ဖြူစင်ချင်တာမဟုတ်ဘူး"

"ငါက ..."

"မင်းကိုချစ်တယ်"

ဆက် ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိပါ။ ရင်တုန်သွားတာလား ရင်ခုန်နေတာလား ဘာမှန်းမသိပေမယ့် လက်ကို ဖိဆုပ်ထားလှိုက်တာကို ရုက်နေမိ၏။

ရန်တွေဖြစ်ခဲ့၊ ရင်းနှီးခဲ့ဖူးသည့်မျက်နှာကို ဧစ္ဆေ့မကြည့်ရှုသလိုဖြစ်





လျက် လက်ကိုရုန်းမိသည်။ သိုက် က မလွှတ်ဘဲ ဆက် ရဲ့လက်ကိုလည်း ဆွဲယူကာ သူက အနားထပ်တိုး၏။

"အချိန်တွေ ထပ်မစောင့်ချင်တော့ဘူး၊ တို့ကိုချစ်တယ်မဟုတ်လား၊ ဖြေပါ"

"အို... အရိုင်း ..."

ကန်တော်ကြီးဥယျာဉ်ထဲမှာ စုံတွဲတွေပဲများပေမယ့် စုံတွဲမဟုတ်တာတွေရော သွားလာလည်ပတ်ခြင်းသက်သက်နဲ့ရှိနေတဲ့လူတွေရော အများကြီးပင်။

ပခုံးလေးကိုဆွဲဖက်လိုက်ပြီး သူ့မျက်နှာ ငုံ့မိုးလာတော့ ဆက် အထိတ်တလန့်ဖြစ်သွား၏။

"ဖြေလေ"

"ဟာ .. နင်ကလဲ ချက်ချင်းကြီး၊ ဖယ်စမ်းပါ"

"ဘာ ချက်ချင်းကြီးရဲ့ ဆက်၊ တို့အတွက် အချိန်ရှိတော့လို့လား၊ အဲဒါကြောင့် ခင်တာ မင်တာတွေကို လုံးဝ ဘာမှပြန်မစချင်ခဲ့တာ၊ ဒါပေမယ့် အဲဒီကာလတွေကိုတော့ တို့ မမေ့သေးဘူး။ ချက်ချင်းကြီးလို့ မင်း ပြောလိုက်တာကိုလဲ မကျေနပ်ဘူး။ ဘာလဲ မင်း သူများနဲ့လက်ထပ်သွားတဲ့အထိ တို့က ထိုင်စောင့်နေရဦးမှာလား"

"ဟင် ..."

ဆက် က သူဖက်ထားသည့်လက်ကို ဖယ်ချပစ်လိုက်ရင်း တအံ့တသြကြည့်သည်။

"နင် ... နင် အဲဒါကိုသိတယ်"

သိုက် က ခါးစပ်မှာ လက်မနှစ်ဖက်နှင့်ချိတ်ပြီး ခြေချဲရပ်လိုက်ရင်း ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မသိရမှာလဲ၊ သန်းထွတ်လိုကောင်နဲ့ မင်း ပတ်သက်တဲ့ကိစ္စကို တို့ မသိနိုင်ဘူးလို့ထင်နေတာလား"

ဆက် က မဖြေပါ။ ဆံပင်ရှည်ရှည်တွေ ကျောထက်ကနေပြုဆင်း၍ ပါးတစ်ခြမ်း၏ဘေးမှာ အုပ်ကွယ်လာကာမှ မျက်နှာလေးမော့၍ ကျောနောက်ကိုပြန်မှီသည်။

သိုက် က ဆက် မျက်နှာလေးကိုငုံ့မိုးကြည့်နေရင်း ခဏစောင့်၏။ သူမ ဘာမှမပြောတော့မှ ...

"မသိပါဘူး။ တို့သိပြီးလောက်ပြီထင်လို့ မင်း မပြောတာဘဲလို့ တို့က ထင်တာ"

"မဟုတ်ပါဘူး၊ သန်းထွတ်နဲ့ နင်နဲ့ပတ်သက်နေတာကို သတိမရလိုက်တာ၊ ပြီးတော့ အဲဒီမင်္ဂလာကိစ္စကို ဆုံးဖြတ်ရခက်တဲ့ ပြဿနာတစ်ရပ်လိုမျိုး ငါခေါင်းထဲကိုထည့်မထားခဲ့ဘူး၊ အဲဒါကြောင့် မပြောဖြစ်တာ၊ လူကြီးတွေ စီစဉ်မယ်ဆိုတာကလဲ အစက ပြောကြဆိုကြရုံပဲလို့လို့နဲ့ ချက်ချင်းကြီး အသေအချာထဖြစ်သွားတာ"

"အဟွန်း ... အဲဒါ သန်းထွတ်ကြောင့်ဆိုတာရော မင်း မတွေးမိဘူးလား"

"သိသားပဲ၊ ငါ့ကို သူ ဟိုတုန်းက ပရိုပို့စ်လုပ်ထားဖူးတယ်"

'ဒါတင်ဘယ်ကမလဲ သန်းထွတ်က ငါ့ရဲ့ဆွေမျိုးအရင်းကြီးလေ၊ အဲဒါကြောင့် ငါ့ကို အနိုင်တိုက်ချင်တာ'

ဟု ရင်ထဲမှာ စကားတွေပြောရင်း သိုက် က မျက်နှာခပ်လွှဲလွှဲနှင့် မဲ့၏။ ပြီးတော့ ဖျတ်ခနဲပြန်လှည့်ကြည့်ကာ ...

"ထားလိုက်ပါတော့ အဲဒါတွေ၊ လူကြီးတွေစီစဉ်ကြတာက ပြဿနာ မဟုတ်ဘူးဆိုတော့ မင်းရင်ထဲမှာ စိုးမိုးနေခဲ့တဲ့သူ ရှိပြီးသားဆိုတဲ့သဘော





ပေါ့။ အဲဒါ ဘယ်သူလဲ"

"ဘယ်သူထင်လို့လဲ"

ဒူးထောက်ခယလိုခြင်းကင်းသည့်မျက်ဝန်းတစ်စုံသည် အထက်စီးမှာရှိနေလျက် ဂရုမစိုက်တတ်သော ခပ်ရွဲ့ရွဲ့ မျက်ဝန်းလေးတွေကလည်း သူ့ကိုပင့်မော့ကြည့်ရင်း မျက်တောင်တစ်ချက်မှမခတ်။

ဆက် ဟာ အရှုံးမပေးတတ်ခဲ့သူပါ။ ဒါပေမယ့် သူ့နဲ့ကျမှ ပြန်လှည့်ဆုံးဖို့ စတင်ကြိုးစားခဲ့ရသူအဖြစ် ဒူးထောက်ခဲ့ရသည်။ နောက်ထပ် အနိုင်မခံလိုသူအပေါ် မှာ တစ်ခါမှလည်း သူမ မနိုင်ခဲ့ရပေ။

သူဟာ အရိုင်း ဆိုပေမယ့်လည်း သူငယ်ချင်းလေးဘဝတုန်းက သူ ဘာပြောပြော၊ ဘယ်လိုဆိုဆို ဖြူဖြူစင်စင်ကြင်နာမှုလေးတွေနှင့် ခွင့်လွှတ်အနစ်နာခံခဲ့နိုင်သည်။

ခုကျတော့ နှလုံးသားတွေ အရောင်ပြောင်းခဲ့သည်လား၊ ရင်ခုန်သံတွေ သံစဉ်မှားကုန်ပြီလား ...။

ဟိုတုန်းကလို ကြင်နာချင်ကြတာမှမဟုတ်ဘဲ။ သူ ဟိုတုန်းကလို ရင့်သီးရိုင်းပျနေဆဲအဖြစ်က ရင်ဘတ်နေရာမှာ ခိုးလိုးခုလုခံနေသည်။

ဒီတိုင်းကြာလာရင် တစ်ပေါက်ချင်း အဆက်မပြတ်ကျနေသည့် ရေပေါက်အောက်က ကျောက်ချိုင့်ကလေးလို နှလုံးသားမှာ ဒဏ်ရာဖြစ်လာနိုင်၏။

မိနစ်ကလေးတစ်ယောက်က ဒီလောက် တကောက်ကောက်လိုက်ပြီး ချိန်းလိုက်တိုင်းရောက်လာနေခဲ့တာတောင်မှ မင်းရင်ထဲမှာ ဘယ်သူရှိနေသလဲလို့ မေးရက်သည်။

ချစ်တယ် ဆိုသည့်စကားကို တခမ်းတနား အဆင်တန်ဆာများနှင့် ခြုံကြည့်ခဲ့ရင်တောင်မှ ချစ်တယ်လို့ပြန်ဖြေရမယ့်လူကိုတော့ ဖြေချင်

www.burmeseclassic.com



အောင် နူးညံ့သင့်သည်။ ဖြေရဲအောင် ဖြားယောင်းသင့်၏။

ဆက် နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်ပြီး ပြုံးတာလည်းမဟုတ်၊ မဲ့တာလည်းမဟုတ်ဘဲ မျက်နှာလွှဲ၏။

"ဆက်"

သိုက် ဆက် မျက်နှာလွှဲပစ်လိုက်တာကို အားမလိုအားမရနှင့် ပခုံးနှစ်ဖက်ကို ဆတ်ခနဲဆွဲလှည့်၏။

"တို့ သိချင်တာက မင်းရင်ထဲမှာ အရိုင်း ဆိုတဲ့ သူငယ်ချင်း တစ်ယောက်ကို အမြဲသတိရနေခဲ့တာဆိုရင်တောင် ဒါက သူငယ်ချင်းပဲ၊ အဲဒီနောက်ပိုင်းမှာ ပြောင်းလဲခဲ့တဲ့ မင်းရဲ့ခံစားချက်တွေကို သိချင်နေတာ"

"ပြောင်းလဲသွားပြီဆိုရင် နင်ခေါ်တဲ့နေရာကို ငါလိုက်ပါ့မလား၊ နင်ချိန်းတဲ့ဆီကို ရောက်အောင်လာပါ့မလား"

"မဟုတ်သေးဘူး၊ ပြောင်းလဲရမယ်၊ အရိုင်း က သူငယ်ချင်း၊ အခုငါလဲ သိုက် ဖြစ်နေပြီ၊ သူငယ်ချင်းကိုထားခဲ့လိုက်မှ သိုက် ဆိုတဲ့ကောင်ကို ချစ်လို့ရမှာ"

"ဘာလို့ထားခဲ့ရမှာလဲ အရိုင်း၊ နင်နဲ့ငါ အဲဒီလိုသာ သံယောဇဉ်တွေ မရှိခဲ့ဘူးဆိုရင် နင့်နောက်ကို ဝပ်တွားခယပြီး တကောက်ကောက်လိုက်နေတဲ့မိန်းမ ငါ ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး"

ပြောပြီး ဆုပ်ကိုင်ထားသည့် သူ့လက်တွေကို ဆက် က ဖယ်ချ၏။ သိုက် က အတင်းဖိဆုပ်ထားသည်မို့ ပခုံးနှစ်ဖက်မှာ နာကျင်လာခဲ့သည်။

ဆက် က ဆက်လက်ရုန်းဖယ်ခြင်းမပြုတော့ဘဲ ထိုလက်တွေပေါ်မှာ ထပ်ဆုပ်ကိုင်ထားလျက်နှင့် မော့ကြည့်နေကာ ...

"သူငယ်ချင်းပဲဖြစ်ဖြစ်၊ ချစ်သူပဲဖြစ်ဖြစ် ငါ့ဘဝမှာ အရိုင်း ဆိုတဲ့ ယောက်ျားတစ်ယောက်ကိုပဲ သံယောဇဉ်အမြစ်တွယ်ခဲ့ဖူးတယ်၊ အဲဒီ



BURMESE CLASSIC



အမြစ်ကနေ ဘာပင်ပဲပေါက်လာလာ၊ ဘယ်လိုအသီးပဲသီးသီး [illegible] ရှင်သန်ဖို့ငါ ငါ ကြိုးစားမှာ"

ပြော၍ မျက်ဝန်းတွေ ရူးရဲနေသည့် သိုက် ကို ဆက် က [illegible] ကြည့်လျက် ...

"နင် ဘာဖြစ်လို့ အရိုင်း ဆိုတဲ့ဘဝကို ..."

"မပြောနဲ့၊ အဲဒါတွေအားလုံးကို ထားခဲ့လိုက်ပြီလို့ပြောပြီးသား၊ မင်းခုထိ တို့ကို သဘောမပေါက်သေးဘူး ဆက်"

"ဟုတ်တယ် သဘောမပေါက်နိုင်ဘူး၊ နင့်ရင်ထဲမှာ ငါ့လိုပဲ ဟိုတုန်းက အဖြစ်လေးတွေကို ဘာဖြစ်လို့လွမ်းတမ်းတမနေခဲ့တာလဲ၊ လွမ်းစရာတွေကို ဘာဖြစ်လို့ နာစရာတွေလို့ပဲ သတ်မှတ်ခဲ့တာလဲ"

"နာကျင်စရာတွေကို ဘယ်လိုလုပ်ပြီး လွမ်းရမှာလဲ"

"မဟုတ်ဘူးလေ"

ဆက် ဘာဆက်ပြောရမှန်းမသိ။ နာကျင်စရာက သပ်သပ်၊ လွမ်းစရာတွေက သပ်သပ် မဟုတ်ဘူးလား။ သူ နာကျင်ခဲ့ရတဲ့ဘဝထဲမှာ ကိုယ်နဲ့သက်ဆိုင်ခဲ့တဲ့အဖြစ်တွေကရော နာကျင်စရာတွေ ဖြစ်ခဲ့လို့လား"

ကိုယ့်မှာတော့ ငိုနေနေ၊ ရယ်နေနေ နေ့စဉ် လစဉ် နှစ်တွေကုန်လွန်ခဲ့သမျှ ခံစားချက်အားလုံးဟာ သူ့ကို သတိရနေခဲ့တဲ့ တမ်းတမှုများနဲ့ ရောထွေးမသွားခဲ့ပါ။

ငိုနေလည်း သူ့ကို သတိရလိုက်တာနှင့် မျက်ရည်တွေ ရပ်တန့်ကုန်သည်။ ရယ်နေလည်း သူ့အကြောင်းတွေးမိလိုက်သည့်အခါမှာ ရယ်စရာတွေက အဓိပ္ပာယ်မဲ့နေသလိုလို ...။

ဒါဆို သူပြောဦးမည်ထင်သည်။ 'ငါ့ဘဝက မင်းထက် ရှာကြီးဆိုးခဲ့တာ'လို့ ဆက် မျက်နှာလေးမှာ မျက်ရည်ထက်ဆိုးသော ပွလောင်



www.burmeseclassic.com

www.burmeseclassic.com



သောကတွေ လွှမ်းခြုံလာခဲ့လျက် နီမြန်းမြန်းညိုမှောင်လာခဲ့၏။

သိုက် ကတော့ တင်းမာနေသည့်မျက်နှာကို နည်းနည်းလေးမှ လျှော့ချမသွားပေ။

"မင်းနဲ့တို့ အတိတ်ကို တစ်ပတ်ပြန်လျှောက်နေရင်တော့ အဲဒီမှာရှိခဲ့တဲ့ ကျင်းတွေ၊ ချိုင့်တွေထဲပဲ ပြန်ကျွံမယ်၊ ဆူးစူးမယ်၊ ပိုဆိုးတာက ခလုတ်တိုက်ခြေခေါက်ရင် လက်တွဲပြုတ်ဖို့လဲဖြစ်နိုင်တယ်"

ဆက် မျက်နှာလေး တင်းခနဲဖြစ်သွားသည်။ သိုက် က ဖိဆုပ်ထားသည့်လက်ကို မလွှတ်ဘဲ မျက်နှာချင်းနီးအောင် ထပ်ဆွဲယူလိုက်၏။

ဆက် ကလည်း မရုန်းပါ။ ဒါပေမယ့် မျက်ဝန်းလေးတွေမှာတော့ နူးညံ့ပျော့ဝင်ခြင်းတွေ နည်းပါးခဲ့လျက် အေးစက်စက် မထိတထိလေးဖြစ်နေခဲ့သည်။

"ထားခဲ့လိုက်ပါ၊ အဲဒါကိုပဲ ပြောချင်တာ၊ ဖြစ်နိုင်ရင် ... မင်း... မင်း အဲဒီ အရိုင်း ဆိုတဲ့ ..."

"အားလုံးကိုထားခဲ့နိုင်ရင်တောင် 'အသွင်ရိုင်း' ဆိုတဲ့ကောင်လေးကို မထားခဲ့နိုင်ဘူး"

ဆက် က တစ်လုံးချင်းပြော၏။ သိုက် မျက်နှာ တင်းခနဲဖြစ်သွားပြီးမှ ပြေကျသွားကာ ...

"ဟုတ်ပြီ၊ ဒါပေမယ့် မင်းကို တို့ကတော့ သိုက် အဖြစ်နဲ့ပဲ တစ်ကနေ စ,ချစ်မယ်"

"ဟင့်အင်း"

သိုက် က ဆက် ပခုံးလေးကို ရင်ခွင်ထဲဆွဲသွင်းကာ ပါးပြင်နုနုကို နမ်းရှိုက်ဖို့ပြင်၏။ ဆက် က ခဏလေး အံ့အားသင့်သလိုပါသွားကာ အတင်းအကျပ်ပြန်ရုန်းသည်။





တခြားမိန်းကလေးတွေလို ရှက်စနိုး တိမ်းဖယ်နေတာမျိုးမဟုတ်ဘဲ ရုပ်ပျက်ဆင်းပျက်ဖြစ်လောက်အောင်ရုန်းတာဖြစ်၏။

"မရဘူး၊ အဲဒီလို နင် ငါ့ရဲ့စိတ်ကူးတွေ၊ မျှော်လင့်ချက်တွေကို ရိုက်မချိုးနဲ့"

ဆက် နဲ့သူဟာ ခဏလေးအတွင်းမှာ ရန်သူတွေဖြစ်သွားကြသလိုပင်။

"ငါ့ရဲ့အတိတ်ကို ငါ ဘယ်လိုရှုးသွပ်ခဲ့သလဲဆိုတာ နင် သိတယ်၊ နင့်ရဲ့ ရင့်သီးတဲ့စကားတွေကို ဥပေက္ခာထားပြီး နင့်ကိုမငြိုငြင်အောင် ငါ ကြိုးစားနေရတုန်းမှာ ဒီစကားမျိုးလာပြောလိုက်တာ နင်သိပ်လွန်လွန်းသွားပြီ သိလား၊ နင့်စကားတွေက အရိုင်း ဆိုတဲ့လူဟာ နင်မဟုတ်ခဲ့လို့ ဒီအသံ, ဒီအကြောင်းတွေကို မကြားချင်နေတာနဲ့တူနေတယ်၊ အတိတ် ဘယ်လောက်ပဲဆိုးခဲ့ဆိုးခဲ့ ကိုယ့်ကိုယ်ကို ပြန်ပြီးမုန်းတီးနေရလောက်အောင် စိတ်နာတဲ့သူ ရှိဖူးလား"

"စကားတတ်တိုင်းပြောမနေနဲ့ ဆက်၊ မင်းနဲ့တို့ အဲဒီအတိတ်တွေက ထွက်မှဖြစ်မယ်၊ တို့ တောင်းပန်ချင်တယ်၊ ရန်မဖြစ်ချင်လို့ပြောတာပါ၊ ကိုနှစ်ယောက် လက်ထပ်ကြဖို့ပဲ ဆွေးနွေးရအောင်နော်"

သိုက်ဘက်က ငြိမ်းချမ်းရေးတံတားခင်းဖို့ လမ်းရှင်းလာခဲ့သည်။ ထူးဆန်းစွာ နူးညံ့ရီဝေသွားခဲ့သည့် သိုက်မျက်နှာကို ဆက် က ငေး၏။ ဒါကို အလစ်ဝိုက်ဖမ်း၍ သိုက် က အနားပြန်ကပ်သည်။ ပြီးတော့ ပခုံးနှစ်ဖက်ကို ဖွဖွသာသာလေး ဆွဲယူကာ ...

"တို့ ပြောဆိုယူဆတာတွေ မှားသွားခဲ့ရင် ခွင့်လွှတ်ပါ၊ အဲဒါ မင်းကို သိပ်ချစ်လို့ ..."

စကားသံသည် တဖြည်းဖြည်း တိုးရှသွားခဲ့ပြီး ဆက် မျက်နှာလေးကို မေးဖျားလေးကနေ မော့ယူလိုက်သည်။ ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်၏ထုံသင်းသော လေညင်းရနံ့မှာ ဆက် မေ့မူးသွားတော့မတတ်၊ ငြင်းဖို့လည်းမေ့နေသည်၊ ပတ်ဝန်းကျင်ကိုလည်း သတိမရ။

နှုတ်ခမ်းနှစ်စုံသည် တုန်ယင်တိမ်းမူးစွာရှိဝေလာခဲ့စဉ် ...

"ဟင် ..."

ဆက် မျက်ဝန်းထောင့်မှာ ထွားကျိုင်းသန်မာသော လည်ဆံမွေးဖွားဖွားနှင့် ခွေးတစ်ကောင်၏အရိပ်က နီးကပ်စွာပေါ်လာခဲ့၏။

ထိုခဏမှာ သူမကိုယ်သူမ ဘာဖြစ်သွားခဲ့မှန်းပင်မသိလိုက်ဘဲ သိုက်ရင်ဘတ်ကို တွန်းပစ်လိုက်မိ၏။ ပြီးတော့ အနားရောက်လာသည့်ခွေးကို ငုံ့ကြည့်မိသည်။ လည်ပတ်ကိုမြင်လိုက်တာနှင့် လပ်ကီးပဲဆိုတာကိုလည်း တန်းသိလိုက်သည်။

ဒီလည်ပတ်ကို သေချာကိုင်ကြည့်ချင်သည်။ သူ ခိုးလာခဲ့တာမှန်ရင်တောင်မှ အရိုင်း ဒါကိုမြင်လျှင် သိရမှာပေါ့။ ဆက် က သိုက် ကို အားတက်သရောလှည့်ကြည့်သည်။ သိုက် မျက်လုံးတွေကလည်း ခွေးကိုပဲ စူးစူးဝါးဝါးကြည့်နေတာဖြစ်ကာ လည်ပတ်ကို မမြင်တာဟာ သတိမထားမိတာလား၊ အကြည့်တွေက လည်ပတ်ဆီမှာမဟုတ်ပေ။

ထို့ပြင် မျက်နှာထက်မှာ အလွန်အမင်း စိက်တိုနေသည့် တင်းမာမှုများနှင့် ...

"တောက်"

စိတ်ဆတ်သူပီပီ ရင်ခုန်သံများကိုဖျက်ဆီးပစ်လိုက်သည့်ခွေးကို ကိုင်ပေါက်လွှင့်ပစ်ချင်စိတ်ဖြစ်လျက် မျက်လုံးက ခွေးရှင်ကို လှည့်ပတ်ရှာမိ၏။

"အရိုင်း ဒီခွေးရဲ့လည်ပတ်ကိုကြည့်စမ်း၊ လည်ဆံမွေးထဲမှာမြုပ်နေလို့သိလား၊ လာ ဒီမှာသေချာကြည့်"

"ဘာလုပ်ရမှာလဲ ကြည့်တော့ ..."





'ဒီကောင် သက်သက်လုပ်ချလိုက်တာ'ဆိုသည့် စကားကိုတော့ ရင်ထဲမှာပဲ အော်ဟစ်ပြောလိုက်မိ၏။ ခြံချင်းကပ်လျက်မှာနေတာ ဒီခွေးကို မမြင်ချင်မှအဆုံး။

ဆက် နဲ့တွေ့တိုင်း ဒီကောင်ရောက်ရောက်လာတာ ဘာလဲ။

"လပ်ကီး ပြန်ခဲ့စမ်း၊ မင်း မရှက်တတ်ဘူးလားကွ"

ဟင် ...။ စကားသံက အလှမ်းဝေးနေသလိုထင်ရပေမယ့် ပီပီသသကြီး။ ဆက် ကိုယ်လေးတောင့်သွား၏။ ဒီအသံကို မှတ်မိနေသလို ဘာကိုရည်ရွယ်ပြီးပြောလိုက်တာမှန်းလည်း သိလိုက်သည်။

ရှက်ရအောင် ဒီက ဘာလုပ်နေလို့လဲ။ မာနနှင့်ရန်လိုစွာတွေးလိုက်မိပြီးမှ ခုနက သိုက်နဲ့သူမကို သူမြင်သွားခဲ့သည်မှန်း သတိရလိုက်သည်။ သို့သော် ရှက်သွေးဖြန်းဖို့တောင် အချိန်မရလိုက်ဘဲ ထိုသူဆီသို့ သိုက် ခြေလှမ်းကျဲများနှင့် လှမ်းသွားရင်း ပြေးလိုက်ခဲ့ရ၏။

"အရိုင်း နေပါဦး"

ဆက် က တားပေမယ့် သိုက် က မရပ်။ ဒါပေမယ့် ခွေးကို ကားပေါ်တက်စေပြီးသည်နှင့် ချက်ချင်းမောင်းထွက်သွားသည့်သူကတော့ သူ့နောက်ကိုကို ဗိုလ်ခြေတစ်ထောင်လောက်လိုက်လာရင်တောင် သိမည့်ပုံမပေါ်သော လှည့်မကြည့်စတမ်း သစ္စာတရားတို့ကြီးမားစွာ ...။

ဆက် ခြေလှမ်းတွေ နှေးကျသွားခြင်းမှ ရပ်တန့်ခြင်းသို့ ရောက်ခဲ့သည်။

တိုက်ဆိုင်စွာ ဆုံစည်းနေရတာ သူနဲ့ချည်းပါလား .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

ပြောပြနေရင်း ကိုကိုလေးက သူ့မျက်နှာကို အကဲခတ်သည်။ ဤသူမတို့နှင့် ဘယ်လိုမှမပတ်သက် မသက်ဆိုင်သူအဖြစ် သတ်မှတ်မရနိုင်သည်က မျက်နှာထက်မှာ အမျိုးမျိုးပြောင်းလဲနေကြသည့် ကောက်ကြောင်းများပဲဖြစ်သည်။

အသွင် ဟုခေါ်သော ဤလူတစ်ယောက်၏မျက်နှာမှာ ကြည်လင်ရွှင်ပျ၍ ပြုံးသောအပြုံးမျိုး သူ တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးပါ။

စတင်ဆုံစည်းကြတုန်းကလည်း တစ်ယောက်တည်း။ ပြီးတော့လည်း တစ်ယောက်တည်းပဲဖြစ်ကာ ခုချိန်ထိ သူ့မှာ သူနှင့်ပတ်သက် တော်စပ်သူ တစ်ဦးတစ်ယောက်မှ ပေါ်ထွက်မလာခဲ့တာလည်း မရှိလို့ပဲဖြစ်နိုင်၏။

ထို့ပြင် ပြည့်စုံကြွယ်ဝပုံရှိလျက်နှင့် ထည်ထည်ဝါဝါမနေ၊ စိတ်မရှည်တတ်ခြင်းကြောင့် စကားပြောလည်း မပြေပြစ်ပါ။ ဒါပေမယ့် မာန်မာထောင်လွှားခြင်းတော့ကင်း၏။

ခက်နေသည်က အသွင်နဲ့ရင်းနှီးနေခဲ့ခြင်းက တခြား၊ ဘယ်လိုမှ နားမလည်နိုင်ခြင်းကလည်း ဒီနေ့ထိ။





"ဒီတော့ကွာ မင်းမဖြေချင်တာ၊ ဖြေချင်တာ ခဏထားပြီး အဲဒီကောင်မလေးတွေပြောတဲ့ ရွှေလက်ဆက် ဆိုတာကို မင်း သိ..."

"မသိဘူး"

ဆုံးအောင်မမေးရသေးဘဲ 'ဘူး'တစ်လုံးနှင့်ပိတ်ပစ်၏။ ပြီးတော့ ဘီယာလက်ကျန်ကို ကောက်မော့သည်။

ကိုကိုလေးနဲ့ သူ တစ်ပတ်မှာ နှစ်ရက်လောက်တော့ 'ဘီယာကင်း' မှာဆုံဖြစ်ကြသည်။ စားရင်းသောက်ရင်း နည်းနည်းပါးပါးသောက်ဖြစ်ကြပေမယ့် လူရုပ်ပျက်လောက်အောင်တော့ တစ်ခါမှမသောက်ခဲ့ကြပေ။

ကိုကိုလေးက နောက်ထပ် ပါးစပ်ပြင်ရင်း စီးကရက်ကိုညှိနေသည့် သူ့ကို စောင့်၏။

စောင့်နေလည်း ဘာမှပြောလာတော့မှာမဟုတ်တာကိုသိမှ ...

"ငါက မိန်းကလေးတွေမို့လို့ ညာတာစာနာချင်နေတာမဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ပုံစံလေးတွေက ဖယားလေးတွေမဟုတ်ဘူး။ သူတို့ သိချင်တာတစ်ခုကြောင့် ဘာကိုမှဂရုမစိုက်နိုင်ဘဲ ..."

"ကိုကိုလေး"

"ဟာင် ..."

"မင်း ခန့်မှန်းတာတွေ များနေပြီ"

"သူတို့နဲ့ မင်းရဲ့ လွဲနေတဲ့ချိတ်ဆက်တွေကို ..."

"လွဲတာလဲမရှိဘူး၊ တွဲဖို့လဲမရှိဘူး၊ မသိဘူးလို့ ငါ ပြောပြီးပြီပဲ"

"အေး... မသိပေမယ့် ဘာမှမဆိုင်ခဲ့တာတော့ မဟုတ်ဘူးမို့လား"

သူ့မျက်တောင်ဖျားတွေ စိုက်ကျသွား၏။ မျက်လွှာချလိုက်တာမဟုတ်ဘဲ မသိမသာအံကြိတ်ပစ်လိုက်တာမှန်းသိတော့ ကိုကိုလေး ပြုံးသွား၏။

www.burmeseclassic.com



"ရွှေလက်ဆက် ဆိုတာ မင်းရဲ့ချစ်သူလား၊ ဒါမှမဟုတ် ..."

"ကိုကိုလေး"

စားပွဲကို လက်သီးဆုပ်နှင့် ဖိကပ်ထုလိုက်ပြီး အံကြိတ်သံနှင့်ခေါ်သည်။ ပြီးတော့ မျက်နှာရှေ့တိုးကာ ...

"မင်း အဲဒါတွေ သိပ်သိချင်နေသလား"

ကိုကိုလေးက သူ့ကိုပြန်ကြည့်ပြီး တောင်းပန်သည့်မျက်ဝန်းများနှင့် သက်ပြင်းချ၏။

"စပ်စုတဲ့သဘောသက်သက်နဲ့ မဟုတ်ပါဘူး အသွင်ရာ၊ မင်းရင်ထဲမှာ အကျိတ်အခဲတစ်ခုခုကို အုံပွဲ့မျိုသိပ်ထားတယ်ဆိုတာ ငါ ခန့်မှန်းမိလို့ပါ၊ ဝေဒနာဆိုတာ ကြေညာမှသက်သာတာ၊ ရောဂါတစ်ခုခွဲကပ်လာရင် ဆရာရှာရသလိုပေါ့၊ မင်းမပြောဘဲနဲ့ထားရင် ..."

"ဘယ်တော့မှမပြောဘူး၊ အဲဒါကို မင်း ဘယ်တော့မှသိရမှာမဟုတ်ဘူး"

"ရပါတယ်၊ ငါကလဲ ဖွတ်မမေးပါဘူး၊ ဒါပေမယ့် မင်းရဲ့အိပ်မက်တွေထဲမှာတော့ အဲဒီအမှန်တရားတွေရှိမှာပဲ၊ ငါ မင်းအိပ်မက်တွေကိုပဲ မြင်ခွင့်ရချင်တယ်"

ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်

# လရောင်ကျူးရင့်

ရွှေသမင်စာပေ

www.burmeseclassic.com